The

# Commerce

Journal

စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 42 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 2 , 2015



## စီးပွားရေးလုပ်ငန်းတိုင်း ပြည်ပဈေးကွက်

## ဦးတည်သည့် လုပ်ငန်းများဖြစ်လာစေရေး

ဒေါက်တာမောင်အောင် ၂၀

အချို့ . . . အချို့သော
အသင်းအဖွဲ့များအတွက်
**အကြံပြုချက်**

၁၄

မြန်မာ့ပျားရည် ပြည်တွင်းသုံးစွဲမှုထက်
ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နေရ ၄

ရေတ်သီးနဲ့ မျှစ်များမှာ ကျန်းမာရေး
ထိခိုက်စေနိုင်တဲ့ ဆိုးဆေးများ
အသုံးပြုခြင်း ရှိ မရှိ၊ လတ်ဆတ်မှု ရှိ မရှိ
ဦးစားပေး စစ်ဆေးသွားမည် ၁၇

# ကုန်စည်ဒိုင်များ ရှေ့ဆောင် ဘုရင့်နောင်



## မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဆောင်ရွက်သော
## အာမခံငွေဖြင့် ကြိုတင်ရောင်းဝယ်မှုစနစ်





- နိုင်ငံတကာ ရောင်းဝယ်မှုစနစ်နှင့်ကိုက်ညီ
- ရောင်းဝယ်မှုတွင်လည်း မှန်ကန်စိတ်ချရ
- ဈေးနှုန်းမှာလည်း မှန်ကန်
- ကတိကဝတ်ပျက်မှာလည်း မကြောက်ရ
- တောင်သူလယ်သမား၊ ကုန်သည်ပွဲစားများနှင့် နိုင်ငံတော်အတွက်လည်း အကျိုးများသည့် စနစ်ဖြစ်သည်။




Email : ydccibyn@gmail.com

# 4th Enterprise India Show 2015 ကုန်စည်ပြပွဲကျင်းပ



4th Enterprise India Show 2015 ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် Ambassador of India to Myanmar မှ H.E Mr. Gautam Mukhopadhaya၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီးနောက် ညနေ ၁၄း၃၀ နာရီတွင် ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်းရှိ PARK ROYAL ဟိုတယ်တွင် ကုန်သွယ်ဖက်နိုင်ငံအချင်းချင်းဈေးကွက် ဖြန့်ချိရေးနှင့် နည်းပညာများ အပြန်အလှန် ဖလှယ်သွားရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှု ပမာဏတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖြည့်တင်းရန်အတွက် ဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

၎င်းကုန်စည်ပြပွဲတွင် အိန္ဒိယနိုင်ငံ၏ Confederation of Indian Industry (CII) Government of India Ministry of Commerce & Industry Department of Commerce, မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံး၊ UMFCCI တို့၏ ပံ့ပိုးကူညီမှုဖြင့် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးဝတ်စုံများ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အမျိုးသား အမျိုးသမီးစီးဖိနပ်များ၊ စက်ပစ္စည်းကိရိယာများ၊ မော်တာ၊ ရေတင်စက်၊ ရေစုပ်စက်များ၊ မီးမရှိသည့်မြို့နယ်များတွင် အသုံးပြုရန်အတွက် LED မီးလုံး၊ ဆိုလာပြားဖြင့် ပြုလုပ်ထားသော ခြင်ပြေးသည့်စက်ငယ်များအား ပြခန်းပေါင်း ၈၀ ကျော်ဖြင့် ဖွင့်လှစ်ပြသခဲ့ပါသည်။

အဆိုပါပြပွဲကို အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၁ ရက်နေ့ထိ လေးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်များ၊ အင်ဂျင်နီယာ ကျောင်းသားများ၊ စစ်ထောက်ချုပ်ရုံးမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုကြရာ ပျမ်းမျှလူဦးရေ ၁၀၀ ဦးခန့်ရှိကြောင်း သိရှိရပါသည်။

**KMT**

## ဂျပန်နိုင်ငံမှ ဟီတာချီကုမ္ပဏီနှင့် မြန်မာမှ Prime Deco ကုမ္ပဏီတို့ပူးပေါင်း၍ ဓာတ်လှေကား၊ စက်လှေကားရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့တွင် အကျိုးတူဖက်စပ်ဆောင်ရွက်မည်



ဂျပန်နိုင်ငံမှ ဟီတာချီကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ Prime Deco ကုမ္ပဏီတို့ပူးပေါင်း၍ ဓာတ်လှေကားများ၊ စက်လှေကားများရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့တွင်အကျိုးတူဖက်စပ်ဆောင်ရွက်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၇ ရက်က ထုတ်ဖော်ကြေညာခဲ့သည်။

ယခုအခါတွင် မြန်မာနိုင်ငံသည် ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် လျင်မြန်စွာတိုးတက်လျက်ရှိပြီး ဝယ်လိုအားမှာလည်း လျင်မြန်စွာတိုးတက်လျက်ရှိနေပြီဖြစ်သည်။

ဟီတာချီကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံအတွင်း ဓာတ်လှေကားနှင့် စက်လှေကားလုပ်ငန်းများ ရောင်းချခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများကို နိုဝင်ဘာလမှစ၍ ဈေးကွက်ချဲ့ထွင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟီတာချီကုမ္ပဏီသည် Prime Deco ကုမ္ပဏီနှင့် ၂၀၁၃ ခုနှစ်ကတည်းကပူးပေါင်းခဲ့ပြီး ဖြန့်ဖြူးရောင်းချရေးဆိုင်ရာ သဘောတူညီချက်များကို ရယူခဲ့ခြင်းဖြစ်သည်။

"ကုန်ပစ္စည်းတွေကိုတော့ အဓိက တော်တော်များ ထိုင်းမှာ ထုတ်လုပ်ထားတဲ့ ပစ္စည်းတွေကို ဒီမှာ တပ်ဆင်ရောင်းချမှာဖြစ်တယ်။ နောက်ပြီး ဂျပန်နိုင်ငံမှာထုတ်လုပ်တဲ့ကုန်ပစ္စည်းတွေကို တင်သွင်းပြီး တပ်ဆင်တာမျိုးလည်း ဖြစ်နိုင်တယ်။ အခြေအနေပေါ်လိုက်ပြီးတော့ ပတ်ဝန်းကျင်မှာ ဟီတာချီကထုတ်လုပ်တဲ့ နေရာတွေရှိတာကြောင့် အဲဒီက တင်သွင်းလာတာလည်း ဖြစ်နိုင်ပါတယ်"ဟု ဟီတာချီကုမ္ပဏီဥက္ကဋ္ဌ Mr.Hiroshi Sato က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့ပြင် ဟီတာချီကုမ္ပဏီသည် မြန်မာနိုင်ငံမှ ဝန်ထမ်းများအား ၎င်းတို့ ကုမ္ပဏီ၏ဓာတ်လှေကားတပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းဝန်ဆောင်မှုများဆိုင်ရာ နည်းပညာများကိုလည်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်

"ဓာတ်လှေကားတွေရဲ့တပ်ဆင်မှု နည်းပညာ ထိန်းသိမ်းမှုပိုင်းတွေကို ပြည့်ဝအောင် ပူးတွဲဆောင်ရွက်တဲ့ ကုမ္ပဏီကဝန်ထမ်းတွေကို နည်းပညာပိုင်းဆိုင်ရာ သင်ကြားမှုတွေ ပြုလုပ်ပေးသွားမယ်"ဟု Hitachi Elevator Myanmar ၏မန်နေဂျင်းဒါရိုက်တာ Mr.Kiyoshi Eguchi က ပြောကြားခဲ့သည်။

ဓာတ်လှေကားများကို ပြည်တွင်း၌ သတ်မှတ်ထားသော စစ်ဆေးမှုများနှင့် ကိုက်ညီမှုရှိသည့်ပစ္စည်းများကို ရောင်းချတပ်ဆင်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏စစ်ဆေးမှုစံနှုန်းဖြစ်သော ဥရောပနှင့်စင်ကာပူစံနှုန်းအတိုင်း လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဟီတာချီဓာတ်လှေကားသည် တစ်မိနစ်လျှင် မီတာ ၁၂၀၀ မြန်နှုန်းရှိပြီး မြန်မာနိုင်ငံတွင် မြို့ပြအခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်လာခြင်းကြောင့် ဓာတ်လှေကားနှင့် စက်လှေကားအသစ်များ ဝယ်လိုအားမြင့်တက်လာမှုသည် ၂၀၁၅ ဘဏ္ဍာနှစ်တွင် ယူနစ် ၁၃၀၀ မှ ၂၀၂၀ ဘဏ္ဍာနှစ်တွင် ယူနစ် ၂၀၀၀ အထိ နှစ်စဉ် ၇ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ဟီတာချီကုမ္ပဏီက ခန့်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဟီတာချီမှ ဝန်ဆောင်မှုပေးထားသည့် ဓာတ်လှေကားနှင့် စက်လှေကားများကို ဆာကူရာတာဝါ၊ ရှန်ဂရီလာရက်ဆီးဒင့်၊ ဆီဒိုးနားဟိုတယ်တို့ချဲ့စီမံကိန်းများ၌ တွေ့မြင် နိုင်ပြီး လက်ရှိအချိန်တွင် HALG Myanmar Center တွင် ဓာတ်လှေကားနှင့် စက်လှေကားအစုံ ၇၀ ကို ၂၀၁၅ နှစ်ကုန်တွင် အပြီးတပ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

ဟီတာချီကုမ္ပဏီအနေဖြင့် မြန်မာ နိုင်ငံတွင် ၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဓာတ်လှေကားဈေးကွက်ဝေစု၏ ၁၀ ရာခိုင်နှုန်းခန့်ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

**မယ်သီတာ**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.42 Monday November 2 2015

# ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ဆန်ရော ဆန်ကွဲပါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာလ ၁၇ ရက်နေ့မှ ၂၃ ရက်နေ့ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၄ ဒသမ ၀၅၈ သန်းဖိုးရှိ ဆန်တန်ချိန် ၁၀၈၇၈ တန်တင်ပို့ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၃၁၉၃ တန်၊ ဧည့်မထဆန် ၄၆၇၃ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၆၆၃ တန်၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် ၄၉ တန်နဲ့ ဧည့်မထဆန် တန် ၃၀၀တင်ပို့ခဲ့တာဖြစ်ပါတယ်။ယခင်တစ်ပတ်တင်ပို့မှုထက် ၅၁၂၂ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ယခုတစ်ပတ်မှာ ဆန်တင်ပို့မှုပိုမိုသလို ဆန်ကွဲတင်ပို့မှုလည်း ပိုမိုခဲ့တယ်။ကန်ဒေါ်လာ သုည ဒသမ ၅၅၇ သန်းဖိုးရှိ ဆန်ကွဲ ၁၆၉၀ တန်ကို မူဆယ် (၁၀၅)မိုင်မှ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် ၇၀၇ တန် ပိုမိုခဲ့ပါ တယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တင်ပို့မှုမှာ အောက်တိုဘာလ ၁၈ ရက်မှ ၂၄ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၅၆၆ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၃၉၅ တန်ကိုတင်ပို့ခဲ့ပြီး နိုင်ငံအလိုက် တင်ပို့မှုများမှာ အီးယူနိုင်ငံများသို့ ဆန်ဖြူ ၆၂၅ တန်နဲ့ ပေါင်းဆန် တန် ၆၀၀၊ စင်ကာပူနိုင်ငံသို့ ဇီယာဆန် တန် ၁၂၀ နဲ့ ပေါင်းဆန် တန် ၅၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ယခင်တစ်ပတ်တင်ပို့မှုထက် ၉၆ တန်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ဆန်ကွဲကိုတော့ ကန်ဒေါ်လာ သုည ဒသမ ၂၉၈ သန်းဖိုးနဲ့ ၁၁၂၂ တန်တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်တင်ပို့မှုထက် ၄၉၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် ၁၂၂၇၃ နဲ့ ဆန်ကွဲ ၂၈၁၂ တန် တင်ပို့နိုင်ပြီး ယခင်တစ်ပတ်ထက် ဆန်ရောဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်ချောသစ်နဲ့ ဆန်ကြမ်းသစ်များ ဈေးကွက်သို့ ဝင်ရောက်လာတော့မည်ဖြစ်၍ ပြည်တွင်းဆန်ဈေးကွက်အေးနိုင်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ အောက်တိုဘာ ၃၀ ရက်နေ့ဈေးနှုန်းအရ ဖျာပုံပေါ်ဆန်းထိပ်စ တစ်အိတ် ၃၈၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၆၅၀၀ ကျပ်၊ မြောင်းမြ ပုသိမ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ၄၁၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၉၅၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း ထိပ်စ တစ်အိတ် ၃၆၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၅၅၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း ၄၈၀၀၀ ကျပ်မှ ၅၀၀၀၀ ကျပ်တို့ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးမပြောင်းဘဲ ဈေးဆက်ငြိမ်နေတာ တွေ့ရပါတယ်။

လပွတ္တာ၊ ဘိုကလေးဘက်မှ ဆန်ချောသစ်များ စဝင်လာပြီး ပေါ်ဆန်း (ဆန်သစ်)ဈေး ၃၀၀၀၀ ကျပ်မှ ၃၁၀၀၀ ကျပ်ခန့်ရှိပါတယ်။ ဆန်ချောအဟောင်းသမားတွေက ရောင်းချင်နေသော်လည်း အဝယ်ကပုံမှန်သာရှိနေလို့ ဆန်ချောဈေးအေးနေရခြင်းဖြစ်တယ်လို့ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် လတ်စ တစ်အိတ် ၂၃၀၀၀ ကျပ်၊ ထိပ်စ ၂၅၀၀၀ ကျပ်၊ မိုးသုခ ၂၅၀၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်၊ ရက် ၉၀ မီးကောက် ၂၇၀၀၀ ကျပ်မှ ၂၉၀၀၀ ကျပ်၊ ဆင်းသွယ်လတ် ၂၇၀၀၀ ကျပ်မှ ၂၈၀၀၀ ကျပ်၊ နှွေရှယ်ဆန် ၂၃၅၀၀ ကျပ်မှ ၂၅၀၀၀ ကျပ်၊ ဧည့်မထဆန်သစ်ဈေး ၂၀၇၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်းဈေးနှုန်းမပြောင်းဘဲ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။

ဆန်ချောရော ဆန်ကြမ်းပါ လက်ရှိဈေးကွက်မှာ အေးနေပြီး ဆန်သစ်များထပ်မံဝင်လာဖို့ရှိနေတဲ့အတွက် ရှေ့အလားအလာအနေဖြင့် ဈေးကျလာနိုင်ဖွယ်ရှိကြောင်း၊ ဝါးတန်းကုန်စည်ဒိုင်သို့ လက်လီသမားလောက်သာ အဝယ်ရှိပြီး အရောင်းအဝယ် ပုံမှန်ခန့်သာရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ အောက်တိုဘာ ၃၀ ရက်နေ့ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ်ကို ၁၄၀-၁၄၃ ယွမ်၊ မနောသုခ ၅ မှတ် ၁၄၀-၁၄၂ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီနဲ့ မနောသုခ တစ်အိတ်ကို ၁၃၇-၁၃၉ ယွမ်၊ ဧည့်မထ ၁၅ မှတ် ရတနာတိုး တစ်အိတ် ၁၃၃-၁၃၅ ယွမ်၊ ဧည့်မထ ၂၅ မှတ် ရတနာတိုး တစ်အိတ် ၁၃၀-၁၃၂ ယွမ်၊ ငစိန် ၅ မှတ် ၁၄၀-၁၄၃ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၇-၁၃၉ ယွမ်၊ အသီးသီးဖြစ်ခဲ့ကြပြီး ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်မြင့်လာတာ တွေ့ရှိရကြောင်း၊ ဆန်သစ်အချို့ မူဆယ်သို့ ဝင်ရောက်ခဲ့လို့ မူဆယ်ဈေးကွက်သို့ အဝင်ပိုလာခဲ့သော်လည်း ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဆန်တစ်အိတ်ကို ၁ ယွမ်မှ ၃ ယွမ်ခန့်ဈေးမြင့်လာကြောင်း၊ မူဆယ်ရှိ အောက်တိုဘာ ၃၀ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၉၉ ဒသမ ၆ ကျပ်ခန့်ရှိပြီး မူဆယ်သို့ ပြည်တွင်းနယ်စုံမှ တစ်ရက်ကို ဆန်တန် ၁၈၀၀ မှ ၂၀၀၀ ကျော်ခန့် ဝင်နေပြီး ယခင်တစ်ပတ်ထက် အဝင်ပိုလာကြောင်း မူဆယ်ဆန်ဈေးကွက်မှ သိရှိရပါတယ်။

မြန်မာ့ဆန် ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၃ ရက်နေ့ထိ တန်ချိန် ၅၃၁၉၅၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉၄ သန်းကျော်ဖိုးရှိနေပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၅၉၂၄၁ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၆ သန်းကျော်ဖိုးလျော့နည်းလျက်ရှိကြောင်း၊ မြန်မာ့ဆန်ကွဲပြည်ပတင်ပို့မှုမှာလည်း ယခုဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၃ ရက်နေ့ထိ တန်ချိန် ၂၃၈၂၆၄ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၃ သန်းကျော်ဖိုးရှိနေပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၉၇၄၇၇ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၉ သန်းကျော်ဖိုး လျော့နည်းလျက်ရှိကြောင်း သိရှိရပါတယ်။

**MIRT-YGN**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၁ | ၃၈၂ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၀ | ▽ | ၃၅၅ | ၃၇၀ | □ | ၃၅၀ | ၃၅၀ | ▽ | ၃၀၅ | ၃၀၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၁ | ▽ | ၃၅၀ | ၃၅၅ | △ | ၃၃၀ | ၃၃၀ | △ | ၂၈၀ | ၂၈၀ | □ |
| ပေါင်းဆန် | ၃၆၀ | ၃၆၀ | □ | - | - | - | ၃၄၀ | ၃၄၀ | △ | ၄၀၅ | ၄၀၅ | □ |

**Source: oryza.com**

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၁၀- ၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၉၀ | ၄၉၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

**Source: oryza.com**

## ပြည်တွင်းမြို့ကြီးများ၏ (၃၀-၁၀-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၀၀ | □ | ၂၄၀၀၀ | □ | ၇၇၂၈ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၄၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၃၀၀၀ | □ | ၈၁၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၅၂၀၀ | □ | ၂၂၅၀၀ | □ | ၁၃၅၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၇၅၀ | □ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၅၅၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၆၅၀၀ | △ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၆၅၀၀ | △ | - | - | ၄၂၀၀၀ | △ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၅၀၀ | □ | ၈၄၀၀ | □ | ၃၅၀၀၀ | □ |
| လွိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၂၅၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၇၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဆိုင်နို-စင်ကာပူဂျီလင်း အစားအသောက်ဇုန်မှ ပထမဆုံး ဆန်ထုတ်ကုန်ကို စင်ကာပူဈေးကွက်သို့ ပို့မည်

ဆိုင်နို-စင်ကာပူဂျီလင်း အစားအသောက်ဇုန် (Sino-Singapore jinlin Food Zone - SSJFZ) က ထုတ်လုပ်တဲ့ ဂျပိုနီကာ ပထမဆုံး ဆန်ထုတ်ကုန်ကို ၂၀၁၅ ခုနှစ်အကုန်မှာ စင်ကာပူဈေးကွက်ထဲကို ဝင်ရောက်လာတော့မှာဖြစ်ကြောင်း ဂလိုဘယ်ပို့စ်သတင်းမှာ ဖော်ပြပါတယ်။ ရှေ့ပြေးစမ်းသပ်မှုအဖြစ် ဆန်တန် ၆၀ ကို NTUC Fairprice Xtra စူပါမားကက်တွေနဲ့ Fairprice First စူပါမားကက်တွေမှာ ၂ ဒသမ ၅ ကီလိုနဲ့ ၅ ကီလိုအထုပ်တွေအဖြစ် စတင်ရောင်းချမှာဖြစ်ကြောင်း စင်ကာပူနဲ့ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဂျီလင်းမြို့တော်တို့ဖက်စပ်တည်ထောင်ထားတဲ့ ဆိုင်နို-စင်ကာပူ အစားအသောက်ဇုန် ဖွံ့ဖြိုးရေးနဲ့ စီမံခန့်ခွဲရေးကုမ္ပဏီက ပြောပါတယ်။

အဆိုပါသတင်းကိုစင်ကာပူနဲ့ဂျီလင်းမြို့တော်အစိုးရအဖွဲ့တို့အောက်တိုဘာလ ၂၉ ရက်က ပူးတွဲ ပြုလုပ်ခဲ့တဲ့ ဆိုင်နို-စင်ကာပူဂျီလင်း အစားအသောက်ဇုန် နှီးနှောဖလှယ်ပွဲမှာ ကြေညာခဲ့တာဖြစ်ပါတယ်။

အထွက်ကောင်း၊ အရည်သွေးကောင်းတဲ့ ဒီဆန်ကို အဓိကအားဖြင့် သမပိုင်းဇုန်အတွင်း မြေဩဇာထက်သန်တဲ့နေရာတွေမှာ စိုက်ပျိုးပြီး ဆိုင်နို-စင်ကာပူဂျီလင်း အစားအသောက်ဇုန်မှာ ဆက်လက် စိုက်ပျိုးပြီး ဝယ်လိုအားမြင့်တဲ့ စင်ကာပူဈေးကွက်ကို တင်ပို့ပေးမှာဖြစ်ပါတယ်။

ဂျပိုနီကာဆန်ကို စတင်ထုတ်လုပ်ရောင်းချတဲ့ ရည်ရွယ်ချက်က ဆန်ရဲ့တိုးတက်မှု အခြေအနေကိုစမ်းသပ်ပြီးနောက် ဆိုင်နို-စင်ကာပူဂျီလင်း အစားအသောက်ဇုန် ဆက်လက်တိုးတက်အောင် ဆောင်ရွက်ဖို့ရည်ရွယ်ကြောင်း Sing-bridge ရဲ့ ဒုတိယဥက္ကဋ္ဌ ယိုချွန်ချန်းက ပြောပါတယ်။

**UNT**

■

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၀-၁၀-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၃/၁၀ | ၃၀/၁၀ | ပြောင်းလဲမှု | ၂၃/၁၀ | ၃၀/၁၀ | ပြောင်းလဲမှု | ၂၃/၁၀ | ၃၀/၁၀ | ပြောင်းလဲမှု | ၂၃/၁၀ | ၃၀/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၆၄၆ | ၃၆၃၇ | ▼ | ၃၆၆၇ | - | - | ၃၅၀၀ | ၃၆၀၀ | ▲ | ၃၅၀၀ | ၃၅၀၀ | ■ |
| ၂ | ပဲစင်းငုံ | - | - | - | - | - | - | ၁၇၅၀ | - | - | ၃၃၅၀ | ၃၃၅၀ | ■ |
| ၃ | ပဲတီစိမ်း | ၂၂၅၀ | ၂၂၅၀ | ■ | ၁၅၃၀ | - | - | ၂၂၇၉ | ၁၀၄၂ | ▼ | ၂၁၁၀ | ၁၀၉၅ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၅၅၀ | ▲ | - | - | - | - | - | - | ၂၀၀၀ | ၁၉၇၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၄၃၀ | ၁၄၃၀ | ■ | - | - | - | - | - | - | ၁၁၆၀ | ၁၀၅၀ | ▼ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၉၅၅ | ■ | ၉၂၄ | ၉၄၂ | ▲ | - | - | - | ၇၆၅ | ၇၆၅ | ■ |

＊ မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃၀-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၂/၁၀ | ၂၉/၁၀ | ပြောင်းလဲမှု | ၂၂/၁၀ | ၂၉/၁၀ | ပြောင်းလဲမှု | ၂၂/၁၀ | ၂၉/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၇၀ | ၁၇၃၀ | ▼ | ၁၅၁၀ | - | - | ၁၅၄၁ | ၁၃၈၁ | ▼ |
| ၂ | ပဲစင်းငုံ | ၁၅၇၀ | ၁၅၇၀ | ■ | ၁၀၈၀ | - | - | ၁၀၄၉ | ၁၀၅၀ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၈၀ | ၁၀၈၀ | ■ | - | - | - | ၁၂၃၃ | ၁၁၉၇ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၇၄၇ | ၇၉၀ | ▲ | ၇၈၂ | ၇၅၂ | ▼ |

＊ မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၄.၁၅) မှ |
| | (၁၇.၁၀.၁၅)ထိ | (၂၄.၁၀.၁၅)ထိ | (၂၄.၁၀.၁၅) ထိ |
| မတ်ပဲ | ၃၃၁၅ | ၂၄၁၆ | ၃၈၂၅၅၈ |
| ပဲတီစိမ်း | ၂၁၅၁ | ၂၂၅၉ | ၁၀၇၅၆၉ |
| ပဲစင်းငုံ | ၁၀၃၄ | ၇၁၈ | ၁၁၅၅၁၆ |
| ကုလားပဲ | ၂၄ | - | ၂၃၁၆၆ |
| ပဲလွန်းဖြူ | ၃၇၇ | ၄၀၇ | ၁၂၄၅၉ |
| မြေထောက်ပဲ | ၄၁၆ | ၈၇ | ၁၂၁၀၆ |



## ပြည်ပဲနီပြား ယခင်နှစ်ထက် ဈေးပိုလာခဲ့ပြီ

ယခုလကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ လက်လီပဲများထဲမှ ပဲနီပြားသီးနှံဟာ လက်လီ၊ လက်ကား အဝယ်သွက်နေခဲ့တာကို တွေ့ရပါတယ်။ တစ်ရက်အိတ် ၄၀ ကျော်၊ ၅၀ အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးမှာ တစ်တင်း ၂၆၅၀၀ ကျပ်ဖြင့် ဈေးလည်း အနည်းငယ်ပိုမြင့်လာခဲ့ပါတယ်။

ပဲနီပြားသီးနှံမှာ ယခင်နှစ်ကလည်း တစ်တင်း ကျပ်နှစ်သောင်းကျော်ရရှိခဲ့သလို ယခုနှစ်မှာလည်း ဇူလိုင်၊ ဩဂုတ်လအထိ ဈေးက ယခင်နှစ်နှင့် သိပ်မကွာဘဲ ကျပ်နှစ်သောင်းအထက် ရရှိနေသလို စက်တင်ဘာလမှစ၍ ပဲနီပြားဈေးမှာ ထပ်မံမြင့်တက်လာတဲ့အတွက် ယခုချိန်မှာတော့ ယခင်နှစ်ထက် ဈေးပိုလာပြီဖြစ်ခဲ့ပါတယ်။

ခင်ဆွေဝင်း-ပြည်

## ပြည်ပဲဈေးကွက်မှာ ဘိုကိတ်ပဲသစ်အနည်းငယ်ဝင်ရောက်လာ

ယခုအောက်တိုဘာလကုန်ပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ပဲသစ်အနေနဲ့ ဘိုကိတ်ပဲသီးနှံအနည်းငယ် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ပဲဟောင်းများ လက်ကျန်အနည်းငယ်ရှိခဲ့လို့ စက်တင်ဘာလကုန်အထိ တစ်တင်း ၂၄၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး၊ အောက်တိုဘာလမှစလို့ ပဲလက်ကျန်လည်းမရှိသလောက်ဖြစ်ခဲ့ကာ အရောင်းအဝယ်မဖြစ်တော့ဘဲ ဈေးကွက်မှာအခြားပဲများသာ အိတ်အနည်းငယ်စီ လက်လီ သမားအချို့နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခုတစ်ပတ်မှာတော့ ပဲသစ်ဝင်ရောက်လာပြီး တစ်တင်း ၂၅၀၀၀ ကျပ်ဈေးနဲ့ ဈေးဖွင့်ဝယ်ယူနေတယ်လို့သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

## အောက်တိုဘာလကုန်ရက် ပြည်ပဲဈေးကွက်မှာ မျိုးပဲများအဝယ်လိုက်နေပြီး မတ်ပဲ၊ ပဲကြီးနှင့် ကုလားပဲဈေးကောင်းရ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ အောက်တိုဘာလကုန်ပတ်အတွင်း ပြည်ပဝယ်လက် မတ်ပဲသီးနှံသာ အနည်းငယ် အရောင်းအဝယ်ဖြစ်ပြီး၊ ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံကတော့ ပဲလက်ကျန် မရှိတော့တဲ့အတွက် အရောင်းအဝယ်လည်းမဖြစ်တော့ဘူးလို့ သိရပါတယ်။ ဒေသတွင်း ဝယ်လက်ပဲများထဲမှာတော့ ကုလားပဲ၊ ပဲကြီးသီးနှံများမှာ လက်လီ၊ လက်ကား အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် အခြားပဲများကတော့ လက်ကျန်လည်းနည်းကာ လက်လီသမားအချို့ ဝယ်ယူကြတာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ရန်ကုန်ဝယ်လက်ထက် မျိုးပဲအဖြစ်ပိုမိုဝယ်ယူတာကို တွေ့ရပါတယ်။ ရန်ကုန်ဝယ်လက် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကာ မျိုးပဲဈေးကလည်း တစ်တင်း ၇၅၀၀၀ ကျပ်ထိဈေးကောင်းလျက်ရှိခဲ့ပါတယ်။ လက်ကား အရောင်းအဝယ်ဖြစ်တဲ့ ဈေးကတော့ တစ်တင်း ၇၄၀၀၀ ကျပ်ရရှိခဲ့ပြီး ရက်ခြား အိတ် ၁၀၀ ကျော်ခန့် တော့ အဝယ်ရှိခဲ့ကြပါတယ်။

ယခင်နှစ် အောက်တိုဘာလကုန်ပတ် မတ်ပဲဈေးမှာ တစ်တင်း ၂၅၅၀၀ ကျပ်ခန့်သာရရှိပြီး ဈေးအေးခဲ့ပေမယ့် ယခုနှစ်ကတော့ ဈေးနှုန်းအဆမတန်မြင့်တက်ခဲ့တဲ့အတွက် ပဲစိုက်တောင်သူအချို့ မျိုးပဲအတွက် ရင်းနှီးငွေများလွန်းနေကြတာကြောင့် အခြားပဲ ပြောင်းလဲစိုက်ပျိုးရန် စဉ်းစားလာကြတာကိုလည်း တွေ့ရပါတယ်။ မျိုးပဲလက်ကျန်ရှိသည့် တောင်သူများသာ အပြည့်အဝစိုက်ပျိုးနိုင်ကြမယ်လို့ သိရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ယခုအောက်တိုဘာလအတွင်း ပဲအရောင်းအဝယ်ဖြစ်မှု ပမာဏနည်းပြီး ပဲလက်ကျန်လည်းမရှိတော့ဘဲ ပဲသစ်ပေါ်မှသာ ဈေးကွက်မှာပြန်လည်အရောင်းအဝယ်ဖြစ်နိုင်မှာ ဖြစ်ပါတယ်။ ယခင်နှစ်က အောက်တိုဘာလကုန်ပတ်မှာတော့ ပဲသစ်များ ဝင်ရောက်လာကာ တစ်တင်း ၃၈၂၀၀ ကျပ်ဖြင့် ဈေးကောင်းရနေခဲ့တာကို တွေ့ရပြီး ဝင်လာသမျှပဲအားလုံး မန္တလေးလိုင်းသမားအဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း ယခုနှစ်မှာ ပဲဈေးနှုန်းများကောင်းခဲ့တဲ့အတွက် လှောင်ပဲများလည်း ယခုလမှာ မရှိတော့ဘဲ အရောင်းအဝယ်အေးသွားပြီဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ပဲစင်းငုံဈေးမှာ တစ်တင်း ကျပ်နှစ်သောင်း ကျော်ခန့်သာရရှိခဲ့လို့ ယခု အောက်တိုဘာလအထိ ပဲလက်ကျန်များရှိခဲ့ကာ အရောင်းအဝယ်ဆက်တိုက် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခုနှစ်မှာတော့ ဇွန်၊ ဇူလိုင်လများမှစ၍ မတ်ပဲဈေးနှင့် အပြိုင်ဈေးမြင့်တက်ခဲ့ပြီး ဩဂုတ်လအတွင်းမှာတော့ ပဲစင်းငုံဈေးဟာ မတ်ပဲဈေးထက် ဈေးပိုခဲ့ကာ လက်ကျန်ပဲများလည်း ထုတ်ရောင်းချ လာကြတဲ့အတွက် နောက်ပိုင်းမှာ ပဲစင်းငုံလက်ကျန်ပြတ်သလောက်ဖြစ်သွားခဲ့ကာ ယခုချိန်မှာတော့ မတ်ပဲဈေးက ပဲစင်းငုံဈေးထက် ထပ်မံမြင့်တက်ခဲ့ပြီး မျိုးပဲရာသီချိန်ဖြစ်တဲ့အတွက် ပဲစင်းငုံထက်အရောင်းအဝယ် ပိုဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပြည်တွင်းဝယ်လက်ကုလားပဲသီးနှံမှာ ပြည်ပဝယ်လက်ပဲများထက် အရောင်းအဝယ်ပိုသွက်လျက်ရှိကာ နေ့စဉ် အိတ် ၂၀၀၊ ၃၀၀ ကျော် ခွဲစက်သမားတွေ အဝယ်ရှိခဲ့ပါတယ်။ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများရှိခဲ့လို့ ပဲတစ်တင်း ၃၉၈၀၀ ကျပ်ဖြင့် ဈေးကောင်းရလျက်ရှိကာ မျိုးပဲအနေဖြင့်လည်း ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ နေ့စဉ် လာရောက်ဝယ်ယူကြပြီး မျိုးပဲဈေးမှာတော့ တစ်တင်း ၄၂၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခင်နှစ်အောက်တိုဘာလအတွင်း ကုလားပဲသီးနှံရဲ့ တစ်တင်းဈေးမှာ ၁၃၅၀၀ ကျပ်ခန့်သာရရှိခဲ့ပြီး ပဲဈေးကွက်မှာလည်း တစ်နှစ်တာလုံး ဈေးအေးခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ (ရွှေကျွန်း) ပဲထက် (ကမ်းနား) ပဲက ပိုအရောင်းသွက်ခဲ့ပြီး ပဲကြော်ဖိုလုပ်ငန်းသမားများက အဓိကထား ဝယ်ယူခဲ့ကြပါတယ်။ (ရွှေကျွန်း) မှာ တစ်ခါတစ်ရံ အိတ် ၁၀၀ - ၁၅၀ ကျော်သာ အရောင်းအဝယ်ဖြစ်ပေမယ့် (ကမ်းနား) ပဲကိုတော့ နေ့စဉ် အိတ် ၂၅၀ ကျော်-၃၀၀ အထိ ဝယ်ယူကြပါတယ်။ ပဲဈေးမှာ (ရွှေကျွန်း) တစ်တင်း ၃၄၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၂၀၀၀ ကျပ်ရရှိနေသလို၊ မျိုးပဲဈေးအနေဖြင့် (ရွှေကျွန်း) တစ်တင်း ၃၆၀၀၀ ကျပ်၊ (ကမ်းနား) ပဲတစ်တင်း ၃၄၀၀၀ ကျပ်ဖြင့် ပန်းတောင်း၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျီးသဲမြို့များမှ အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

ပဲပုပ်ဈေးမှာတော့ ယခုလကုန်ပတ်မှာ ဈေးငြိမ်နေပြီး တစ်တင်း ၁၉၅၀၀ ကျပ်ဖြင့် လက်လီသမား အနည်းငယ်အဝယ်ရှိခဲ့ကြပါတယ်။

ထောပတ်ပဲသီးနှံမှာလည်း ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး တစ်တင်း ၁၈၀၀၀ ကျပ်ရရှိသလို စားတော်ပဲသီးနှံကတော့ လက်လီပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးနဲ့ တစ်တင်း ၃၇၀၀၀ ကျပ်ရရှိခဲ့ပြီး တစ်ရက်အိတ် ၂၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြတယ်လို့ သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

## ပြည်ပဲလွန်းဖြူ ဈေးကောင်းရလာပေမယ့် လက်ကျန်နည်း

ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ လက်လီပဲဈေးကွက်မှာ ပဲလွန်းဖြူသီးနှံဟာ ပဲလက်ကျန်အနည်းငယ်ရှိလို့ လက်လီအိတ်အနည်းငယ်သာရှိပြီး ပဲဈေးမှာ တစ်တင်း ၃၂၀၀၀ ကျပ်ဖြင့် ဈေးမြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ယခင်တစ်ပတ်က တစ် တင်း ၃၀၀၀၀ ကျပ်သာရရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပစ္စည်းလည်းရှားလာသလို လက်လီသမားများ အဝယ်လိုက်နေတဲ့အတွက် ဈေးလည်းပိုလာခဲ့ခြင်းဖြစ်တယ်လို့ သိရပါတယ်။ ယခင်နှစ် အောက်တိုဘာလအတွင်းမှာ ပဲလွန်းဖြူဈေးဟာ တစ်တင်း ၁၆၅၀၀ ကျပ်သာရရှိခဲ့လို့ ယခုနှစ်ကတော့ အောက်တိုဘာလကုန် ဈေးဟာ ယခင်နှစ်ဈေးရဲ့ နှစ်ဆခန့် ပိုရခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

# ပဲစင်းငုံတောင်သူတို့ဘ၀ လှပအောင်ဆင်ချိန်တန်

ပဲစင်းငုံသီးနှံဟာမုံရွာကုန်စည်ဒိုင်ရဲ့ အရောင်းအ၀ယ်ပမာဏအများဆုံး ပြည်ပ ပို့ကုန်တစ်မျိုးဖြစ်ပြီး၊ ဒိုင်ကိုစီး၀င်လာသမျှ ပဲတွေထဲမှာ မုံရွာခရိုင် လေးမြို့နယ်ကထွက်တဲ့ ငုံနီပမာဏကအများဆုံးဖြစ်ပါတယ်။ ပဲစင်းငုံကို မိုးသီးနှံအဖြစ် မိုးကြိုကာလ မေ၊ ဇွန်လတွေမှာ စတင်စိုက်ပျိုးကြပြီး အစောဆုံးဇန်န၀ါရီလမှာ ပဲသစ်စပေါ်တတ်ပါတယ်။

ပြီးခဲ့တဲ့ ငုံနီရာသီအစက တစ်တင်း ၂၅၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်အထိ ပဲသစ်ကဖွင့်ဈေးကောင်းမွန်ခဲ့သလို ဒိုင်မှာပဲလက်ကျန်နည်းချိန်ဖြစ်တဲ့ စက်တင်ဘာလထဲမှာ တစ်တင်း ၅၂၀၀၀ ကျပ်အထိ ဒီနှစ်အတွက် အမြင့်ဆုံး စံချိန်တင်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဈေးကွက်မျှော်လင့်ချက်နဲ့ မုံရွာခရိုင်အတွင်းရှိ ပဲတောင်သူတွေဟာ ယခုနှစ်မှာ ငုံနီဧကပေါင်း တစ်သိန်းသုံးသောင်းကျော်ထိ တိုးချဲ့စိုက်ပျိုးခဲ့ကြတယ်လို့ ကိန်းဂဏန်းတွေကဆိုပါတယ်။

မုံရွာခရိုင်အတွင်း စိုက်ပျိုးခဲ့ကြတဲ့ ငုံနီစိုက်ဧက ၁၃၁၇၂ က ပျမ်းမျှတစ်ဧက ၁၀ တင်းနှုန်းထွက်မယ်ဆိုရင် အထွက်တင်း ၁၃ ဒသမ၁၁၇၂ သိန်း (၄၂၈၅၂ မက်/တန်) ရှိပြီး၊ ဒေသတွင်းစားသုံးမှု၊ မျိုးနဲ့အလေအလွင့် တင်း ၁၀၉၃၈၇ (၃၅၇၃ မက်/တန်) နှုတ်လိုက်ရင် ပိုလျှံတင်း ၁၂ ဒသမ ၀၂၃ သိန်း (၃၉၂၇၉ မက်/တန်) ကျန်ရှိမှာဖြစ်လို့ ဒီပိုလျှံတဲ့ငုံနီဟာ ပြည်ပပို့ကုန်အဖြစ် မုံရွာကုန်စည်ဒိုင်ကို စီး၀င်သွားစေတာတွေ့ရပါတယ်။ အဲဒီစီးဆင်းသွားတဲ့ ငုံနီရဲ့တန်ဖိုးဟာ လောလောဆယ်ပေါက်ဈေး တစ်တင်း ၃၅၀၀၀ ကျပ်နှုန်းနဲ့တွက်ရင် ကျပ် ၄၁ ဒသမ ၂၄၂၉ ဘီလီယံအထိ ရှိပါတယ်။

ဒါပေမယ့် ဒီဈေးနှုန်းရဲ့ အကျိုးအမြတ်ကို မူလစိုက်ပျိုးတဲ့တောင်သူတွေ ခံစားနိုင်မှုက ရာခိုင်နှုန်းလွန်စွာ နည်းပါးခဲ့ပြီး၊ ကုန်သည်ပွဲစားတွေအတွက်သာ အကျိုးဖြစ်ထွန်းစေတယ်လို့ ငုံနီတောင်သူအများစုက ဆိုပါတယ်။ ယခုအခါ မုံရွာခရိုင်အတွင်း စိုက်ပျိုးခဲ့ကြတဲ့ ငုံနီအပင်အများစု 'ရေမ၀ပ်မိုး' မကြာခဏရွာလို့ အပင်ဖွံ့ဖြိုးမှု အားကောင်းလျက်ရှိတာ တွေ့ရပါတယ်။

လာမယ့် ပဲသစ်ပေါ်ချိန်မှာ ပဲစင်းငုံစိုက်တောင်သူတွေ ၀င်ငွေပိုမိုရရှိစေဖို့ ပြည်ပ၀ယ်လိုအားနဲ့ ပေါက်ဈေးက ကောင်းမွန်ဖို့လိုအပ်သလို ပဲစိုက်တောင်သူတွေ ထာ၀ရအကျိုးရှိစေမယ့် မျိုးကောင်းမျိုးသန့်၊ နည်းပညာနဲ့ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ၊ အရင်းအနှီးနဲ့ဈေးကွက်တိုက်ရိုက်ချိတ်ဆက်နိုင်ခြင်းများ ဆောင်ရွက်နိုင်ဖို့ ကျေးရွာအုပ်စုအလိုက်၊ မြို့နယ်အလိုက်၊ ပဲအမျိုးအစားအလိုက် အစုအဖွဲ့များဖွဲ့စည်းထားကြမယ်ဆိုရင် အကူအညီပေးလိုသူကော၊ ရလိုသူပါ နှစ်ဦးနှစ်ဖက် အကျိုး ဖြစ်ထွန်းနိုင်မယ်လို့ ထင်မြင်ယူဆ တင်ပြလိုက်ပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# အမျိုးသားပို့ကုန် မဟာဗျူဟာနဲ့ အလားအလာကောင်းတဲ့ မုံရွာဆီထွက်သီးနှံ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နဲ့ နိုင်ငံတကာကုန်သွယ်မှုစင်တာတို့ရဲ့ အကူအညီနဲ့ ပူးပေါင်းဆောင်ရွက်မယ့် အမျိုးသားပို့ကုန်မဟာဗျူဟာရဲ့ ဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်တဲ့ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်၀င်ငွေ တိုးတက်ရရှိရေးစီမံကိန်းကို ၂၀၁၆ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်တော့မှာဖြစ်ရာ မြန်မာနိုင်ငံရဲ့ ဒုတိယဆီအိုးကြီးအဖြစ်တင်စားရတဲ့ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းက မုံရွာခရိုင် ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍဟာ အလားအလာကောင်းတဲ့ ကဏ္ဍအဖြစ် ရှုမြင်မိရပါတယ်။

မုံရွာခရိုင် လေးမြို့နယ်ဖြစ်တဲ့ မုံရွာ၊ ချောင်းဦး၊ ဘုတလင်နဲ့ အရာတော်မြို့နယ်တွေရဲ့ စိုက်ပျိုးရေးမှာ ဆည်ရေထက် မိုးကောင်းသောက်မြေတွေဖြစ်ကြပြီး၊ မြေနဲ့ရာသီဥတုအရ စပါးထက် ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံတွေသာ ပိုမိုစိုက်ပျိုးဖြစ်ထွန်းလျက်ရှိတာ တွေ့ရပါတယ်။ အထူးသဖြင့် တစ်နှစ်တာကာလအတွင်း ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ နှမ်း သုံးကြိမ်၊ မြေပဲ နှစ်ကြိမ်နဲ့နေကြာ နှစ်ကြိမ်စီ ရာသီအခြေအနေအလိုက် စိုက်ပျိုးခဲ့ကြတာတွေ့ရပါတယ်။

မုံရွာခရိုင်ရဲ့ သုံးနှစ်တာကာလအတွင်း ပျမ်းမျှစိုက်ပျိုးခဲ့ကြတဲ့ ဆီထွက်သီးနှံတစ်မျိုးခြင်း စိုက်ပျိုးမှုအနေနဲ့ နှမ်းစိုက်ဧက ၂ ဒသမ ၂၄၅ သိန်း၊ မြေပဲစိုက်ဧက သုည ဒသမ ၆၄၆ သိန်းနဲ့ နေကြာစိုက်ဧက ၁ ဒသမ ၀၀၆ သိန်းရှိတာ တွေ့ရပါတယ်။ သီးနှံထွက်ရှိမှုအနေနဲ့ နှမ်းတင်း ၂၄ ဒသမ ၇၀ သိန်းခန့်၊ မြေပဲ (တောင့်) တင်း ၂၈ ဒသမ ၃၄၅ သိန်းနဲ့ နေကြာ (တင်း) ၃၀ ဒသမ ၁၇ သိန်းက အသီးသီးထွက်ရှိကာ ခရိုင်အတွင်း စားသုံးပိုလျှံမှုက နှမ်းတင်း ၂၃ ဒသမ ၇၂၄ တင်း (၅၈၁၀၈ မက်/တန်)၊ မြေပဲတင်း ၂၂ ဒသမ ၈၄၅ သိန်း (၂၅၉၀၈ မက်/တန်)နဲ့ နေကြာတင်း ၂၉ ဒသမ ၃၃၂ သိန်း (၄၃၁၀၈ မက်/တန်) အသီးသီး ဖြစ်ပေါ်ခဲ့ပါတယ်။

ပိုလျှံဆီထွက်သီးနှံတွေရဲ့ ပြည်တွင်း ပြည်ပရဲ့ စီးဆင်းမှုကို ခန့်မှန်းကြည့်ရင် နှမ်းမှာ ပြည်တွင်းသုံး ၂၇၀၀၀ မက်/တန်နဲ့ ပြည်ပတင်ပို့မှု ၃၁၀၀၀ မက်/တန်ခန့်ရှိနိုင်သလို၊ မြေပဲမှာ ပြည်တွင်းသုံး ၃၉၀၀၀ မက်/တန်နဲ့ ပြည်ပတင်ပို့မှု ၆၉၀၀ မက်/တန်ခန့်ရှိနိုင်တယ်လို့သိရပါတယ်။ ပိုလျှံနေကြာကတော့ ပြည်ပတင်ပို့မှုမရှိဘဲ ဒေသတွင်းနဲ့ပြည်တွင်းသုံးသာရှိနိုင်တယ်လို့ ခန့်မှန်းသိရှိရပါတယ်။

မုံရွာခရိုင်ရဲ့ ဆီထွက်သီးနှံများ စိုက်ပျိုးဧကနဲ့ အထွက်နှုန်းကို လေ့လာတဲ့အခါ လျော့နည်းမှုရှိနေသလို လက်ရှိ ဆီထွက်သီးနှံစိုက် တောင်သူတွေအနေနဲ့ စိုက်ပျိုးမှု အကျိုးအမြတ်နည်းပါးနေတာ တွေ့ရပါတယ်။ ရေမြေနဲ့ကိုက်ညီပြီး အထွက်တိုးမယ့် နှမ်းမျိုးများ လိုအပ်ချက်ရှိသလို၊ စိုက်ပျိုးမှု ကောင်းမွန်တဲ့ အလေ့အကျင့်လည်း အားနည်းမှုရှိကာ အရင်းအနှီးလည်း ခက်ခဲဖွယ်ရှိတယ်လို့ သိရပါတယ်။

ယခုလို စိုက်ဧကများပြီး အကျိုးအမြတ် နည်းပါးစွာရရှိနေကြတဲ့ မုံရွာခရိုင်က ဆီထွက်သီးနှံစိုက် တောင်သူတွေရဲ့၀င်ငွေနဲ့ လူမှုစီးပွားဘ၀များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ကျေးရွာအုပ်စုလိုက် အစုအဖွဲ့တွေဖွဲ့ပြီး ၊ နည်းပညာ၊ မျိုးကောင်းမျိုးသန့်နဲ့ အရင်းအနှီးများ ထူထောင်ကာ ကုန်ကြမ်းအတိုင်းရောင်းချခြင်းမှ ဆီကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချနိုင်သည်အထိ စီမံကိန်းတစ်ရပ်ဖြင့်ကူညီဖေးမပေးနိုင်ပါက ဆီထွက်သီးနှံတောင်သူတွေရဲ့ ဘ၀ ယခုထက် လှပလာမည်မလွဲဟု ကိုယ်စားပြုတင်ပြလိုက်ရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



# ပြည်တွင်း၌ ဟင်းချက်ဆီစားသုံးမှု နှစ်စဉ်တန်ချိန် ကိုးသိန်း၀န်းကျင်ရှိ

ပြည်တွင်းစားသုံးတဲ့ဆီပမာဏမှာ တန်ချိန် ကိုးသိန်း၀န်းကျင်ရှိပြီး ပြည်တွင်း ပဲဆီထွက်ရှိမှု တန်ချိန် ငါးသိန်းရှိသဖြင့် နှစ်စဉ် ပြည်ပမှ စားအုန်းဆီ တန်ချိန် လေးသိန်းခန့် တင်သွင်းနေရတယ်လို့ မြန်မာနိုင်ငံစားသုံးဆီရောင်းချသူများ အသင်းမှ တာ၀န်ရှိသူတစ်ဦးထံက သိရပါတယ်။

မြန်မာတစ်ဦးရဲ့ နှစ်စဉ် ဆီစားသုံးမှုမှာ ၁၂ ကီလိုဂရမ်ခန့်ရှိရာ တစ်နှစ်အတွက် ဆီတန်ချိန် ခြောက်သိန်းခန့် လိုအပ်မှုရှိပြီး ဟိုတယ်များနဲ့ စားသောက်ကုန်ထုတ်လုပ်ငန်းများမှာ သုံးစွဲမှု ပမာဏက တန်ချိန် သုံးသိန်းခန့် ရှိနေပါတယ်။

မြေပဲဆီထုတ်လုပ်နိုင်တဲ့ ပမာဏဟာ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီနိုင်ခြင်းမရှိကြောင်း၊ အဓိက အကြောင်းရင်းကတော့ ပြည်ပမှာ မြေပဲဆံဈေးကောင်းတဲ့အတွက် ပြည်တွင်း မြေပဲဆီထုတ်လုပ်ရန် ကုန်ကြမ်းရှားပါးခြင်းကြောင့် ထုတ်လုပ်နိုင်မှု ပမာဏလျော့ကျခဲ့ရတာဖြစ်ပါတယ်။ ပြည်တွင်းထွက် မြေပဲဆီရဲ့ ဈေးနဲ့ စားအုန်းဆီဈေး ကွာခြားချက် ကြီးမားမှုကလည်း သုံးစွဲနိုင်စွမ်းကို လျော့ကျစေလျက်ရှိပါတယ်။

မြေပဲဆီ တစ်ပိဿာ (၁ ဒသမ ၆ ကီလိုဂရမ်)ရဲ့ ပေါက်ဈေးက ကျပ် ၇၀၀၀ မှ ၈၀၀၀ ထိဖြစ်ပြီး၊ စားအုန်းဆီ တစ်ပိဿာလျှင် ၁၅၀၀ ကျပ်နှုန်းသာရှိရာ ၀ယ်ယူသုံးစွဲနိုင်မှုလည်း ကွာခြားလျက် ရှိနေတာဖြစ်ပါတယ်။ ဈေးကွက်အတွင်း ကွင်းဆင်းလေ့လာဆန်းစစ်ချက်အရ အသက် ၂၅ နှစ်မှ ၅၀ နှစ် ကြားရှိ အိမ်ထောင်ရှင်မများသည် မြေပဲဆီကို ချက်ပြုတ်ရာမှာ သုံးစွဲရန် ပိုမိုနှစ်ခြိုက်ကြသော်လည်း ဈေးသက်သာမှုကြောင့် စားအုန်းဆီကို ရွေးချယ်သုံးစွဲနေကြပါတယ်။

သို့သော် ဈေးနှုန်းချိုသာမှု တစ်ခုတည်းကိုသာကြည့်၍ သုံးစွဲရန်တော့မသင့်ပါဘူးလို့ သတိပေးလိုပါတယ်။ပြည်တွင်းဈေးကွက်ထဲမှာ တံဆိပ်ပေါင်းမြောက်များစွာ နေရာယူလျက်ရှိပါတယ်။အများစုမှာ "ပြည်တွင်းဖြစ် မြေပဲဆီ၊နှမ်းဆီ၊နေကြာဆီ၊မုန်ညင်းဆီ"၊ "ပြည်ပမှ တင်သွင်းသော စားအုန်းဆီ၊ ဟင်းသီးဟင်းရွက်ဆီ"၊ "ပြည်တွင်းဖြစ်ဆီနဲ့ ပြည်ပမှတင်သွင်းလာသောဆီ ရောနှောထားသောဆီ"၊ "ပြည်ပမှ တင်သွင်းလာသော စားအုန်းဆီကို မြေပဲအနံ့ပါသော ဓာတုပစ္စည်းရောနှောပြီး မြေပဲဆီစစ်အဖြစ် ပြုလုပ်ထားသောဆီ"၊ "ပြည်ပမှတင်သွင်းလာသော ပြန်ကြော်ဆီများကို အရောင်ချွတ်ထားသောဆီ"တို့ ဖြစ်ကြပါတယ်။

ကျန်းမာရေး၀န်ကြီးဌာန FDA က အများပြည်သူများ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီသော စားသောက်ကုန်များသုံးစွဲနိုင်အောင် ရည်ရွယ်၍ အရည်အသွေးနဲ့ စံချိန်စံညွှန်းကိုက်ညီမှုမရှိတဲ့ ပစ္စည်းများကို ဈေးကွက်အတွင်းမှ ဖော်ထုတ်အရေးယူပေးလျက်ရှိပါတယ်။

ပြည်တွင်းမှာ မြေပဲဆီကြိတ်စက်ရုံ ၃၅၀၀ ခန့်ရှိသော်လည်း လောလောဆယ် စက်ရုံအနည်းငယ်ခန့်သာ လည်ပတ်နိုင်တော့ကြောင်း၊ ဒါ့ကြောင့် စိုက်ပျိုးသူနဲ့ထုတ်လုပ်သူများအတွက် စားသုံးဆီသီးနှံ တိုးချဲ့စိုက်ပျိုးရေး နည်းပညာပိုင်းဆိုင်ရာ၊ ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လျှပ်စစ်ဓာတ် အားရရှိရေးနဲ့ ငွေကြေးကဏ္ဍပိုင်း၊ ပြည်တွင်းထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ၀ိုင်း၀န်းလုပ်ဆောင်ပေးမှသာ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း စားသုံးဆီအသင်း ဥက္ကဋ္ဌက (၂၃)ကြိမ်မြောက်အသင်းနှစ်ပတ်လည်အစည်းအဝေးမှာ ပြောကြားခဲ့ပါတယ်။

**MIRT**

**၂၆-၁၀-၂၀၁၅ မှ ၃၀-၁၀-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 202 | 9,508,406.972 |
| 2 | Form D | 27 | 1,005,767.930 |
| 3 | Form E | 65 | 1,157,762.670 |
| 4 | Korea GSP | 2 | 63,597.920 |
| 5 | Form AK | 66 | 1,954,011.248 |
| 6 | Form AJ | 10 | 455,492.660 |
| 7 | Form AI | 34 | 1,643,836.340 |
| 8 | Form AANZ | 1 | 3,693.745 |
| 9 | Form DFTP | - | - |
| Grand Total | | 407 | 15,792,569.485 |

## ချင်း

### ပြည်ချင်းဈေးကွက် အဝင်သွက်၊ အရောင်းအဝယ်သွက်

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်အတွင်းရှိ ပွဲရုံများမှ သီတင်းကျွတ်အခါကာလ ချင်းခားလှီးသမားများ အဝယ်လိုက်နေပြီး၊ ပြည်ပွဲရုံများသို့ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းတက်အသစ်များ အဝင်များလာတာကို တွေ့ရပါတယ်။ ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၂၅၀ အဝင်ရှိပြီး၊ ယခင်တစ်ပတ်ကထက် အဝင်များလာပါတယ်။

အဝင်များပေမယ့် ဈေးနှုန်းမှာကျမသွားဘဲ ယခင်အသစ်အတိုင်း မပြောင်းလွဲဘဲရှိနေပါတယ်။ ကထိန်အလှူပွဲများရှိနေလို့ ပိဿာချိန် ၅၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ဈေးနှုန်းမှာ ချင်းတက်တစ်ပိဿာ ၆၀၀ ကျပ်၊ ၇၀၀ ကျပ်နဲ့ ချင်းဥမတစ်ပိဿာ ၉၀၀ ကျပ်၊ ၈၀၀ ကျပ်တို့နဲ့ ဈေးငြိမ်နေကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ရှမ်းချင်းဈေးကွက်သို့ ချင်းအဝင်များသော်လည်း လက်ကြီးသမားများ အဝယ်နည်း

သီတင်းကျွတ်အခါကာလမှာတော့ တောင်သူတွေလည်း လူကြီးမိဘတွေကန် တော့ဖို့ရယ်၊ ဘုန်းကြီးကျောင်းတက်ဖို့ရယ်အတွက် အလှူအတန်းပြုလုပ်ဖို့ငွေလို တာကြောင့် လက်ရှိသီးနှံတွေကို ထုတ်ပြီး ရောင်းလာတဲ့အတွက် ဈေးကွက်မှာပစ္စည်းတွေအဝင်များနေတယ်လို့ သိရပါတယ်။ ချင်းသီးနှံလည်း ဈေးကွက်မှာ အဝင်များလာပါတယ်။

ဒါပေမယ့် လက်ကြီးသမားတွေက ဝယ်ယူမှုနည်းပြီး ခားလှီးချင်းအတွက်လက်လီသမားတွေနဲ့ ဈေးပတ်သမားတွေသာ ဝယ်ယူမှုရှိနေတယ်လို့လည်း သိရပါတယ်။ အခုချိန်ထိ လက်ကြီး သမားတွေက မဝယ်သေးပါဘူး၊ တောင်သူတွေကတော့ ပြည်ပဝယ်လက်ကို မျှော်နေပါတယ်။ မနှစ်ကလည်း ပြည်ပဝယ်လက်မရှိဘဲ၊ ပြည်တွင်းသုံးဝယ်လက်တွေကပဲ တစိမ့်စိမ့်ဝယ်ယူခဲ့လို့ ချင်းသစ်တွေပေါ် ကာနီးမှာ ချင်းဟောင်းတွေကကုန်သွားပြီ၊ ချင်းဥမတွေကတော့ ကျန်ရှိနေသေးတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်တော့ ပြည်တွင်းဝယ်လက်ဖြစ်တဲ့ ရန်ကုန်၊ ပြည် ဝယ်လက်တွေကသာ အဝယ်ရှိနေတဲ့အတွက် တစ်ပတ်အတွင်းမှာ ပိဿာချိန်ပေါင်း လေးသောင်းရှစ်ထောင်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ တစ်ပိဿာပေါက်ဈေးကတော့ ၄၀၀ ကျပ်မှ ၅၅၀ ကျပ်ဈေးရှိပြီး ချင်းခြောက်က တစ်ပိဿာ ၃၀၀၀ ကျပ် ဈေးရှိပါတယ်။

ဟိုပုံးချင်းကတော့ ဒီဇင်ဘာလမှသာ ဈေးကွက်ကို ရောက်လာမှာဖြစ်ပြီး ယခုလတ်တလောမှာတော့ အဝင်လည်း မရှိ အရောင်းအဝယ်လည်းမရှိဘူးလို့ သိရပါတယ်။ ချင်းခြောက်လည်း လက်ကျန်မရှိတော့ပါဘူး၊ တစ်ပိဿာကို ၃၅၀၀ ကျပ်နဲ့ ဈေးပိတ်သွားတယ်လို့လည်း သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ကြက်သွန်

### မြဝတီတစ်ခုတည်းမှသာ ကြက်သွန်တင်ပို့ခဲ့

အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန် တစ်ခု တည်းမှသာ ကန်ဒေါ်လာ ၁၀၆၉၇၄ တန် ဖိုးရှိတဲ့ ကြက်သွန်နီ ၁၇၂ တန်ခွဲကို တင်ပို့ ခဲ့ပါတယ်။

ယခုတစ်ပတ်တွင် မူဆယ်မှ ကြက်သွန်နီ တင်ပို့မှုမရှိသလို တာချီလိတ် မှလည်း ကြက်သွန်ဖြူတင်ပို့နိုင်မှု မရှိတာ တွေ့ရပါတယ်။ မြဝတီကုန်သွယ်ရေးဇုန် မှာ ကြက်သွန်နီတစ်တန်ရဲ့ မိမိဘက်ပေါက် ဈေးက ၇၃၁၃၂၂ ကျပ်မှ ၁၁၈၉၇၁၀ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှာတော့ ကြက်သွန်နီဈေး အတက်အကျမရှိဘဲ ဈေးငြိမ်နေကြောင်း၊ ဈေးကြီးပေးဝယ်ရပေမယ့်လည်း ကြက်သွန်အချောစများကို မသုံးဘဲ အလုံးသေးနဲ့ အခွံချွတ်ပြီးသား စတဲ့ ကြက်သွန်အညံ့တွေကို ဈေးအသင့်အတင့် ပေးပြီး သုံးစွဲနေကြကြောင်း သတင်းရရှိပါတယ်။ **မော်မော်အောင်**

## နနွင်း

### နနွင်း တန်ချိန် ၆၀ နီးပါး တင်ပို့

အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်သီတင်းပတ်အတွင်း နနွင်း ၅၉ ဒသမ ဝ၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကိုသာ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းအဝင်မှာ တန်ချိန်၈၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၂၆ ဒသမ ၄၇ တန် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၃၂၃၂ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဟိုပုံးနနွင်းဈေးကွက်မှာလည်း နနွင်းအရောင်းအဝယ်အေး

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ နနွင်းအရောင်းအဝယ်ပြန်အေးနေပါတယ်။

အရင်တစ်ပတ်က ငွေဖော်ဖို့အတွက် ငွေလိုတဲ့ တောင်သူတွေ ထုတ်ရောင်းတာကို လှောင်လက်တွေက ဝယ်ယူတဲ့ဈေးကွက်ဖြစ်ခဲ့လို့ အရောင်းအဝယ်ကလည်း ဖြစ်တယ်ဆိုရုံသာဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ အခုတစ်ပတ်တော့ တောင်သူတွေရော ပွဲရုံတွေပါ၊ သီတင်းကျွတ်ကာလမှာ နားတာကြောင့်၊ အရောင်းအဝယ်ကလည်း ပြန်အေးသွားတယ်လို့ သိရပါတယ်။ ဈေးနှုန်းကတော့ အရင်တစ်ပတ်ကလိုပါပဲ အနိမ့်ဆုံး ၁၆၀၀ ကျပ်မှ အမြင့်ဆုံး ၁၈၀၀ ကျပ် ဈေးရှိပါတယ်။

ဟိုပုံးဈေးကွက်မှာလည်း အရင်တစ်ပတ်က အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒီတစ်ပတ်တော့ သီတင်းကျွတ်ပွဲကြောင့် အဝယ်နားသွားပါတယ်။ လောလောဆယ်မှာတော့ မူဆယ်ဝယ်လက်တွေကလည်း အဝယ်နား နေပါတယ်။ အဝင်ကတော့ လုံးဝမရှိသလောက်ဖြစ်နေလို့ လက်ကျန်တွေကိုသာ အရောင်းအဝယ်လုပ်နေရပြီး ဟိုပုံးမြို့နယ်မှာ နနွင်းလက်ကျန် နှစ်သိန်းခွဲခန့် ကျန်ရှိနေသေးတယ်လို့ ပွဲရုံတွေက သိရှိရပါတယ်။ အရင်တစ်ပတ် မူဆယ်ဝယ်လက်တွေက တစ်ပိဿာ ၁၆၅၀ ကျပ်ဈေးနဲ့ ပိဿာချိန် နှစ်သောင်းခန့် ဝယ်ယူသွားတယ်လို့လည်း သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### မူဆယ်နဲ့ မြဝတီမှ နနွင်းတက် တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၁၇ ရက်မှ ၂၃ ရက်တာ သီတင်း ပတ်အတွင်း ကန်ဒေါ်လာ ၁၁၈၅၇ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၁၆ တန်ခွဲ၊ မြန်မာ- ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၄၇၂၂ တန်ဖိုးရှိ နနွင်းတက် (ကျောက်ဆည်စ) ၂၀ တန်ကိုမူ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ် ရော မြဝတီမှပါ နနွင်းတင်ပို့မှု မရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာ (ငွေလဲနှုန်းအရ) နနွင်းတက် တစ်တန်ကို ၉၀၇၃၈၀ ကျပ်၊ မြဝတီကုန်စည်ဒိုင်မှာ ၈၉၁၁၇၆ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ပရဆေး

### ပရဆေးကုန်ကြမ်း ပိုမို တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၁၇ ရက်မှ ၂၃ ရက်တာကာလ အတွင်း ကန်ဒေါ်လာ ၁ ဒသမ ဝ၅၂ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း ၈၀၅ တန် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ ချဉ်ပေါင်ဖာလာ (အခွံ ပါ/မပါ)၊ မာလာဥ၊ မာလာဥခေါင်း၊ ရွှေး ရွက်၊ ဒရင်ကောက်မြစ်၊ တောဂျူးမြစ်၊ တောချင်း၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင် ပန်းစေ့၊ နေလဲစေ့၊ မျှစ်အစို၊ ပျားရည်၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ ဆီးဆံ၊ ဆီးသီးခြောက်၊ စကားပန်းပွင့်ခြောက်နဲ့ တောင်လုံးကျော်တို့ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ပရဆေးကုန်ကြမ်း ၇၀၅ တန်သာ တင်ပို့ခဲ့သလို ယခုတစ်ပတ် ပရဆေး တင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးကလည်း ကန်ဒေါ် လာ ၂၀၄၀၆ သန်းတန်ဖိုးရှိတဲ့ မုတ်ခါး ၄၁ တန် တင်ပို့မှုရှိခဲ့တယ်လို့ သိရ ပါတယ်။

**မော်မော်အောင်**

## သီဟိုဠ်



### မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှ သီဟိုဠ်စေ့ တန် ၃၀ကျော် တင်ပို့

မူဆယ် ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၂၁ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၅ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၃၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၉၁ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၁ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ဝ၃ဝ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းက ယခုတစ်ပတ်မှာ တင်ပို့နိုင်ခြင်းမရှိသလို ယခင်တစ်ပတ်ကလည်း တင်ပို့နိုင်ခြင်း မရှိခဲ့ဘူးလို့ သိရပါတယ်။

**ခင်မြနွယ်**

## မန်ကျည်း

### မန်ကျည်း ၄၇ တန် တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၁၈ ရက်မှ အောက်တိုဘာ ၂၄ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၄၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံကိုသာ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် အပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

**သီတာဝင်း (DOT)**

### မြန်မာ့ပျားရည် ပြည်တွင်းသုံးစွဲမှုထက် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နေရ

မြန်မာ့ပျားရည်ကို ပြည်တွင်းသုံးစွဲမှု ထက် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နေရ ကြောင်း သိရပါတယ်။ ပျားရည်ကို ပြည် တွင်းမှာ ဆေးဝါးအဖြစ်သာ အဓိကအသုံး ပြုကြပြီး ပြည်ပနိုင်ငံများတွင် သကြားအစား ပျားရည်စားသုံးခြင်းနှင့် အအေးပိုင်းနိုင်ငံ များ၌ ပျားရည်ကို အဓိကထားပြီး သုံးစွဲမှုများနေတာကြောင့် ပြည်ပဈေးကွက်သို့ တင်ပို့နေရခြင်းဖြစ်ပါတယ်။

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အောက်တိုဘာလ ၁ ရက်မှ ၂၀ ရက်အတွင်း ကန်ဒေါ်လာ ၁၆၁၀၇၀ တန်ဖိုးရှိ ပျားရည် တန် ၂၃၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံအပြင် အမေရိကန်၊ ကနေဒါ၊ ဂျပန်နဲ့ ထိုင်းနိုင်ငံများကိုလည်း တင်ပို့မှုရှိ တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးကို ၁၉၇၉ ခုနှစ်နဲ့ ၁၉၈၂ ခုနှစ်မှာ စတင်ခဲ့ပြီး ၁၉၈၈-၈၉ တွင် ဂျပန်နိုင်ငံသို့ တင်ပို့ခဲ့ပါ တယ်။ ၂၀၁၃ ခုနှစ်မတိုင်မီအထိ မြန်မာ့ ပျားရည်ကို ဂျပန်၊ ထိုင်းနဲ့ တရုတ်နိုင်ငံတွေ ကို အဓိကတင်ပို့ခဲ့ရာမှ စီးပွားရေးအခွင့် အလမ်း ပွင့်လင်းလာခဲ့မှုကြောင့် အမေရိ ကန်နိုင်ငံနဲ့ ကနေဒါနိုင်ငံတွေကိုပါ တင်ပို့ ခဲ့ရပြီး နှစ်အလိုက် ပျားရည်တင်ပို့မှု တိုးတက်ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**



# သံသရာချားရဟတ်တစ်ပတ်ပြန်လည် လာမည့်
# အယ်လ်နီညိုနှင့် အရှေ့တောင်အာရှ

|မယ်သီတာ|

အယ်လ်နီညိုရာသီဥတုသည်ယခုနှစ်အတွင်း ပြန်လည်ဖြစ်ပေါ်လာနိုင်သည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးက ခန့်မှန်းခဲ့သည်။

၁၉၉၇-၉၈ ခုနှစ်အတွင်းကဖြစ်ပွားခဲ့သည့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ကမ္ဘာပေါ်တွင်လူပေါင်း ၂၁၀၀ ကျော်သေဆုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံကျော်ရှိခဲ့သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်သည် ယခုနှစ်တွင်ပြန်လည်ဖြစ်ပွားလာမည့် အရိပ်အယောင်များကို ပစိဖိတ်သမုဒ္ဒအတွင်း အရှိန်ယူအစပျိုးနေပြီဖြစ်ရာ အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့က ယခုဖြစ်ပေါ်မည့် အယ်လ်နီညိုဖြစ်စဉ်အားဂေါ်ဇီလာအယ်လ်နီညိုဟု အမည်ပေးထားကြောင်း သိရသည်။

အဆိုပါ ဂေါ်ဇီလာအယ်လ်နီညို ဖြစ်ပေါ်ရန် ၈၅ရာခိုင်နှုန်း အထိသေချာနေကြောင်းUS National Oceanic and Atmospheric Administration (NOAA) မှ ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်သည် ကမ္ဘာတစ်ဝန်းလုံးရှိ အစိုးရများကို ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် သတိပေး လိုက်ခြင်းပင်ဖြစ်သည်ဟု NOAA မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

အထူးသဖြင့် မုတ်သုံမိုးကို အဓိကထား၍ စိုက်ပျိုးနေရသည့် အရှေ့တောင် အာရှနိုင်ငံများမှ အစိုးရများအနေဖြင့် ပိုမိုသတိထားရမည်ဖြစ်ကြောင်း၊ ယခု ဖြစ်ပေါ်မည့်အယ်လ်နီညိုဖြစ်စဉ်သည် ပြင်းထန်လွန်းသဖြင့် နိုင်ငံ၏စိုက်ပျိုးရေးနှင့် စီးပွားရေးတို့ကို ထိခိုက်လာစေနိုင်ကြောင်းဖြင့် ၎င်းက ထပ်မံပြောကြားခဲ့သည်။

အယ်နီညိုဖြစ်စဉ် မရှိစဉ်ကာလအတွင်းမှာပင် အရှေ့တောင် အာရှဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိရာ ယခုနှစ်တွင် ဖြစ်ပေါ်မည့် ဂေါ်ဇီလာအယ်လ်နီညိုကြောင့် ပိုမိုဖြစ်ပွားလာမည်ကို စိုးရိမ်နေရသည်ဟု ဆိုသည်။

အယ်လ်နီညိုဖြစ်စဉ်သည် သံသရာတစ်ပတ်ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ရာ ၁၉၉၇-၉၈ခုနှစ်အတွင်းက ဖြစ်ပေါ် ခဲ့သည့်အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် နှစ်ပေါင်း ၅၀အတွင်း တစ်ကြိမ်သာဖြစ်ပွားလေ့ရှိသည့် ဖြစ်ရပ်တစ်ခုဖြစ်သော်လည်း ယခုနှစ်တွင် ထပ်မံဖြစ်ပွားမည့်အရေးသည် စိုးရိမ်ဖွယ်ရာဖြစ်ကြောင်းဖြင့် ကိုလံဘီယာ တက္ကသိုလ်မှ သိပ္ပံနှင့် သုတေသနပညာရှင် ရောဘတ်ဖီးလ်က ပြောကြားခဲ့သည်။

၁၉၉၇-၉၈ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သည့် အယ်နီညိုဖြစ်စဉ်ကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့ရာ စိုက်ပျိုးဧက ဟက်တာပေါင်း ၅သန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ပြင် အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်ခဲ့ရသည့် မီးခိုးမြူများကြောင့် အင်ဒိုနီးရှားနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် စင်ကာပူနှင့် မလေးရှားနိုင်ငံတို့တွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့ရသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်ကျွမ်းမှုတွေကို လက်ခံနိုင်သော်လည်း လူကြောင့်ဖြစ်ပွားရသည့် တောမီးလောင်ကျွမ်းမှုများကိုမူ လက်မခံနိုင်ကြောင်း၊ ယင်းဖြစ်ရပ်များကို ပြည်သူအားလုံးက ဝိုင်းဝန်းတားဆီးကြရမည်ဖြစ်ကြောင်း ဖီးလ်က ထပ်မံပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်များကြောင့် အင်ဒိုနီးရှားနိုင်ငံသည် နှစ်စဉ် ဆန်တန်ချိန် ၅ ဒသမ ၈ သန်း တင်သွင်းနေရသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိသွားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းနှင့် စူမားတြားကျွန်းတို့တွင် ၁၉၉၈ ခုနှစ်ကတည်းက တောမီးလောင်ကျွမ်းမှုများနှင့် သစ်ထုတ်လုပ်မှုများကြောင့် သစ်တောပြုန်းတီးမှုများနှင့်ရင်ဆိုင်နေရသဖြင့် အယ်လ်နီညိုဖြစ်စဉ်သည် ယခုနှစ်တွင် ပိုမိုပြင်းထန်နိုင်သည်ဟု ယူဆရသည်ဟု ဆိုသည်။

ထို့ပြင် ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ လယ်သမားများသည်လည်း မိုးရေကိုအားပြု၍စိုက်ပျိုးနေရသည့် လယ်မြေများတွင် စပါးစိုက်ပျိုးခြင်းမပြုတော့ဘဲ တခြားသီးနှံများကို အစားထိုးစိုက်ပျိုးခဲ့ကြသဖြင့် ဆန်ထွက်ရှိမှုများ လျော့နည်းခဲ့ရသည်။

မြန်မာနိုင်ငံတွင်လည်း ၁၉၉၇-၉၈ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြို့ကြီး ၁၈မြို့တို့တွင် အပူချိန်စံချိန်သစ်များ တင်ခဲ့ပြီး မြို့ကြီး ၁၅ မြို့တို့တွင် မိုးရေချိန်စံချိန်သစ်များ တင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ မိုးလေဝသစခန်းပေါင်းများစွာတို့တွင်လည်း ဒုတိယအမြင့်ဆုံးအပူချိန်စံချိန်သစ်များ၊ ဒုတိယအနည်းဆုံးမိုးရေချိန်စံချိန်သစ်များတင်ခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်များကြောင့် ၁၉၉၇-၉၈ခုနှစ်တို့တွင် ကျပ်ငွေဘီလီယံပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ခုနှစ် နှစ်နှစ်တာကာလအတွင်း အဆိုးရွားဆုံးသောပူပြင်းခြောက်သွေ့မှု နှင့်ရင်ဆိုင်ခဲ့ရကာ မိုးခေါင်မှုဒဏ်၊ မိုးရေချိန်နည်းပါးသည့်ဒဏ်၊ မုတ်သုံ အဝင်စောသလိုအထွက်စောသည့်ဒဏ်များကိုလည်း ခံစားခဲ့ရကြောင်း သိရသည်။ မုတ်သုံရာသီ တိုတောင်းခဲ့သဖြင့် မိုးရေကို အဓိကထားစိုက်ပျိုးနေရသည့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသမှနိုင်ငံများအနေဖြင့် အယ်လ်နီညိုဖြစ်ပေါ်မှုကို အလေးထားဆောင်ရွက်ရန်လိုအပ်နေပေသည်။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ဇွန်လမှ စက်တင်ဘာလအထိအဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ရသည်။ ယခုနှစ်ရေလွှမ်းမိုးမှုဒဏ်သည် ယခင်နှစ်များကနှင့်မတူဘဲ မြန်မာနိုင်ငံရှိ ပြည်နယ်တိုင်း ၁၄ ခုအနက် ၁၂ ခုတို့တွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရသည်။

ရေလွှမ်းမိုးမှုသည် သာမန်ရေလွှမ်းမိုးမှုမျိုးမဟုတ်ဘဲ အစဉ်အလာမဟုတ်သည့်နောက်ကျိနေသည့် ရေများ၊ ရွှံ့ညွန်များ၊အမှိုက်သရိုက်များ မျောပါလာသည့် ရေများလွှမ်းမိုးခြင်းကို ခံစားခဲ့ကြရသည်။

ယင်းဖြစ်ရပ်များကြောင့် ရေပြန်ကျသွားသည့်အခါတွင် စိုက်ပျိုးမြေဧက ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိခဲ့ရပေသည်။ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ရသည့်ဒေသတိုင်းလိုလိုပင် သောက်သုံးရေပျက်စီးခြင်း၊ စိုက်ပျိုးပင်များပျက်စီးခြင်း၊ တင်ကျန်ရစ်ခဲ့သည် နုန်းများ၊ သဲများ၊ အမှိုက်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရင်ဆိုင်နေရခြင်း စသည့်ဘေးဒုက္ခမျိုးစုံကို ရေဘေးသင့်ပြည်သူအများ ခံစားနေကြရပေသည်။

ပျက်စီးသွားသည့် လယ်မြေဧကပေါင်းများစွာတွင် ပြန်လည်စိုက်ပျိုးနိုင်ရန် လုပ်ဆောင်နေသော်လည်း အောင်မြင်သည့်နေရာများရှိသကဲ့သို့ လုံးဝပြန်လည်စိုက်ပျိုး၍မရသည့်နေရာများလည်း ရှိသည်ကို တွေ့မြင်နေရပေသည်။ ထို့ပြင် ရေလိုအပ်မှုတွင်လည်း နှစ်စဉ်လိုအပ်နေသည့်ရေပမာဏထက် ယခုနှစ်တွင် ပိုမိုလိုအပ်လာဦးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်ပူပြင်းခြောက်သွေ့ သည့်ရာသီဥတုသို့ရောက်ရှိတိုင်းသောက်သုံးရေပြတ်လပ်သည့်ပြဿနာနှင့် နှစ်စဉ်ရင်ဆိုင်နေကြရသည်။

သို့သော် ယခုနှစ်တွင် ပြင်းထန်သည့် ဂေါ်ဇီလာအယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာမည် ဟု ခန့်မှန်းတွက်ချက်ထားသဖြင့် ရေလို




အပ်မှုပမာဏမှာ မြင့်တက်လာနိုင်ပေသည်။

အဆိုပါ ကိစ္စရပ်များအား ဖြေရှင်းနိုင်ရန် နိုင်ငံတော်အဆင့်တာဝန်ရှိသူများအနေဖြင့် အချိန်မီ လုပ်ဆောင်ထားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသတွင်းနိုင်ငံများသာမက အာရှဒေသတစ်ခွင်တွင်လည်း အဆိုပါ ဂေါ်ဇီလာအယ်လ်နီညိုရာသီဥတုကို ရင်ဆိုင်ကြရမည်ဖြစ်သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာနိုင်သည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ပညာရှင်များက သတိပေးပြောကြားထားသည်။

အယ်လ်နီညိုဖြစ်စဉ်များကြောင့် အင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းများ၊ တိုင်ဖုန်းမုန်တိုင်းများ၊ ဟာရီကိန်းမုန်တိုင်းများ တိုက်ခတ်လာနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။

ထို့ပြင် အဆိုပါအယ်လ်နီညိုဖြစ်စဉ်သည် နိုင်ငံ၏စီးပွားရေးပုံရိပ်ကို ထိခိုက်လာနိုင်သည်ဖြစ်ရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် သဘာဝတရားကို အနိုင်ယူကြဖို့လိုအပ်လှပေသည်။

***ကိုးကား - (၁)မောင်ထွန်းလွင်(မိုးလေ ဝသ)၏ ၂၀၁၅-၁၆ ခုနှစ်အယ်လ်နီညိုရဲ့ ကျယ်လောင်လာတဲ့စိန်ခေါ်သံ***
***(၂)WMA's Elino & Southeast Asia***

## ဓာတ်ဆီ/ဒီဇယ်

### ပင်လယ်ရေကြောင်းမှ ဓာတ်ဆီ၊ ဒီဇယ် တန် လေးဆယ်နီးပါးဝင်

အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၈၇၈၀၀၀ တန်ဖိုးရှိ ဒီဇယ် တန် ၃၀ နဲ့ ကန်ဒေါ်လာ ၆၈၁၁၂၀ တန်ဖိုးရှိ ဓာတ်ဆီ ၈ ဒသမ ၈၀ တန် ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် စုစုပေါင်းမှာ ၃၈ ဒသမ ၈၀ တန်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဓာတ်ဆီအဝင် စုစုပေါင်းမှာ ၃၉ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၀ ကျော်အဝင်လျော့ခဲ့သလို ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ ၁၈တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၂တန်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာအောက်တိုဘာ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပ မှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ် ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင်ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေး အတက်အကျ ၁၀၀၀ ကျပ် ဝန်းကျင်သာရှိခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း (95) မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၄၀ ကျပ်၊ အောက်တိန်း (92) ၆၉၀ကျပ်၊ အောက်တိန်း (95) ၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာလ ၂၆ ရက် ဓာတ်ဆီ ဝယ်ဈေး ၁၅၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၆၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၉ ရက်နေ့တွင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဝန်းကျင်သာ အတက်အကျ ရှိခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ အောက်တိုဘာ ၂၆ ရက်မှာ ဝယ်ဈေး ၁၂၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင်၄၀၀၀ကျပ် ဝန်းကျင်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၅၀၀ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်း အဝယ်သမား တစ်ဦးထံမှ စုံစမ်း သိရှိခဲ့ပါ တယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ် ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဒီဇယ်၊ ဓာတ်ဆီ၊ အောက်တိန်း၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်း ချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၆၇၀ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၁၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာလ ၂၆ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၂၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၂၉ ရက်တွင် ဝယ်ဈေး၊ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ အောက်တိုဘာလ ၂၆ ရက်နေ့ ဝယ်ဈေး ၁၄၉၀၀၀ ကျပ်၊ရောင်းဈေး ၁၅၁၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ ၂၉ ရက်နေ့တွင် ဝယ်ဈေး၊ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့် ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၀၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ဓာတ်ဆီ၊ ဒီဇယ် ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့အောက်တိန်း၊ ဓာတ်ဆီ၊ ဒီဇယ်မှာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၁၅ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၅၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊အောက်တိန်း ၃၄၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့သိရှိရပါတယ်။

MIRT-DOT

### Energy NYMEX 30-10-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.75 | -0.31 | -0.67 |
| Brent Crude Futr (USD/bbl) | 48.56 | -0.24 | -0.49 |
| Gasoline Rbob Fut (Cent/gal) | 135.16 | 0.20 | 0.15 |
| Natural Gas Futr (USD/MMBtu) | 2.26 | 0.00 | 0.09 |
| Heating Oil Futr (Cent/gal) | 147.28 | -0.20 | -0.14 |

## ပြည်တွင်းငွေလဲနှုန်းများ ဈေးငြိမ်လျက်ရှိ

ယခုတစ်ပတ် ပြည်တွင်းငွေလဲနှုန်းများ ဈေးငြိမ်သက်လျက်ရှိနေပြီး တစ်ကျပ်ခန့်သာ အတက်အကျရှိနေကြောင်း သိရသည်။ ဈေးငြိမ်နေသော်လည်း အရောင်းအဝယ်မှာ နေ့စဉ်အလုပ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှသိရ သည်။

"ဒီတစ်ပတ်ထဲမှာ တော်တော်လေးကို ဈေးငြိမ်နေတယ်။ ဈေးငြိမ်နေတော့ ရောင်းရ ဝယ်ရတာ တော်တော်လေးသက်သာတယ်။ အတက်အကျက တစ်ကျပ်လောက်ပဲရှိတော့ သိပ်မပြောပလောက်ဘူးပေါ့။ သီတင်းကျွတ်ကာလလည်း ဖြစ်တယ်။ ရွေးကောက်ပွဲကလည်း နီးလာတာဖြစ်တဲ့အတွက် ဈေးငြိမ်နေတာဖြစ်မယ်။ ဈေးငြိမ်နေတော့ ဈေးကွက်ထဲမှာ သိပ်ပြီး လှုပ်လှုပ်ခတ်ခတ်မဖြစ်ဘူး။ ဒေါ်လာကိုင်ဆောင်ခွင့်လိုင်စင်တွေကို ပိတ်ပြီး ပြည်တွင်းသုံးငွေကြေးတွေနဲ့ပဲ ပေးချေခွင့်ပြုတာကလည်း ဒေါ်လာတန်ဖိုး အဆမတန်မြင့်တက်မှုကို လျော့ကျစေသလို ပြည်တွင်းငွေတန်ဖိုး ကျဆင်းမှုကိုလည်း သက်သာစေပါတယ်"ဟု ပြည်တွင်းငွေလဲကောင်တာတစ်ခုမှ ဦးလှငွေက ပြောကြားခဲ့သည်။

ငွေလဲစင်တာများတွင် အောက်တိုဘာ ၂၆ ရက်က ရောင်းဈေး ၁၂၇၅ကျပ်၊ ဝယ်ဈေး ၁၂၇၂ ကျပ်ရှိခဲ့ပြီး အောက်တိုဘာ ၂၈ ရက်တွင် ရောင်းဈေး ၁၂၇၇ကျပ်၊ ဝယ်ဈေး ၁၂၇၃ ကျပ်ရှိခဲ့သည်။ အောက်တိုဘာ ၃၀ရက်တွင် ရောင်းဈေး ၁၂၇၈ ကျပ်၊ ဝယ်ဈေး ၁၂၇၄ ကျပ်ရှိခဲ့သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို အောက်တိုဘာ ၂၆ ရက်က ၁၂၈၀ ကျပ်သတ်မှတ်ခဲ့သော်လည်း အောက်တိုဘာ ၃၀ ရက်တွင် ၁၂၇၇ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

## တစ်ပတ်အတွင်း မြန်မာ့ရွှေဈေး ကျပ်ငါးထောင်ခန့် ကျဆင်းလာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အနည်းငယ်ကျဆင်းခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်အတွင်း ကျပ်ငါးထောင်ခန့် ကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။အောက်တိုဘာလ ဒုတိယပတ်အတွင်းက မြန်မာ့ရွှေဈေးသည် ကျပ်ရှစ်သိန်းကျော်အထိရောက်ရှိခဲ့ပြီး စံချိန်တင်မြင့်တက်ခဲ့ကာ အဝယ်ထက်အရောင်းပမာဏ စံချိန်တင်ခဲ့ကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

"အောက်တိုဘာ ဒုတိယပတ်လောက်တုန်းက ရွှေဈေးဟာ ကျပ်ရှစ်သိန်းလောက် ရောက်သွားတာ။ အဲဒီတုန်းက ဈေးကွက်ထဲမှာ လာရောင်းတဲ့သူတော်တော်လေးကိုများတာ။ တကယ်စံချိန်တင်လောက်တဲ့ ပမာဏလောက်ကို ရှိတယ်။ ဈေးတက်သွားတာက ကြောက်ခမန်းလိလိ တက်သွားတာမျိုးပါ။ တစ်ပတ်အတွင်းမှာကို ရွှေဈေး ကျပ်နှစ်သောင်းလောက်အထိ တက်သွားတာဆိုတော့ ဈေးကွက်ထဲမှာ တော်တော်လေးကို လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ အခု ဒီတစ်ပတ်မှာတော့ရွှေဈေးက ငါးထောင်လောက် ကျသွားတယ်။ အမြင့်ဆုံးတက်ခဲ့တဲ့ ကျပ်ရှစ်သိန်းနဲ့ယှဉ်ရင်တော့ တစ်သောင်းကျော်လောက် ကျသွားတယ်လို့ ပြောရမယ်။ ခုလိုချိန်မှာရွှေဈေးအမြင့်ပိုင်းကို ရောက်နေတာ သိပ်မကောင်းဘူးလို့ ပြောရမယ်။ စပါးတွေ ပဲတွေ ပေါ်နေချိန်မှာ ရွှေဈေးအမြင့်ပိုင်းကို ရောက်နေတဲ့အတွက် အရောင်းအဝယ် နှေးသွားနိုင်တယ်။ ပြန်ကျမယ်လို့တော့ မျှော်လင့်ထားတာပဲ"ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် အောက်တိုဘာလ ၂၆ ရက်က ကျပ် ၇၉၅၀၀၀ ရှိခဲ့ရာမှ အောက်တိုဘာလ၂၈ ရက်နေ့တွင် ကျပ် ၇၉၄၀၀၀ သို့ အနည်းငယ်ကျဆင်းသွားပြီး အောက်တိုဘာလ ၃၀ ရက်တွင် ကျပ် ၇၉၀၀၀၀သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာလ ၂၆ ရက်တွင် ၁၁၆၄ ဒေါ်လာရှိခဲ့ပြီး အောက်တိုဘာ၂၈ ရက် ညနေပိုင်းတွင် ၁၁၆၀ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ အောက်တိုဘာ ၃၀ ရက်တွင် ၁၁၄၆ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**



## Currency Exchange Rate

October 30, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.40 |
| BDT | Bangladesh Taka | 77.71 |
| CAD | Canada Dollars | 1.40 |
| CNY | China Yuan Renminbi | 6.33 |
| EUR | Euro | 0.91 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 65.16 |
| IDR | Indonesia Rupiahs | 13651.71 |
| JPY | Japan Yen | 120.75 |
| MYR | Malaysia | 4.30 |
| PKR | Pakistan Rupees | 105.30 |
| PHP | Philippines Pesos | 46.83 |
| RUB | Russia Rubles | 64.38 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1139.11 |
| LKR | Sri Lanka Rupe | 140.65 |
| THB | Thailand Baht | 35.58 |
| GBP | United Kingdom Pounds | 0.65 |
| VND | VietnamDon | 22316.45 |

Source : xe.com

## World Gold Price

October, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 26 | 1163 | 1163 | 1163 |
| 27 | 1163 | 1162 | 1163 |
| 28 | 1157 | 1157 | 1158 |
| 29 | 1156 | 1157 | 1157 |
| 30 | 1144 | 1145 | 1145 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 26-10- 2015 | 795.00 | 795.00 |
| 27-10- 2015 | 795.00 | 794.80 |
| 28-10- 2015 | - | - |
| 29-10- 2015 | 794.00 | 793.50 |
| 30-10- 2015 | 790.00 | 788.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 26 | 6 .35 | 35.52 | 78.24 | 64.97 |
| 27 | 6. 35 | 35.48 | 77.81 | 64.94 |
| 28 | 6 36 | 35.41 | 77.82 | 64.92 |
| 29 | 6 .36 | 35.58 | 77.78 | 65.12 |
| 30 | 6.33 | 35.58 | 77.71 | 65.16 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 26- October | 15.82 | 1759.07 | 1489.82 | 5319.33 | 997.00 |
| 27- October | 15.87 | 1758.85 | 1485.12 | 5373.31 | 994.00 |
| 28- October | 15.92 | 1732.86 | 1456.90 | 5280.58 | 996.00 |
| 29- October | 15.92 | 1721.66 | 1457.79 | 5259.74 | 995.00 |
| 30- October | 15.58 | 1744.51 | 1460.26 | 5243.39 | 995.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီတစ်ပတ်ထိုင်းနိုင်ငံမှသာ ဘိလပ်မြေ အဝင်ရှိခဲ့

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း ဘိလပ်မြေ ၃၃၈၆၄ ဒသမ ၄၃ တန်ကို ပင်လယ် ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တန်ဖိုးကတော့ ကန်ဒေါ်လာ ၂၇၈၇၁၁၆ ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှသာ အဝင်ရှိခဲ့တယ်လို့ သိရပါတယ်။ ဝင်လာတဲ့အမျိုးအစားနဲ့ တန်ချိန်များမှာ ဆင်တံဆိပ် ၇၂၀၀ တန်၊ မောင်းတိန်း ၄၅၆၇ တန်၊ စိန် ၅၅၅၀ တန်နဲ့ အခြားတံဆိပ်များက ၁၆၅၄၇ ဒသမ ၄၃ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၇၀၅၂ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။



### ဘိလပ်မြေဈေးကွက် အရောင်းသွက်

အောက်တိုဘာ ၁၈ ရက် ၂၄ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၃၃၈၆၄ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ ၄၀၉၁၆ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ ၇၀၅၀ တန်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၄၇၉၄ တန်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ ၂၂၀၇၆ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်သွက်ပေမယ့် ဈေးက အပြောင်းအလဲသိပ်မရှိပါဘူး။ အတက်အကျဈေးက ၁၀၀ကျပ်နဲ့၂၀၀ ကျပ်ဝန်းကျင်မှာပဲရှိတယ်လို့ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ်မှာတော့ ဘိလပ်မြေဈေးက ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၇၁၀၀ ကျပ် ၊စိန်(ထိုင်း)၇၀၀၀ ကျပ်၊အေသုံးလုံး ၅၄၀၀ ကျပ်၊ မြန်မာဆင် ၄၇၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၄၆၀၀ ကျပ်၊ ကျားခေါင်း ၄၆၀၀ ကျပ်၊မြင်းခေါင်း ၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေကဒီတစ်ပတ် အရောင်းသွက်လာတယ်လို့ သိရပါတယ်။ ပွင့်လင်းရာသီရောက်လာတာကြောင့် ရောင်းအားက ကောင်းတယ်။ ဒီတစ်ပတ်မှာ ဆင်(ထိုင်း) က ၁၀၀ကျပ်ဈေးမြင့်လာပြီး ကျန်ဘိလပ်မြေက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၇၅၀ ကျပ်၊ စိန်(ထိုင်း) ၅၁၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေကအရောင်းအဝယ် ပုံမှန်ရှိပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၆၇၅၀ ကျပ်၊ အပါချီ ၅၇၀၀ ကျပ်၊ မက်စ်မြန်မာ ၄၇၀၀ ကျပ်နဲ့ ဆင်(မြန်မာ) ၅၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက်တန်ချိန် သုံးထောင်ကျော်အဝင်ပို

အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၉၅၄၁၄၅ တန်ဖိုးရှိ မြေဩဇာ ၆၀၈၄ ဒသမ ၁၀၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ မြေဩဇာ တန်ချိန် ၁၂၀၊ တရုတ်နိုင်ငံမှ ၅၂၈၀ ဒသမ ၅၀ တန်၊ မလေးရှားမှ ၁၃ ဒသမ ၂၅၅ တန်နဲ့ ဗီယက်နမ်မှ ၇၀ဒသမ ၃၄၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့ အမျိုးအစားမှားမှာ ကွန်ပေါင်း၊ ယူရီးယား၊ နိုက်တြိုဂျင်ဖြစ်ပြီး Golden Buffalo Head၊ Foliar၊Mahkota နဲ့ Monopotassium စတဲ့ တံဆိပ်များ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၂၉၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန်၃၁၂၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် ဈေးငြိမ်

အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၆၀၈၄တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၉၆၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၁၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၂၉၉၈ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ၁၇၃၈၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် မှာ ၄၃၈၀ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှပါအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး ၊တောင်ကြီးနဲ့ မော်လမြိုင်ဈေးကွက်မှာ ဈေးငြိမ်ပြီး မကွေးမှာဈေးအနည်းကျကာ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မြေဩဇာက အရောင်းသွက်တယ်လို့ သိရပါတယ်။ ဆောင်းသီးနှံအတွက် နယ်ဘက်ကလည်း အဆွဲများပြီး၊ ရောင်းအားကောင်းပေမယ့် မြေဩဇာဈေးများက ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည်(ထိုင်း) ၃၈၀၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ပတ်လည်(ထိုင်း) ၃၀၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၃၅၀၀ ကျပ်၊တီစူပါ ၁၆% (မြှားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးပြီး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြှားကမ္ဘာ-တရုတ် (၁၂း၁၃)(အပြာ) ၁၆၂၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၂၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၇၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၃၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၇၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်- တရုတ်) ၂၁၈၀၀ ကျပ်၊ ယူရီးယား ၃၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၂၀၀ ကျပ်၊ တီစူပါ ၂၂၀၀၀ ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်း ဆိုင်မှ စုံစမ်း သိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာကအရောင်းအေးတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်မှာ မြေဩဇာဈေးကျပြီး ဒီတစ်ပတ်မှာ တော့ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၂၀၇၀၀ ကျပ်၊ တီစူပါ(GTSP ၄၆%-တရုတ်) ၁၉၉၀၀ကျပ်၊ တီစူပါ(GSSP ၁၆%-တရုတ်)၁၁၄၀၀ ကျပ်၊ တီစူပါ(GSSP ၁၂%-တရုတ်) ၁၀၈၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက စိုက်ပျိုးရာသီချိန်လည်း မဟုတ်တာကြောင့် အရောင်းအဝယ်က အေးတယ်။ ဒါပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၂၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၂၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၃၅၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၇၀၀၀ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၆၈၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၅၀၀ ကျပ်၊ မြှားကမ္ဘာ ၁၇၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန် နှစ်ရာကျော်နဲ့ နို့မှုန့်တန်ချိန် ၅၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၁၈၀၀၀ တန်ဖိုးရှိ နို့ဆီ ၂၄၈ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်နို့မှုန့်အဝင်မှာ တန်ချိန်၄၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က နယူးဇီလန်နိုင်ငံမှ ၅၀ ဒသမ ၇၇၅ တန် တင်သွင်းခဲ့ပါတယ်။ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ၁၄၁၇၆၅ ရှိပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ ၂၃ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၇ တန်ကျော် အဝင်ပို ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၇/၁၀ မှ ၂၃/၁၀ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၀/၁၀ မှ ၁၆/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၂၈.၅၀ | ၄၉၇.၅၀ | (+) | ၂၃၁.၀၀ |
| ၂။ | လွယ်ဂျယ် | ၅၅၀.၀၀ | ၅၅၀.၀၀ | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၄၈၅.၀၀ | ၂၀၅၄.၀၀ | (+) | ၄၃၁.၀၀ |
| ၅။ | တာချီလိတ် | ၁၂၀၀.၀၀ | ၂၅၀၀.၀၀ | (-) | ၁၃၀၀.၀၀ |
| ၆။ | မြဝတီ | ၁၀၈၁.၂၀ | ၅၅၅.၆၀ | (+) | ၅၂၅.၆၀ |
| ၇။ | ကော့သောင်း | ၈၆၀၀.၀၀ | ၁၅၁၅၉.၀၀ | (-) | ၆၅၅၉.၀၀ |
| ၈။ | မြိတ် | ၁၅၀.၀၀ | ၇၆၀.၀၀ | (-) | ၆၁၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၄၇၉၄.၇၀ | ၂၂၀၇၆.၁၀ | (-) | ၇၂၈၁.၄၀ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၇/၁၀ မှ ၂၃/၁၀ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၀/၁၀ မှ ၁၆/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၄၃၅.၁၀၀ | ၁၂၆၀၅.၈၀၀ | (-) | ၃၁၇၀.၇၀၀ |
| ၂။ | လွယ်ဂျယ် | ၈၅.၀၀၀ | ၄၃.၀၀၀ | (+) | ၄၂.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၁.၇၅၀ | ၇၁၁.၇၅၀ | (-) | ၆၆၀.၀၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၃၁၄၁.၆၀၀ | ၃၀၈၃.၂၇၃ | (+) | ၅၈.၃၂၇ |
| ၆။ | ကော့သောင်း | - | ၃၄၁.၅၀၀ | (-) | ၃၄၁.၅၀၀ |
| ၇။ | မြိတ် | ၁၈၅.၀၀၀ | - | (+) | ၁၈၅.၀၀၀ |
| ၈။ | ရိဒ် | | ၅၀၀.၀၀၀ | (-) | ၅၀၀.၀၀၀ |
| | စုစုပေါင်း | ၁၂၉၉၈.၄၅၀ | ၁၇၃၈၅.၃၂၃ | (-) | ၄၃၈၆.၈၇၃ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### မူဆယ်မှ နှမ်းရောင်စုံတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၁၇ ရက်မှ ၂၃ ရက်တာသီတင်းပတ်အတွင်း နှမ်းဖြူ တန် ၂၀၊ နှမ်းညို ၁၈ တန်နဲ့ နှမ်းဖြူ(အခွံချွတ်)တန် ၄၀ ကို ကန်ဒေါ်လာ သုည ဒသမ ၁၁၅ သန်းဖိုးတင်ပို့ခဲ့သလို ချင်းရွှေဟော်မှ ကန်ဒေါ်လာ ၁ ဒသမ ၈၀၂ သန်း တန်ဖိုးရှိ နှမ်းနက် ၁၅၀၂ တန်တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ နှမ်းဖြူ(အခွံချွတ်)တန် ၄၀ နဲ့ ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၄၃၆ တန် တင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးက ကန်ဒေါ်လာ ၁၉၄၉၆ တန်ဖိုးရှိ နှမ်းဖြူ ၁၅ တန် တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၁၇၉၃၈၈၈ ကျပ်၊ နှမ်းနက်တစ်တန် ၂၁၉၄၆၈၉ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာတော့ နှမ်းဖြူဈေးက ၁၇၈၆၇၂၇ ကျပ်နဲ့ နှမ်းနက်ဈေး ၂၁၈၅၉၂၈ ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းသွားခဲ့ပါတယ်။ ပခုက္ကူသီးနှံဈေးကွက်အတွင်းသို့ နှမ်းသစ်တွေဝင်ရောက်မှုများပြားသော်လည်း တရုတ်ဝယ်လက်မှ ဝယ်ယူမှုနည်းပါးလို့ နှမ်းဈေးများကျဆင်းနေပြီး အခြားပဲမျိုးစုံမှာလည်း ပုံမှန်လောက် အရောင်းအဝယ် ရှိကြောင်းသိရပါတယ်။

မော်မော်အောင်

### မြေပဲဈေးနှုန်း မြင့်တက်မယ်လို့ အိန္ဒိယလယ်ယာစိုက်ပျိုးရေးတက္ကသိုလ် ခန့်မှန်း



၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း အိန္ဒိယမှာ မြေပဲဈေးနှုန်းတွေ မြင့်တက်လိမ့်မယ်လို့ အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်မှ ဂူနာဂတ်လယ်ယာစိုက်ပျိုးရေးတက္ကသိုလ် (JAU) ရဲ့ ဈေးနှုန်းခန့်မှန်းချက်အစီရင်ခံစာမှာ ဖော်ပြချက်ကို ကိုးကားပြီး ဘိဇနက်စတန်းဒတ်သတင်းမှာ ဖော်ပြပါတယ်။

ဈေးနှုန်းမြင့်တက်ရတဲ့ အဓိကအကြောင်းရင်းက အရည်အသွေးမီ သီးနှံတွေ မရနိုင်တာနဲ့ ပြည်တွင်းပြည်ပ ဝယ်လိုအားတွေ တစ်ပြိုင်တည်း မြင့်တက်လာတဲ့အတွက် ဖြစ်ပါတယ်။

သီးနှံတွေ ဈေးကောင်းရဖို့အတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအထိ မြေပဲတွေကို ထိန်းထားဖို့လိုကြောင်း JAU တက္ကသိုလ် က လယ်သမားတွေကို အကြံပြုထားပါ တယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း မြေပဲတောင့်အသေး ကီလို ၂၀ ကို ရူပီး ၈၂၀ မှ ၉၀၀ အထိလည်းကောင်း၊ မြေပဲအတောင့်ကြီး ကီလို၂၀ ကို ရူပီး ၈၆၀ မှ ၉၄၀ အထိ ရောက်မယ်လို့ အစီရင်ခံစာမှာ ခန့်မှန်းထားပါတယ်။

လောလောဆယ် ရောင်းဝယ်နေတဲ့ဈေးက ကီလို၂၀ ကို ရူပီး ၈၀၀ မှ ၈၆၀ အထိရှိပါတယ်။

UNT

## စားအုန်းဆီ

### ရင်းဂစ်တန်ဖိုးကျဆင်းမှုနဲ့ ဟင်းရွက်ဆီဈေး မြင့်တက်မှုတို့ကြောင့် မလေးရှားစားအုန်းဆီဈေးမြင့်တက်

မလေးရှားရင်းဂစ်တန်ဖိုးကျဆင်းမှုနဲ့ တခြားဟင်းရွက်ဆီဈေးနှုန်းများ မြင့်တက်မှုကြောင့် မလေးရှား စားအုန်းဆီဈေးက အောက်တိုဘာ ၃၀ ရက်နေ့က တတိယမြောက်နေ့အဖြစ် ဆက်တိုက်မြင့်တက်ခဲ့ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange)မှာ အောက်တိုဘာ ၂၉ ရက် ဈေးပိတ်ချိန်မှာ ဇန်နဝါရီလအတွက် စာချုပ်ရောင်းချတဲ့ အခြေခံဈေးနှုန်းက တစ်တန်ကို ၂၃၆၉ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၅၁ ဒသမ ၇၆ နှုန်းရှိခဲ့ရာ ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ဈေးကွက်ရဲ့ အခြေခံအနေအထားတွေက အမျိုးမျိုးကွဲပြားနေတဲ့အတွက် ဈေးဆက်လက်မြင့်တက်မယ့် အခြေအနေကို အဟန့်အတားဖြစ်စေနိုင်ပါတယ်။

"ရင်းဂစ်တန်ဖိုးက တစ်ဒေါ်လာကို ၄ ဒသမ ၃၀ ရင်းဂစ်နှုန်းထိကျဆင်းပြီး အမေရိကန်ပဲပုပ်ဆီဈေးနဲ့ တရုတ်နိုင်ငံ ဒါလီယံ စားအုန်းဆီဈေးကလည်း မြင့်တက်လာတဲ့အတွက် ဒီနေ့ ဈေးကွက်မှာ စားအုန်းဆီဈေး မြင့်တက်ခဲ့ပါတယ်" လို့ ကွာလာလမ်ပူရှိ ကုန်သည်တစ်ဦးက ပြောပါတယ်။ ဈေးကွက်ရောင်းလိုအားနဲ့ဝယ်လိုအား နှစ်ဖက်စလုံးမှာ တက်မယ့်အလားအလာရော၊ ကျဆင်းမယ့်အလားအလာတွေရှိနေတဲ့အတွက် ဈေးနှုန်းအတက်အကျ ကွာခြားမှု နည်းပါးစေခဲ့ပါတယ်။

ယနေ့ရောင်းချခဲ့ရတဲ့ စားအုန်းဆီပမာဏက ၂၅ တန်ရှိအတွဲ ၄၉၁၄၇ တွဲရှိတဲ့အတွက် နေ့စဉ် ပျမ်းမျှရောင်းချရတဲ့ ပျမ်းမျှအတွဲ ၃၅၀၀၀ အထက်မှာ ရှိနေပါတယ်။

ရင်းဂစ်တန်ဖိုးကျဆင်းမှုက တခြားနိုင်ငံသုံးငွေကြေးကိုလက်ဝယ်ထားရှိတဲ့ ပင်လယ်ရပ်ခြားဝယ်သူတွေအတွက် စားအုန်းဆီ ဈေးသက်သာစေခဲ့တဲ့အတွက် စားအုန်းဆီဈေးနှုန်းများကို အထောက်အကူဖြစ်စေခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးက အောက် တိုဘာ ၂၉ ရက်နေ့မှာ သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၄ ဒသမ ၃၀၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

စားအုန်းဆီ ထိပ်တန်းစားသုံးသူတွေဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့သို့ ပို့ကုန်တင်ပို့မှု ကျဆင်းမယ်လို့ ခန့်မှန်းထားတဲ့အတွက် စားအုန်းဆီဝယ်လိုအားလည်း ကျဆင်းမယ်လို့ ကုန်သည်တွေက ခန့်မှန်းထားကြပါတယ်။ ဒါပေမယ့် အာရှဒေသရဲ့ မိုးလေဝသကို ထိခိုက်စေတဲ့ အယ်လ်နီညိုရာသီဥတု သွင်ပြင်လက္ခဏာတွေကြောင့် စားအုန်းဆီအထွက်နှုန်းကို ကျဆင်းစေပြီး စားအုန်းဆီဈေးနှုန်းကို မြှင့်တင်ပေးနိုင်ပါတယ်။

စားအုန်းဆီဈေးက တစ်တန်ကို အမြင့်ဆုံး ၂၃၇၃ ရင်းဂစ်နှုန်းမှ အနိမ့်ဆုံး တစ်တန်ကို ၂၃၁၉ ရင်းဂစ်နှုန်းအထိ ရောက်ရှိမယ်လို့ ရိုက်တာသတင်းဌာနမှ ကုန်စည်နဲ့ စွမ်းအင်ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။

တခြားဟင်းရွက်ဆီ ဈေးကွက်တွေကိုကြည့်ရင် အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီရဲ့ ဒီဇင်ဘာစာချုပ်ဈေးက သုည ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံဒါလီယံဈေးကွက် (Dalian Commodity Exchange ) မှာ ပဲပုပ်ဆီဈေးက သုည ဒသမ ၁၄ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့ပါတယ်။ UNT

### ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၁၀-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၅၀ | ၁၆၅၀ | □ |
| ရန်ကုန် | ၅၇၀၀ | ၅၇၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၉၅ | ၁၃၈၅ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၁၀ | ၁၄၉၀ | ▽ |
| ပဲခူး | ၃၃၀၀ | ၃၀၀၀ | ▽ | ၅၁၀၀ | ၄၉၀၀ | ▽ | ၁၅၀၀ | ၁၄၈၀ | ▽ |
| မကွေး | ၅၃၀၀ | ၄၈၀၀ | ▽ | ၄၀၀၀ | ၄၀၀၀ | □ | ၁၄၅၀ | ၁၅၀၀ | △ |
| မုံရွာ | ၄၇၀၀ | ၄၄၀၀ | ▽ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၅၀ | ၁၅၃၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

Source: mirt



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၀-၁၀-၂၀၁၅ US$/Ton

| အမျိုးအစား | အောက်တိုဘာလတတိယပတ် | အောက်တိုဘာလစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၆၈.၀၀ | ၅၅၂.၅၀ | ▽ |
| RBD P.Olein | ၅၇၆.၀၀ | ၅၇၃.၀၀ | ▽ |
| RBD P.Strarin | ၄၅၇.၀၀ | ၄၆၄.၅၀ | △ |

Source: econ.mpob

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၀- ၁၀ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၆၈.၆၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၈၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၃၄ |
| စားအုန်းဆီအလျှော့ | 0.5% x လက်ကားဈေး | ၆.၉၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၂.၉၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၄.၇၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၂၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၀၉.၅၈ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၃၀-၁၀-၂၀၁၅နေ့(CIF ဈေး Cloud Point 8 ˚C Max ၆၀၈ ဒေါ်လာ၊ FOB ၅၈၃ ဒေါ်လာနှင့် USD ဈေး ၁၂၇၇ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၃၀-၁၀-၂၀၁၅ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၇၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူနိုင်ငံ၌ မြန်မာအိမ်ခြံမြေအရောင်းပြပွဲကျင်းပ

မြန်မာနိုင်ငံရှိအိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းတစ်ခုဖြစ်သော iMyanmarHouse.com ၏စီစဉ်မှုဖြင့် Myanmar's Biggest Property Expo အိမ်ခြံမြေအရောင်းပြပွဲကို စင်ကာပူနိုင်ငံ Grand Park City Hall Hotel ၌၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်မှ ၂၅ ရက် နေ့အထိ ကျင်းပခဲ့ပါသည်။

အဆိုပါအိမ်ခြံမြေအရောင်းပြပွဲ၌ မြန်မာနိုင်ငံရှိရိုးမ၊ စွယ်တော်စီးတီး၊ Global Green၊ Golden City၊ KHG စသည့်ကုမ္ပဏီများအပါအဝင် အိမ်ရာတည်ဆောက်ရေးလုပ်ငန်း ၁၀ ခုမှ ရန်ကုန်မြို့နှင့် အနီးပတ်ဝန်းကျင်၌ တည်ဆောက်မည့် စုပေါင်းကွန်ဒိုအိမ်ရာများ၊ တိုက်ခန်းများ၊ လုံးချင်းနေအိမ်များအား အရစ်ကျငွေချေသည့် ကြိုပွဲငွေစနစ်ဖြင့် ရောင်းချရာစင်ကာပူနိုင်ငံရောက်မြန်မာနိုင်ငံသားအများအပြား လာရောက်ကြည့်ရှုဝယ်ယူခဲ့ကြပါသည်။ ကွန်ဒိုအိမ်ခန်းများအား တစ်နှစ်၊ သုံးနှစ်၊ ခြောက်နှစ်၊ ၁၀ နှစ် စသည်ဖြင့် ငွေပေးချေရမည့်ကာလများ သတ်မှတ်၍ ရောင်းချရာတွင် အိမ်ခန်း တည်နေရာ၊ အထပ်အမြင့်နှင့် အကျယ်အဝန်းပေါ် မူတည်၍ အိမ်ခန်းတစ်ခန်း၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာကိုးသောင်းခန့်မှ လေးသိန်းခွဲခန့်အထိရှိ ကြောင်းသိရှိရပါသည်။ ဥပမာအားဖြင့် ကမာရွတ်မြို့နယ်အတွင်း ၅၆၀ စတုရန်းပေရှိသည့် အိပ်ခန်းတစ်ခန်းပါကွန်ဒိုအိမ်ခန်းအား သုံးနှစ် အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူပါကအမေရိကန်ဒေါ်လာ ၈၈၅၀၀ ခန့်ကျသင့်ပြီး ငါးနှစ်ငွေချေစနစ်ဖြစ်လျှင် ဒေါ်လာ ၉၆၀၀၀ ခန့် ကျသင့်မည်ဖြစ်ပါသည်။ အလားတူ ၃၂၅၂ စတုရန်းပေရှိသော အိပ်ခန်းငါးခန်းပါ ကွန်ဒိုအိမ်ခန်းမှာ သုံးနှစ်ငွေချေစနစ်တွင် အမေရိကန် ဒေါ်လာ၄၀၆၅၀၀ နှင့် ငါးနှစ်ငွေချေစနစ်၌ အမေရိကန်ဒေါ်လာ ၄၄၂၀၀၀ ကျော် အထိဈေးနှုန်းများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

စင်ကာပူနိုင်ငံ၌ နှစ်ရက်တာကျင်းပသည့် မြန်မာအိမ်ခြံမြေ အရောင်းပြပွဲသို့ လာရောက်ရန် အင်တာနက်အွန်လိုင်းမှ စာရင်းပေးသွင်းထားသူ ၃၀၀၀ ဦးခန့်ရှိပြီး ပြည်ပ နိုင်ငံသားများကလည်း လာရောက်လေ့လာခဲ့ကြပါသည်။ ရန်ကုန်မြို့ရှိကွန်ဒိုအိမ်ခန်းများကိုဝယ်ယူရန် နိုင်ငံခြား သားများ၏ စိတ်ပါဝင်စားမှုမြင့်တက်လျက်ရှိသော်လည်း လက်ရှိကာလတွင် ကွန်ဒိုအိမ်ရာဥပဒေမှာ မူကြမ်းအဆင့် ၌သာရှိသေးသဖြင့်ခြောက်ထပ်နှင့် အထက်တွင်ရှိသောအိမ်ခန်းယူနစ်များ အားငင်းတို့ထံသို့ရောင်းချပေးနိုင်ရန် စီစဉ်ထားရှိကြောင်းဖြင့် ပြပွဲတွင် ခင်းကျင်းပြသသည့် ကုမ္ပဏီတစ်ခုမှ ပြောဆိုပါသည်။ ကုမ္ပဏီအများစုမှ ကြိုပွဲငွေစနစ်ဖြင့် ရောင်းချသည့် စုပေါင်း အိမ်ရာများမှာ ၂၀၁၈ ခုနှစ်ကုန်ပိုင်း တွင်ပြီးစီးရန် ခန့်မှန်းရပါသည်။ ယခု ပြပွဲ၌ အိမ်ရာဆောက်လုပ်ရေး ကုမ္ပဏီ များအနေဖြင့် ကွန်ဒိုအိမ်ခန်းများအပြင် တည်ဆောက်ပြီးနှင့်တည်ဆောက်ဆဲ လူနေတိုက်ခန်းများအား လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ အရစ်ကျငွေချေစနစ်ဖြင့် လည်းကောင်း ပြသရောင်းချခဲ့ကြောင်းသိရှိရပါသည်။

**နေအေးလွင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

## Sony ကုမ္ပဏီက ဘယ်လ်ဂျီယံ နည်းပညာ ကုမ္ပဏီအား ရယူ

ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့ အခြေစိုက်သရီးဒီ ရုပ်ပုံနည်းပညာဆိုင်ရာ ကုမ္ပဏီတစ်ခု ဖြစ်သော SoftKinetic အား ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သည့် Sony က ရယူလိုက်ပြီ ဖြစ်ပါသည်။ ထိုသို့ ရယူ လိုက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ Sony Playstation ထုတ်ကုန်များနှင့် ယာဉ်များအတွက် 3D self-drive feature များတွင် SoftKinetic ၏ နည်းပညာအား ပေါင်းစပ်လို၍ဖြစ်ကြောင်း ဖလန်းဒါး ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအေဂျင်စီက ထုတ်ပြန်ခဲ့သည့် သတင်းတစ်ရပ်အရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## ၅၄ လအတွင်း ကိုရီးယားသမ္မတနိုင်ငံ၏ ပြည်တွင်း ဝယ်လိုအား အနိမ့်ဆုံးသို့ လျော့ကျခဲ့

ပြည်တွင်းဝယ်လိုအား၏ အဓိက ဖော်ပြချက်တစ်ခုဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံ၏ GNI သည် ဧပြီလမှ ဇွန်လ အတွင်း သုည ဒသမ ၁ရာခိုင်နှုန်း လျော့ ကျခဲ့ရာ သုံးလပတ်အလိုက် တိုင်းတာ ချက်များအရ လေးနှစ်ခွဲအတွင်း ပထမဆုံး အကြိမ်လျော့ကျခဲ့ခြင်းဖြစ် သည်ဟု ကိုရီးယားဗဟိုဘဏ်က ပြောဆိုခဲ့သည်။ ကိုရီးယား လူမျိုးများစွာ ရင်းနှီး မြှုပ်နှံထားပြီး နိုင်ငံဖြန့်ကြက် အခြေစိုက်ထားသော ကုမ္ပဏီကြီးများ၏ စီးပွားရေး မကောင်းပါက အမြတ်ဝေစုနည်းပါးစွာရရှိသည့်အပြင် ကိုရီးယား ဝန်ထမ်းများအတွက် လစာငွေလည်း နည်းပါးသွားမည်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးအခြေအနေ ယိုင်နဲ့ပါက ပြည်ပနိုင်ငံများရှိ ကိုရီးယားရင်းနှီးမြှုပ်နှံ မှုများလည်း လျော့ကျသွားမည်ဖြစ်သည်။

၂၀၁၀ ခုနှစ် စတုတ္ထသုံးလပတ် GNI သည် ယခင်သုံးလပတ်နှင့်နှိုင်းယှဉ်ပါက၁ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျခဲ့ သည်။ ယခုနှစ် ဒုတိယသုံးလပတ်တွင် GDP သည် သုည ဒသမ ၃ ရာခိုင်နှုန်းတက်ခဲ့၍ စီးပွားရေးဖွံ့ဖြိုးမှုလည်း ၁ရာခိုင်နှုန်းတက်ခဲ့ကြောင်း ဗဟိုဘဏ် က ပြောဆို သည်။ ကိုရီးယားဗဟိုဘဏ်သည် အတိုး နှုန်းကို လွန်ခဲ့သည့်နှစ် ဩဂုတ်လမှ စတင် ၍ လေးကြိမ်တိုင်လျှော့ချခဲ့သော်လည်း ပြည်တွင်းဝယ်လိုအားတိုး မလာသည့်အတွက် အစိုးရက စီးပွားရေး ဖွံ့ဖြိုးမှုရန်ပုံငွေများ နိုင်ငံစီးပွားရေး ဈေးကွက်အတွင်းသို့ပိုမိုရောက်ရှိလာအောင် ဆောင်ရွက်လျက်ရှိကြောင်း ကျွမ်းကျင်သူများက ထောက်ပြပြောဆိုခဲ့သည်။ ဇူလိုင်လက ကိုရီးယားသမ္မတ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ဧပြီလ က ခန့် မှန်းထားသည့် ၃ဒသမ ၁ ရာခိုင် နှုန်း မှ ၂ ဒသမ ၈ရာခိုင်နှုန်းသို့လျှော့ချ ခန့်မှန်းခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီးဌာနက ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၃ ဒသမ ၁ ရာခိုင်နှုန်းသာရှိမည်ဟု ခန့်မှန်းထားခဲ့သည်။ ကိုရီးယား ဗဟိုဘဏ် အတိုးနှုန်းသည် လတ်တလောတွင် တစ်ရာခိုင်နှုန်းတွင် ရပ်တည်နေသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## Volkswagen က ကိုရီးယား ဖောက်သည်များကို တောင်းပန်ခြင်း

ကိုရီးယား Volkswagen က ကိုရီးယား ဖောက်သည်များကို ၄င်းကုမ္ပဏီထုတ်ကားများမှ မီးခိုးငွေ့ထုတ်လွှတ်မှုနှင့်ပတ်သက်၍ ဖြစ်ပေါ်ခဲ့သည့် ပြဿနာအတွက် တောင်းပန်ခဲ့ပါသည်။ အမေရိကန်တွင် စက်တင်ဘာလ ၂၉ ရက်နေ့၌ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးအဖွဲ့အစည်းမှ မော်တော်ကားဆိုင် ရာစွပ်စွဲတိုင်ကြားနိုင်ခွင့် ထုတ်ပြန်ခဲ့ပြီးနောက် Volkswagen အဖွဲ့၏ အမှုဆောင်အရာရှိချုပ်ဟောင်း ဖြစ်သူမာတင်ဝင်းတားကွမ်မှ ဖောက်သည်များအား တောင်းပန်ခဲ့ပါသည်။ သို့ရာတွင် ဆိုးလ်မြို့ရုံးမှအမှုဆောင်အရာရှိချုပ်ဖြစ်သူ သောမတ်ကွဲဂ်အမည်ဖြင့် ကိုရီးယား ဖောက်သည်များကို ဒေသတစ်ခုချင်းအနေဖြင့် တရားဝင်တောင်းပန်စာ ထုတ်ပြန်မည်မှာ ပထမအကြိမ်ဖြစ်သည်။ အောက်တိုဘာ ၂၁ ရက်နေ့တွင် Volkswagen ကိုရီးယားမှ ၎င်းတို့အနေဖြင့် EA 189 diesel engine ကားများဝယ်ယူထားသည့် ဖောက်သည် ၉၂၂၄၇ ဦးသို့ တောင်းပန်စာ ပေးပို့မည်ဖြစ်ပါကြောင်း၊ အဆိုပါ တောင်းပန်စာတွင် ကားများ ပြန်လည်ပြင်ဆင်ပေးမည့် ကတိဝန်ခံချက်ပါထပ်ဖြည့်ထားကြောင်း ပြောကြားခဲ့ပါသည်။ Volks-wagen ကားပိုင်ရှင်များသည် အဆိုပါ တောင်းပန်စာအား တစ်ပတ်ခန့်အတွင်း လက်ခံရရှိမည်ဖြစ်ပါကြောင်း ကုမ္ပဏီမှ ပြောကြား ခဲ့ပါသည်။။

Volkswagen ကိုရီးယား၏ ပြောရေးဆိုခွင့် ရှိသူက ကိုရီးယားဖောက်သည်များအား အထက်ပါ ပြဿနာနှင့် ပတ်သက်၍ တောင်းပန်ရခြင်း ဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် ကုမ္ပဏီမှ ဆန္ဒအလျောက် ပြန်လည်သိမ်းဆည်းပေးမည်ဆိုသည့်ကတိစကားအတိုင်းသာ ဆောင်ရွက်ပါကြောင်း၊ ပြည့်စုံသည့် ဖော်ပြချက်များအား ကုမ္ပဏီ website တွင် စတင် ဖော်ပြမည်ဖြစ်ပြီး တောင်းပန်စာများကိုလည်း ဖောက်သည်များထံ ပေးပို့မည်ဖြစ်ပါကြောင်း ပြောကြား ခဲ့ပါသည်။

ကုမ္ပဏီမှ ပြန်လည်သိမ်းဆည်းပေးမည့် အစီအစဉ်နှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ အတည်ပြုချက်လိုအပ်နေသည့်အတွက် တိကျသည့်အစီအစဉ်များအား ဆုံးဖြတ်နိုင်ခြင်း မရှိသေးပါကြောင်း၊ ဇန်နဝါရီလအတွင်းမှစ၍ ဂျာမနီရှိရုံးချုပ်၏ ကြေညာချက်အရ ကမ္ဘာတစ်ဝန်းလုံးရှိ အဆိုပါကားများအား ပြန်လည်သိမ်းဆည်းရမည်ဖြစ်သော်လည်း ဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးခြင်း တင်ပြချက်ကို နိုဝင်ဘာလအတွင်း ထုတ်ပြန်ပြီးမှသာ နောက်ဆုံး ဆုံးဖြတ်ချက်အား ချမှတ်နိုင်မည် ဖြစ်ပါကြောင်း ကုမ္ပဏီမှထပ်မံဖြည့်စွက် ပြောကြားခဲ့ ပါသည်။ အဆိုပါ Software အား ပယ်ဖျက်ခြင်းဖြင့် မီးခိုးငွေ့ထုတ် လွှတ်ခြင်းအား လျော့ကျအောင် ဆောင်ရွက်နိုင်သော်လည်း ဆီစားသက်သာခြင်းနှင့်အခြားထိရောက်သည့် လုပ် ဆောင်ချက်အပါအဝင် ကား၏လုပ်ဆောင်ချက်တစ်ခုလုံးအား လျော့ကျသွားစေနိုင်သောကြောင့်ဖြစ်ပါသည်။

ဝေဖန်သူများအနေဖြင့် အဆိုပါ ပြဿနာဖြစ်ပွားပြီး သုံးပတ်ကြာပြီးမှ တောင်းပန်ချက်အား ထုတ်ပြန်မည် ဆိုပါက အလွန်ပင်နောက်ကျ နေပြီဖြစ်ကြောင်း ဝေဖန်ပြောဆိုကြပါသည်။ ကိုရီးယားတွင် ကားများအား ရောင်းချပြီးဝန်ကြီးဌာနမှအဆိုပါပြဿနာအား ကြေညာခဲ့ခြင်းမှာ တစ်ပတ်သာရှိသေးသည့်အတွက် ဝေဖန်ပြောဆိုချက်များအား ကုမ္ပဏီမှ လက်မခံခဲ့ပေ။

Volkswagen နှင့်အတူ Audi ကိုရီးယား မှလည်း ပထမဆုံးအကြိမ်အနေဖြင့် စမ်းသပ်နေသည့် ကာလအတွင်း လိမ်လည်မှုအဖြစ် သံသယရှိသည့် ကားများ အားပိုင်ဆိုင်သည့် ဖောက်သည် ၂၈၇၉၁ ဦးအား တောင်းပန်မည်ဖြစ်ပါသည်။ Volkswagen နှင့် မတူသည့်အချက်မှာ တစ်ဦးချင်းဆီသို့ တောင်းပန်စာများပေးပို့မည် (သို့) Online မှတောင်းပန်သွားမည်ဆိုသည့် အချက်အား ကုမ္ပဏီမှဆုံးဖြတ်ထားခြင်း မရှိသေးပါကြောင်း ပြောကြားခဲ့ပါသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဂျပန်ကားထုတ်လုပ်သူများက ထိုင်းနိုင်ငံအား TPP တွင် ပါဝင်စေလို

ဂျပန်ကားထုတ်လုပ်သူများအနေဖြင့် ထိုင်းနိုင်ငံအား Trans-Pacific Partnership (TPP)တွင် ပါဝင်ရန် တိုက်တွန်းလျက်ရှိပါသည်။ ပစိဖိတ်သမုဒ္ဒရာ ကမ်းရိုးတန်းဒေသနိုင်ငံ ၁၂ နိုင်ငံသည် TPP ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၌ လက်မှတ် ရေးထိုးခဲ့ကြပါသည်။TPP တွင် ပါဝင်ခြင်းဖြင့် ထိုင်းနိုင်ငံ၏ ကားလုပ်ငန်းသည် ရေရှည်တွင် အကျိုးအမြတ်များစွာရရှိနိုင်ကြောင်း ဂျပန်ကားထုတ်လုပ်သူများမှ ဆိုပါသည်။

အမေရိကန်၊ ကနေဒါနှင့် အခြားနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းသည်(ယာဉ်နှင့်အပိုပစ္စည်း များအပေါ် အခွန်ဖယ်ရှားပြီးပါက) ဂျပန်ကားလုပ်ငန်းကို မြင့်တက်စေမည်ဖြစ်ကြောင်း ဂျပန်ကားထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာယိုရှီဟီရိုယာနို က ပြောကြားခဲ့ပါသည်။

ဂျပန်သည်TPPစာချုပ် လက်မှတ်ရေးထိုးခဲ့သော နိုင်ငံ ၁၂ နိုင်ငံအနက် တစ်နိုင်ငံဖြစ်ပါသည်။ TPP အဖွဲ့ဝင်များ၏ ကုန်သွယ်မှုပမာဏသည် ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ရာခိုင်နှုန်းခန့်ရှိပါသည်။ ၎င်းတို့၏ စုစုပေါင်း GDP သည် အမေရိကန်ဒေါ်လာ ၂၈ ထရီလီယံဖြစ်ပါသည်။

TPP အဖွဲ့ဝင်ခြင်းဖြင့် ထိုင်းနိုင်ငံသည် အထူးသဖြင့် မော်တော်ကားကဏ္ဍအတွက် တိုက်ရိုက် အကျိုးကျေးဇူးခံစားနိုင်မည်ဖြစ်ကြောင်း ပင်ရင်းနိုင်ငံစည်းမျဉ်း ကိစ္စကိုကိုးကား၍ မစ္စတာယာနိုက ပြောကြားခဲ့ပါသည်။

ကားထုတ်လုပ်သူများသည် အမျိုးမျိုးသော ကားအစိတ်အပိုင်းများကို နိုင်ငံများစွာ၌ထုတ်လုပ်လျက်ရှိသည့် ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်အပေါ် တွင်များစွာ မှီခိုလျက်ရှိပါသည်။ ပင်ရင်းနိုင်ငံစည်းမျဉ်းသည် အခွန်ကင်းလွတ်ခွင့် ရရှိရန်အတွက် လွတ်လပ်စွာကုန်သွယ်မှု ဇရိယာအတွင်း ထုတ်ကုန်၏ ပမာဏမည်မျှ(ရာခိုင်နှုန်း) ထုတ်လုပ်ရမည်ကို ဆုံးဖြတ်ပေးပါသည်။

လောလောဆယ်တွင် ထိုင်းနိုင်ငံမှ တင်သွင်းသော ကားအစိတ်အပိုင်းများအတွက် အမေရိကန်မှ သတ်မှတ်ထားသော သွင်းကုန်ခွန်မှာ ၂ ဒသမ ၅ရာခိုင်နှုန်းဖြစ်ပြီး၊ ကုန်တင်ကားငယ်များ(Pickup trucks) အတွက် သွင်းကုန်ခွန်မှာ ၂၅ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရှိရပါသည်။

ဖွံ့ဖြိုးစနိုင်ငံများတွင် မော်တော်ယာဉ်ကဏ္ဍဖွံ့ဖြိုး တိုးတက်ရန် အလားအလာ ပိုမိုရှိပြီး၎င်းတို့သည် မော်တော်ယာဉ် ရောင်းချမှုအတွက် အနာဂတ်အလားအလာကို ကိုယ်စားပြုနိုင်ကြောင်း၊ ဂျပန်ကားထုတ်လုပ်သူများသည် အာဆီယံဈေးကွက်တွင် ယုံကြည်မှု ရှိနေဆဲဖြစ်ကြောင်း မစ္စတာယာနိုက ပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံ ကားလုပ်ငန်း၏ ထုတ်လုပ်မှုကွင်းဆက်တွင် ထိုင်းနိုင်ငံကဲ့သို့သော TPPအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများပါဝင်သောကြောင့် ဂျပန်အနေဖြင့် ပိုမိုရွေးချယ်ခွင့်ရှိသော ပင်ရင်းနိုင်ငံစည်းမျဉ်းကို နှစ်သက်ပါသည်။ ကနေဒါနှင့် မက္ကဆီကိုတို့သည် မြောက်အမေရိကလွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်အရ အမေရိကန်ဈေးကွက်သို့ တင်ပို့မှုအတွက် အထူးအခွင့်အရေး ရရှိနေသောကြောင့် ပိုမိုတင်းကျပ်သော ပင်ရင်းနိုင်ငံ စည်းမျဉ်းကို လိုလားကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

■

# ဘရပ်ဆဲလ်မြို့တွင် မြန်မာ - အီးယူ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးသဘောတူစာချုပ်ဆိုင်ရာ ဆွေးနွေးမှုများအား ပံ့ပိုးမည့် အစည်းအဝေးတစ်ရပ် ကျင်းပမည်

မြန်မာ - အီးယူ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးသဘောတူစာချုပ်ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများအား ပံ့ပိုးမည့်Trade Sustainability Impact Assessment (SIA) အား ၂၀၁၅ ခုနှစ်၊ စက်တင်ဘာမှ စတင်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ Trade Sustainability Impact Assessment (SIA) ဆိုင်ရာ အစည်းအဝေးကို ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်ကျင်းပမည်ဖြစ်ပါသည်။ အစည်းအဝေးကျင်းပရခြင်း၏ အဓိကရည်ရွယ် ချက်မှာ SIA Inception Report (မူကြမ်း) အား အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ဆွေးနွေးရန် ဖြစ်ပါသည်။ အစည်း အဝေး၌ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် SIA Inception Report (မူကြမ်း) တွင် အတိုင်ပင်ခံပုဂ္ဂိုလ်များက အဆိုပြုထားသည့် နည်းပညာဆိုင်ရာနည်းလမ်းအပေါ် ထင်မြင်သုံးသပ်မှု ပြုလုပ်နိုင်ပြီး ထပ်မံ စိစစ်သုံးသပ်သင့်သည့် အခြားသော ဆက်စပ်လျက်ရှိသည့် ကိစ္စရပ်များကို လည်း ဖော်ထုတ်ဆွေးနွေးနိုင်ကြောင်း ဥရောပကော်မရှင်၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရှိရပါသည်။ **ဖြူနှင်းဝတ်ရည် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ဘယ်လ်ဂျီယံနိုင်ငံတွင် စီးပွားရေးလုပ်ငန်း ဒေဝါလီခံရမှုနှုန်း ကျဆင်း

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ စီးပွားရေးလုပ်ငန်း စုစုပေါင်း ၉၅၀ ခု ဒေဝါလီခံခဲ့ပါသည်။ ထိုသို့စီးပွားရေးလုပ်ငန်းများ ဒေဝါလီခံမှုကြောင့် အချိန်ပြည့် ဝန်ထမ်း ၁၃၇၄ ဦး၊ အချိန်ပိုင်းဝန်ထမ်း ၇၁၆ ဦး၊ လခစားအလုပ်ရှင် ၃၀၆ ဦး အလုပ်အကိုင်များ ဆုံးရှုံးခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ ဧပြီလမှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအထိ ဘယ်လ်ဂျီယံနိုင်ငံ၌ စီးပွားရေးလုပ်ငန်းစုစုပေါင်း ၄၅၇၂ ခု ဒေဝါလီခံခဲ့ရပြီး လွန်ခဲ့သောနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက စီးပွားရေးလုပ်ငန်းဒေဝါလီခံခဲ့ရမှုနှုန်းသည် ၇ ဒသမ ၅ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ကိုရီးယားနိုင်ငံ၏ ပင်စင်ရန်ပုံငွေ အရည်အသွေးခိုင်မာမှုသည် ၂၅ နိုင်ငံအနက် အဆင့် ၂၄ သာရှိ

ပင်စင်ရန်ပုံငွေ၏ ခိုင်မာမှု အရည်အသွေးအရ ကိုရီးယားသမ္မတနိုင်ငံသည် နိုင်ငံ ၂၅ နိုင်ငံအနက် အဆင့် ၂၄တွင်သာရှိကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်က ဆိုသည်။ ၎င်းအောက်တွင် အိန္ဒိယနိုင်ငံသာ ရှိနေကြောင်း၊ Australian Center for Financial Studies က အောက်တိုဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်သည့် The 2015 Melbourne Mercer Global Pension Index တွင် ဖော်ပြခဲ့ပါသည်။ ယင်းညွှန်းကိန်းသည် ပင်စင်ရန်ပုံငွေတစ်ရပ်၏ ပင်စင်ကြေး၊ ရန်ပုံငွေ၏ အရှည်တည်တံ့နိုင်မှုနှင့် ပုဂ္ဂလိက ပင်စင်ရန်ပုံငွေများ လွတ်လပ်အားကောင်းစွာ ထူထောင်နိုင်မှုစနစ်စသည်တို့အပေါ် အခြေခံတွက်ချက်ထားပါသည်။

အဆိုပါ ညွှန်းကိန်းအရ ဒိန်းမတ်နှင့် နယ်သာလန်နိုင်ငံတို့၏ ပင်စင်ရန်ပုံငွေတို့သည် လေးနှစ်ဆက်တိုက် အဆင့်တစ်တွင် ရပ်တည်နေကြပြီး၊ ဒိန်းမတ်သည် ၈၁ ဒသမ ၇ မှတ်၊ နယ်သာလန်သည် ၈၀ ဒသမ ၅မှတ်နှင့် ဩစတြေးလျသည် ၇၉ ဒသမ ၆ မှတ် တို့ အသီးသီးရရှိကြသည်။ အငြိမ်းစားယူ ပြီးနောက် ပင်စင်ခံစားခွင့် ရှိကြသည့် ပျမ်းမျှသက်တမ်းသည် လွန်ခဲ့သည့် ခုနစ်နှစ်က ၁၆ ဒသမ ၆ နှစ်ရှိရာမှ ယခု အခါ ၁၈ ဒသမ ၄ နှစ်သို့ တိုးလာသည်ကို တွေ့ရသည်။ ပင်စင်စားများ၏ သက်တမ်းရှည်လာကြသဖြင့် ပင်စင်ခံစားခွင့်ရှိသည့် သက်တမ်းကို လျှော့ချရန်မဖြစ်နိုင်ချေ။ ကိုရီးယားသမ္မတနိုင်ငံတွင် ပင်စင်ခံစားခွင့်ရှိသည့် သက်တမ်းသည် အငြိမ်း စားယူပြီးနောက် ၂၂ ဒသမ ၈ နှစ်ဖြစ်ခဲ့ပြီး၊ ဂျပန်၏ ၂၃ ဒသမ ၆ နှစ်ပြီးလျှင် နိုင်ငံပေါင်း ၂၅ နိုင်ငံတွင် အရှည်ကြာဆုံးဖြစ်သည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

■

# ကိုရီးယားလုပ်ငန်းများ ရုရှားတွင် ပိုမိုရင်းနှီးမြှုပ်နှံသွားရန် လိုအပ်

ရုရှား နှင့်ကုန်သွယ်မှုတိုးတက်လာစေရန် ရုရှားသို့ကုန်ချောအဆင့် မရောက်သေးသည့် ကုန်ပစ္စည်းများ (Intermediate goods) တင်ပို့နေသည့် အလျောက် ကိုရီးယားကုမ္ပဏီများသည် ရုရှားတွင် ပိုမိုရင်းနှီးမြှုပ်နှံသွားရန် လိုအပ်ကြောင်း Korea International Trade Association (KITA)၏ "Does Korea-Russia trade ties need major overhaul ? after 25 years since signing diplomatic ties need major overhaul ? ဆိုသည့် အစီရင်ခံစာက ဆိုသည်။ အစီရင်ခံစာက နှစ်နိုင်ငံကုန် သွယ်မှုသည် တိုးတက်မှုမရှိသဖြင့် ကိုရီးယားကုမ္ပဏီများ ရုရှားတွင် ယခု ထက်ပိုမိုရင်းနှီးမြှုပ်နှံသွားကြရန် အကြံပြုထားသည်။

နှစ်နိုင်ငံသည် ၁၉၉၀ ခုနှစ်ကတည်းက သံတမန် ဆက်သွယ်ခဲ့ကြပြီး၊ ကုန်သွယ်မှု ပမာဏ နှစ်စဉ် တိုးတက်ခဲ့သည်။ ၁၉၉၂ ခုနှစ်က ရုရှားသို့ ကိုရီးယားကုန်ပစ္စည်း တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၂၀ သန်းရှိ၍ ယမန်နှစ်က ၈၆ ဆတက်၍ ၁၀ ဒသမ ၁၃ ဘီလီယံ ထိရရှိခဲ့သည်။ အလားတူ ကာလတွင်ပင် ရုရှားမှ ကိုရီးယားသို့ သွင်းကုန်သည် ၇၀ သန်းမှ ၂၀၉ ဆ တက်၍ ၁၅ ဒသမ ၇၀ ဘီလီယံ ထိရှိခဲ့ပါသည်။ ကိုရီးယား ပို့ကုန်များ၏ ၄၁ ဒသမ ၆ ရာခိုင်နှုန်းသည် Intermediate goods များဖြစ်ပြီး၊ ကိုရီးယား ကုမ္ပဏီများသာ ရုရှားပြည်တွင်းဈေးကွက်တွင် တိုက်ရိုက်ထုတ်လုပ်နိုင်ပါက အကျိုးအမြတ်ရှိမည်ဖြစ်ကြောင်း၊ KITA မှ အကြီးတန်း သုတေသီ Hong Jung-hwa က ပြောဆိုသည်။ ယမန်နှစ်ကရုရှားတွင် ကိုရီးယား ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ ၂ ဒသမ ၂၄ ဘီလီယံ သာရှိ၍ ကမ္ဘာတစ်ဝန်း ကိုရီးယားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှု၏ သုည ဒသမ ၄ရာခိုင်နှုန်း သာရှိသည်။ အလားတူပင် ရုရှားကုမ္ပဏီ များ ကိုရီးယားသမ္မတနိုင်ငံတွင်းရင်းနှီး မြှုပ်နှံမှုသည် ယခင်နှစ်စာရင်းအရ ဒေါ်လာ ၁၉၀ သန်းသာရှိနေခဲ့သည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အချို့----အချို့သော အသင်းအဖွဲ့များအတွက် အကြံပြုချက်

|မောင်မောင်အေး - လှိုင်ကော်|



ယနေ့မြန်မာလူငယ်များ ထူးထူးချွန်ချွန်တော်ကြတာကို တွေ့ရပါတယ်။ ပြောနိုင်ခွင့်ဆိုနိုင်ခွင့်ရေးသားနိုင်ခွင့်စတဲ့ အခွင့်အရေးတွေရတဲ့ ကာလကလည်းဖြစ်၊ ခေတ်ရေစီးကြောင်းအရလည်း ဒီဂျစ်တယ်ခေတ်၊ အိုင်တီခေတ် ခလုပ်နှိပ်လိုက်ရုံနဲ့ ဘာသိချင်သလဲ၊ ဘာလေ့လာချင်သလဲ၊ တစ်ထိုင်တည်းအကုန် အခွင့်အလမ်းတွေပွင့်လန်းနေပြီး သူတို့ရဲ့ အပေါ်က အုပ်ထားတာလည်းမရှိ၊ ဆိုင်းထားတာလည်းမရှိ၊ ဖုံးထားတာလည်းမရှိတဲ့ အနေအထားမှာ လိုချင်စိတ်သာရှိပါစေ ဘာမဆိုသိနိုင်စွမ်းတဲ့ ခေတ်ကြီးပဲမဟုတ်လား။

စာပေထဲမှာလည်း လူငယ်စာရေးဆရာတွေ၊ စာရေးရုံမျှမက ဟောနိုင်ပြောနိုင်စွမ်းတဲ့ လူငယ်ဆရာတွေ အများကြီးပဲ၊ အဲဒီအထဲကမှ ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ) ရဲ့ စာအုပ်ထဲက ဖတ်မိတာကလေးတစ်ခုပြန်ပြီး ဖောက်သည်ချစမ်းပါရစေ၊

ဘာတဲ့

Everyone cannot be perfect,

So, We cannot make perfect men,

But, We can create perfect teams and society.

လောကမှာ ပြီးပြည့်စုံသူ တစ်ဦးတစ်ယောက်မျှမရှိ ပြုလုပ်လို့လည်းမရနိုင်။ သို့သော် ပြီးပြည့်စုံတဲ့ အသင်းအဖွဲ့အစည်းကိုတော့ ဖန်တီးနိုင်ရာ၏။

ယနေ့ခေတ်ကာလမှာ အသင်းအဖွဲ့တွေ ကဏ္ဍပေါင်းစုံမှာ ဖွဲ့စည်းတည်ထောင်နေကြတယ်။ ရုတ်တရက် ကြည့်လိုက်ရင်တော့ စိတ်သဘောတူသူ၊ ရည်ရွယ်ချက်တူသူ၊ ခံယူချက်တူသူ၊ သဘောသဘာဝတူသူတွေမှ အသင်းအဖွဲ့ ဖွဲ့စည်းရာမှာ ပူးပေါင်းပါဝင်ဖွဲ့စည်းလို့ရမယ်လို့ ထင်စရာရှိပေမယ့် ကျွမ်းကျင်ရာလိမ္မာဆိုသလို အသင်းကြီး ဖွံ့ဖြိုးတိုးတက်လိုစိတ် တစ်ခုသာတူပါစေ၊ အခြားမတူညီသူတွေနဲ့ အသင်းအဖွဲ့တွေ ဖွဲ့စည်းလို့ရပါတယ်။

အထက်မှာဖော်ပြတဲ့ စကားစုမှာ ဘက်စုံထူးချွန် အပြစ်အနာအဆာကင်းတဲ့ တစ်ဦးတစ်ယောက်ဆိုတာ မရှိနိုင်ပါ။ ပြုလုပ်ဖန်တီးလို့လည်းမရနိုင်ပါတဲ့။ မှန်ပါတယ်။ လူမှာရှိတဲ့စိတ်နဲ့ ခန္ဓာဟာ အမြဲတမ်းစက္ကန့်မလပ်ဖြစ်ပျက် ပြောင်းလဲဖောက်ပြန်နေလို့ လုံးဝဥဿုံ ပြီးပြည့်စုံတဲ့ လူသားရယ်လို့ မဖြစ်နိုင်၊ မရှိနိုင်ပါ။

လူသားတစ်ဦးဟာ သူတော်တဲ့အပိုင်းရှိသလို၊ သူညံ့တဲ့အပိုင်းတွေလည်းရှိမှာပဲ၊ သူသိတဲ့အပိုင်းရှိသလို သူမသိသေးတာလည်းရှိမှာပဲ၊ သူနားလည်ထားတာရှိသလို သူနားလည်သလိုလိုနဲ့ သိပ်နားမလည်သေးတာတွေ လည်းရှိကြမှာပဲ။

တစ်မိပေါက်ထဲမှာပဲ ထူးချွန်တဲ့သားသမီး၊ စာတော်တဲ့သားသမီး၊ အားကိုးရတဲ့ သားသမီး၊ အမြဲတမ်း ငေါက်ငမ်းဆိုပြောနေရတဲ့ သားသမီး ဘယ်တော့မှ ဘခိုင်းခိုင်းစိတ်မချရတဲ့ သားသမီး စသည်ဖြင့် အမျိုးမျိုးရှိကြသေးတာပဲ၊ ဒါကိုပဲမိဘတွေခမျာ ချော့သင့်ချော့၊ ငေါက်သင့်ငေါက်နဲ့ စခန်းသွားကြရတာပဲလေ။

လက်တစ်ဖက်ထဲမှာပဲ လက်မ၊ လက်ညိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း စသည်ဖြင့် ပုံစံအမျိုးမျိုး၊ အရှည်အတိုလည်းမတူဘူး၊ အရွယ်အစားအပိန်အဝလည်းမတူဘူး၊ ဒါပေမယ့် စာရေးတဲ့အခါ ကွန်ပျူတာ ရိုက်တဲ့အခါ၊ ထမင်းစားတဲ့အခါ သူ့အလုပ်သူလုပ်သွား ကြတာပဲ။

အသင်းအဖွဲ့ ဖွဲ့စည်းတဲ့အခါမှာလည်း အလားတူပါပဲ။ ဦးဆောင်ဦးရွက်နဲ့ စီမံခန့်ခွဲနိုင်တဲ့လူရှိသလို နည်းပညာကျွမ်းကျင်သူလည်း လိုတာပါပဲ။ သုတေသနမှတ်တမ်းမှတ်ရာဘက်မှာ ဝါသနာပါသူလည်း လိုသလို ငွေကြေးဆိုင်ရာ ဘဏ္ဍာရေးကျွမ်းကျင်သူလည်း လိုပါတယ်။ အဲပြီးတော့ အောက်ခြေလုပ်ငန်းမှာ ထဲထဲဝင်ဝင် အောက်သက်ကျေသူလိုသလို၊ ပြည်တွင်းပြည်ပဈေးကွက်၊ သတင်းအချက်အလက် နှံ့စပ်သူလည်း မရှိမဖြစ်ပါဘဲ။ ဒါပေမယ့် အားလုံးကတော့ ရိုးသားပြီးကြိုးစားလိုစိတ်ကတော့ တူညီရမှာပေါ့ခင်ဗျာ။

ကျွန်တော်တို့ စာဖတ်သူတို့နဲ့ နီးစပ်တဲ့ ကုန်သွယ်မှုဆိုင်ရာ အဖွဲ့အစည်းတွေလည်း အကြောင်းအမျိုးမျိုးနဲ့ ဖွဲ့စည်းနေကြတာ၊ ဖွဲ့စည်းခဲ့ကြတာ၊ ဖွဲ့စည်းဖို့ စည်းရုံးပြင်ဆင်နေကြတာ အများကြီးတွေ့ရ ပါတယ်။ ဒါပေမဲ့ နေရာတော်တော်များများမှာ စာရွက်ပေါ်က အသင်း၊ ဆိုင်းဘုတ်ပေါ်က အသင်းတွေပဲများပါတယ်။

အချို့ကလည်း ဘာအသင်းအဖွဲ့တွေဖွဲ့စရာလိုသလဲ၊ သူအရပ်နဲ့သူဇာတ်ဟုတ်နေပြီပဲ၊ သူဖောက်သည်နဲ့သူ အရောင်းအဝယ်ဖြစ်နေတာပဲလို့ ပုဂ္ဂလဓိဋ္ဌာန်အမြင်နဲ့ ခပ်ကျဉ်းကျဉ်းခပ်တိုတိုပဲ တွေးကြမြင်ကြပါတယ်၊ အရောင်းအဝယ်လောကဟာ နယ်စည်းမရှိတာကြာပြီခင်ဗျ။ ဒီနယ်ကကုန်ကို ဒီနယ်ကကုန်သည်ပဲ ဝယ်ရောင်းရမယ်တို့

”

**အာဆီယံဈေးကွက် နိုင်ငံတကာဈေးကွက်များကို ယှဉ်ပြိုင်ဝင်ရောက်နိုင်ဖို့ အတွက်ဆိုရင် အသင်းအဖွဲ့အစည်း စိတ်ဓာတ်နဲ့ စီးမျှောရှင်သန်မှ ရမယ်ခင်ဗျ။**

ဒီကကားနဲ့ပဲ သယ်ရမယ်တို့ မရှိတော့ဘူးခင်ဗျာ၊ ပြည်တွင်းတင်မကဘူး၊ AFTA နောက်ပိုင်းမှာ အာဆီယံနိုင်ငံပေါင်းစုံ လွတ်လပ်စွာကူးသန်းရောင်းဝယ်တော့မှာခင်ဗျ။

အဲဒီအချိန်မှာ တစ်ဦးတစ်ယောက်ချင်း၊ အရောင်းအဝယ်သာဆက်လုပ်နေရင် ပင်လယ်ကြီးထဲမှာ လှော်တက်တစ်ချောင်းလှေငယ်တစ်စီးနဲ့ တစ်ကိုယ်တော် လှေလှော်သလိုဖြစ်မယ်ခင်ဗျ၊ လေဒဏ်၊ လှိုင်းဒဏ် ရေသတ္တဝါတွေရဲ့ အန္တရာယ်တွေအစုံရှိသဗျ၊ ဒီလိုဖြစ်လာမယ့် အန္တရာယ် ရန်စွယ်တွေကို တွန်းလှန်နိုင်ဖို့ဆိုရင် လှေသမားတွေစုပေါင်းပြီး အသင်းအဖွဲ့တွေနဲ့ ဆင်တူတဲ့ မော်တော်၊ သင်္ဘော၊ စက်လှေ စသည်ဖြင့် ထူထောင်သင့်တာမဟုတ်ပါလားခင်ဗျာ။

စီးပွားရေးအသင်းအဖွဲ့များဟာ အသင်းကြီးပွားရေး၊ အကျိုးအမြတ်ရရှိရေး တစ်ခုတည်းကိုပဲကြည့်ပြီး ကိုယ်ကျိုးစီးပွားရှေ့တန်းတင်ထားတဲ့ခေတ်မရှိတော့ဘူးခင်ဗျ။ ကိုယ့်စီးပွားရေးနဲ့ ဆက်စပ်နေတဲ့ Supply Chain ထဲက ဘယ်အလွှာကအားနည်းနေသလဲ၊ တို့ကို တိုက်ရိုက်သွယ်ဝိုက်အကျိုးပြုနေသူတွေ ဘယ်လိုရှင်သန်နေကြသလဲ၊ အသက်မှ ဝဝလင်လင်ရှုကြရဲ့လား၊ မနက်ညထမင်းနပ်မှန်ရဲ့လား၊ ရောဂါဘယတွေကင်းရဲ့လား၊ သူတို့သားသမီးတွေပညာရေးကောင်းရဲ့လား၊ လူမှုရေးကောင်းရဲ့လား၊ ဒီလိုတွေလှမ်းကြည့်သင့်တယ်ခင်ဗျ။

သူတို့ဟာ တောင်သူလယ်သမားတွေဖြစ်ချင်ဖြစ်မယ်၊ စက်ရုံအလုပ်ရုံက အခြေခံအလုပ်သမားတွေလည်း ဖြစ်ချင်ဖြစ်မယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းငယ် ပိုင်ရှင်တွေလည်းဖြစ်ချင်ဖြစ်မယ်၊ အရင်းအနှီး ငွေကြေးထောက်ပံ့ဖို့လိုသလား၊ နည်းပညာအသစ်အဆန်းလိုသလား၊ ကုန်ကြမ်းသွင်းအားစုတွေ ကြိုတင်ပံ့ပိုးပေးဖို့လိုသလား၊ စတာတွေ စဉ်းစားထောက်ပံ့ပေးမှ ကျွန်းကိုင်းမှီကိုင်းကျွန်းမှီနဲ့ ရေရှည်အမှီသဟဲပြုနိုင်မှာ ဖြစ်ကြပါတယ်။

ကျွန်တော်တို့ ဆိုင်ရာဌာနများကလည်း အသင်းအရေးအတွက် ရရှိရေးကိုဦးစားမပေးဘဲ၊ ဖွဲ့ပြီးသား အသင်းတွေ အလုပ်ဖြစ်ကြရဲ့လား၊ ဘာတွေလိုအပ်နေသလဲ၊ ဘာတွေအားနည်း၊ အားသာချက်တွေရှိကြသလဲ၊ သူ့နယ်မြေသမိုင်းကြောင်း၊ ပထဝီအနေအထားက ဘယ်လိုလဲ၊ ကျားကျားမီးယပ်ဆိုတဲ့ ပုံသေနည်းပေတံကြီးနဲ့ပဲ ထုတ်ထုတ်တိုင်းတာနေမိသလား၊ လိုကောလိုအပ်ရဲ့လားဆိုတာတွေ ထည့်သွင်းစဉ်းစားကြရမှာဖြစ်ပါတယ်။

ကျွန်တော်ဟာလည်း Perfect မဖြစ်နိုင်တဲ့ သာမန်လူသားထဲက ခပ်ညံ့ညံ့အုပ်စုထဲက နောက်ဆုံးကျကျလူသားတစ်ဦးဆိုတော့ အသင်းအဖွဲ့တွေ၊ အဖွဲ့အစည်းတွေကို ဖြစ်စေချင်တာတွေကတော့ လုံးဝ Perfect ပေါ့ခင်ဗျာ။ တိုက်တွန်းနှိုးဆော်ရတာပေါ့။ ခုပြောခုရေးတာနဲ့ လုံးဝပြီးပြည့်စုံတဲ့ အသင်းအဖွဲ့တွေတော့ဖြစ်မှာ မဟုတ်သေးဘူးပေါ့ခင်ဗျာ။ တဖြည်းဖြည်း Step by step သွားကြရမှာပေါ့။

ကျွန်တော်ငယ်ငယ်က အိမ်ကလူကြီးတွေ စက်ဘီးစီးပြီးသွားလာနေကြတာမြင်တော့ ကိုယ်လည်း စီးချင်တယ်ခင်ဗျ၊ စက်ဘီးစီးသင်ပေးပါဆိုပြီး ပူဆာတာပေါ့၊ ဒါနဲ့လူကြီးတွေက စက်ဘီးတစ်စီးပေးပြီး တစ်ပတ်လောက်နေပူထဲမှာ စက်ဘီးတွန်းခိုင်းထားတယ်ခင်ဗျ၊ စက်ဘီးတွန်းတာနိုင်ပြီဆိုမှ ဂျောက်ဂျက်ဂျောက်ဂျက်နဲ့ စက်ဘီးစီးစသင်ပေးတယ်၊ ခုလည်း အာဆီယံဈေးကွက် နိုင်ငံတကာ ဈေးကွက်များကို ယှဉ်ပြိုင်ဝင်ရောက်နိုင်ဖို့ အတွက်ဆိုရင် အသင်းအဖွဲ့အစည်း စိတ်ဓါတ်နဲ့ စီးမျှောရှင်သန်မှ ရမယ်ခင်ဗျ၊ ဒီအဖွဲ့အစည်းအနေနဲ့ ကြီးထွားရှင်သန်လိုစိတ်ကလေး အရင်မွေးမြူရမယ်ခင်ဗျ၊ စက်ဘီးစီးတတ်ချင်တဲ့ ကျွန်တော့်လိုပေါ့ဗျာ။ ကဲ---- ဒါဆိုရင် စက်ဘီးစတွန်းကြစို့ဗျာ။

# အတွေးများနှင့် ခရီးသွားရင်း ကြားခဲ့ရသည့်အဖြစ်အပျက်

စောမောင်-ကန့်ဘလူ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနခန်းမမှာ ကျင်းပပြုလုပ်တဲ့ အမျိုးသားပို့ကုန် မဟာဗျူဟာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်မှ ၂၄ နေ့အထိ ကန့်ဘလူခရိုင် ကိုယ်စားပြုအနေဖြင့် တက်ရောက်ခွင့်ရခဲ့ပါတယ်။

အမျိုးသားပို့ကုန်အတွက် ခရိုင်အသီးသီးမှ အလားအလာရှိတဲ့ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံများကို စိတ်ဝင်တစား ဆွေးနွေးတင်ပြကြပါတယ်။

အစည်းအဝေးနှင့်ရုံးကိစ္စများ ပြီးလျှင်ပြီးချင်း မိမိတာဝန်ကျရာ ခရိုင်မှာ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လိုသောကြောင့် မုံရွာမြို့မှ ည ၁၀း၀၀ နာရီခန့်တွင် ရွှေဘိုခရိုင်ဦးစီးမှူးကားဖြင့် ည တွင်းချင်း ရွှေဘိုကိုပြန်ခဲ့ ပါတယ်။ ရွှေဘိုဘူတာမှာ အထက်ပိုင်း ဆန်တက်မယ့် ရထားများရှိဦးမလားဝင်မေးရာ တာဝန်ကျရုံပိုင်မှ နံနက်ပိုင်းမှ ရှိတော့မယ်ဆိုတာသိရလို့ ရွှေဘိုခရိုင်ဦးစီးမှူးရုံးမှာပဲ ညအိပ်ခဲ့ပါတယ်။

နောက်နေ့နံနက် ၈း၃၀ နာရီတွင် ရွှေဘိုဘူတာမှ ကန့်ဘလူသို့ အထူးအမြန်ရထားဖြင့် ဆန်တက်ခဲ့ပါတယ်။ ရဟန်းတော်တစ်ပါးနဲ့ အတူ တွဲလျက်ခုံနေရာရခဲ့လို့ အနီးမှဒါယကာတစ်ဦးနဲ့အတူ ဆွမ်းကွမ်းကပ် ခွင့်လည်းကြုံခဲ့ ပါတယ်။ ရထားပြတင်းပေါက်မှ ဟိုဟိုဒီဒီ လှမ်းမျှော်ကြည့်လိုက်တော့ သဖန်းဆိပ်ဆည်ရေနဲ့ အောင်မြင်ဖြစ်ထွန်း နေသောတစ်မျှော်တစ်ခေါ် ရှုမဆုံးနိုင်တဲ့ စိမ်းလဲ့လဲ့လယ်ကွင်းပြင်များကို ငေးမောကြည့်ရင်း ဒုတိယစပါးကျီ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ဆန်စပါးကဏ္ဍကို အားရဖွယ်တွေးမိခဲ့ပါတယ်။ ယခုအမျိုးသားပို့ကုန်မဟာဗျူဟာ အစည်း အဝေးတွင် ကန့်ဘလူမြို့နယ် ဆည်အစုအဖွဲ့များ၏ ပုံမှန်သိုလှောင်နိုင်တဲ့ ရေပမာဏထက် ကျော်လွန်သိုလှောင်ထားရှိခြင်းများကြောင့် လာမယ့် ၂၀၁၆ မှာ နွေစပါး၊ မိုးပဲတီစိမ်းနဲ့ မိုးစပါး၊ ဆီထွက်သီးနှံတို့ အောင်မြင်ဖြစ်ထွန်း နိုင်မှာဖြစ်လို့ တို့တောင်သူတို့ ရှေ့ရေးရင်အေးရမယ့်အကြောင်းများ၊ အစည်းအဝေးမှာ ကသာခရိုင်မှ စားနေကြာ အပြင် ဆီနေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး အစီအမံများ၊ ကလေးခရိုင်မှ ဆီထွက်သီးနှံဖွံ့ဖြိုးရေးအစီအမံများ၊ ကုလားပဲ အများဆုံးစိုက်ပျိုးရာ ရွှေဘိုခရိုင်မှ ကုလားပဲသီးနှံဖွံ့ဖြိုးတိုး တက်မှုအစီအမံများ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ မြေပဲအများဆုံး စိုက်ပျိုးရာ ကန့်ဘလူခရိုင်မှ ပဲမျိုးစုံနဲ့ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ၊ နှမ်းသီးနှံအများဆုံးစိုက်ပျိုး ထုတ်လုပ်ရာ စစ်ကိုင်းနဲ့ယင်းမာပင်ခရိုင်များမှ တင်ပြပုံများကိုလည်းကောင်း၊ စစ်ကိုင်းနဲ့ ယင်းမာပင်ခရိုင်များမှ ပဲလွန်းနဲ့ နှမ်းသီးနှံဖွံ့ဖြိုးတိုးတက်ရေး အစီအမံစတဲ့တင်ပြမှုများကို ပြန်လည်တွေးရင်း မှေးခနဲ အိပ်ပျော်သွားခဲ့ရာ မီးရထားဟာ ကန့်ဘလူမြို့နယ် ဇီးကုန်း (ထန်းတပင်) ဘူတာသို့ ဆိုက်ရောက်ခဲ့ပါတယ်။ ခရီးသည်များ အတက်အဆင်းနဲ့နေရာချမှုကြောင့် ဖျတ်ခနဲ လန့်နိုးလာခဲ့ပါတယ်။

မိမိနဲ့ မျက်နှာချင်းဆိုင်ထိုင်ခုံမှာ အမျိုးသမီး၊ အသက်အားဖြင့် ၂၅၊ ၃၀ အရွယ်တစ်ဦးဝင်ထိုင်ပါတယ်။ ထိုင်ပြီး သိပ်မကြာခင် မှာပဲ ထိုအမျိုးသမီးမှ အနီးအနားရှိ ခရီးသည်များကို စကားစတင်ပြောလာပါတယ်။




"ကျွန်မလွန်ခဲ့တဲ့ ၁၀ ရက်လောက်က မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးမှာ ယောင်းမဖြစ်သူကလေးမွေးလို့ လိုက်ပြီးပြုစုခဲ့တယ်။ အဲဒီရက်က ကျွန်မ တို့ဆေးမိခဲ့လို့ ငွေနှစ်သိန်းကျော်နဲ့ဖုန်းတစ်လုံးပါသွားတယ်။ ကျွန်မနဲ့အတူ လိုက်ခဲ့တဲ့ တူလေးကလည်း ဖုန်းတစ်လုံး ပါသွားတယ်။ အဖြစ်ကဒီလိုပါ။ ကျွန်မတို့က လူနာစောင့်ဆိုတော့ အပြင်မှာပဲ အခြားလူနာစောင့်တွေနဲ့အတူ အမျိုးသား၊ အမျိုးသမီး သူ့နေရာနဲ့သူအိပ်ကြရတယ်။ ဆေးရုံရောက်ပြီး ၃ ရက်အကြာမှာ ဒီဖြစ်ရပ်ဖြစ်သွားခြင်းပါ။ ကျွန်မအထင်တော့ ကျွန်မတို့ ဆေးရုံရောက်စကတည်းက လူနာစောင့်တွေကြားမှာ ရောနှောသွားလာစားသောက်နေထိုင်ပြီး အကွက်ချလုပ်သွားတယ်လို့တွက်မိပါတယ်။ ဖြစ်မယ့်ညပိုင်းကတော့ ဆေးရုံသူနာပြုဆရာမတွေက ညညသတိဝီရိယနဲ့အိပ်ကြဖို့၊ ကိုယ့်ပစ္စည်းကိုယ်ဂရုစိုက်ကြဖို့ မိမိပစ္စည်း မိမိတာဝန်လို့ပြောပါတယ်။ ညပိုင်းအိပ်ပျော် လိုက်နိုးလိုက်နဲ့ နံနက် ၃း၀၀ နာရီလောက်ထိ မှတ်မိ တယ်။ အဲဒီနောက်ပိုင်း ဘာဖြစ်သွားတယ်ဆိုတာ မသိရဘူး။ မှတ်လည်း မမှတ်မိဘူး။ အိပ်ရာကနိုးလာတော့ ဆေးရုံပေါ် ယခင်အိပ်နေတဲ့နေရာ မဟုတ်တော့ဘူး။ ဆေးရုံရှေ့ကွင်းပြင် ကားသုံးစီးအနက် အလယ်ကလိုက်ထရပ် ကားပေါ်မှာရောက်နေတယ်။ ဘေးပတ်လည် အမိုး အကာတွေချထားတယ်။

အဲဒီအချိန်မှာ ကားအနီးမှ ကျွန်မအမည်ခေါ်ကာ ကျွန်မကို လိုက်ရှာနေတဲ့တူလေးရဲ့ ခေါ်သံကို ကြားလိုက်ရပါတယ်။ အဲဒီအခါမှာ ကျွန်မပြန်ထူးလိုက်မိတယ်။ နာရီကြည့်လိုက်တော့ ၃ နာရီခွဲပြီးခါရှိသေးတယ်။ ကားပေါ်မှာလည်း ကျွန်မတစ်ဦးတည်းသာ။ ကျွန်မလက်မှ လက်စွပ်သေးသေး ငါးကွင်းဝတ်ထားတယ်။ လက်စွပ်လေးတွေက ကပ်နေလို့ ဖြုတ်မရတဲ့အတွက် ပါမသွားပါ။ လက်မှာတော့ ဖြုတ်ထားရန်ကြိုးစားထားတဲ့အရာတွေ ထင်ရစ်နေတာပဲ။ ကျွန်မလက်ချောင်းလေးတွေ ဖြတ်မယူသွားတာကိုဘဲ ကျေးဇူးတင်ရမလိုလို။ နာရီဝက်အတွင်း မှာဖြစ်သွားတဲ့အဖြစ်အပျက်တစ်ခုပါ။ အခု ကျွန်မ လူတွေမြင်ရင် စိုးရိမ်စိတ်တွေနဲ့ကြောက်ပြီးနေတော့တယ်လို့ ပြောပါတယ်။

သူပြောပြီးတဲ့ အခါကျတော့ ကျွန်တော်က အဲဒီမိန်းကလေးနဲ့ အနီးရှိ ခရီးသည်တွေကို မိတ်ဆက်ပါတယ်။ ကျွန်တော်က ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်ပြီး ထိုဖြစ်ရပ်တွင် မိန်းကလေးငယ် အား ပတ်ဝန်းကျင်နဲ့နေရာဒေသကို လိုက်ပြီး ပြုမူပြောဆိုနေထိုင်ရမှာဖြစ်ကြောင်း၊ တစ်ဖန် လက်ဝတ်ရတနာ အဆင်တန်ဆာတို့ဟာ သူ့နေရာနဲ့သူဝတ်ဆင်မှသာ တင့်တယ်ကြောင်း၊ အချိန်ကာလနေရာဒေသကိုလိုက်ပြီး ဝတ်ဆင်သင့်ကြောင်း၊ ထိုကဲ့သို့ မဆင်မြန်းတတ်ပါက ထိုရတနာဟာ ရန်သူကိုလက်ယပ်ခေါ်သလိုဖြစ်စေကြောင်း၊ ယခု အဖြစ်အပျက်က သက်သေပြခဲ့တာကို သင်ခန်းစာယူရမှာ ဖြစ်ကြောင်း၊ အမြဲတမ်းဆင်မြန်းရမယ့်အရာကား သီလတရားပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ဖြစ်ရပ်မျိုးများဟာ မကြာခဏ ဆိုသလို ကြားနေကြရကြောင်း၊ ထိုဖြစ်ရပ်များနဲ့ ဆက်နွှယ်ပြီး ပြည်သူ့နယ်ပယ်မှာ အန္တရာယ်ရှိဝန်ဆောင်မှု လုပ်ငန်းများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်ပြောပြခဲ့ရာ စိတ်ဝင်တစားနားထောင်နေကြရာက ကန့်ဘလူဘူတာ ရထားဆိုက်တော့မှ စကားကိုအဆုံးသတ်လိုက်ရပါတော့တယ်။

# ၂၀၁၅-၁၆ခုဘဏ္ဍာနှစ် ပထမခြောက်လအတွင်း မြန်မာ့ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာသန်းနှစ်ထောင်ကျော်

၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ၁-၄-၂၀၁၅ မှ ၂၃-၁၀-၂၀၁၅ ထိ ပို့ကုန်တင်ပို့နိုင်မှုအခြေအနေမှာကန်ဒေါ်လာ ၆၇၀၅ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှု အခြေအနေ ကန်ဒေါ်လာ ၈၈၉၈ သန်းဖြစ်သဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၁၅၆၀၃ သန်းကျော်ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလိုငွေကန်ဒေါ်လာ ၂၁၉၂ ဒသမ ၆၅၉ သန်းပြနေ ပါတယ်။ ပြည်ပသို့ တင်ပို့လျက်ရှိတဲ့ ပို့ကုန်အုပ်စု ခုနစ်ခု (လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက် ပစ္စည်း၊ ရေထွက်ကုန်၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနဲ့အခြား) ရှိတဲ့အနက် သတ္တုတွင်းထွက်ပစ္စည်းအုပ်စု တင်ပို့နိုင် မှု ဟာ ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၁၀၂ သန်းနီးပါး လျော့နည်းခဲ့ပြီး ကျန်အုပ်စုများကတော့ ပိုမိုခဲ့တဲ့အတွက် ပို့ကုန်ပိုင်းမှာ ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၂၇၂ သန်းကျော် ပိုမိုခဲ့ပါတယ်။

လယ်ယာထွက် ကုန်ပစ္စည်း တင်ပို့မှုမှာ ဆန်ကွဲ၊ ပဲအမျိုးမျိုး (မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ မြေထောက်ပဲ၊ ပဲယင်း၊ ပဲကတ္တီပါ/စွန်တာပြာ၊ ပဲပုတ်စေ့၊ နိုင်လွန်ပဲ၊ အခြားပဲ) နှမ်းရောင်စုံနဲ့ ရော်ဘာစိမ်းတင်ပို့မှုတို့ ပိုမိုဆောင်ရွက်နိုင်ခဲ့တယ်လို့သိရပါတယ်။ သွင်းကုန်ပိုင်းမှာ ယမန်နှစ်ကာလတူထက် သွင်းကုန် ကန်ဒေါ်လာ ၃၄၃ သန်းကျော် လျော့နည်းခဲ့တာ တွေ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း အုပ်စုတို့ တင်သွင်းမှုလျော့နည်းခဲ့ပြီး လူသုံးကုန်ပစ္စည်းအုပ်စုတစ်ခုသာ ယမန်နှစ်ကာလတူထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုန်ပစ္စည်းအလိုက် သွင်းကုန်တင်သွင်းမှုနှိုင်းယှဉ် ရာမှာတော့ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ စက်နှင့်စက်ပစ္စည်း၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်း၊ လယ်ယာသုံးနောက်တွဲယာဉ်နဲ့ အခြားယာဉ်များ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အင်ဂျင်များ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ရေနံထွက်ပစ္စည်းများ၊ ဓာတုဗေဒ ချည်ခင်များ၊ ဓာတ်မြေဩဇာများ၊ သံနှင့် သံမဏိပစ္စည်း၊ သတ္တုကုန်ကြမ်းပစ္စည်းများ ယမန်နှစ် ကာလတူထက်လျော့နည်းတင်သွင်းခဲ့တဲ့အတွက် ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့် ပို့ကုန်သွင်းကုန် ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်ပိုင်း ပင်လယ်ရေကြောင်း ကန်ဒေါ်လာ ၄၃၇၂ သန်းကျော်၊ နယ်စပ် ကန်ဒေါ်လာသန်း ၂၃၃၃ သန်းကျော် နဲ့ သွင်းကုန်ပိုင်း ပင်လယ်ရေကြောင်း ကန်ဒေါ်လာ ၇၄၉၈ သန်းကျော် နယ်စပ် ကန်ဒေါ်လာ သန်း ၁၄၀၀ ကျော် အသီးသီး ဆောင်ရွက်ခဲ့ပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ပင်လယ်ရေကြောင်းရော နယ်စပ်ကပါ ပိုမိုဆောင်ရွက်နိုင်ခဲ့သော်လည်း သွင်းကုန်ပိုင်းတွင် ပင်လယ်ရေကြောင်းမှ တင်သွင်းမှု လျော့နည်းခဲ့တဲ့အတွက် နယ်စပ်မှ တင်သွင်းမှုပိုမိုခဲ့သော်လည်း ယမန်နှစ်ကာလတူထက် ကုန်သွယ်မှုနှစ်ရပ်ပေါင်းအနေနဲ့ လျော့နည်းခဲ့ရတာတွေ့ရပါတယ်။

**MIRT6**

■

Commodity Exchange News
Vol: 15, No.42 Monday November 2 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂–၁၁–၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲပစ္စည်း လက်ကျန်နည်း၊ အရောင်းအဝယ်ပါး

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(RC)အနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန် နည်းလာချိန်တွင် ပဲအရောင်းအဝယ် ပြုလုပ်လိုသော ကုန်သည်ကြီးများ လာရောက်မှု နည်းသွားကြောင်း သိရပါတယ်။ မတ်ပဲ (RC) ကို အိန္ဒိယဘက်မှ တစ်တန်ကို ၁၁ သိန်းဝန်းကျင်ဖြင့် ဝယ်လိုပေမယ့် ရောင်းသူကုန်သည်များက ဈေးအမြင့်မှန်းတာကြောင့် ဈေးညှိမရလို့ ပဲအရောင်းအဝယ် ပါးခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းကြီးနှင့် ပဲတီစိမ်းသေး ဈေးကျလာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ဈေးချအဝယ်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်လျှင် ဈေးကျလာပြီး တစ်ပိဿာကို ၁၈၉၅ ကျပ် (တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးသေးကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၂၃၇ ကျပ် (တစ်တန်ကို ၁၃၆၉၉၁၆ ကျပ်)ဈေးဖြင့် ပုံမှန်အဝယ်ရှိပေမယ့် ယခင်အပတ်ဖြင့်နှိုင်းယှဉ်လျှင် ဈေးအနည်းငယ်ကျလာကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်လှိုင်လို့ ဈေးအနည်းငယ်ကျ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်လှိုင်လာသလို တရုတ်ဘက်ကလည်း ဝယ်လိုအား ပုံမှန်ရှိပေမယ့် ဈေးကွက်မှာ ဝယ်လိုအားထက် ရောင်းလိုအားက များနေတော့ ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်လျှင် ဈေးအနည်းငယ် ကျလာကြောင်း အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၇၂ ယွမ်မှ အမြင့်ဆုံး ၇၆ ယွမ်အကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံ အရောင်းအဝယ်ပါး ပဲတီစိမ်းကြီးကိုလည်း တရုတ်အဆွဲအေး

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲနှင့် ပဲစင်းငုံအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းပြတ်သလောက် ဖြစ်နေပြီး အရောင်းရော အဝယ်ပါ ပါးနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒါ့အပြင် ပဲတီစိမ်းကြီးကိုလည်း တရုတ်ဘက်မှ ဝယ်လိုအား လျော့သွားတာကြောင့် ဈေးကွက်မှာ အရောင်းရော အဝယ်ပါ အေးနေကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက်၊ လုပ်ငန်းသုံးသမားများနှင့် မျိုးအတွက် ဝယ်ယူသူများက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၂၀၂၅ ကျပ် (တစ်တန်ကို ၁၂၄၀၀၈၉ ကျပ်) ဈေးဖြင့် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်း အရောင်းအဝယ်အေး၊ ကုလားပဲအရောင်းသွက်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲနှင့် ပဲစင်းငုံနီအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန် နည်းသလို ဝယ်လက်တွေလည်း အဝယ်အေးနေကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ တရုတ်အတွက် ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ဈေးချအဝယ်ရှိတာကြောင့် ရောင်းသူကုန်သည်တွေက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၇၃၇ ကျပ် (တစ်တန်ကို ၁၀၆၃၇၂၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကိုတော့ ဒေသတွင်း လုပ်ငန်းသုံးသမားများနှင့် မျိုးအတွက် ပြန်လည်ဝယ်ယူသူများ အဝယ်သွက်လို့ အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၂၀၂၀ ကျပ် (တစ်တန်ကို ၁၂၃၇၀၂၇ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ မိုးပဲတီစိမ်း(သစ်) ဆက်လက် ဝင်ရောက်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ မိုးပဲတီစိမ်း(သစ်)တွေ ဆက်လက်ဝင်ရောက်နေပြီး တစ်ပိဿာကို ၁၉၀၀ ကျပ် (တစ်တန်ကို ၁၁၆၃၅၄၁ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိနေသလို မန္တလေးဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်း(သစ်)တွေ ပုံမှန်ဝင်ရောက်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် မိုးပဲတီစိမ်း(သစ်)တွေ ပုံမှန်ဝင်ရောက်ပေမယ့် မန္တလေးဝယ်လက်က ဈေးလျှော့အဝယ်ရှိနေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၉၅ ကျပ် (တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကိုတော့ မန္တလေးဝယ်လက်၊ နှမ်းလှော်လုပ်ငန်းရှင်များနှင့် ဆီစက်များက ဝယ်လိုအား ပုံမှန်ရှိပေမယ့် ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ(ထိပ်စ)တစ်ပိဿာ ၂၄၆၇ ကျပ်၊ (ပုံမှန်စ) တစ်ပိဿာ ၂၃၇၈ ကျပ်၊ နှမ်းနီ(ထိပ်စ) တစ်ပိဿာ ၂၅၁၁ ကျပ်၊ နှမ်းနီ(ပုံမှန်စ) တစ်ပိဿာ ၂၁၃၃ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနှင့် ပြောင်း အရောင်းအဝယ်အေး

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန် ပြတ်သလောက်ဖြစ်နေပြီး ပဲလက်ဝယ်တချို့ ရှိနေသူကုန်သည်များက ပဲဈေး ဆက်လက် မြင့်မလားဆိုပြီး ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ ဈေးကွက်မှာ လက်ရှိမတ်ပဲဈေးက ၃၄၀၀ ကျပ် (တစ်တန်ကို ၂၀၈၂၁၂၆ ကျပ်)ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိနေကြောင်း သိရပါတယ်။ ဒေသထွက် ပြောင်းကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၀၀ ကျပ်ဖြင့် ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များက ကြိုက်ဈေးမရလို့ အရောင်းအဝယ် အေးခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်း အရောင်းအဝယ် ပုံမှန်ဖြစ်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပြောင်းဝင်ရောက်မှု ပုံမှန်ရှိနေသလို ရန်ကုန်၊ မန္တလေးနှင့် မူဆယ်ဝယ်လက်ကလည်း ဝယ်လိုအား ပုံမှန်ရှိတာကြောင့် တစ်ပိဿာကို ၄၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ငါးသိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်အဆွဲသွက်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအနေဖြင့် နယ်စုံမှ ပုံမှန်အဝင်ရှိသလို တရုတ်ဘက်ကလည်း အဆွဲသွက်တာကြောင့် တစ်ပိဿာကို ၄၁၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာအချိန် ရှစ်သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ကုလားပဲ ဈေးကောင်းရ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် လက်ကျန်ပဲများကို ရန်ကုန်ဝယ်လိုအား ပါးသွားပေမယ့် မျိုးအဖြစ် ပြန်လည် ဝယ်ယူသူများက ဝယ်လိုအား ပုံမှန်ရှိတာကြောင့် တစ်ပိဿာကို ၃၇၅၀ ကျပ် (တစ်တန်ကို ၂၂၉၆၄၆၂ ကျပ်)ဈေးဖြင့် ဈေးကောင်းရနေကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)အနေဖြင့် ဈေးကွက်သို့ ပဲအဝင်မရှိဘဲ လက်ကျန်ပဲများကို ပဲခွဲစက်သမားများနှင့် မျိုးအတွက် ဝယ်ယူသူများ အဝယ်ဆုံလို့ တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)ဈေးဖြင့် ဈေးကောင်းရကာ နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်တွေ ဝယ်အားပုံမှန်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအား ပုံမှန်ရှိခဲ့ပေမယ့် ယခင်အပတ်ဖြင့် နှိုင်းယှဉ်လျှင် ဈေးအနည်းငယ် ပြန်ကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)ဈေးဖြင့် နေ့စဉ် အိတ် ၁၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# အများပြည်သူအကျိုးငှာ ဆက်သွယ်သတင်းပေးနိုင်သော FDA ၏ ဖုန်းနံပါတ်များအား အသိပေးကြေညာ

စားသုံးသူပြည်သူများအနေနဲ့ အစားအသောက်၊ ဆေးဝါးနဲ့ အလှကုန်ပစ္စည်းများဆိုင်ရာ ကိစ္စရပ်များအတွက် မေးမြန်းစုံစမ်းရန်၊မိမိတို့ပတ်ဝန်းကျင်၌ သံသယရှိသော ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ အစားအသောက်၊ဆေးဝါးနဲ့ အလှကုန်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်း၊ဖြန့်ဖြူးခြင်းနဲ့ ပြည်သူများအကြား ဝယ်ယူသုံးစွဲရန် နည်းမျိုးစုံနဲ့ လိုက်လံစည်းရုံးခြင်း၊ကြော်ငြာခြင်းနဲ့ စပ်လျဉ်းပြီး သတင်းပေးလိုပါက သတင်းပေးတိုင်ကြားရမယ့်ဖုန်းနံပါတ်နဲ့ gmail account များကို ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာန နေပြည်တော်က ထုတ်ပြန်လိုက်ပြီဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဟာ ကျန်းမာရေးဖွံ့ဖြိုး တိုးတက်စေရန်၊ ပြည်သူများဘေးကင်းလုံခြုံစိတ်ချစွာ ဝယ်ယူစားသောက်သုံးစွဲစေရန် ချမှတ်ထားတဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနဲ့ ကာကွယ်ထိန်းချုပ်ခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပြီလို့လည်း သိရပါတယ်။

ဆက်သွယ်သတင်းပို့ရမယ့် ဖုန်းနံပါတ်များနဲ့ gmail account များကို ဖော်ပြပေးလိုက်ရပါတယ်-

| | | | |
|---|---|---|---|
| ဒေါက်တာထွန်းဇော် | ညွှန်ကြားရေးမှူး | အစားအသောက်ဌာနခွဲ | ၀၆၇-၄၀၃၁၆၇ |
| ဒေါက်တာသီဂီဇင် | ညွှန်ကြားရေးမှူး | ဆေးဝါးဌာနခွဲ | ၀၆၇-၄၀၃၀၉၁ |
| ဒေါက်တာဒေါ်ခင်ချစ် | ညွှန်ကြားရေးမှူး | ဓါတ်ခွဲဌာနခွဲ | ၀၆၇-၄၀၃၂၄၂ |
| ဒေါက်တာသဇင်ရီလှိုင် | ညွှန်ကြားရေးမှူး | အလှကုန်/ဆေးပစ္စည်းဌာနခွဲ | ၀၆၇-၄၀၃၄၈၉<br>၀၆၇-၄၀၃၂၄၂ |
| ဒေါက်တာဇင်ဇင်နွယ် | ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၃၇၇၀၂၉ |
| ဒေါက်တာဒေါ်ခင်စောလှ | ညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီး | ၀၂-၆၂၁၁၈၀၉၆၅၀၀၂၈၅ |
| ဒေါက်တာထွန်းလင်းအောင် | လ/ထညွှန်ကြားရေးမှူး | စီမံရေးရာဌာနခွဲ | ၀၆၇-၄၀၃၆၀၉ |
| ဒေါက်တာဥက္ကာဖြိုး | ဦးစီးအရာရှိ | စီမံရေးရာဌာနခွဲ | fdanptl@gmail.com |
| ဒေါက်တာရန်လင်းမောင် | ဦးစီးအရာရှိ | စီမံရေးရာဌာနခွဲ | |
| ဒေါက်တာမိုးမြင့်ဟိန်း | ဦးစီးအရာရှိ | စီမံရေးရာဌာနခွဲ | |

**MIRT**

# International Construction, Power and Mining Myanmar 2015 ပြပွဲ ကျင်းပမည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ Myanmar Convention Center (MCC) ခန်းမတွင် ၂၀၁၅ ခုနှစ်၊ နိုဝင် ဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် International Construction, Power and Mining Myanmar 2015 ပြပွဲကို ထိုင်းနိုင်ငံအခြေစိုက် Bangkok Exhibition Services (BES) မှ ဦးစီး၍ ပြည်တွင်းကုမ္ပဏီများဖြစ်သော Information Matrix Co. Ltd., နှင့် NMT Ltd. တို့မှ တာဝန်ယူ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ International Construction, Power and Mining Myanmar 2015 ပြပွဲသို့ နိုင်ငံပေါင်း ၂၀ ရှိ ကုမ္ပဏီပေါင်း ၁၀၀ ခန့်တို့ မှ ပြခန်းပေါင်း ၁၆၀ ကျော်ဖြင့် တိုက်တာ အဆောက်အအုံနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်စွမ်းအင်နှင့် ပြန်လည်အသုံးပြုနိုင် သော လောင်စာစွမ်းအင်သုံးပစ္စည်းများ၊ ဓာတ်သတ္တုတူးဖော်ရေးနှင့် သဘာဝတွင်းထွက်ပစ္စည်း တူးဖော်ထိန်းသိမ်းရေးဆိုင်ရာ ပစ္စည်းများ၊ စူးစမ်းလေ့လာဖော်ထုတ်ရေးနှင့် ကျောက်မိုင်းတူးဖော်ရေး ပစ္စည်းများ၊ စွမ်းအင်ဖြန့်ဖြူးခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်း ပစ္စည်းများကို လာရောက် ပြသမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ(ကုန်စည်ပြပွဲ)**

■

# Communi Cast 2015 နှင့် International ICT Exhibition ပြပွဲ ပြသမည်




ဂြိုလ်တုဆက်သွယ်ရေးဆိုင်ရာ နည်းပညာ ဟောပြောပွဲများပါဝင်သည့် Communi Cast 2015 ပြပွဲ နှင့် International ICT Exhibition ပြပွဲ ကို နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၉ရက်နေ့အထိ ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Events Park တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

CommuniCast 2015 ပြပွဲသည် ဒုတိယ အကြိမ်မြောက်ပြသသည့်ပြပွဲဖြစ်ပြီး ယခုနှစ်တွင်မူ နိုင်ငံတကာမှ အိုင်စီတီဆိုင်ရာနည်းပညာကုမ္ပဏီ များပါ ပါဝင်ပြသမည့် International ICT Exhibi-tion ပြပွဲကိုပါ ပူးတွဲကျင်းပမည်ဖြစ်သည်။

ယခင်ပြသခဲ့စဉ်က ပြည်တွင်းတွင် လုပ်ကိုင် လျက်ရှိသော အိုင်စီတီကုမ္ပဏီများသာလာရောက်ပြသရောင်းချခဲ့ခြင်း ဖြစ်သော်လည်း ယခုနှစ်တွင်မူ စင်ကာပူ၊ အိန္ဒိယ၊ကနေဒါနှင့်ထိုင်းနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၂၂နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၂၀ ကျော်တို့ ပါဝင်ပြသကြမည်ဖြစ်သည်။

"လျင်မြန်စွာတိုးတက် ပြောင်းလဲနေတဲ့မြန်မာနိုင်ငံရဲ့ အိုင်စီတီလုပ်ငန်းကို အဆင့်မြင့် ကုန်စည်ပြပွဲမှာ ပါဝင်ပြသနိုင်ဖို့၊ နိုင်ငံတကာ ကုမ္ပဏီတွေနဲ့ မြန်မာ နိုင်ငံတွင်းက လုပ်ဖော်ကိုင်ဖက်တွေကို လိုက်လျောညီထွေဖွံ့ဖြိုး တိုးတက်လာအောင် ကူညီပေးနိုင်မယ့် CommuniCast 2015 ပြပွဲကို စီစဉ်သူတွေနဲ့အတူ နိုင်ငံတကာအခမ်းအနားမှာ ပူးပေါင်းပါဝင်ခွင့် ရတဲ့ အတွက် ကျေနပ်အားရမိပါတယ်။ အိုင်စီတီဟာ စီး ပွားရေးအတွက် အလွန်အရေးပါပြီး ကဏ္ဍများစွာမှ အခွင့်အလမ်းများကို ရရှိစေနိုင်ပါတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်း၏ဥက္ကဋ္ဌ ဦးခွန်ဦးက ပြောကြားခဲ့သည်။

အဆိုပါပြပွဲ တွင် Myanmar Satellite Forum ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်ကို နိုဝင်ဘာလ ၁၈ ရက်နေ့တွင် MEP တွင် ပင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# မကာအိုတွင်တတိယအကြိမ်မြောက် ၂၀၁၅ မကာအိုအပြည်ပြည်ဆိုင်ရာ ခရီးသွားသုံးကုန်စည်ပြပွဲ ကျင်းပမည်

တရုတ်အမျိုးသားခရီးသွားစီမံခန့်ခွဲမှုဌာန၊ ဆက်သွယ်ရေးရုံး၏ စီးပွားရေးဦးစီးဌာန၊ မကာအို အစိုးရခရီးသွားလာရေးရုံး၊ မကာအို ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးဌာန၊ ကွမ်တုန်းပြည်နယ် ခရီးသွားလာရေးဗျူရို စသည်တို့၏ အထောက်အပံ့ဖြင့် တတိယအကြိမ်မြောက် ၂၀၁၅ မကာအိုအပြည်ပြည်ဆိုင်ရာ ခရီးသွားသုံးကုန်စည်ပြပွဲကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ မကာအို၊ Venetian Macao Convention and Exhibition Center Hall D တွင် ကျင်းပသွားမည် ဖြစ်ပါသည်။ ၂၀၁၅ မကာအိုအပြည်ပြည်ဆိုင်ရာ ခရီးသွားသုံးကုန်စည်ပြပွဲတွင် Tourism finance, Travel agencies and Hotels, Scenic spots, Tourism e-commerce, Transportation, Tourism media, Tourism supplies, Tourism estate နှင့် Tourism organizations & associations စသည့် ခရီးသွားဆိုင်ရာအပိုင်းများကို ပြသသွားမည် ဖြစ်ပါသည်။ အဆိုပါပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Mr. Reginald Wong ၊ project manager ၊ Maketing@cmitc.com ထံသို့ ဆက်သွယ် စုံးစမ်းနိုင်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ(ကုန်စည်ပြပွဲ)**

# MyanBuild/MyanEnergy 2015 ပြပွဲ ကျင်းပမည်

ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) ခန်းမတွင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့မှ ၅ ရက်နေ့ အထိ ကျင်းပပြုလုပ်မည့် MyanBuild/MyanEnergy 2015 ပြပွဲကို ပြည်တွင်းကုမ္ပဏီဖြစ်သော Care Freight Services Ltd. မှ တာဝန်ယူ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ MyanBuild/MyanEnergy 2015 ပြပွဲသို့ ထိုင်း၊ ဂျပန်၊ တရုတ်၊ စင်ကာပူ၊ မလေးရှား၊ အမေရိကန်၊ အီတလီ၊ ဂျာမနီ၊ ကိုရီးယား၊ ကနေဒါ၊ ဗီယက်နမ်နိုင်ငံ စသည့်နိုင်ငံများရှိ ကုမ္ပဏီပေါင်း ၁၂၀ ကျော်ခန့်တို့မှ Renewable Energy & Energy Efficiency, Construction Material & Equipment, Automation equipment, Transmission & Distribution, Wires/Ducting Systems နှင့် ဆက်စပ်ပစ္စည်းများကို လာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ(ကုန်စည်ပြပွဲ)**

# ငရုတ်သီးနဲ့မှုန့်များမှာ ကျန်းမာရေးထိခိုက်စေနိုင်တဲ့ ဆိုးဆေးများ အသုံးပြုခြင်းရှိမရှိ၊ လတ်ဆတ်မှုရှိမရှိ ဦးစားပေးစစ်ဆေးသွားမည်

စားသောက်ကုန်များကြောင့် ကျန်းမာရေးထိခိုက်မှုမရှိစေရန် စစ်ဆေး မှုများကို အရှိန်မြှင့်ပြီး ရန်ကုန်မြို့တွင်းရှိ အသေးစားနဲ့ အလတ်စားဈေးများမှာ တစ်ပတ်နှစ်ကြိမ်နှုန်းနဲ့ ဆောင်ရွက် သွားမယ်လို့ သတင်းရရှိပါတယ်။

မြို့နယ်အဆင့်ဈေးများကို အဓိက ထားစစ်ဆေးသွားမယ်၊ ငရုတ်သီးနဲ့ မှုန့်များမှာ ကျန်းမာရေး ထိခိုက်စေနိုင် တဲ့ ဆိုးဆေးများ အသုံးပြုခြင်းရှိမရှိ၊ စား သောက်ကုန်များလတ်ဆတ်မှုရှိမရှိကို ဦးစားပေးစစ်ဆေးသွားမယ်၊ ကျန်းမာရေးနဲ့မညီတဲ့ စားသောက်ကုန်တွေ ရောင်းတာတွေ့ရင် သိမ်းဆည်းပြီး ဒဏ်ရိုက်ခြင်း၊ ပထမဆုံးအကြိမ် ရောင်းတာဆိုရင်တော့ သတိပေးခြင်းကို ပြုလုပ်မယ်လို့ သိရပါတယ်။

ဈေးအကြီးစားများကိုတော့ လတ်တလော စစ်ဆေးနိုင်မှာမဟုတ်သေးသော်လည်း ကျန်းမာရေးဦးစီးဌာန FDA နဲ့ပူးပေါင်းကာ စီမံချက်များချမှတ်ပြီး စစ်ဆေးရေးဆောင်ရွက်သွားမယ်လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနက ထုတ်ပြန်ထားပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ စားသောက်ကုန်များ၊ ဆေးဝါးများ၊အလှ ကုန်များကိုလည်း သုံးစွဲရန်သင့်မသင့်ကို စစ်ဆေးပေးခြင်း၊ ပြည်သူအများသိရှိ စေရန် စားသုံးရန်မသင့်သော ကုန်စည် များကို နိုင်ငံပိုင်သတင်းစာများမှာ ထုတ်ပြန်ကြေညာပေးလျက်ရှိပါတယ်။ **MIRT**

## လမ်းဘေး၌ စုပုံထားတဲ့ သစ်ခွဲသားမျိုးစုံကို မန္တလေးမိုဘိုင်းတင်းမ် လှုပ်ရှားအဖွဲ့မှစစ်ဆေးတွေ့ရှိ

မိုးကုတ်-မတ္တရာ-မန္တလေးကုန်းလမ်းကြောင်း မတ္တရာမြို့အဝင်လမ်းဆုံ၌ မိုဘိုင်းတင်းမ်လှုပ်ရှားအဖွဲ့တာဝန်များ ထမ်းဆောင်နေတဲ့ ညွှန်ကြားရေးမှူးဦးစီးတဲ့ မန္တလေးလှုပ်ရှားအဖွဲ့သည် သတင်းအရ ရှာဖွေရာ မတ္တရာမြို့ ပန်းယျ ရှောင်ကွင်း လမ်းဝဲကြီးကျေးရွာ ဘုန်းကြီးကျောင်းအနီးလမ်းဘေး၌ စုပုံထားတဲ့ ပိတောက်ခွဲသားဆိုဒ်စုံ ၂၃ ချောင်း၊ ပျဉ်းကတိုးခွဲသားဆိုဒ်စုံ ၄၄ ချောင်း ၊ တမလန်း ခါးရှေတုံး ၃၆ တုံးကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။စစ်ဆေးတွေ့ရှိ သစ်ခွဲသား ဆိုဒ်စုံရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၃၆ ဒသမ ၅၈၉ သိန်းဖိုးခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာ မတ္တရာမြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်း အပ်နှံပြီးဖြစ်ပါတယ်။

**MIRT**

## ကျပ်သိန်း ၃၀ ကျော် တန်ဖိုးရှိ အချိုရည်နဲ့ ဘီယာများ လရ-၂ မှသိမ်းဆည်း

ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၃၀ ဒသမ ၅၅ တန်ဖိုးရှိ ကျွဲရိုင်းအချိုရည် ၂၅ ဖာ၊ လစ်ပိုအားဖြည့်အချိုရည် ၁၅ ဖာ၊ ကိုကာကိုလာ ၅၀ ဖာ၊ စင်ဂါး ဘီယာ ၃၀ ကတ်၊ ဘီယာချန်း ၉၆ ကတ်ကို အောက်တိုဘာလ ၂ ရက်မှ ၂၀ ရက်ထိ ကာလအတွင်း ခရီးသည်တင် မှန်လုံယာဉ်၊ ဟိုင်းလပ်ယာဉ်များ ပေါ်မှ အကောက်ခွန်မဲ့ သယ်ဆောင်လာသဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်ခါးရှည်ယာယီအခြေပြုမိုဘိုင်းအဖွဲ့က သိမ်းဆည်းခဲ့ပြီး လုပ်ထုံး လုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် ဆောင်ရွက်ထားတယ်လို့ သတင်း ရရှိပါတယ်။

**MIRT**

## ကျပ် ၁၂ သိန်းတန်ဖိုးရှိ စားသုံးရန်မသင့်သည့် အေးခဲအသားများ မီးရှို့ဖျက်ဆီး

ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း) မိုဘိုင်းအဖွဲ့က စားသုံးရန် မသင့်တဲ့ အေးခဲကြက်သား၊ ကြက်သားလုံး၊ ကြက်သားချောင်းနဲ့ ငါးစတဲ့ အေးခဲအသားမျိုးစုံကို ဝမ်ကောင်းမွန်ကျေးရွာ အနီးမှာ မော်တော်ဆိုင်ကယ် နှစ်စီးပေါ်မှ စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ စားသုံးရန်သင့်ကြောင်း ထောက်ခံချက် (Fit Certificate) မပါတဲ့ တစ်ဖက်နိုင်ငံထုတ် ခန့်မှန်းတန်ဖိုးကျပ် ၁၂ သိန်းတန်ဖိုးရှိ ပီနံအိတ်ခြောက်လုံးအတွင်း ထည့်သွင်း သယ်ဆောင်လာတဲ့အေးခဲအသားစုံကီလိုဂရမ် ၅၀၀ကို အဖွဲ့စုံနဲ့ ဖွင့်ဖောက်စစ်ဆေးပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်လှစ်သိမ်းဆည်းခဲ့ပြီးနောက် ဝမ်ကောင်းမွန် ကျေးရွာ မိုဘိုင်းစစ်ဆေး ရေးဂိတ်အနီးမှာ မီးရှို့ဖျက်ဆီးမှုကို အောက်တိုဘာလ ၁၉ ရက်နေ့က ပြုလုပ်ခဲ့တယ်လို့သတင်း ရရှိပါတယ်။

**MIRT**

## မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၇ ရက်မှ ၂၃ ရက်တာကာလ အတွင်း ကန်ဒေါ်လာ ၅ ဒသမ ၅၈၀ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၅၆၆၅ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၆၈၇ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၇၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ တန် ၈၀ ကျော်၊ ကဏန်း ၃၂ တန်ကျော်နဲ့ ပုစွန် ၃ တန်ကျော်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၄၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေး စခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၉၁၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ငါးမျိုးစုံ ၂၀၉၁ တန်ခန့်၊ ကင်းမွန် ၆၆ တန်ခန့်၊ အခြား ရေထွက်ပစ္စည်း ၉၆ တန်ခန့် ပုစွန် ၃ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ၄ တန်ခန့်၊ ကဏန်း ၁ တန်ကျော်နဲ့ ရေဘဝဲ ၅၁၁ ကီလိုခန့်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၁၇၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃ ဒသမ ၄၉၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၄၀၁ တန်ကျော်၊ ပုစွန် ၁၁၉ တန်ကျော်၊ငါးမှုန့် တန် ၇၂၀၊ကင်းမွန် အခွံချွတ် ၅၁ တန်ခန့် ကဏန်းပျော့တန် ၂၀ ကျော်၊အေးခဲအသားလွှာ ၄၈ တန်၊ ကဏန်းနီ ၁၄ တန်ကျော်၊ငါးခြောက် ၄ တန်ကျော်၊ပုစွန်ခြောက် ၂ တန်ကျော်၊ ကင်းမွန် ၅ တန်ကျော်နဲ့ သဲကဏန်း ၃၄၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၆၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

■

## သွင်းကုန်ကြေညာလွှာမဲ့နဲ့ သွင်းကုန်ကြေညာလွှာထက်ပိုမိုတင်ဆောင်လာတဲ့ အကောက်ခွန်မဲ့ပစ္စည်းများကို တာချီလိတ်လှုပ်ရှားအဖွဲ့မှ စစ်ဆေးတွေ့ရှိ

တာချီလိတ်ကုန်သွယ်ရေးစခန်းထုတ်နုတ်အင်အား မိုဘိုင်းတင်းမ်လှုပ်ရှားအဖွဲ့သည် မြေပြင်သတင်းများအရ စားသောက်ကုန်ပစ္စည်းများတင်ဆောင်လာတဲ့ နစ်ဆန်းကင်တာ အမျိုးအစား ခြောက်ဘီး ကုန်တင်ယာဉ်အား အောက်တိုဘာလ ၁၉ ရက် ၀၈း၃၀ ချိန်တွင် ဝမ်ကောင်းမွန်ကျေးရွာအနီးမှ စောင့်ဆိုင်းတားဆီး၍ မယ်ယန်း ကုန်သွယ်ရေးစခန်း ပို့ကုန်ယာဉ်စစ်ကွင်းသို့ ပြန်လည်မောင်းနှင်ခေါ်ယူပြီး အဖွဲ့စုံဖြင့် အသေးစိတ် စစ်ဆေးမှုများပြုလုပ်ရာ သွင်းကုန်ကြေညာလွှာမပါဘဲ တင်ဆောင်လာတဲ့ ခေါက်ဆွဲခြောက် ၉၄၅ ကီလိုဂရမ်နဲ့ သွင်းကုန်ကြေညာလွှာထက်ပိုမိုတင်ဆောင်လာတဲ့ အကောက်ခွန်မဲ့စားဆီ ၇၂၇၇ ကီလိုဂရမ် နဲ့ Layer cake 266 ကီလိုဂရမ် တို့အား သိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။ အဆိုပါစစ်ဆေးတွေ့ရှိ အကောက်ခွန်မဲ့ပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၀၄ ဒသမ ၅၃၀ သိန်းဖြစ်ပြီး အကောက်ခွန်မှုတွဲ ဖွင့်လှစ်သိမ်းဆည်းပြီး ဖြစ်ပါတယ်။

**MIRT**

## စားသုံးရန်မသင့်တဲ့ ပြည်ပနိုင်ငံထုတ် စားသောက်ကုန်များအား မီးရှို့ဖျက်ဆီး

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ထုတ်နုတ်အင်အားလှုပ်ရှားအဖွဲ့သည်အောက်တိုဘာလ ၂၀ ရက် ၁၅း၃၀ ချိန်တွင် ဂျီအိုင်အမြန်ယာဉ် 4I/xxxx ပေါ်မှ ပြည်ပနိုင်ငံလုပ် ကြက်အူချောင်း ၆ ဖာ၊ ကြက်ခြေထောက် ၃ ဖာ၊ အစပ်ချောင်း ၂ ဖာ၊ မုန့်ဖာ ၅ ဖာကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ယင်းနေ့ ၁၈း၂၀ ချိန်တွင်လည်း 9E/xxxx ဝင်းနားအမြန်ယာဉ်ပေါ်မှ ပြည်ပနိုင်ငံထုတ် အချိုရည်ဗူး ၃ ဖာ၊ ကြက်အူချောင်း ၄ ဖာ၊ အစပ်ချောင်း ၃ ဖာ၊ မုန့်ဖာ ၂ ဖာ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ပါတယ်။ ယာဉ်နှစ် စီးပေါ်မှ စစ်ဆေးတွေ့ရှိတဲ့ ပြည်ပနိုင်ငံထုတ် စားသောက်ကုန်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၂၈ သိန်းခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ စစ်ဆေးတွေ့ရှိ စားသောက်ကုန်များကို အများပြည်သူ စားသုံးရန် မသင့်တဲ့အတွက် ဌာနစုံပူးပေါင်းအဖွဲ့ ရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးပြီးဖြစ်ပါတယ်။

**MIRT**

## ရှားပါးတိရစ္ဆာန်စာရင်းဝင် ကြက်တူရွေးလိပ်နဲ့ သင်းခွေချပ်တို့အား တာချီလိတ်လှုပ်ရှားအဖွဲ့မှ စစ်ဆေးတွေ့ရှိ

တာချီလိတ်ကုန်သွယ်ရေးစခန်းထုတ်နုတ်အင်အားလှုပ်ရှားအဖွဲ့သည် တာချီလိတ်ကျိုင်းတုံ ကားလမ်းပေါ်ရှိ ဝမ်ကောင်းမွန်ကျေးရွာတစ်ဝိုက် ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ညနေပိုင်း မှောင်ရီပျိုးစချိန်တွင် မသင်္ကာဖွယ်ယာဉ်အချို့မောင်းနှင်သွားလာမှုများရှိနေကြောင်း မြေပြင်သတင်းအရ အောက်တိုဘာလ ၁၆ ရက် ၁၈း၂၀ နာရီချိန်တွင် တာချီလိတ်ဘက်မှ ကျိုင်းတုံဘက်သို့ မောင်းနှင်လာတဲ့ ဒိုင်နာယာဉ်အမှတ် 3G/xxxx ယာဉ်အား ရပ်တန့်စစ်ဆေးရာ အကောက်ခွန်မဲ့ တင်သွင်းလာတဲ့ စားသောက်ကုန်မျိုးစုံ၊ လျှပ်စစ်ဝါယာကြိုးခွေ၊ ဆိုင်ကယ်အပိုပစ္စည်း၊ အင်ဂျင်တိုင်နဲ့ကားအပိုပစ္စည်းများသယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ထပ်မံပြီး အဆိုပါပစ္စည်းများ အောက်မှ ဖုံးကွယ်သိုဝှက် သယ်ယူလာတဲ့ ကန့်သတ် တားမြစ်ထားတဲ့ရှားပါးတိရစ္ဆာန်စာရင်းဝင် ကြက်တူရွေးလိပ် ၁၈၈ ကောင်နဲ့ သင်းခွေချပ် ၃ ကောင်တို့ကို စစ်ဆေး တွေ့ရှိသဖြင့် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့တယ်လို့ သိရပါတယ်။အကောက်ခွန်မဲ့ သယ်ဆောင်လာတဲ့ ပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၆၄ ဒသမ ၆၀၀ ခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းပြီးဖြစ်ပါတယ်။

**MIRT**

## အိုင်ဒီထက်ပိုမိုတင်ဆောင်လာတဲ့ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများစစ်ဆေးတွေ့ရှိ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ထုတ်နုတ်အင်အားလှုပ်ရှားအဖွဲ့သည် အောက်တိုဘာလ ၁၄ ရက် ၁၀း၁၅ ချိန်တွင် ဂျူတီယာဉ်များကို စစ်ဆေးရာ ဂျူတီယာဉ်အမှတ် IG/xxxxx ပေါ်မှ အိုင်ဒီထက် ပိုမိုတင်ဆောင်လာတဲ့ ကင်ဘိုမော်တော်ဆိုင်ကယ်(ကာဘာမပါ) ၂ စီး၊ မော်တော်ဆိုင်ကယ်ဖရိန် ၃ ထုပ်၊ မော်တော်ဆိုင်ကယ်အင်ဂျင် ၃ လုံး၊ မော်တော်ဆိုင်ကယ်တာယာ ၃ ထုပ်တို့ကို စစ်ဆေးတွေ့ရှိ ခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ မော်တော်ဆိုင်ကယ်နဲ့ အပိုပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၂၁ ဒသမ ၂၀၀ သိန်းခန့်ဖြစ်ပြီး အကောက်ခွန် အမှုတွဲဖွင့်လှစ်ထားတယ်လို့သိရပါတယ်။

**MIRT**

## ကျပ် ၁၉ သိန်းခန့်တန်ဖိုးရှိ တိရစ္ဆာန်အစားအစာစုံနဲ့ ဆက်စပ်ပစ္စည်းများအားမိုဘိုင်းအဖွဲ့မှသိမ်းဆည်း

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်အနီးယာယီအခြေပြု၍ စစ်ဆေးရေးတာဝန် ထမ်းဆောင်နေသော မိုဘိုင်းအဖွဲ့ (လရ-၂) သည် အောက်တိုဘာလ ၂ ရက်မှ ၂၀ ရက်ထိ ကာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၁၈ ဒသမ ၉၉၅ သိန်း တန်ဖိုးရှိ ကြောင်စာ၊ ခွေးစာ၊ ငါးစာ၊ ကြက်စာ၊ ကြောင်ဆေး (ဗိုက်တာမင်)၊ ခွေးအမွှေးလိမ်းဆေး၊ အရိုးတုများကို သိမ်းဆည်းခဲ့ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲဖွင့် သိမ်းဆည်းထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

# မိုင်းလား ကျိုင်းတုံမှ ဝင်ရောက်လာတဲ့ သွင်းကုန် ယာဉ် နှစ်စီးပေါ်မှ ကျပ်သိန်း ၁၄၀၀ ကျော်တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများသိမ်းဆည်းရမိ

တာချီလိတ်ကုန်သွယ်ရေးစခန်း ထုတ်နုတ်အင်အား မိုဘိုင်းအဖွဲ့မှ အောက်တိုဘာလ ၂၃ ရက် နံနက်က မိုင်း လား-ကျိုင်းတုံမှ တာချီလိတ်သို့ မောင်းနှင်လာတဲ့ သွင်းကုန် ၁၂ ဘီး ယာဉ် လေးစီး အနက် သတင်းတင်းအရ ယာဉ် နှစ်စီးပေါ်မှ လိုင်စင်/သွင်းကုန်ကြေညာလွှာများမပါရှိဘဲ အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ အဝတ်အထည်များ၊ ကလေးတွန်းလှည်းစက်ဘီးများ၊ ဟင်းပေါင်းအိုးများ၊ ကလေးစီးကားများ၊ ဖုန်စုပ်စက်များအပါအဝင် ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၅၀၀ ကျော်တန်ဖိုးရှိ ပစ္စည်း ၂၆ မျိုး၊ ဂဏန်း ပေါင်းစက်များ၊ ဒီဗွီဒီစက်များ၊ ကင်မရာများ၊ ဒစ်ဂျစ်တယ် ဗွီဒီယို အသံဖမ်းစက်များ၊ စီစီတီဗွီ များ၊ကားကင်မရာများ၊ ရေပူရေအေး စက်များ၊ ရေနွေးအိတ်များ၊ ရီမုတ်ပါကားအသေးများ၊ မျိုးစေ့အိတ်များအပါအဝင်ပစ္စည်း ၂၅ မျိုး ကျပ်သိန်း ၇၀၀ ကျော်ခန့်အား စစ်ဆေးတွေ့ရှိခဲ့တဲ့အပြင် 2F/xxxx ပေါ်မှ အခွန်ပေးဆောင်ထားတာထက် ပိုမိုတင်ဆောင်လာတဲ့ ကျပ်သိန်း ၂၀၀ ကျော်တန်ဖိုးရှိ ဆံပင်ကောက်ရာမှာ အသုံးပြုတဲ့စက် (Iron Hair Processing Machine) ၂၅၀၀ ခုနဲ့မ-ကိုင် ဘေးလွယ်အိတ်၊လက်ကိုင်အိတ်အလုံး ၆၀၀လုံးကိုလည်း စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

အကောက်ခွန်ဦးစီးဌာနက ထုတ်ပေးထားတဲ့ သွင်းကုန်ကြေညာလွှာများပါရှိသော်လည်း သက်ဆိုင်ရာ အကောက်ခွန်ဦးစီးဌာနအနေနဲ့ သွင်းကုန်ကြေညာလွှာတစ်စောင်လျှင် ယာဉ်တစ်စီးကို ထုတ်ပေးရမှာဖြစ်သော်လည်း သွင်းကုန်ကြေညာလွှာ တစ်စောင်ကို ယာဉ် နှစ်စီးပူးတွဲ ရေးသား ထုတ်ပေးထားတဲ့ အတွက် ယာဉ်နှစ်စီးကို ရှောင်တခင်စစ်ဆေးရာမှ အကောက်ခွန်မဲ့ တင်ဆောင်လာသော ပစ္စည်းများနဲ့ အခွန်တိမ်းရှောင်၍ တရားမဝင်သယ်ဆောင်လာသော လူသုံးကုန်၊ အိမ်သုံးကုန်၊လျှပ်စစ်ပစ္စည်းများ ၅၁ မျိုး၊ ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၄၀၀ ကျော်အားလုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲဖွင့်လှစ်လျက်ရှိပါတယ်။ အကောက်ခွန်မဲ့ တင်ဆောင်လာသော ကုန်တင်ယာဉ် နှစ်စီးကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမယ်လို့ သတင်းရရှိပါတယ်။ **MIRT**

# တရားမဝင် သယ်ဆောင်လာသော ဂြိုလ်တုစလောင်းဗန်း၊ ထိပ်ဖူး၊ ဂြိုလ်တုရုပ်သံဖမ်းစက်နှင့် စလောင်းဒေါက်များ သိမ်းဆည်းရမိ




တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ ကွပ်ကဲမှုအောက်ရှိMobile Team အဖွဲ့များအနေဖြင့် တရားမဝင် ကုန်သွယ်မှုတားဆီးရေး၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် ၁၈း၃၅ နာရီအချိန်တွင် မူဆယ်ကုန်သွယ်ရေးဇုန်ရှိ မူဆယ်ထုတ်နုတ်အင်အား မိုဘိုင်းတင်းမ်မှ Asia World Toll Gate အနီးတွင် ယာဉ်အမှတ်၊ 9A/xxxx (Toyota) ယာဉ်အား တားဆီးစစ်ဆေးရာ အကောက်ခွန်မဲ့ တင်ဆောင်လာသော DVD Player များအပြင် ဂြိုလ်တုရုပ်သံဖမ်းစက် Satellite Receiver ၁၀ခု Antenna Cable ၄ ကီလို၊ Satellite Receiver Head ၁၀ခု၊ စုစုပေါင်း ခန့်မှန်း တန်ဖိုး ၂၂၅၀၀၀ ကျပ်အား စစ်ဆေးတွေ့ရှိသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန် အမှုတွဲ ဖွင့်လှစ် သိမ်း ဆည်း၍ မူဆယ်မြို့နယ်အကောက် ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ပါ သည်။

အလားတူ မြဝတီ-ရန်ကုန် လမ်းကြောင်းပေါ်ရှိ လှုပ်ရှား-၂ (ညောင်ခါးရှည်) Mobile Team မှ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ ၂၃း၁၀ နာရီအချိန်တွင် မြဝတီမှ ရန်ကုန်သို့ ထွက်ခွာလာသည့် မန္တလာထွန်းခရီးသည်တင် မှန်လုံယာဉ်ပေါ်မှ ခရီးသည်ပစ္စည်းများအတွင်း သိုဝှက်တင်ဆောင်လာသော ဂြိုလ်တုစလောင်းဗန်း ၁၀၀ ခု၊ စလောင်းဒေါက် ၉၀ခု၊ ဂြိုလ်တုရုပ်သံဖမ်းစက် PSI Satellite Receiver ၁၀၀ ခု၊ စလောင်းထိပ်ဖူး ၁၀၀ ခု၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ၃၁၈၀၀၀၀ ကျပ်တို့အား စစ်ဆေးတွေ့ရှိသဖြင့် လုပ်ထုံးလုပ်နည်းနှင့် အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်း၍ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် လှုပ်ရှား-၂(ညောင်ခါးရှည်) မိုဘိုင်း တင်းမ်အဖွဲ့မှ ရတနာစိုး ခရီးသည်တင် မှန်လုံယာဉ်အမှတ်၊ 4G/3481 ယာဉ်ပေါ်မှ PSI စလောင်း ၁၀ ခုနှင့် စလောင်းဒေါက် ၁၀၀ ခု၊ စုစုပေါင်းတန်ဖိုး ၂၀၀၀၀၀၀ ကျပ်အားလည်းကောင်း၊ အာကာသ ခရီးသည်တင်မှန်လုံယာဉ်အမှတ်၊ 6C/2180 ယာဉ်ပေါ်မှ PSI ဂြိုလ်တုစလောင်း ၁၀၀ ခု၊ ထိပ်ဖူး ၁၀၀ ခု၊ စလောင်းဒေါက် ၁၀၀ခု၊ ဂြိုလ်တုရုပ်သံဖမ်းစက် Satellite Receiver ၇၀ ခု၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ၃၇၀၀, ၀၀၀ ကျပ်တို့အား လည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်း၍ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိပါသည်။

■

# တရားမဝင် သယ်ဆောင်ရန် စုပုံထားတဲ့ ကျွန်းခုံတန်းရှည်များကို တာချီလိတ်လှုပ်ရှားနဲ့ သစ်တောဦးစီးပူးပေါင်းအဖွဲ့မှ စစ်ဆေးတွေ့ရှိ

တာချီလိတ်-မိုင်းဆတ်လမ်းကြောင်းပေါ်ရှိ လွယ်တော်ခမ်းနဲ့ ဝှေ့ရဲလှုပ်ရှားအဖွဲ့များ လုပ်ငန်းခွင်တွေ ရပ်ဆိုင်းထားစဉ် အကောက်ခွန်မဲ့ပစ္စည်းများ မိုင်းဆတ်ဘက်သို့ တရားမဝင်သယ်ဆောင်မှုများရှိနေကြောင်း မြေပြင်သတင်းအရ တာချီလိတ်လှုပ်ရှားအဖွဲ့နဲ့ တာချီလိတ်သစ်တောဦးစီးဌာနပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၁၂ ရက် ၀၉၃၀ ချိန်တွင် တာချီလိတ်မိုင်းဆတ်လမ်းကြောင်းအား ဝင်ရောက်စစ်ဆေးရာ တာချီလိတ်မှ သုံးမိုင်အကွာ ဟွေ့ရဲလွယ်တော်ခမ်းလမ်းဆုံတွင် တရားမဝင်သယ်ဆောင်ရန် စုပုံထားတဲ့ ကျွန်းခုံတန်းရှည် နှစ်လုံးအားပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ ကျွန်းခုံတန်းရှည် နှစ်လုံးရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၇ သိန်းခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ကာ တာချီလိတ်သစ်တော ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီးဖြစ်ပါတယ်။ **MIRT**

# ဆောင်းဘောက်စ်၊ ချန်းဘီယာနဲ့ ဟိုက်ဒရောလစ်ဆီများ သိမ်းဆည်းရမိ

တာချီလိတ်မှ ကျိုင်းတုံသို့ ထွက်ခွာလာတဲ့ ယာဉ်ငယ်များအား တာချီလိတ်လှုပ်ရှားအဖွဲ့သည် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဝမ်ကောင်းမွန်ကျေးရွာအနီး စစ်ဆေးမှုများအား ပြုလုပ်ခဲ့ရာ 8G/xxxx Probox ပေါ်မှ ဆောင်းဘောက်စ်စပီကာမပါ လေးခုနဲ့ 7G/xxxx တိုက်ဂါးပေါ်မှ ဟိုက်ဒရောလစ်ဆီ တစ်ဆယ့်ရှစ်လုံးကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ထပ်မံပြီး ယင်းနေ့ ၁၅း၄၅ ချိန်တွင် မယ်ယန်းကုန်သွယ်ရေးစခန်း ရှောင်ကွင်းလမ်းအတွင်း သတင်းအရ ဝင်ရောက်စစ်ဆေးရာ ၃ဟ/xxxx သုံးဘီးယာဉ်ပေါ်မှ (၁x၃၄) ၃၃၀ mml ကတ်ပါ ချန်းဘီယာ ၁၀၀ ဖာကို လည်း စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါ တယ်။ အဆိုပါ ယာဉ် သုံးစီးပေါ်မှ အကောက်ခွန်မဲ့ ပစ္စည်းများရဲ့ ခန့်မှန်း တန်ဖိုးမှာ ကျပ် ၂၀ ဒသမ ၃၀၀ သိန်း ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ် သိမ်းဆည်းပြီးဖြစ်ပါတယ်။

**MIRT**

# အထောက်အထားမပြနိုင်သော ယာဉ် ၂၆ စီးအား မိုဘိုင်းတင်းမ်လှုပ်ရှား ၂ အဖွဲ့ကတားဆီးရမိ

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းတွင် စစ်ဆေးရေး တာဝန်ထမ်းဆောင်နေသော မိုဘိုင်းအဖွဲ့သည် အောက်တိုဘာလ ၅ ရက်နေ့မှ ၂၀ ရက်နေ့ထိ ကာလအတွင်း ကျပ် ၁၇၂၀၅၀၀၀၀ တန်ဖိုး (ခန့်မှန်း)ရှိ ယာဉ် ၂၆ စီးအား စာရွက်စာတမ်းအထောက်အထား အမှန်အကန်များပြသနိုင်မှုမရှိခြင်း၊ အကောက်ခွန်မဲ့တရားမဝင် တင်သွင်းထားခြင်းတို့ကြောင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲ ဖွင့် သိမ်းဆည်းခဲ့တယ် လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိယာဉ်များကတော့ Nissan Sunny တစ်စီး၊ Nissan Elgrand သုံးစီး၊ Nissan Terrono တစ်စီး၊ Honda Airwave တစ်စီး၊ Honda Fit သုံးစီး၊ Honda Odyssey တစ်စီး၊ Honda CRV တစ်စီး၊ Mazada တစ်စီး၊ Toyota Crown နှစ်စီး၊ Toyota Wish နှစ်စီး၊ Toyota Caldina တစ်စီး၊ Toyota Succed တစ်စီး၊ Toyota Mark II တစ်စီး၊ Toyota Probox တစ်စီး၊ Toyota Landcruiser တစ်စီး၊ Mitsubishi Airtruk တစ်စီး၊ Pajero တစ်စီး၊ Mitsubishi Chariot တစ်စီး၊ Issuzu တစ်စီး၊ Chevrolet Colonado တစ်စီးတို့ဖြစ်ကြပါတယ်။

**MIRT**

# အကောက်ခွန်သွင်းကုန်ကြေညာလွှာထက်ပိုမိုသယ်ဆောင်လာတဲ့ သကြား ၁၃ တန် ကျော်အား လရ–၂ အဖွဲ့မှ သိမ်းဆည်းရမိ

သွင်းကုန်ကြေညာလွှာထက် ပိုမိုသယ်ဆောင်လာတဲ့ သကြားအိတ် ၂၆၃အိတ် တန်ချိန်အားဖြင့် ၁၃ ဒသမ ၁၅၀ တန်ကို အောက်တိုဘာလ ၄ ရက်မှ ၂၂ ရက်ထိ ကာလအတွင်းမှာ လရ-၂ အဖွဲ့က သိမ်းဆည်း ရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ လရ-၂ အဖွဲ့ဟာ ထိုသကြားအိတ်များကို ခြောက်ကြိမ်တိုင် စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် ၈၄ ဒသမ ၁၆၀ သိန်းရှိတယ်လို့ သိရပါတယ်။ **MIRT**

# ထင်းများနဲ့ ဖုံးအုပ်ကာ သယ်ဆောင်လာတဲ့ ပဲနို့ရည်ကတ်များဖမ်းဆီးရမိ

အောက်တိုဘာလ ၂၁ ရက်နေ့က လရ-၂ မိုဘိုင်းတင်းမ်အဖွဲ့မှ ဝင်ရောက်စစ်ဆေးခံတဲ့ ခြောက်ဘီးယာဉ်တစ်စီးပေါ်မှာ ထင်းများနဲ့ ဖုံးအုပ်ကာ သိုဝှက်သယ်ဆောင်လာတဲ့ ပဲနို့ရည်ကတ် ၆၃၀ ကို စစ်ဆေးတွေ့ရှိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်သိမ်းဆည်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ ပဲနို့ရည် ကတ် ၆၃၀ ရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၂၂ ဒသမ ၁၅၀ သိန်းရှိတယ်လို့ သိရပါတယ်။ **MIRT**




# စီးပွားရေးလုပ်ငန်းတိုင်း ပြ
# ဦးတည်သည့်လုပ်ငန်းများပြ

ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် ကုန်စည်ထုတ်လုပ်သည်ဖြစ်စေ၊ ဝန်ဆောင်မှုပေးသည်ဖြစ်စေ နိုင်ငံတကာဈေးကွက်များတွင် ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့လာရောက်ကြသည့် နိုင်ငံခြားသားများကို ရောင်းချခြင်းတို့သည် ကုန်စည်ပို့ကုန်နှင့် ဝန်ဆောင်မှုပို့ကုန်များရောင်းချခြင်းပင်ဖြစ်သည်။ ထို့အတူ ပြည်တွင်းသို့လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြသည့် နိုင်ငံတကာလုပ်ငန်းကြီးများတွင် ဝင်ရောက်လုပ်ကိုင်နေသူများသည်လည်း နိုင်ငံခြားငွေရှာပေးနေသည့် ဝန်ဆောင်မှုပို့ကုန်ရှင်များပင် ဖြစ်သည်။

ယခုအခါ ကုန်စည်ပို့ကုန်ကဏ္ဍ သိသိသာသာတိုးတက်လာမှုကြောင့် ပို့ကုန်နှင့် ဆက်စပ်နေသည့် ထုတ်လုပ်မှုလမ်းကြောင်း (supply chain) တစ်လျှောက်ရှိ ပါဝင်သူများ အကျိုးပိုမိုရှိနေပြီဖြစ်သည်။ ဆိုလိုသည်မှာ လယ်ယာပို့ကုန်များဖြစ်သည့် ဆန်စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ ပြောင်းစသည်တို့ ယခင်ကထက် တိုးချဲ့တင်ပို့လာမှု ကြောင့် ကုန်သည်များသာမက သယ်ယူပို့ဆောင်သူ၊ ကြိတ်ခွဲသူ၊ သိုလှောင်သူနှင့် စိုက်ပျိုးသည့် လယ်သမားအထိပါ အကျိုးကျေးဇူး ပိုမိုရှိလာပြီဖြစ်သည်။ ထို့အတူ CMP အခြေခံ အထည်ချုပ်ပို့ကုန် များ တိုးချဲ့နိုင်သည့်အတွက် အထည်ချုပ်လုပ်ငန်းရှင်များ အကျိုးရှိသလို အလုပ်အကိုင်အများအပြား ဖန်တီးပေးနေမှုကြောင့် ဆင်းရဲမှုလျှော့ချရေးအတွက် အရေးပါနေခြင်းဖြစ်သည်။

ယခုအခါ ဒေသဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများ ယခင်ကထက် ပိုမိုကောင်းမွန်လာသလို မကြာခင်ပြီးစီးတော့မည့် လမ်းသစ်ကြီးများကြောင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများသာမက ဆက်စပ်နေသည့် နိုင်ငံများနှင့်ပါ စီးပွားရေး၊ လူမှုရေး ပေါင်းစည်းမှုများ အထူးတိုးတက်လာတော့မည် ဖြစ်သည်။ လမ်းသစ်များအနက် အာရှအရှေ့အနောက်လမ်းမ၊ တောင်ဘက်လမ်းမ၊ GMS နိုင်ငံများဆက်စပ်နေသည့် တရုတ်၊ ယူနန်၊ ကျောက်ဖြူလမ်း၊ တရုတ် မြန်မာ-အိန္ဒိယဆက်စပ်ပေးမည့် လမ်းမ၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း အကျုံးဝင်သည့် (trilateral road project) စသည်တို့ မကြာမီပေါ်ပေါက်လာတော့မည်ဖြစ်သည်။

အထူးသဖြင့် ဗန်ကောက်မှ ကော့ကရိတ်တောင်ဘက်စကြႋလမ်း မကြာမီပြီးစီးတော့မည်ဖြစ်ရာ လမ်းတစ်လျှောက် ထိုင်းနယ်စပ်နှင့် မြန်မာဘက်ပိုင်းတို့တွင် စက်ရုံ၊ အလုပ်ရုံများ သိသိသာသာ ထွန်းကားလာတော့မည်ဖြစ်သလို နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည်လည်း မြန်မာ၊ တရုတ်နိုင်ငံကဲ့သို့ တစ်ဟုန်ထိုး တိုးတက်လာတော့မည်ဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းသာ ပြီးစီးမည်ဆိုလျှင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့၏ ကုန်သွယ်မှုအတွက် အရေးပါသည့်အတွက် တစ်ဆင့်ခံ ကုန်သွယ်မှု ပြန်လည်ပို့ကုန် သွင်းကုန်များ ထွန်းကားလာမည်ဖြစ် သည်။ ထို့ပြင် ညီအစ်မမြို့များအဖြစ် မြဝတီ-မဲဆောက်ဖွံ့ဖြိုးမှု ပုံစံအသစ်အနေဖြင့် အထူးအရေးပါလာမည့်အပြင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအရ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများ အထူးတိုးတက်လာမည်ဖြစ်ပြီး လက်ရှိနှစ်စဉ် မြန်မာနိုင်ငံသို့ အများဆုံးဝင်ရောက်နေသည့် ထိုင်းလူမျိုးများ အဆိုပါ ဝင်ပေါက်မှ ယခုထက် ဆတိုးဝင်ရောက်လာတော့မည်ဖြစ်သည်။

ထို့အတူ မြန်မာရွှေ့ပြောင်းလုပ်သားများ အများဆုံးရှိနေသည့် ထိုင်းနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် မြဝတီ-မဲဆောက် ဂိတ်သည် ယခုထက် ပိုမိုဖွံ့ဖြိုးလာဦးမည်ဖြစ်ပြီး တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရေးနှင့် ပိုမိုအာမခံချက်ရှိရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် သဘောတူထားပြီးဖြစ်သည်။ တရုတ်နှင့် နယ်စပ်ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက် ကုန်သွယ်မှု တစ်နေ့တခြား တိုးပွားနေသည့်အတွက် လမ်းသစ်များဖော်ထုတ်ခြင်းနှင့် လက်ရှိလမ်းများတိုးချဲ့ခြင်းတို့ လုပ်ဆောင်နေမှုကြောင့် ယခုထက် ဘက်စုံပေါင်းစည်းမှုတိုးပွားလာမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်အကုန်တွင် ဖြစ်ပေါ်လာမည့် အာဆီယံစီးပွားရေး အသိုက်အဝန်းကြောင့်လည်း လွတ်လပ်စွာ ကုန်သွယ်မှု၊ ဝန်ဆောင်မှု၊ လုပ်သားရွှေ့ပြောင်းမှု၊ အရင်းအနှီးရွှေ့ ပြောင်းမှုတို့ ပိုမိုရှိလာမည်ဖြစ်၍ ပြည်တွင်းလုပ်ငန်းများနှင့် လူငယ်လူရွယ်များအတွက် အခွင့်အလမ်းများစွာ ပေါ်ပေါက်လာမည်ဖြစ် သည်။

ပြီးခဲ့သည့် နှစ် ၂၀၁၄ ခုနှစ်တွင် လာရောက်သည့် နိုင်ငံခြားခရီးသွားဦးရေ ၃ သန်းကျော်ရှိခဲ့ပြီး၊ ယခင်နှစ်ထက် ၁ သန်းပိုမိုဝင်ရောက်လာကြောင်းတွေ့ရသည်။ ယခုနှစ် ၂၀၁၅ တွင်လည်း အနည်းဆုံး ၄ သန်းခွဲမှ ၅ သန်းအထိတက်လာနိုင်ပြီး အကယ်၍ တောင်အာရှစကြႋသာ မျှော်မှန်းသည့်အတိုင်း ၂၀၁၅ နှစ်လယ်တွင် ပြီးခဲ့လျှင် အဆိုပါခန့်မှန်းချက်ထက် များမည်သာဖြစ်သည်။

ယခင်နှစ် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ US$ ၁ ဘီလီယံကျော်ဟု သိရပြီး၊ အမှန်တကယ်မူ ယခုထက်များစွာရရှိနိုင်သည့် အခွင့်အလမ်းများ ဖော်ထုတ်ရဦးမည်ဖြစ်သည်။ ဆိုလိုသည်မှာ ခရီးသွားများအတွက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများကို တိုးချဲ့နိုင်လျှင် အဆိုပါဝင်ငွေ အနည်းဆုံးနှစ်ဆမက တက်လာမည်ဖြစ်သည်။ သဘာဝအခြေခံလမ်းကြောင်းသစ်များ ဖော်ထုတ်ခြင်း၊ အပန်းဖြေစခန်းများ ဖွင့်လှစ်ခြင်း၊ ဒေသအစားအစာနှင့် ယဉ်ကျေးမှုများဖြင့် လာလည်စေရန် ဆွဲဆောင်မှုများပေးခြင်း၊ စင်ကာပူ၊ ဗန်ကောက်၊ ကွာလာလမ်ပူ၊ မနီလာ စသည့် မြို့ကြီးများကဲ့သို့ ညပိုင်းအပန်းဖြေစခန်းများလုပ်ဆောင်ခြင်း၊ ဒေသအလိုက် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် ဧည့်ခံခြင်းစသည်တို့ကို လုပ်ဆောင်ရန်လိုအပ်သလို ခရီးသွားများအတွက် ဘေးကင်းလုံခြုံမှုတို့လည်း အထူးဂရုစိုက်ရန် လိုပေသည်။ မြန်မာနိုင်ငံအနေဖြင့် အဘက်ဘက်မှ ယုံကြည်မှုတည်ဆောက်နေရဆဲဖြစ်ရာ ခရီးသွားများနှင့်ပတ်သက်၍ တည်းခိုသည့်ဟိုတယ်၊ သယ်ယူပို့ဆောင်ရေး၊ အစား အသောက်များ၊ မှန်ကန်သည့် သတင်းအချက်ဖြန့်ဝေမှု၊ ဒေသထွက် လက်ဆောင်ပစ္စည်းများ ရောင်းချမှု စသည်တို့တွင် အရည်အသွေးပြည့်ဝမှု၊ မြင်သာထင်သာရှိမှု၊ ဖော်ရွေပွင့်လင်းမှု၊ ရိုးသားမှုတို့ အထူးလိုအပ်ပေသည်။ ဆိုလိုသည်မှာ နိုင်ငံတကာမှလာရောက်သော ခရီးသွားများအတွက် အရည်အသွေးမီသည့် ဝန်ဆောင်မှုလုပ်ငန်းများများများ လုပ်ဆောင်နိုင်လေ အကျိုးများ လေဖြစ်သည်။

အထူးသဖြင့် စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စသည့် နိုင်ငံများ လုပ်ဆောင်နေသည့် ဝန်ဆောင်မှုလုပ်ငန်း များ မြန်မာ့လုပ်ငန်းရှင်များနှင့် လူငယ်များအသေးစိတ်လေ့လာပြီး ပြန်လည်အသုံးချရတော့မည်ဖြစ်သည်။ ထို့အတွက်လည်း လုပ်ငန်းရှင်တိုင်း၊ လူငယ်တိုင်း နိုင်ငံတကာနှင့် ပေါင်းစည်းလုပ်ဆောင်နိုင်ရေး အထူးကြိုးစားရမည့်အချိန်ဖြစ်သည်။

## tcGit vrf;rsm;odatmifvkyf&atmif,l

ယခုအခါလုပ်ငန်းရှင်များအတွက်ရော လူငယ်များအတွက် စီးပွားရေးနှင့် ကြီးပွားတိုးတက်ရေးအခွင့်အလမ်းများစွာ ရှိနေပြီဖြစ်သည်။ သို့သော် အဆိုပါအခွင့်အလမ်းများ အပြည့်အဝ ရယူနိုင်ရေးအတွက် ဦးစွာအခွင့်အလမ်းများသိရှိအောင် ကြိုးစားရမည်ဖြစ်ပြီး၊ ဒုတိယအဆင့် အဆိုပါအခွင့်အလမ်းများရရှိအောင် လိုအပ်ချက်များ၊ ပြင်ဆင်ရမည့်အချက်များကို ပြည့်မီအောင် လုပ်ဆောင်နိုင်မှသာ ကြီးပွားတိုးတက်နိုင်မည်ဖြစ်သည်။ ယခုအခါ အခွင့်အလမ်းများစွာရှိသော်လည်း အသုံးပြုနိုင်သူ အနည်းငယ်မျှ သာရှိနေသေးသည်။

"မသိသူကျော်သွား သိသူဖော်စား" ဆိုသည့် ဆောင်ပုဒ်အတိုင်း အခွင့်အလမ်းကို သိအောင်လုပ်ရန် ကြိုးစားရမည်ဖြစ်သည်။ ဥပမာ



# ည်ပဈေးကွက် ဖြစ်လာစေရေး

| ဒေါက်တာမောင်အောင် |

အားဖြင့် ဂျပန်နိုင်ငံမှ အထူးကုန်သွယ်မှု ကင်းလွတ်ခွင့် (Generalized system of preference - GSP) ဟုခေါ် သည့် အထူးအခွင့်အရေးကို လယ်ယာကုန်စည် တော်တော်များများကိုပေးထားပြီး အခွန်အကောက် ကင်းလွတ်ခွင့်သာမက ကိုတာ သတ်မှတ်ချက်ပါ ကင်းလွတ်သောကြောင့် အခြားနိုင်ငံများထက် အခွင့်အရေးရရှိထားပြီး ဖြစ်သည်။ လယ်ယာကုန်စည်များအတွက် အာရှတွင် ဂျပန်ဈေးကွက်သည် ဈေးအကောင်းဆုံးဖြစ်ပြီး ဝယ်အား များပေသည်။ ဥပမာအားဖြင့် ဝဥခြောက်အမှုန့်ဆိုလျှင် တစ်တန်လျှင် ဒေါ်လာ သောင်းဂဏန်းရှိပြီး ဝယ်အားများသော်လည်း ယနေ့အထိ ဂျပန်သို့ အဆိုပါကုန်စည်တင်ပို့နိုင်သည့်ကုမ္ပဏီ တစ်ခုသာရှိပြီး တန်ချိန် အနည်းငယ်သာ တင်ပို့နိုင်သေးသည်။ ထို့အတွက်လည်း ယခင်က တရုတ်လုပ်ငန်းရှင်များ အဆိုပါကုန်စည်ကို ဂျပန်ဈေးကွက် သို့မြန်မာနိုင်ငံထုတ်ကုန် (Country of origin) ရရှိအောင် ကြိုးစားမှုများ ဖြစ်ပေါ်ခဲ့ဖူးသည်။ ယခုဆိုလျှင် ဥရောပသမဂ္ဂ ၏ GSP ကို ကုန်စည်တိုင်းအတွက် ပေးနေပြီဖြစ်သော်လည်း C.M.P အထည် ချုပ်နှင့် လယ်ယာကုန်စည်အချို့ကိုသာ အနည်းငယ် ပိုမိုတင်ပို့နိုင်သေးပြီး၊ ပေးသည့် အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်သေးသည်ကို တွေ့ရပေသည်။ ထို့အတွက် မည်သည့်လုပ်ငန်းလုပ်ဆောင်သည်ဖြစ်စေ အဆိုပါလုပ်ငန်းနှင့် ပတ်သက်သော နောက်ဆုံးသတင်းအချက်များ ရရှိအောင် လုပ်ဆောင်ရေးနှင့် အကောင်းဆုံး ပြန်လည်တုံ့ပြန်နိုင်ရေးတို့ကို မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်သည်။ အရေးကြီး သည်မှာ လုပ်ငန်းသေးသေး ကလေးလုပ်သည်ဖြစ်စေ တစ်ရက်ထက်တစ်ရက် ပိုမိုတိုးတက်လာစေရန် ကြိုးစားရမည်ဖြစ်သည်။ ယှဉ်ပြိုင်ရာတွင် အရည်အသွေးအရ လည်းကောင်း၊ ဈေးနှုန်းအရလည်းကောင်း၊ ပေးသည့်ဝန်ဆောင်မှုအရ လည်းကောင်း အခြားသူများထက် သာအောင် အစဉ်ကြိုးစားရမည် ဖြစ်သည်။

စီးပွားရေးလုပ်ငန်းတိုင်း ယခင်ကထက် ကြီးပွားတိုးတက်နိုင်ရန် အခွင့်အလမ်းကောင်းများ ဈေးကွက်များပွင့်လာပြီဖြစ်သည်။ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းတိုင်း ကြီးပွားတိုးတက်လိုလျှင် ယနေ့ပညာရှင်များ လမ်းညွှန်သည့်ဆောင်ပုဒ်မှာ "ပိုမိုလေ့လာ ပိုမိုကောင်းအောင် လုပ် -learn more, Serve better" ပင်ဖြစ်သည်။ လုပ်ငန်းရှင်တိုင်း အထူး အလေးထားရမည့်အချက်မှာ မိမိလုပ်ငန်း၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအား တစ်နေ့တခြားတိုးတက်လာရေးဖြစ်သည်။

## 21&mpkt qijrifh&nftaoG

### 21st Century-High quality

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ခုလုံးနှင့် အဘက်ဘက်မှ ပေါင်းစည်းမှု အရှိန်အဟုန်မြင့်မားလာမှုကြောင့် စီးပွားရေးလုပ်ငန်းတိုင်း၊ လူငယ်လူရွယ်တိုင်း ကမ္ဘာတစ်ခုလုံးနှင့် ချိတ်ဆက်လုပ်ဆောင်မှုမြှင့်တင်နိုင်မှသာ သိသာသည့် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ၂၁ ရာစု စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန် အဓိကဦးစားပေးလုပ်ဆောင်ရမည့်အချက်မှာ ကုန်ထုတ်လုပ်မှု (သို့မဟုတ်) ဝန်ဆောင်မှုများပေးရာတွင် အရည်အသွေးမြင့်မားမှုရှိမှသာ ယှဉ်ပြိုင်နိုင်မှုစွမ်းအား မြင့်မားမည်ဖြစ်ပြီး အောင်မြင်တိုးတက်မည်ဖြစ်သည်။

အရည်အသွေးမပြည့်ဝလျှင် စီးပွားရေးလုပ်ငန်းများ ရေရှည်ရပ်တည်ရန်မဖြစ်နိုင်ပေ။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ထွန်းကားရန်များစွာ ရှိနေသေးပြီး အရည်အသွေးနှင့် ဝန်ဆောင်မှုကောင်းမွန်မှု၊ မြင်သာထင်သာရှိမှု၊ တိကျသေချာမှု၊ ယှဉ်ပြိုင်နိုင်သည့် ဈေးနှုန်းဖြစ်ပေါ် မှုတို့ကို ဦးစားပေးရမည်ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် စားသုံးသူများ၏ကျေနပ်နှစ်သိမ့်မှု အများဆုံးဖြည့်စွမ်းပေးရေး ဟူသောဦးတည်ချက်ဖြင့် စားသုံးသူများ၏ ယုံကြည်မှုရရှိသည်အထိ လုပ်ဆောင်နိုင်မှသာ မိမိလုပ်ငန်း၏ နာမည်ကောင်း Brand name ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## wpfDrif tdkxmifpkwpfDrifwdkvuf&;

ဆင်းရဲမှုလျှော့ချရေးအတွက် နိုင်ငံတော်ပိုင်းမှ ထိရောက်သည့် ပေါ်လစီများလိုသလို နိုင်ငံသားတစ်ဦးချင်းစီ၏ အရည်အချင်းရှိမှုနှင့် ကြိုးစားအားထုတ်မှုအပေါ် များစွာတည်ပေသည်။ ဆင်းရဲခြင်းသံသရာ (Vicious cycle) ကျရောက်ရသည့် အခြေခံ အကြောင်းရင်းများအနက် ဝင်ငွေနည်းပါးခြင်း၊ စုဆောင်းမှု နိမ့်ကျခြင်း၊ ပညာအရည်အချင်းနှင့် တတ်ကျွမ်းမှုနိမ့်ကျခြင်း၊ မိသားစုဦးရေ များလွန်းခြင်း၊ ဝင်ငွေနှင့် အသုံးစရိတ် မလုံလောက်၍ ကြွေးသံသရာလည်ခြင်း၊ ဆင်းရဲ၍ မိသားစုဝင်များ ရရာအလုပ် ဝင်လုပ်ရခြင်း၊ ထွက်ပေါက်အဖြစ် တစ်လုံး၊ နှစ်လုံး၊ သုံးလုံး လောင်းကစားမှုများကြောင့် ပိုမိုဆင်းရဲစေခြင်း စသည့် အကြောင်းတရားများစွာရှိပေသည်။

ထို့အတွက် ဆင်းရဲမှုလျှော့ချရေးအတွက် လူတိုင်း၊ မိသားစုတိုင်း ဝင်ငွေပိုမိုရရှိရေး ကြိုးစားရမည်ဖြစ်သလို တစ်ဖက်မှလည်း လောင်းကစားမှုများ ရှောင်ရှားပြီး ချွေတာစုဆောင်းတတ်သည့်အကျင့်ပျိုးထောင်ရမည်ဖြစ်သည်။ ဝင်ငွေမြင့်မားသည့် အလုပ်အကိုင်များရရှိရေး အတွက် မိသားစုဝင်များ၏ စွမ်းဆောင်ရည် (Capacity) မြင့်မားရေးအတွက် လေ့လာသင်ယူမှု အားပေးရမည်ဖြစ်သည်။ ကျောင်းများသာမက ပြင်ပလက်တွေ့လုပ်ငန်းများနှင့် ပတ်သက်သည့် သက်မွေးပညာသင်တန်းများ ဦးစားပေးသင်ကြားလေ့လာရမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံအတွင်း၌လည်းကောင်း၊ အာဆီယံအပါအဝင် နိုင်ငံတကာ၌လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရှိလာပြီဖြစ်ရာ နယ်ပယ်တိုင်းတွင် ကျွမ်းကျင်မှုရှိလေ ဝင်ငွေမြင့်မားလေဖြစ်သည်။ လူတိုင်းကြီးပွားတိုးတက်ရေးအတွက် "ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်ကြံအားထုတ်ရမည်ဖြစ်သည်။ တိုးတက်လိုသူတိုင်း အချိန်ကို ကောင်းစွာအသုံးချနိုင်ရမည် ဖြစ်သည်။ အပျော်အပါး တတ်နိုင်သမျှ ရှောင်ရှားရမည်ဖြစ်ပြီး၊ ဘဝတိုးတက်ရေးအတွက် အသိနှင့် အတတ်ပညာ တိုးပွားရေးကို ဦးစားပေးရမည်ဖြစ်သည်။ မိမိလုပ်သမျှ "အကာနှင့် အနှစ်" ခွဲခြားနိုင်ရမည်ဖြစ်သည်။ ယခုအခါ လုပ်ငန်းသစ်များ၊ အလုပ်အကိုင်သစ်များ ကဏ္ဍတိုင်းရှိနေပြီ ဖြစ်သည်။ ထိုအခွင့်အလမ်းများ အပြည့်ဝဆုံးရယူသုံးစွဲနိုင်ရေး နိုင်ငံသားတိုင်း ကြိုးစားရမည်ဖြစ်သည်။

မိသားစုတိုင်း လုံလောက်သည့်ဝင်ငွေ မရသေးခင် "မိသားစုစီမံကိန်း" ချမှတ်ဆောင်ရွက်ရမည်ဖြစ်သလို မိသားစုတာဝန် ထမ်းဆောင်နိုင်ရန် လုံလောက်သည့် ဝင်ငွေနှင့် အရည်အချင်းရှိမှသာ အိမ်ရာထူထောင်ရမည်ဖြစ်သည်။ တစ်ဦးချင်း၏ အရည်အသွေး တိုးတက်မှုကို အခြေခံပြီး အိမ်ထောင်စုအဆင့်၊ ရပ်ကွက် ကျေးရွာ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးမှသည် နိုင်ငံတော်တစ်ခုလုံး အထိ တိုးတက်ကြီးပွားရေး ဆောင်ရွက်နိုင်လျှင် လက်ရှိမြန်မာ နိုင်ငံ၏ ထောင်စုနှစ်ဆင်းရဲမှု မျှော်မှန်းချက်ဖြစ်သည့် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်မည်ဖြစ်သလို ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ဖော်ဆောင်နိုင်မည် ဖြစ်ပေသည်။

> "
> မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ခုလုံးနှင့် အဘက်ဘက်မှ ပေါင်းစည်းမှု အရှိန်အဟုန်မြင့်မားလာမှုကြောင့် စီးပွားရေးလုပ်ငန်းတိုင်း၊ လူငယ်လူရွယ်တိုင်း ကမ္ဘာတစ်ခုလုံးနှင့် ချိတ်ဆက်လုပ်ဆောင်မှု မြှင့်တင်နိုင်မှသာ သိသာသည့် တိုးတက်မှုကို ဖော်ဆောင်နိုင်မည် ဖြစ်သည်။

## e0d;k

မြန်မာနိုင်ငံအတွက် လက်ရှိမြင့်မားသည့် ဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန် အခြားနိုင်ငံများကဲ့သို့ မိမိနိုင်ငံ၏ ကုန်စည်ပို့ကုန်နှင့် ဝန်ဆောင်မှုပို့ကုန်များ သိသိသာသာမြှင့်တင်နိုင်ရေး အထူးအရေးကြီးပေသည်။ ယခုအခါ မြန်မာနိုင်ငံ၏ ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အဘက်ဘက်မှ အခြေအနေကောင်းများလည်း ရှိနေပြီဖြစ်သည်။ ပို့ကုန်မြှင့်တင်ရေးလုပ်ဆောင်ရာတွင် နိုင်ငံတော်၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်လူရွယ်များ၊ မီဒီယာ များအားလုံး ပူးပေါင်းပါဝင်လုပ်ဆောင်မှု Multi-stakeholder approach ဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်သည်။ ဖော်ပြခဲ့သည့် အထက်ပါနည်းလမ်း (၄) ရပ်ဖြစ်သည့် လယ်သမားငယ်များအထိ အကျိုးကျေးဇူးရှိမည့် လယ်ယာပို့ကုန်တိုးတက်ထုတ်လုပ်မှု၊ လုပ်အားစူးစိုက်သုံး ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ထွန်းကားရေး၊ ရွှေ့ပြောင်းလုပ်သားအားပေးရေးနှင့် တရားဝင်လွှဲပြောင်းငွေများ ပိုမိုရရှိရေးနှင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းတိုင်းနှင့် လူငယ်လူရွယ်များ၊ နိုင်ငံတကာနှင့် ဆက်စပ်သည့် လုပ်ငန်းများနှင့် ပိုမိုပူးပေါင်းပါဝင်ချိတ်ဆက်ရေးတို့ကိုသာ တစ်ပြိုင်နက် အကောင်အထည်ဖော်နိုင်မည်ဆိုလျှင် MDG ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သည့် ဆင်းရဲမှုနှုန်းကို ၂၀၁၅ တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်မည်ဖြစ်သည်။ ထို့အပြင် အများပြည်သူ အကျိုးစီးပွားဖော်ဆောင်ပေးနိုင်သည့် စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးမှုကိုပါ အချိန်တိုအတွင်း မျှော်မှန်းနိုင်မည်ဖြစ်သည်။

## ပြောင်း



### မြန်မာ-တရုတ်နယ်စပ်မှ ပြောင်းတန်ချိန် သုံးသောင်းကျော်တင်ပို့

အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်း လေးခုမှ ကန်ဒေါ်လာ ၇ ဒသမ ၅၃၂ သန်းတန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ တန်ချိန် ၃၀၅၉၆ တန်ခွဲထိ တင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၂၆၈၀၀ တန်၊ လွယ်ဂျယ်မှ တန် ၃၅၀၀၊ ချင်းရွှေဟော်မှ ၂၆၆ တန်ခွဲနဲ့ ကန်ပိုက်တီးမှ တန် ၃၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ် က ဒီစခန်း၄ ခုမှ ပြောင်းဖူးစေ့ ၁၇၉၁၄ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်ရဲ့ ပြောင်းတင်ပို့မှုမှာ ၁၂၆၈၂ တန်ခွဲထိ ပိုမိုလာတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၀၂၉၀၆ ကျပ်ရှိရာမှ ယခုတစ်ပတ် ၃၀၉၆၈၁ ကျပ်သို့ ဈေးမြင့်တက်လာခဲ့ပါတယ်။ အစိုဓာတ်ကင်းသွားလို့ ပြောင်းဈေးတွေပိုရတာလို့ မူဆယ်ကုန်စည်ဒိုင်မှ ပြောင်းကုန်သည်တစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

### တောင်ကြီးဈေးကွက်သို့ ပြောင်းသစ်ဝင်

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ပြောင်းအသစ်တွေ ဝင်လာပါပြီ။ ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ မြို့နယ်တွေမှာ ပြောင်း စိုက်ဧကလည်း များသလို၊ အထွက်နှုန်းလည်း များပါတယ်။ မိုးကလည်းသိပ်ပြီး မပြတ်သေးတာကြောင့် ပြောင်း အခြောက်လည်း နည်းနေပါသေးတယ်။ လက်ကျန်ပြောင်းတွေကတော့ မရှိသလောက် ဖြစ်သွားပါပြီ။ ဒီနှစ်ထွက်တဲ့ပြောင်းကို တိရစ္ဆာန်အစာစပ်သမားတွေသာ အဝယ်ရှိနေပြီး၊ ရန်ကုန်၊ မန္တလေးဝယ်လက်တွေ ကတော့ သိပ်ပြီးမဝယ်ကြသေးပါဘူး။

အဝင်များလာတယ်ဆိုပေမယ့် သီတင်းကျွတ်မှသာပိုပြီး အဝင်လှိုင်လာမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ နေကောင်းကောင်း ပူလာရင်တော့ ဒီထက်ပိုပြီး ဝင်လာနိုင်မှာပါ။ အခုချိန်ထိတော့ မိုးကမပြတ်သေးတာကြောင့် ပြောင်းတွေမှာလည်း အစိုဓာတ်တွေရှိနေသေးတယ်လို့ သိရပါတယ်။ မြနဒီအခြောက်ခံစက်ကတော့ ပြောင်းစိုတွေကို တစ်ပိဿာ ၂၅၀ ကျပ်၊ ၂၇၀ ကျပ်ခန့်နဲ့ဝယ်ယူပြီး အခြောက်ခံပေးနေပါတယ်။

အခုလောလောဆယ်မှာ ရှမ်းပြည်နယ်တောင်ပိုင်းကထွက်တဲ့ ပြောင်းတွေကိုတော့ တိရစ္ဆာန်အစာစပ်စက်ရုံတွေကသာ ဝယ်ယူနေပြီး ရန်ကုန်၊ မန္တလေး၊ မူဆယ်ဝယ်လက်ကတော့ ဝယ်ယူမှုနည်းနေပါသေးတယ်။ မူဆယ်ဝယ်လက်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်းကထွက်တဲ့ ပြောင်းတွေကို စရိတ်သက်သာလို့ ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။

CP ကုမ္ပဏီက ဒီနှစ်မှာ တန်ချိန် နှစ်သောင်းခန့်ဝယ်ယူဖို့ လျာထားတယ်လို့ တာဝန်ရှိသူတစ်ဦးထံမှသိရှိရပါတယ်။ ဒီတစ်ပတ်တောင်ကြီးဈေးကွက်မှာ ပြောင်းတစ်ပိဿာပေါက်ဈေးက ၃၉၀ ကျပ်၊ ၃၉၅ ကျပ်ဈေးရှိပါတယ်။ CP ကုမ္ပဏီက ဝယ်ယူတဲ့ ပြောင်းသန့်ခြောက်ကတော့ တစ်ပိဿာ ၄၄၀ ကျပ်ဈေးပေါက်တယ်လို့ သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## သကြား

### တရုတ်နိုင်ငံသို့ သကြားဖြူ တန်သုံးသောင်းကျော်တင်ပို့

အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်တာကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဖက် တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၁၉ ဒသမ ၈၉၇ သန်းတန်ဖိုးရှိသကြားဖြူ ၃၃၂၆၉ တန်ကျော်တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်ထက် သကြားဖြူ ၁၅၀၆၆ တန်ကျော် ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံတွင် ရာသီဥတုကြောင့် ကြံစိုက်ပျိုးနိုင်မှု လျော့ကျသဖြင့် သကြားများ အဝယ်လိုက်နေတာကြောင့် မူဆယ်စခန်းမှ သကြားများအမြောက်အမြားတင်ပို့နိုင်တာဖြစ်ပါတယ်။

တရုတ်က ဈေးကောင်းပေးနေလို့ ကုန်သည်တွေကလည်း ရောင်းနေကြတာပါလို့ မူဆယ်နယ်စပ်မှ ကုန်သည်တစ်ဦးက ပြောပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ လက်လီသကြားဈေးက တစ်ပိဿာလျှင် ပေါက်ဈေး ၁၃၀၀-၁၃၅၀ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ ရော်ဘာတင်ပို့မှုလျော့ကျ

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့ထိကာလအတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၁၆၆ သန်းတန်ဖိုးရှိ ရော်ဘာ ၂၀၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မလေးရှား၊ စင်ကာပူနဲ့ တရုတ်နိုင်ငံတွေကို တင်ပို့တာဖြစ်ပြီး မလေးရှားနိုင်ငံသို့ RSS-3 တန် ၆၀၊ စင်ကာပူနိုင်ငံသို့ MSR-20 ၈၈ တန် ကျော်နဲ့ တရုတ်နိုင်ငံသို့ MSR-20 ၅၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက်တော့ ၄၁၁ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးတစ်တန်လျှင် ဒေါ်လာ ၅၀ ခန့်ဈေးကျလာပါတယ်။ ဒါ့ကြောင့် မြန်မာ့ရော်ဘာရဲ့ FOB ဈေးကိုလည်း ဒေါ်လာ ၅၀ ခန့်ဈေးချပြီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးကိုဖော်ပြပေးလိုက်ရပါတယ်။

| | | |
|---|---|---|
| **RSS12** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀ - ၁၀၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀ -၁၀၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၅၀ - ၉၅၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၇၀၀ - ၈၀၀** |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

### မြန်မာ-တရုတ်နယ်စပ်မှ ရော်ဘာတန်၅၀၀ ကျော်ပိုမိုတင်ပို့

မြန်မာ-တရုတ် ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်စခန်းများမှ အောက်တိုဘာလ ၁၇ ရက်နေ့မှ ၂၃ ရက်နေ့ထိ ကန်ဒေါ်လာ သုည ဒသမ ၈၀၄ သန်းဖိုးရှိ ရော်ဘာ ၇၂၅ တန် တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်မှ S RSS-3 ၆၁၄ တန် ကျော်နဲ့ RSS-5 ၁၅ တန်ကျော် ချင်းရွှေဟော်စခန်းမှ RSS-3 ၉၅ တန်တင်ပို့ခဲ့တာဖြစ်ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် တန် ၅၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေး အနည်းငယ်ကျသွားပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၆၉၃၆၈၇ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၆၈၆၉၂၆ ကျပ်ကို ကျလာတာ ဖြစ်ပါတယ်။ ယမန်နှစ် ကာလတူဈေးကတော့ RSS-3 တစ်တန်ကို ၁၄၅၆၇၁၃ ကျပ်ဖြစ်ပါတယ်။

မြန်မာ့ရော်ဘာများ၊ ကမ္ဘာ့ရော်ဘာဈေးနဲ့ တန်းတူဈေးကောင်းရရှိစေရန် ပြည်တွင်းက ရော်ဘာလုပ်ငန်းရှင်တွေရဲ့ လိုအပ်ချက်ကို ကူညီပံ့ပိုးပေးရန် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနဲ့ ဂျပန်နိုင်ငံ ရော်ဘာကုန်သည်များအသင်း၊ဂျပန်နိုင်ငံ စက်မှုကုန်ချောထုတ်လုပ်သူများအသင်းတို့ပူးပေါင်းပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လှည်းကူးရှိ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနမှာ ရော်ဘာအရည်အသွေးစစ်ဆေးတဲ့ ဓာတ်ခွဲခန်းတစ်ခုကိုထားရှိပြီးဖြစ်ပါတယ်။ အဲဒီဓာတ်ခွဲခန်းကိုလည်း နိုင်ငံတကာရော်ဘာအသင်းရဲ့ ဓာတ်ခွဲခန်း အသိအမှတ်ပြုလက်မှတ်ရရှိအောင် ကြိုးပမ်းနေကြောင်း သိရှိရပါတယ်။

နိုင်ငံတကာ ရော်ဘာအသင်းရဲ့ ဓာတ်ခွဲခန်းအသိအမှတ်ပြုလက်မှတ်ရရှိပါက ယင်းဓာတ်ခွဲခန်းတွင် စမ်းသပ်ပြီး အသိအမှတ်ပြုလက်မှတ်ရရှိထားတဲ့ ရော်ဘာကုန်ကြမ်းများဟာ ကမ္ဘာ့ရော်ဘာပေါက်ဈေးအတိုင်း ရရှိနိုင်မှာဖြစ်တယ်လို့ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**ယဉ်ယဉ်အေး**

### ကမ္ဘာ့ရော်ဘာလက်အိတ်ဈေးကွက် တိုးတက်မယ်လို့ ခန့်မှန်း

ကမ္ဘာ့ရော်ဘာလက်အိတ်ဈေးကွက်က ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း နှစ်ထပ်တိုးနှုန်း (Conpound Annual Growth Rate - CAGR) ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်။

ကျန်းမာရေး စောင့်ရှောက်မှုအသုံးစရိတ် မြင့်မားလာခြင်း၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ခြိမ်းခြောက်မှုအန္တရာယ်တွေ တိုးပွားလာခြင်းနဲ့ ကျန်းမာသန့်ရှင်းရေး အသိပညာများ တိုးတက်လာခြင်း စတဲ့အချက်တွေက ဈေးကွက်ဖွံ့ဖြိုးလာစေမယ့် မောင်းနှင်အားတွေဖြစ်ခဲ့ပါတယ်။ နိုင်ငံခြားငွေဖလှယ်ရာမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ မြင့်တက်လာတဲ့ ကုန်ကျစရိတ်တွေနဲ့ ယှဉ်ပြိုင်မှုမြင့်မားလာတဲ့ ဈေးနှုန်းတွေက ဈေးကွက်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။ ဒေါ်လာတန်ဖိုး မြင့်တက်မှု၊ ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းမှု၊ လုပ်ငန်းအချင်းချင်း ပေါင်းစည်းမှုနဲ့ ရော်ဘာလက်အိတ် ထုတ်လုပ်ရေးကုမ္ပဏီတွေ ပိုမိုပေါင်းစည်း လာရမှု စတဲ့အချက်တွေကလည်း ဈေး ကွက်အတွက် စိန်ခေါ်မှုတွေ ဖြစ်ခဲ့ပါတယ်။

အာရှဈေးကွက်တွေက အလျင်မြန်ဆုံး တိုးတက်နေပေမယ့် အမေရိကန်ပြည်ထောင်စုက ရော်ဘာလက်အိတ်များအတွက် ဈေးကွက်ကြီးတစ်ခုအဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။ ကျန်းမာရေးအသိက အရေးပါလာတဲ့အတွက် အိန္ဒိယ၊ ပါကစ္စတန်နဲ့ တရုတ်နိုင်ငံတွေ အပါအဝင် အာရှဒေသမှာ ရော်ဘာ လက်အိတ်သုံးစွဲမှု မြင့်မားလာသလို အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပဒေသလို တခြားကမ္ဘာ့နေရာအနှံ့အပြားမှာလည်း သုံးစွဲမှုတိုးတက်လာတဲ့အတွက် ပို့ကုန်လုပ်ငန်းကိုလည်း မြင့်တင်ပေးနိုင်မယ့် အလားအလာရှိနိုင်ပါတယ်။ လောလောဆယ်မှာ ရော်ဘာ လက်အိတ် ထုတ်လုပ်မှု လုပ်ငန်းတွေမှာ နည်းပညာပြောင်းလဲမှုတွေ ဖြစ်နေတဲ့အတွက် စက်ရုံအများစုမှာ အလိုအလျောက်စနစ်တွေ အသုံးပြုလာပြီး လုပ်သား လိုအပ်ချက် လျှော့ချလာခဲ့ပါတယ်။ ဒါပေမယ့် လျှပ်စစ်၊ သဘာဝဓာတ်ငွေ့နဲ့ ရေရရှိရေး ကိစ္စတွေက သဘာဝရော်ဘာလက်အိတ် ထုတ်လုပ်ရေးအတွက်ရော ရော်ဘာလက်အိတ် ထုတ်လုပ်ရေးလုပ်ငန်းအတွက်ပါ အဓိက စိန်ခေါ်မှုတွေ ဖြစ်နေပါတယ်။

ရော်ဘာလက်အိတ် ထုတ်လုပ်မှုလုပ်ငန်းက အမျိုးအစားအလိုက် ကွဲပြားနေဆိုတာကို တွေ့ရပါတယ်။ အမျိုးအစားပေါ်မူတည်ပြီး သဘာဝရော်ဘာနဲ့ ရော်ဘာတုဆိုပြီး နှစ်မျိုးကွဲပြားပါတယ်။ ရော်ဘာလက်အိတ်ဈေး ကွက်မှာ မလေးရှားနိုင်ငံက အများဆုံးပေးသွင်းတဲ့နိုင်ငံဖြစ်ပြီး ကမ္ဘာ့ရော်ဘာ ဈေးကွက်ဝေစုရဲ့ သုံးပုံနှစ်ပုံကို ဖြန့်ဖြူး ပေးလျက်ရှိပါတယ်။

■

# ၂၀၁၅ခုနှစ် နှစ်စ၊ ရန်ကုန်တွင် ကြက်သွန်နီဈေး မကောင်းခဲ့သော်လည်း အောက်တိုဘာလတွင် ကြက်သွန်နီဈေးသိသာစွာ မြင့်မားလာ

ကျော်မြင့်

မြန်မာနိုင်ငံတွင်ကြက်သွန်နီကို စားဖိုဆောင်သီးနှံ (Culinary crop ) ဟုပြောဆိုကြပြီး ကမ္ဘာစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) က ကြက်သွန်နီကို ဟင်းသီးဟင်းရွက် ( Vegetables) အုပ်စုတွင် ပါဝင်သတ်မှတ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စာရင်းများအရ မြန်မာနိုင်ငံတွင် ကြက်သွန်နီကို စုစုပေါင်း ဧက ၁ ဒသမ ၉ သိန်းခန့် စိုက်ပျိုးပြီး စုစုပေါင်း စိုက်ဧက၏ ၅ ရာခိုင်နှုန်းကို မိုးစိုက်အဖြစ်စိုက်ပျိုးကာ ကျန်၉၅ ရာခိုင်နှုန်းကို ဆောင်းစိုက်အဖြစ်စိုက်ပျိုးကြသည်။

**ကြက်သွန်နီ စိုက်ပျိုးခြင်း။** ဆင်တဲဝချောင်း၊ ယင်းချောင်း၊ ပင်းချောင်း စသည့် သဲချောင်းများတွင်စိုက်ပျိုးသော ကြက်သွန်နီကို ချောင်းကြက်သွန်ဟုလည်းကောင်း၊ယာမြေများပေါ်တွင်စိုက်ပျိုးသော ကြက်သွန်နီကို ကုန်းကြက်သွန် ဟုလည်းကောင်း ခွဲခြားခေါ်ဝေါ်ကြ သည်။ ဒီဇင်ဘာ၊ ဇန်နဝါရီ တွင် စိုက်ပျိုးပြီး မတ်လနှင့် ဧပြီလ (သင်္ကြန်မတိုင်မီ) တူးဖော်ရိတ်သိမ်းသော ကြက်သွန်နီကို ဆောင်းကြက်သွန်ဟု ခေါ်ဝေါ်ကြသည်။ ရိတ်သိမ်းပြီး မေလမှ အောက်တိုဘာလအထိ သိုလှောင်၍ ဈေးကွက်သို့တင်ပို့ရောင်းချကြသည်။ သိုလှောင်စဉ်ကာလအတွင်း လေလွင့်ဆုံးရှုံးမှု(ပုပ်လာသောကြက်သွန်နီကိုဖယ်ရှားရခြင်း၊အညှောက်ပေါက်လာသော ကြက်သွန်နီများကို ဖယ်ရှားရခြင်း၊ ကြက်သွန်နီ အခွံကွာလာခြင်း) များကိုကြက်သွန်နီ သိုလှောင်သူများတွေ့ကြုံရသည်။ နိုဝင်ဘာလတွင် သိုလှောင်ထားသည့် ဆောင်းစိုက်ကြက်သွန်နီများ ဈေးကွက်သို့အဝင်နည်းသွားချိန်တွင် မိုးစိုက်ကြက်သွန်နီများ ဈေးကွက်သို့ ဝင်ရောက်လာသည်။ မိုးစိုက် ကြက်သွန်နီအရည်အသွေးမှာ သိုလှောင်နိုင်ခြင်း မရှိသဖြင့် ဈေးကွက်သို့ မြန်မြန်ဆန်ဆန်တင်ပို့ ရောင်းချရသည့် ကြက်သွန်နီ အမျိုးအစား ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆောင်းစိုက်ကြက်သွန်နီ အဖြစ်ဈေးကွက် သို့ အစောဆုံး ဝင်ရောက်သောကြက်သွန်နီမှာ မြစ်သားဒေသထွက် ကြက်သွန်နီအမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသည် ကြက်သွန်နီအများဆုံး စိုက်ပျိုးထွက်ရှိသည့် ဒေသဖြစ်သည်။

**ပြည်တွင်းဈေးကွက် ကြက်သွန်နီအရွယ်အစားခွဲခြားမှု။** ရန်ကုန် ဘုရင့်နောင် ဈေး ကွက် တွင် ကြက်သွန်နီ လက်ကားရောင်းချသူများသည် ကြက်သွန်နီ အရွယ်အစားပေါ် မူတည်ပြီး လေးမျိုးခွဲခြားကြသည်။အရွယ်အစား ၂-၃ စင်တီမီတာ ကြက်သွန်နီကို ကြက်သွန်နီ အလတ်ချော၊ အရွယ်အစား ၂ဒသမ၅-၃ စင်တီမီတာ ကြက်သွန်နီကို ကြက်သွန်နီအလတ်သန့်၊ အရွယ်အစား ၃-၄ စင်တီမီတာ ကြက်သွန်နီကို ကြက်သွန်အကြီး အရွယ်အစား ၄ စင်တီမီတာနှင့် အထက် ကြက်သွန်နီကို ဟိုတယ်သုံး (ကြက်သွန်နီအရွယ်အစားအကြီးဆုံး) ဟု ခွဲခြားရောင်းဝယ်ကြသည်။

ပုံ-၁။ကြက်သွန်နီအသေး
(၂-၃စင်တီမီတာအရွယ်အစား)



ပုံ၂။ကြက်သွန်နီအလတ် (၂. ၅-၃စင်တီမီတာအရွယ် အစား)



ပုံ၃။ကြက်သွန်နီအကြီး (၃-၄စင်တီမီတာအရွယ် အစား)



ပုံ၄။ ကြက်သွန်နီအကြီးဆုံး (၄စင်တီမီတာနှင့်အထက်အရွယ် အစား)



**ပြည်တွင်းဈေးကွက်ကြက်သွန်နီဈေး။** ဆောင်းစိုက်ကြက်သွန်နီဈေးကွက်သို့ စတင်ဝင်ရောက်လာသည့် မတ်လနှင့် ဧပြီလတွင်လည်းကောင်း၊ မိုးစိုက်ကြက်သွန်နီဈေးကွက်သို့ စတင်ဝင်ရောက်လာသည့်နိုဝင်ဘာနှင့်ဒီဇင်ဘာလတွင်လည်းကောင်း ကြက်သွန်နီဈေးကျသည်။

၂၀၁၅ ခုနှစ်မတ်လတွင်ကြက်သွန်နီအသစ် (New supplies) များဈေးကွက်သို့ ဝင်ရောက်လာသဖြင့် ကြက်သွန်နီ ဈေး ကျ (fall in onion price ) လာသည်။ ရန်ကုန် ဘုရင့်နောင်လက်ကားဈေးတွင် ၂၀၁၅ ခုနှစ်ဇန်နဝါရီ၊ဖေဖော်ဝါရီ၊ မတ်လတွင်ဖြစ်ပေါ်သော ကြက်သွန်နီဈေးသည် ၂၀၁၃ခုနှစ်နှင့်၂၀၁၄ ခုနှစ်ဇန်နဝါရီ၊ဖေဖော်ဝါရီ၊ မတ်လဈေးအောက်သို့ ရောက်ရှိသွားသည့် အခြေအနေမျိုးဖြစ်ခဲ့သည်။ပုံ-၅မှ ပုံ-၇အထိ လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ ကြက်သွန်နီစိုက်ပျိုးသူများ စီးပွားရေးတွက်ခြေကိုက်မှုလျော့နည်းကျဆင်းသွားသည်ဟုသိရသည်။ မြန်မာ့ကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စီမံဆောင်ရွက်မှုရှိကြောင်း သိရသည်။

ပုံ-၅ ။ မြင်းခြံကြက်သွန်နီအလတ် အရွယ် အစား ရန်ကုန်ဘုရင့်နောင်တွင် ဖြစ်ပေါ်သည့်လအလိုက်ပျမ်းမျှ လက်ကားရောင်းဈေး (၂၀၁၃ ခုနှစ်)




ပုံ-၆ ။ မြင်းခြံကြက်သွန်နီအလတ် အရွယ်အစားရန်ကုန်ဘုရင့်နောင်တွင် ဖြစ်ပေါ်သည့်လအလိုက် ပျမ်းမျှလက်ကားရောင်းဈေး (၂၀၁၄ ခုနှစ်)




ပုံ-၇ ။ မြင်းခြံကြက်သွန်နီအလတ် အရွယ် အစား ရန်ကုန်ဘုရင့်နောင်တွင် ဖြစ်ပေါ်သည့်လအလိုက်ပျမ်းမျှ လက်ကားရောင်းဈေး (၂၀၁၅ ခုနှစ်)




ဇာစ်မြစ်၊ www.etrademyanmar.com

**ပုံ-၇ ကိုလေ့လာကြည့်ရှုပါ။** ၂၀၁၅ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပေါ်သော ကြက်သွန်နီပျမ်းမျှဈေးသည် တစ်ပိဿာ ၁၀၇၀ ကျပ်ထိအမြင့်ဆုံး ဖြစ်လာပြီး ၂၀၁၃ခုနှစ်နှင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပေါ်သောကြက်သွန်နီဈေးထက် သိသာစွာဈေးပိုမြင့်လာသည်ကိုတွေ့မြင်ရမည်ဖြစ်ပါသည်။( ပုံ-၅၊ ပုံ-၆ နှင့် ပုံ-၇ က နှိုင်းယှဉ်လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ ရန်ကုန် ဘုရင့်နောင်တွင် ကြက်သွန်နီဈေးမြင့်လာသောကြောင့် ကြက်သွန်နီစိုက်ပျိုးရာနယ်ဈေးကွက်များတွင်ပါ ကြက်သွန်နီဈေးမြင့်လာကြောင်းသိရှိရသည်။

ကြက်သွန်နီ လက်ကျန်နည်းသည့်ကာလဖြစ်သဖြင့် ဈေးမြင့်လာခြင်းဖြစ်ပြီး ကြက်သွန်နီအသစ်ဝင်ရောက်ချိန် နောက်ကျပါက ယခုဖြစ်ပေါ်သော ဈေးထက် ပိုမိုမြင့်လာနိုင်သည်ဟု ကြက်သွန်နီကုန်သည်များက ခန့်မှန်းကြသည်ဟုသိရှိရသည်။

# ကြို့ပင်ကောက်မြို့ မြို့မဈေးကြီးအတွင်း မုန့်မျိုးစုံဆိုင်များအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးကွင်းဆင်းဆောင်ရွက်

ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ကုန်များအား စားသုံးသူများ သုံးစွဲနိုင်ရေး ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ မြို့နယ်စည်ပင်သာယာဈေးနှင့် နယ်နိမိတ်အတွင်း ရောင်းချနေသော မုန့်ဈေးဆိုင်တန်းများအား ကြို့ပင်ကောက်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမြင့်ဦး၊ ဒုတိယဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ဝန်ထမ်းများက ဦးဆောင်ပြီး မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးမှူး ဦးအေးမြင့်နှင့် ဈေးတာဝန်ခံ ဦးအောင်ကျော်စိုး ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် မြို့မဈေးနှင့် မြို့ပေါ်ရှိမုန့်ဆိုင်များအား လှည့်လည်ကာ စားသုံးရန်မသင့်သော မုန့်များ၊ ဓာတုဆိုးဆေးပါဝင်သော မုန့်များနှင့်ရက်လွန်မုန့်များ ဈေးကွက်အတွင်း ရောင်းချမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေး၍ အသိပညာပေး ဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ယခုလို မျိုးပညာပေးဆွေးနွေးတဲ့အတွက် စားသုံးရန်မသင့်သော မုန့်များအကြောင်းကို သိရှိရ၍ မိမိလည်း စားသုံးသူ တစ်ယောက်ဖြစ်နေသောကြောင့် တစ်မျိုးသားလုံးကျန်းမာရေးကို ရှေးရှု၍ စားသုံးရန်မသင့်သော မုန့်များဆိုင်ပေါ် တင်မရောင်းချဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မုန့်ဆိုင်ပိုင်ရှင်တစ်ဦးက ပြန်လည်ပြောကြားခဲ့သည်ဟု သိရသည်။

စည်ပင်ဈေး တာဝန်ခံကလည်း ယခုကဲ့သို့ ပူးပေါင်းအဖွဲ့နှင့် ကွင်းဆင်းစစ်ဆေးရာတွင် အချိန်မရွေး ကူညီဖို့ အသင့်ရှိကြောင်း ပြောကြားခဲ့ပါသည်။

**ခိုင်ခိုင်ရီ၊မြင့်တင်/စားသုံး**

# စားသုံးသူအကာအကွယ်ပေးရေးဆုများကို ပေးအပ်နိုင်ရေး ဩစတြေးလျနိုင်ငံတွင် အမည်စာရင်းများလက်ခံ

The Western Australian Consumer Protection Awards 2016 ဆုများကို ပေးအပ်သွားရန် အမည်စာရင်းများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့ နောက်ဆုံးထား၍ ဩစတြေးလျနိုင်ငံက လက်ခံဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါဆုများကို ပေးအပ်ရခြင်းမှာ စားသုံးသူရေးရာကိစ္စများကို လူအများကအလေးထား သိမြင်လာအောင် စွမ်းဆောင်ပေးခဲ့ကြသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဒေသဆိုင်ရာအစိုးရများ၊ ဂျာနယ်လစ်များနှင့် မီဒီယာသမားများ၏ အောင်မြင်မှုကို အသိအမှတ်ပြု၍ ဆုချီးမြှင့်သည့်သဘောဖြင့်ပေးအပ်ခြင်း ဖြစ်ပါသည်။ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ၎င်းတို့၏ အမည်စာရင်းများကို ကိုယ်တိုင်ပေးအပ်နိုင်ကြောင်းလည်း ဆုပေးပွဲကို စီစဉ်ဆောင်ရွက်သူများ၏ ပြောကြားချက်အရ သိရှိရပါသည်။ ၂၀၁၅ ခုနှစ်တွင် 2015 Ronal Okley Award ဆုရရှိခဲ့သော Gosnells Community Legal Centre မှ အကြံပေးဖြစ်သူ Shirley Glover သည် ငွေရေးကြေးရေးကိစ္စများ၊ မြေယာငှားရမ်းမှု ကိစ္စများနှင့် ဥပဒေရေးရာကိစ္စများတွင် အခက်အခဲကြုံတွေ့နေရသူများကို ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့သူ ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်အတွက် Shirley Glover ကဲ့သို့လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွက် Fran Manuela ကိုလည်း ဆုချီးမြှင့်နိုင်ရေးအတွက် နောက်ဆုံးအမည်စာရင်းထဲတွင် ထည့်သွင်းထားကြောင်း ဆုပေးပွဲစီစဉ်ဆောင်ရွက်သူများမှ ပြောကြားခဲ့ပါသည်။

2015 Richard (Dick) Fletcher Award ဆုရရှိခဲ့သူသည်လည်း အကြံပေးအဖြစ်ဆောင်ရွက်ခဲ့သူ တစ်ဦးဖြစ်ပြီး ဤဆုအတွက် နောက်ဆုံးအမည်စာရင်းတွင် ပါဝင်ခဲ့သူတို့မှာ Consumer Credit Legal Service (WA) နှင့် Edmund Rice Centre Mirrabooka တို့မှ ကိုယ်စားလှယ်များဖြစ်ကြပါသည်။ ၂၀၁၅ ခုနှစ်တွင် ပွဲစီစဉ်ဆောင်ရွက်ခဲ့သူများ၏ ပြောကြားချက် အရ 2015 Richard (Dick) Fletcher Award ဆုရရှိခဲ့သူများနှင့် နောက်ဆုံးအမည်စာရင်းတွင် ပါဝင်ခဲ့သည့် အကြံပေး များသည် ဩစတြေးလျ နိုင်ငံအတွင်းတွင် နေထိုင်သော အစောင့်ရှောက်ခံယူရန် လိုအပ်နေသည့် ဆင်းရဲနွမ်းပါးသူသက်ကြီးရွယ်အို စားသုံးသူများအတွက် အသက်မွေးဝမ်းကျောင်းဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ အကြံပေးလုပ်ငန်းများကို လွတ်လပ်စွာ ထောက်ပံ့ကူညီ ခဲ့ကြပါသည်။

2015 Kidsafe WA Award Winner ဆုရရှိခဲ့သူသည် ဩစတြေးလျနိုင်ငံမြောက်ပိုင်းရှိ ရေလွှာလျှောစီးလုပ်ငန်းတွင် အသက်ကယ်သည့်လုပ်ငန်းကို ဆောင်ရွက်သည့် Surf Life Saving လုပ်ငန်းမှဖြစ်ကာ ယင်းဆုအတွက် နောက်ဆုံးအမည်စာရင်းတွင် ပါဝင်ခဲ့သူမှာလည်း Busselton မြို့မှ စကိတ်စီးလုပ်ငန်းတွင် စားသုံးသူများကိုကူညီစောင့်ရှောက်သည့် Safe to Skate လုပ်ငန်းမှဖြစ်ပါသည်။ Surf Life Saving လုပ်ငန်းသည် ဩစတြေးလျနိုင်ငံတွင် ပင်လယ်ကမ်းခြေ လုံခြုံစိတ်ချရမှုနှင့် စားသုံးသူ အလေးဂရုပြုမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

2015 Ruby Hutchison Award Winners ဆုရရှိခဲ့ကြသည့် Oliver Peterson နှင့် Scott Rollinson တို့အနက် Mr. Peterson မှာ စားသုံးသူရေးရာကိစ္စများနှင့် ပတ်သက်၍ သတင်းများ ကို A Current Affair and Nine News တွင် ရေးသားခဲ့သည့် သတင်းရေးသမားတစ်ဦးဖြစ်ပြီး Mr. Rollinson မှာ စားသုံးသူအရေးကိစ္စများကို ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတော်အဆင့်အစီအစဉ်များဖြစ် သော 720 ABC Perth's Drive Program မှတစ်ဆင့် ထုတ်လွှင့်ကြေညာခဲ့သည့် လုပ်ငန်းများကို လုပ်ကိုင်ခဲ့သော ထုတ်လုပ်သူတစ်ဦးဖြစ်ပါသည်။ အဆိုပါဆုအတွက် နောက်ဆုံးအမည်စာရင်းတွင်ပါဝင်ခဲ့သူများမှာ Amy Bainbridge , Suzanne Dredge နှင့် Mark Gibson တို့ဖြစ်ကြပါသည်။ ယင်းဆုများကို ရရှိခဲ့သူများသည် ဆုကြေးငွေအဖြစ် ဒေါ်လာ ၂၅၀၀ စီရရှိခဲ့ကြပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**



# ဖျာပုံနှင့် ဒေးဒရဲမြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပပြုလုပ်

ဖျာပုံမြို့နယ် စက်စုချောင်းတွင်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း အမှတ် (၂၁) မှာ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၀ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အခမ်းအနားတွင် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်ဇင်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ ဒေသန္တရကျန်းမာရေးမှူး ဆရာမ ဒေါ်လဲ့ဝါဖြိုးက တစ်ကိုယ်ရေသန့်ရှင်းမှုရှိစေရေးနှင့် နေထိုင်ပုံအကြောင်းကိုလည်းကောင်း၊ စည်ပင်သာယာရေးမှ ဒုတိယဦးစီးမှူး ဒေါ်သက်သက်ကြူက ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော အစားအသောက်များ သန့်ရှင်းစေရေးနှင့် ပတ်ဝန်းကျင်ကောင်း ဖြစ်စေရေး အကြောင်းကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်း က အစားအသောက်များတွင် သုံးစွဲထားသော ခွင့်မပြုဆိုးဆေးနှင့် နောက်ဆက်တွဲ ဖြစ်တတ်သော ရောဂါများအကြောင်းကိုလည်းကောင်း အသီးသီးဟောပြောကြကာ လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း၊ အခမ်းအနားသို့ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဆရာ၊ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများနဲ့ ကျောင်းဈေးသည်များ စုစုပေါင်း ၁၅၂ ဦး တက်ရောက် ကြောင်းသိရပါတယ်။

ဒေးဒရဲမြို့နယ် ထောင်မှူးချောင်းကျေးရွာ လေးကုန်းအခြေခံပညာ မူလတန်းကျောင်းမှာ အောက်တိုဘာလ ၂၄ ရက်နေ့ကကျင်းပတဲ့ ဟောပြောပွဲတွင် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်လွင်လတ်က အဖွင့်အမှာစကားပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်က အစားအသောက်နဲ့ ပတ်သက်၍ စားသုံးသင့်သော အစားအစာနဲ့ စားသုံးရန် မသင့်တဲ့ အစားအစာများ အကြောင်းသိကောင်းစရာများကို ဟောပြောခဲ့ကြပါတယ်။ ထိုအခမ်းအနားသို့ ကျောင်းဆရာ/ဆရာမများနဲ့ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၈၀ တက်ရောက်ကြောင်း သတင်းရရှိပါတယ်။

ဖျာပုံခရိုင်တွင် မြို့နယ်အလိုက် ကျေးရွာ အ. မ. က ကျောင်းများသို့ ကွင်းဆင်းကာ စားသုံးသူ အကာအကွယ်ပေးရေးဟောပြောပွဲများ ကျင်းပပြုလုပ်လျက်ရှိရာ လာမည့်နိုဝင်ဘာလတွင် နှစ်ပွဲ၊ ဒီဇင်ဘာလတွင် လေးပွဲ ကျင်းပပြုလုပ်သွားရန် စီစဉ်ထားကြောင်းသိရပါတယ်။

**မင်းဇော်မွန် (ဖျာပုံ)**

# ကျွန်းလှမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများကျင်းပ

ပြည်သူကိုအချိန်စော၍ အသိပေးသည်နှင့် အမျှ အကြွေမစောသည့်လုပ်ငန်းကတော့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲများပင်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်မှ ကျေးရွာများရှိ အင်း ကောင်း ရွာ အ. လ. က (ခွဲ)၊ ကျီကုန်းရွာ၊ အ. လ. က (ခွဲ)၊ ရွာသီရွာ အ. လ. က (ခွဲ) များသို့ အောက်တိုဘာလ ၁၆ ရက်နေ့က သွားရောက်ပြီး ဟောပြောချိန် တစ်နာရီခန့်စီ ပြုလုပ်ခဲ့ကြပါသည်။ ဟောပြောပွဲကို ကျွန်းလှမြို့နယ် တာဝန်ခံ ဦးအောင်ကျော်မိုးနှင့် ကန့်ဘလူမြို့နယ် တာဝန်ခံ ဦးစောမောင်တို့ နှစ်မြို့နယ် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။ ဟောပြောခဲ့သည့် အကြောင်း အရာများမှာ စားသုံးဆီများကို ရွေးချယ်ဝယ်ယူစားသုံးကြရန်နှင့်အန္တရာယ်ရှိ စားသုံးဆီများအကြောင်း၊ ဟင်းချိုမှုန့် အစား အခြားအစားအစာများဖြင့် အစားထိုးအသုံးပြုကြရန်နှင့် ဟင်းချိုမှုန့်အန္တရာယ်အကြောင်း ၊ မြန်မာအစားအစာများကိုသာ အဓိကစားသောက်ရန် အန္တရာယ်ရှိ မုန့်များအကြောင်း၊ ကျေးလက် တောရွာများသို့ လာ ရောက်ပြီး မှုမမှန်သည့် ဝန်ဆောင်မှုများ လာရောက်ဆောင်ရွက် တတ်ကြပုံများအကြောင်း၊ ကွမ်းယာဆိုင်၊ ဆေးလိပ်အရောင်းဆိုင်တွေ ပလူပျံအောင် မည်မျှပင်ဖွင့်ရောင်းစေကာမူ ၎င်းတို့၏ ဆိုးကျိုးများကို သိဖို့လိုကြောင်း၊ သိလျှင် ကင်းအောင်နေနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဆိုးဆေးပါသော အစားအသောက်များ၏ အန္တရာယ်ကိုလည်း အကျယ်တဝင့် ဟောပြောခဲ့ကြပါတယ်။

ဟောပြောပွဲတွင် သက်ဆိုင်ရာ ကျောင်းများမှ ဆရာကြီး၊ ဆရာမကြီးများက အမှာစကား အသီးသီး ပြောကြားပေးခဲ့ကြပြီး ဆရာ၊ ဆရာမ ၃၀ ဦး၊ ကျောင်းသား ကျောင်းသူ ၅၄၉ ဦး၊ စုစုပေါင်း ၅၇၉ ဦး တက်ရောက်ခဲ့ကြပါသည်။

**စောမောင် ၊ ကန့်ဘလူ**

# မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ မိတ္ထီလာမြို့၊ အမှတ်( ၁ ) အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းကကျင်းပပြုလုပ်ခဲ့ပြီး စားသုံးသူပြည်သူများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရန် ရည်ရွယ်၍ စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များအရ လုံခြုံစိတ်ချရမှုရှိသော ကုန်ပစ္စည်းများနှင့် လုံခြုံစိတ်ချရမှု မရှိသော ကုန်ပစ္စည်းများကိုခွဲခြားပြသ၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲအခမ်းအနားတွင် ဌာနဆိုင်ရာများ၊ မိတ္ထီလာမြို့ပေါ်ရှိအခြေခံပညာ စာသင်ကျောင်း (ထက်၊လယ်)များမှ ဆရာ/ဆရာမများ၊ ကျောင်းသူ/သားများ စုစုပေါင်းအင်အား ၂၅၀ခန့်တက်ရောက်ခဲ့ကြပါသည်။ ဟောပြောဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အဖွင့်အမှာစကား ပြောကြားပြီး ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန(မန္တလေးတိုင်းဒေသကြီး)၊ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဆွေတင့်ကြူးက စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ စားသုံးသူများ ရွေးချယ်ဝယ်ယူ စားသုံးတတ်စေရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် စံချိန်စံညွှန်းမီ အရည်အသွေးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချစေရေးအသိပညာပေး ဟောပြောဆွေးနွေးခဲ့ ပါသည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မိမိတို့ဌာန၏ ဆောင်ရွက်နေပုံနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ထို့နောက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်က စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ အသင်း၏ဆောင်ရွက်နေပုံနှင့် စားသုံးသူပြည်သူများအနေဖြင့် ဆောင်ရန်ရှောင်ရန်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်နှင့်အညီ စံချိန်စံညွှန်းမီကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချစေရေး အသိပညာပေးဆွေးနွေးဟောပြောခဲ့ပါသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီးက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပရခြင်း၏ အကျိုးကျေးဇူးများကိုရှင်းလင်းဆွေးနွေး၍ ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကျောင်းမုန့်ဈေးတန်းတွင် လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်ပစ္စည်းများကို မရောင်းချစေရေး ပူးပေါင်းအဖွဲ့မှ ကြည့်ရှုစစ်ဆေးခဲ့ပြီး မုန့်ဈေးတန်းရောင်းချသူများအား ကျန်းမာရေးနှင့်ညီညွတ်၍ လုံခြုံစိတ်ချရမှုရှိသော စားသောက်ကုန်ပစ္စည်းများကိုသာ ရွေးချယ်ရောင်းချစေရန် အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ဇော်မင်း**
**စားသုံးသူ(မန္တလေး)**

# စားသုံးသူလိမ်လည်မှုများမှ အကာအကွယ်ပေးနိုင်ရန် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတွင် ဖိလစ်ပိုင်နိုင်ငံမှ ပါဝင်လုပ်ဆောင်



ဖိလစ်ပိုင်နိုင်ငံသည် စားသုံးသူအကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသည့် လိမ်လည်မှုများကို လျော့နည်းပပျောက်စေရန်ဆောင်ရွက်နေသော ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုတွင် ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့် စက်မှုဦးစီးဌာန၏ ပြောကြားချက်အရ ဖိလစ်ပိုင်နိုင်ငံသည် econsumer.gov ဝက်ဘ်ဆိုက်ကို လွှင့်တင်ရာတွင် အပြည်ပြည်ဆိုင်ရာ စားသုံးသူကာကွယ်ရေးနှင့်အရေးယူဆောင်ရွက်ရေးကွန်ရက်တွင် ပါဝင်သည့် နိုင်ငံပေါင်း ၃၃ နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ဝက်ဘ်ဆိုက်သည် နယ်နိမိတ်ဖြတ်ကျော်ပြီး ဆောင်ရွက်နေသော စားသုံးသူတိုင်တန်းမှုများနဲ့ ပတ်သက်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသော အာဏာပိုင်များက အချက်အလက်များ စုဆောင်းမျှဝေပြီး စုံစမ်းစစ်ဆေးမှုနှင့် အရေးယူမှုများ ပြုလုပ်ရာတွင် အထောက်အကူပေးလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံမှ စားသုံးသူများအနေဖြင့် အဆိုပါဝက်ဘ်ဆိုက်မှတစ်ဆင့် ဖိလစ်ပိုင်နိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံများ၌ဖြစ်စေ ဖြစ်ပွားသည့် အပြည်ပြည်ဆိုင်ရာ လိမ်လည်မှုများကို သတင်းပေးပို့နိုင်ပြီး အဆိုပါသတင်းအချက်အလက်များအား တစ်ကမ္ဘာလုံးရှိစားသုံးသူကာကွယ်ရေး အဖွဲ့အစည်းများထံသို့ သတင်းအချက်အလက်များပေးပို့ကာ လိမ်လည်မှုများကို လျော့နည်းပပျောက်စေရေးနှင့် ကာကွယ်နိုင်ရေးတို့အတွက် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ကုန်သွယ်မှုအစိုးရအရာထမ်းအကြီးအကဲတစ်ဦးဖြစ်သည့် Mr. Victorio Dimagiba က ပြောကြားခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ စားသုံးသူကာကွယ်ရေးနှင့် အရေးယူဆောင်ရွက်ရေးကွန်ရက်ကို ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအရာထမ်းများနှင့် ကွန်ရက်ချိတ်ဆက်ကာ နိုင်ငံဖြတ်ကျော်အရေးကိစ္စများဆိုင်ရာ သတင်းအချက်အလက်များကို ဖလှယ်ခြင်း၊ ဥပဒေအရအရေးယူဆောင်ရွက်သည့်အဖွဲ့အစည်းများတွင် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုနှင့် အရေးယူဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါသည်။ အာဆီယံနိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သာ အပြည်ပြည်ဆိုင်ရာ စားသုံးသူကာကွယ်ရေးနှင့် အရေးယူဆောင်ရွက်ရေး ကွန်ရက်၏ အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး အဆိုပါ နိုင်ငံနှစ်နိုင်ငံအနက် ဖိလစ်ပိုင်နိုင်ငံရှိ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှသာ စာရင်းအင်း အချက်အလက်များကို ရယူနိုင်ပါသည်။

ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် Database မှ တိုင်တန်းမှုများကို အသုံးပြု၍ နိုင်ငံဖြတ်ကျော် အရေးကိစ္စများကို စုံစမ်းစစ်ဆေးခြင်း၊ လိမ်လည်မှုအသစ်များကို ဖော်ထုတ်ခြင်း၊ ဥပဒေအရအရေးယူဆောင်ရွက်မှု လုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် စားသုံးသူအရေးကိစ္စအသစ်များကို ရှာဖွေဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် စားသုံးသူများအား ecommerce ဝက်ဘ်ဆိုက်မှတစ်ဆင့် အပြည်ပြည်ဆိုင်ရာလိမ်လည်မှုများကို သတင်းပေးပို့ရန်နှင့် အဆိုပါ လိမ်လည်မှုများကို ဖြေရှင်း ဆောင်ရွက်နိုင်ရန် စားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့အစည်းများအား အကူအညီပေး ရန် တိုက်တွန်း ပြောကြားလျက်ရှိပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် စားသုံးသူတိုင်တန်းမှုများသည်အဆိုပါဝက်ဘ်ဆိုက်မှတစ်ဆင့် ပိုမိုလုံခြုံစိတ်ချရသော စားသုံးသူတိုင်တန်းမှုDatabase အတွင်းသို့ရောက်ရှိပြီး အဖွဲ့ဝင်နိုင်ငံများရှိ ဥပဒေအရအရေးယူဆောင်ရွက်သူများနှင့် ကြီးကြပ်ထိန်းသိမ်းရေးအာဏာပိုင်များအကြားသတင်းအချက်အလက် မျှဝေခြင်းနှင့် အရေးယူဆောင်ရွက်ရန် စုံစမ်းစစ်ဆေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

# မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ဈေးများတွင် စားသုံးရန်၊ သုံးစွဲရန်မသင့် တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ၊ မရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကွင်းဆင်း စစ်ဆေး

မွန်ပြည်နယ်အတွင်းရှိ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းဝေးစေရန် မွန်ပြည်နယ် ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဦးချိုဝင်း၊ ဒုတိယဦးစီးမှူးဦးနေဇင်သက်၊ ခရိုင်ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူးဦးမျိုးလွင်၊ အငယ်တန်းစာရေး ဦးစည်သူတို့သည် မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင် (ဆေးဝါးနှင့်အလှကုန် တာဝန်ခံ)၊ ဦးစီးအရာရှိဒေါက်တာဖြူဖြူခင် (အစားအသောက်တာဝန်ခံ) နှင့် ဝန်ထမ်းများ၊ ဘီးလင်းမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတို့နှင့် ပူးပေါင်း၍ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဘီးလင်းမြို့နယ်ရှိ မြို့မဈေးနှင့် ကန်သာယာဈေးတို့တွင် စားသုံးရန်၊ သုံးစွဲရန်မသင့် တားမြစ်ကုန်စည်များ ရောင်းချနေခြင်း ရှိ၊ မရှိကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးရန်၊ သုံးစွဲရန်မသင့် တားမြစ်ကုန်စည်များဖြစ်သော အစားအသောက်တွင် xx ခေါက်ဆွဲခြောက် ၁၇၀ ထုပ်၊ xxxxx ချယ်ရီသီး ဘူးကြီး ၃၇ ဘူး၊ အသေး ၁၆၄ ဘူး၊ xxx စိမ်းစားငါးပိ ဘူးကြီး ၁၅ ဘူး၊ အသေး ၁၁ ဘူး၊ အထုပ် ၂ ထုပ်၊ အလှကုန်တွင် Polla Gold ၂ ဘူး၊ Polla Platinum ၈ ဘူး၊ Polla Melasma Cream ၃ ဘူးနှင့် ဆေးဝါးတွင် ရက်လွန်ဆေး ၉ မျိုး၊ မြန်မာဆေးအမည်ဖြင့် အင်္ဂလိပ်စပ်ဆေးများ၊ အကြောပြေ xxx New ၁၁၇၀ ထုပ်၊ xx အကြောပြေ အကိုက်အခဲ ပျောက်ဆေး ၇၉၀ ထုပ်၊ ချောင်းဆိုးပျောက်ဆေး ၁၀ ထုပ်၊ သုံးရာသီအကြောပြေ အကိုက်အခဲ ပျောက်ဆေး ၅၃၀ ထုပ်တို့အား စစ်ဆေးတွေ့ရှိရပါသဖြင့် ဘီးလင်းမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတို့မှ မွန်ပြည်နယ် အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနတွင် ထိန်းသိမ်းထားရှိရန် သိမ်းဆည်းခဲ့ပြီး ဈေးဆိုင်ပိုင်ရှင်များအား အဆိုပါ တားမြစ်ပစ္စည်းများ၏ ဘေးဥပဒ်အန္တရာယ်များအကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ ထပ်မံမရောင်းချရန် တားမြစ်ခြင်းနှင့် လာရောက်ဝယ်ယူသောစားသုံးသူများအား အသိပညာပေးဆွေးနွေးခဲ့သည်ဟု သတင်းရရှိသည်။

**Cho Win (Mon)**




# မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးအင်အား တောင့်တင်းစေရန်အတွက် Atos Banking as a Service ဟူသည့် ဘဏ်လုပ်ငန်းကို စတင်မိတ်ဆက်

ဥရောပတွင် အိုင်တီလုပ်ငန်းများဆိုင်ရာတွင် ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီများအနက် နံပါတ်နှစ်နေရာတွင် ရပ်တည်နေသည့် Atos ကုမ္ပဏီသည် မြန်မာနိုင်ငံမှ Myanmar Millennium Group နှင့်ပူးပေါင်း၍ Atos Banking as a Service ဟူသည့် ဘဏ်လုပ်ငန်းမိတ်ဆက်ပွဲကို အောက်တိုဘာလ ၁၇ ရက်က ရန်ကုန်မြို့ရှိ Novotel Hotel Max တွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဘဏ်လုပ်ငန်းဆိုင်ရာများ မိတ်ဆက်ပွဲတွင် Atos နှင့် Myanmar Millennium Group တို့သည် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါသဘောတူညီမှုသည် အနာဂတ်တွင် မြန်မာနိုင်ငံ၌ဘဏ်များ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုများကို တိုးချဲ့လုပ်ကိုင်နိုင်ရန် Atos Banking as a Service ဟူသည့် Solution ကို စတင်မိတ်ဆက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို လွယ်ကူလျင်မြန်စေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Atos Baas Banking Platform သည် Current နှင့် Saving accounts, Deposits တို့အပြင် Credits, Loans နှင့် Collections များကိုပါ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည့် အဆင့်မြင့်ဆုံးသော Platform ဖြစ်သည်။

ထို့ပြင် Atos နှင့် Myanmar Millennium Group တို့၏ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှင့်စီးပွားရေးကဏ္ဍများတွင် ခေတ်မီတိုးတက်ပြီး ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်ထားကြောင်း သိရသည်။

Atos နှင့် သဘောတူလက်မှတ်ရေးထိုးခဲ့သည့် Myanmar Millennium Group သည် ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး တယ်လီကွန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာများတွင် ဝန်ဆောင်မှုများအားလုံးကို ပေးအပ်နေသည့်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၆၅၀ စ/ပေ | အခန်းဖွဲ့ (၇) လွှာ | ၂၆၀ သိန်း | အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |
| ၂။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊သော်မဆင်ရိပ်သာလမ်း | ၇၅၀ စ/ပေ | အခန်းဖွဲ့ (၃) လွှာ | ၄၂၅ သိန်း | အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |
| ၃။ | ကွန်ဒို | ဒဂုံမြို့နယ်၊ ပုလဲကွန်ဒို | ၁၃၀၀ စ/ပေ | MB (၂) ခန်း | ၃၀၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၄။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၁၁၀၀ စ/ပေ | ၇၅ ရာနှုန်းပြီး | ၁၄၀၀ သိန်း | ကြိုပွိုင့်၊ ဓာတ်လှေကားပါ | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၅။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၂×၇၀)ပေ | (ပ)လွှာ၊ အဆင့်မြင့်ပြင်၊ အခန်းဖွဲ့ | ၁၄ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | ကွန်ဒို | ဒဂုံမြို့နယ်၊ သမ္မတကွန်ဒို | ၁၇၀၀ စ/ပေ | (1)MB (2)BR | ၁၅ သိန်း | ၁လအငှားနှုန်း ဓာတ်လှေကားပါ | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | BN (၁)ထပ် | ၂၃၅၀ သိန်း | မြေပိုပါဝင် | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | မြေ | တောင်ဒဂုံစက်မှုဇုန် | (၁၂၀×၁၂၀)ပေ | ဂရန်မြေ | ၁၀၅၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ညောင်နီရွာ | (၆၀×၈၀)ပေ | ရွာမြေ | ၁၆၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |

# ရန်ကုန်စတော့အိတ်ချိန်းအတွက် ကုမ္ပဏီ ၁၀ ခုကို ပဏာမရွေးချယ်ထား

မြန်မာနိုင်ငံတွင် ပထမဦးဆုံး အကြိမ်ဖွင့်လှစ်မည့် ရန်ကုန်စတော့အိတ်ချိန်းတွင် ပါဝင်နိုင်ရန် ကုမ္ပဏီ ၁၀ ခုကို ပဏာမ ရွေးချယ်ထားကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက် နိုဝင်ဘာလအတွင်း စတင်နိုင်ရန် စီစဉ်ထားသော်လည်း ရွေးကောက်ပွဲကာလနှင့်နီးကပ်နေ၍ ဒီဇင်ဘာလမှသာဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ရန်ကုန်စတော့ အိတ်ချိန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် ရန်ကုန်စတော့အိတ်ချိန်း၏ ကြီးကြပ်မှုကော်မရှင်ဥက္ကဋ္ဌဖြစ်သူ ဦးမောင်မောင်သိမ်းက ပြောကြားခဲ့သည်။

ရန်ကုန် စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်က ဂျပန်နိုင်ငံရှိ တိုကျိုစတော့အိတ်ချိန်းနှင့် Daiwa Securities Group တို့နှင့်လက်တွဲကာ လည်ပတ်သွားမည်ဖြစ်သည်။

အဆိုပါရန်ကုန်စတော့အိတ်ချိန်းကို ရှယ်ယာဈေးကွက်တစ်ခုဖြစ်လာစေရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အိတ်ချိန်းစတင်သည်နှင့် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(AGD)၊ မြန်မာ့လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း(MAPCO)နှင့် ပထမမြန်မာရင်းနှီးမြုပ်နှံမှုကုမ္ပဏီလီမိတက်(FMI)တို့က အခြားသောကုမ္ပဏီများနှင့်အတူ စတော့ရှယ်ယာများကို ဈေးကွက်တွင် စတင်ရောင်းချသွားမည်ဖြစ်သည်။ ရှယ်ယာအရောင်းအဝယ်အလုံးစုံကို ပြည်တွင်းသုံးငွေဖြင့်သာ လည်ပတ်မည်ဖြစ်သည်။

ရန်ကုန်စတော့ အိတ်ချိန်းအကျိုးတူ ကုမ္ပဏီလီမိတက်ကို မြန်မာ့စီးပွားရေးဘဏ် MEB က ၅၁ ရာခိုင်နှုန်း၊ ဂျပန်Daiwa Institute of Research က ၃၀ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် Japan Exchange Group က ၁၈ ဒသမ ၇၅ ရာခိုင်နှုန်းအသီးသီး ရှယ်ယာပါဝင် တည်ထောင်သွားမည်ဖြစ်သည်။

**မယ်သီတာ**

# နိုင်ငံတကာဟိုတယ်နှင့် အစားအသောက်ပြပွဲ (MyanFood/ MyanHotel 2015) ပြသမည်



မြန်မာ့ထိပ်တန်း နိုင်ငံတကာဟိုတယ်လုပ်ငန်းနှင့် အစားအသောက်ပြပွဲ(MyanFood/MyanHotel 2015) ကို နိုဝင်ဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်အထိ Myanmar Events Park တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကြီးတွင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ကုန်ပစ္စည်းအမှတ်တံဆိပ်ပေါင်း ၂၅၀ ကျော်ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် မြန်မာကြက်သားဟင်းချက်ပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ အဆိုပါ မြန်မာကြက်သားဟင်းချက်ပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံမှ ထိပ်တန်းစားဖိုမှူးတစ်ဦးဖြစ်သည့် မစ္စတာလူမတ် ခင်းကျင်းပြသသည့်အတိုင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဟိုတယ်မှ ဝန်ထမ်းများအတွက် အိပ်ခန်းဆောင်နှင့် အိပ်ရာတစ်စုံစာအား ငါးမိနစ်အတွင်း အပြီး ခင်းကျင်းရသည့်ပြိုင်ပွဲကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲနှင့်အတူ သစ်သီးအလှပုံဖော်ခြင်း၊ မုန့်ဖုတ်လုပ်ငန်းပြိုင်ပွဲအပြင် မြန်မာ့ရိုးရာကြက်သားဟင်းချက် ပြိုင်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | ဖစ် (တိုယိုတာ) (၂၀၀၉) | 9H | ၉၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ဒိုင်ဟတ်စု (၂၀၁၀) | ယာယီ | ၈၀ သိန်း | 0.6 စီစီ |
| ၄။ | ဒီမီယို (၂၀၀၉) | 5G | ၈၅ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၂၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၆။ | တိုယိုတာ/ဆက်စ်(၂၀၁၀) | ယာယီ | ၁၃၂ သိန်း | 1.5 ဓာတ်ဆီ |
| ၇။ | ကလူဂျာ (၂၀၀၂) | 9D | ၁၈၀ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | ဗီလ်ဒါ (၂၀၀၉) | ယာယီ | ၁၆၀ သိန်း | 1.5 ဓာတ်ဆီ |
| ၉။ | ဟိုက်ဂျက် (၂၀၀၇) | ယာယီ | ၇၅ သိန်း | 0.6 စီစီ |
| ၁၀။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၃၅ သိန်း | 1.3 စီစီ |

သင့်ကျန်းမာရေး

# ဝဲယားနာ

ဒေါက်တာလွင်သန့်

**မေး။** ဆရာရှင့်။ သားငယ်မှာ ဝဲယားနာပေါက်တာကြာပြီ။ တစ်နှစ်လောက်မှာ အိမ်ကအခြားသူတွေလည်း ဖြစ်လာတယ်။ ဘယ်လိုကုသပေးသင့်ပါ သလဲရှင့်။

**ဒေါ်သူဇာနွယ်(တောင်ငူ)**

**ဖြေ။** ဝဲယားနာဟာ လူစုလူဝေးနဲ့ထားတဲ့ ရိပ်သာ၊ ကျောင်းသူကျောင်းသားအဆောင်၊ ဘုန်းကြီးကျောင်း ခရစ်ယာန်သင်းအုပ်ကျောင်းစတာတွေမှာ တွေ့ရလေ့ရှိတယ်။ ညအချိန်အရေပြားကနေ အပြင်ကို ဝင်ထွက်လုပ်နေလို့ ကုတ်ခြစ်မိတာ၊ အခြားသူများကို ကိုင်တွယ်မိရုံနဲ့ ကူးစက်နိုင်ပါ တယ်။ ဝဲယားနာပေါက်တဲ့သူနဲ့ တစ်အိမ်တည်း၊ တစ်နေရာတည်းနေတဲ့ သူတွေကတစ်ဆင့် ကူးစက်လို့ ရောဂါကုသရင်း အကုန်လုံးကုသပေးရတယ်။ လူနာရဲ့ အိပ်ရာခင်းစောင်၊ ခြင်ထောင်၊ အဝတ်အစားကအစ ရေနွေးနဲ့ပြုတ်လျှော် သင့်တယ်။

**လူနာကိုဖန်ရည်ဆေးပြီးရင်** ဘာစကေဘီ၊ မက်ဇင်ကယ်လိမ်းပေး၊ မှိုတက် ဆေး၊ အယားပြေ၊ ဘာမီတွန်၊ တစ်နေ့နှစ်ကြိမ် နှစ်မျိုးတွဲသောက်သင့်တယ်။ အိမ်ရှိလူအကုန် သံချဆေးကို မိုးဦးနဲ့မိုးနှောင်းနှစ်ကြိမ်ချပေးသင့်တယ်။

ခြေအိတ်နှင့်ဘွတ်ဖိနပ်အသုံးပြုသူများ ခြေအိတ်ကို နေ့စဉ်လျှော်ဖွပ်ပေးရမယ်။ ခြောက်အောင်နေပူမှာလှမ်းပြီး၊ မီးပူတိုက်ပြီးမှ သုံးသင့်တယ်။ အကျီအဝတ်အထည်၊ အိပ်ရာများ ရေနှင့်လျှော်နေပူလှန်းရမယ်။

**ရှောင်ကြဉ်ရမယ့်အစာ။** ရောဂါဖြစ်စမှာ သကြားအပိုစားခြင်းရှောင်ရမယ်။ သကြားအချဉ်ပေါက်လာရင် ခန္ဓာကိုယ်ထဲဖြစ်ပွားမှုအားပေးတယ်။ တဆေးပါတဲ့ အစားအစာများဖြစ်တဲ့ ဒိန်ခဲ၊ မလိုင်၊ တဆေးပါတဲ့ပေါင်မုန့်၊ ဘီယာ၊ ရှာလကာရည်၊ မှို၊ ပဲပိစပ်တောင့်နဲ့ တဆေးဖောက်ထားတဲ့အချို ရည်ရှောင်ရမယ်။ စားသင့်တဲ့အစာများ၊ ကြက်သွန်နီနဲ့ကြက်သွန်ဖြူ များများစားရမယ်။ ဘက်တီးရီးယားနဲ့မှိုများ သေကျေစေနိုင်တယ်။ အဆီထုတ်ထားတဲ့ ဒိန်ချဉ်မှာလူကိုအကျိုးပြုတဲ့ဘက်တီးရီးယားနဲ့ ဘိုင်ဗီးဒပ်များပါဝင်လို့ နေ့စဉ်(၂၅၀) ဂရမ် စားပေးသင့်တယ်။

**အသုံးပြုသင့်တဲ့ဆေးဝါး။** လက်ဖက်ဆီ(သို့) စပျစ်သီးအဆီလိမ်းပေးနိုင်တယ်။ ဘာစကေဘီ၊ မင်ဇင်ကယ်လိမ်းပါ။ မှိုသတ်ဆေး တစ်နေ့တစ်လုံး နှစ်ကြိမ်နဲ့ ဆေးလိမ်းခြင်း၊ သောက်ပေးခြင်းလုပ်နိုင်တယ်။ လက်ဖက်ဆီ အနည်းငယ်ကို ခြေထောက်ဝဲစားတဲ့နေရာမှာ အသုံးပြုလိမ်းပေးသင့်တယ်။

**ဟိုမီယိုပတ်နည်းက** အထောက်အကူပြုတယ်။ ခြေအိတ်ထဲ သဲဝင်နေရင်၊ အမြဲကူးစက်နေလို့ ဖြစ်နိုင်ရင် ရေငွေ့နဲ့အဝတ်အစားများပြုတ်လျှော်၊ နေပူလှန်း၊ မီးပူတိုက်ပြီးမှ ဝတ်သင့်ပါတယ်။ ရေချိုးရာမှာ ကာဘော်လစ် (သို့) ဝဲယားနာသေစေမယ့် ဆပ်ပြာရွေးပြီး သုံးသင့်တယ်။ ရေနွေးနွေးနဲ့စိမ်ပေးရင် ဝဲယားနာ ပျောက်နိုင်တယ်။ “ဘာမိုစေဆပ်ပြာ” ကထွက်လာတဲ့ ဝဲပိုးများကို ကင်းစင်အောင်သတ်ပေးတယ်။

**ဆပ်ပြာ၊ တိုက်ပြီး၊ ချက်ချင်း** ရေလောင်းမချဘဲ၊ ပိုးတွေကင်းစင်သွားအောင် ပွတ်တိုက်ဆေးကြောပေးသင့်တယ်။

**မျိုးရိုး။** မျိုးရိုးလိုက်တာမရှိပါဘူး။ ဝဲယားနာပေါက်တဲ့ မိသားစုထဲက ကူးစက်ရင်းနဲ့ပဲဝဲပေါက်ကြပါတယ်။ အချို့ တစ်ကိုယ်ရည်သန့်ရှင်းမှုလုပ်ဖို့ အားနည်းသူတွေဝဲမကြာခဏပေါက်လေ့ရှိတယ်။

**ပိုဆိုးသွားစေ။** အသက်ကြီးပိုင်းကို ရောက်နေတဲ့ အမျိုးသားများထက် အမျိုးသမီးများမှာ ပိုမိုဖြစ်ပွားပါတယ်။ အမျိုးသမီးများတွင် ကုသမှုအားနည်းခြင်းကြောင့် နာကျင်တဲ့ အဆစ်များခြင်း၊ အဆစ်နာကျင်ခြင်းတို့ ဖြစ်တတ်ပါတယ်။

**ဝဲကင်းစင်စေလိုရင်။** တစ်အိမ်လုံး လူကုန် သံချဆေးကျွေးသလို၊ ဝဲယားနာ လိမ်းဆေး၊ စားဆေးများကျွေးပြီး၊ ပျောက်ကင်းအောင် ပြိုင်တူလုပ်ဆောင်သင့်တယ်။ တစ်ဦးမှတစ်ဦးကူးစက်မှုမှ ကာကွယ်နိုင်မယ်။

# တီဘီရောဂါပိုးသည် အိတ်ချ်အိုင်ဗွီရောဂါပိုးကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် လူသေဆုံးမှု အများဆုံးသော ရောဂါပိုးအဖြစ် ရပ်တည်နေ



တီဘီရောဂါပိုးသည် အိတ်ချ်အိုင်ဗွီရောဂါပိုးကဲ့သို့ ကမ္ဘာတစ်ဝန်း လူသေဆုံးမှုအများဆုံးသော ရောဂါပိုးအဖြစ် ရပ်တည်လျက်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ကမ္ဘာပေါ်တွင် ၂၀၁၄ခုနှစ်အတွင်းက တီဘီရောဂါကြောင့် သေဆုံးသူပေါင်းမှာ ၁ ဒသမ ၅သန်းရှိခဲ့ပြီး အိတ်ချ်အိုင်ဗွီရောဂါပိုးကြောင့် သေဆုံးသူပေါင်းမှာ လေးသိန်းသာရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာပါအချက်များကိုအခြေခံ၍ တီဘီရောဂါပိုးသည် ကမ္ဘာ့လူသတ်သမားကြီးအဖြစ် ရပ်တည်လျက်ရှိနေသည်ဟု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တီဘီရောဂါကြောင့် ၂၀၁၄ ခုနှစ်အတွင်းက သေဆုံးရသည့် လူအရေအတွက်သည် ၁၉၉၀ ပြည့်နှစ်က သေဆုံးသူ၏ နှစ်ဆမျှရှိနေကြောင်းဖြင့် အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါ အစီရင်ခံစာတွင် တီဘီရောဂါဖြစ်ပွားမှုသည် နှစ်စဉ်တိုးလျက်ရှိနေပြီး တီဘီရောဂါကြောင့် သေဆုံးသူအရေအတွက်မှာလည်း တိုးလျက်ရှိနေကြောင်း၊ ၂၀၀၀ ပြည့်နှစ်က ချမှတ်ခဲ့သည့်ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်ကို ထုတ်ပြန်အပြီးတွင်ကမ္ဘာတစ်ဝန်း၌ ကူးစက်ရောဂါများကြောင့် သေဆုံးသူအရေအတွက် ကို ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ခုနှစ်အတွင်း လျှော့ချနိုင်ခဲ့ကြောင်း၊ ကူးစက်ရောဂါနှင့် အခြားသောရောဂါများ ခံစားနေရသည့်လူပေါင်း ၄၃ သန်းကို ကယ်တင်နိုင်ခဲ့ကြောင်း၊ တီဘီရောဂါပိုးကြောင့် ဖြစ်ပွားခဲ့ရသည့် ရောဂါများကို ၂၀၀၀ ပြည့်နှစ်ကတည်းက တစ်နှစ်လျှင် ၁ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချရန်ရည်မှန်းချက်ထား ဆောင်ရွက်ခဲ့သဖြင့် ယခု ၂၀၁၅ ခုနှစ်အထိ ၁၅ နှစ်အတွင်း ၁၈ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်းဖြင့် အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

သို့သော် တီဘီရောဂါပိုးကြောင့် ဖြစ်ပေါ်ခဲ့ရသည့်ရောဂါများကြောင့် သေဆုံးရသည့်လူအရေအတွက်မှာ အိတ်ချ်အိုင်ဗွီရောဂါပိုးကြောင့် သေဆုံးရသည့် လူအရေအတွက်ထက် များပြားနေသဖြင့် တိုက်ရိုက်ကြည့်ရှု အချိန်တိုအတွင်းကုဟူသည့်ဆောင်ပုဒ်ကို တိတိကျကျလိုက်နာရန် လိုအပ်ကြောင်း၊ ထို့ပြင် တီဘီရောဂါကို ကုသရေးအတွက် လိုအပ်သည့် ရန်ပုံငွေများရရှိရေး၊ ဆေးဝါးအသစ်များ တိုးတက်ထုတ်လုပ်ရေးတို့မှာ လိုအပ်နေဆဲပင်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ မာဂရက်ချန်းက ပြောကြားခဲ့သည်။

“တီဘီရောဂါဟာ ကပ်ဆိုးကြီးအသွင်ဖြစ်လာနိုင်ပါတယ်။ အဲဒီရောဂါဆိုးကြီးကို အဆုံးသတ်နိုင်ဖို့တီဘီရောဂါပပျောက်ရေးရည်မှန်းချက်ကို ချမှတ်ပြီး လုပ်ဆောင်နေပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာခေါင်းထောင်လာတဲ့ တီဘီရောဂါကို အမြစ်ပြတ် ချေမှုန်းနိုင်ဖို့အတွက် ကုသရေး၊ ရောဂါတိုက်ဖျက်ရေးတို့ကို လုပ်ဆောင်ရာမှာ ပိုပြီးရင်းနှီးမြှုပ်နှံဖို့လိုပါတယ်”ဟု တီဘီရောဂါတိုက်ဖျက်ရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည့်ကုလသမဂ္ဂအထူးအဖွဲ့မှ အဲရစ်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# အနီရောင်အသားများနှင့် ဆင့်တက်ပြုပြင်ထားသောအသားများကို စားသုံးခြင်းကြောင့် ကင်ဆာရောဂါများ ပိုမိုဖြစ်ပွားနိုင်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ထုတ်ပြန်ကြေညာ

နီရဲနေအောင်ပြုလုပ်ထားသည့် အသားများနှင့်ဆင့်တက်ပြုပြင်ထားသည့်အသားများကို စားသုံးခြင်းကြောင့် ကင်ဆာရောဂါအမျိုးမျိုးကို ပိုမိုဖြစ်ပွား နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ကင်ဆာရောဂါနှင့်ပတ်သက်သည့်အေဂျင်စီက အနီရောင်ရှိသည့်အသားများနှင့် ဆင့်တက်ပြုပြင်ထားသည့်အသားများကို စားသုံးခြင်းနှင့် ကင်ဆာ



ရောဂါဖြစ်ပွားမှုတို့ ဆက်စပ်နေသည်ကို ဖော်ထုတ်ဖြစ်ခဲ့သည်။

ဆင့်တက်ပြုပြင်ထားသည့် အသားများကို စားသုံးခြင်းကြောင့် ဖြစ်ပွားရသည့်ကင်ဆာရောဂါသည် ဆေးလိပ်သောက်သုံးခြင်းကြောင့်ရရှိသည့် ကင်ဆာရောဂါများထက် ပိုမိုများပြားလျက်ရှိသည်ဟု ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အာဟာရနှင့် ကျန်းမာရေးဖွံ့ဖြိုးမှုဌာနမှ ညွှန်ကြားရေးမှူး ဖရန်စစ္စကိုဘရန်ကာက “အနီ ရောင်ရှိတဲ့အသားတွေ၊ ဆင့်တက်ပြုပြင်ထားတဲ့အသားတွေကို လုံးဝမစားဖို့ပြောတာ မဟုတ်ပါဘူး။ အလွန်အကျွံစားသုံးခြင်း မပြုဖို့နဲ့ နေ့စဉ်ရက်ဆက်စားသုံးခြင်း မပြုဖို့ ပြောတာပါ”ဟု တရုတ်နိုင်ငံ ပေကျင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တရုတ်နိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘရန်ကာ၏ ပြောကြားချက်အရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အစားအစာများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိ ရေးနှင့်အနီရောင် အသားများ၊ ဆင့်တက်ပြုပြင်ထားသည့်အသားများစားသုံးခြင်းကြောင့် ကင်ဆာရောဂါများဖြစ်ပွားနေမှုကို လျှော့ချနိုင်ရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂-၁၁-၂၀၁၅ မှ ၈-၁၁-၂၀၁၅ ရက်နေ့ထိ
ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)


**တနင်္ဂနွေသားသမီးများအတွက်** တွေ့ကြုံလာသမျှသော အခက်အခဲ ပြေလည်အောင်ဆောင်ရွက်နိုင်စွမ်း ရှိနေတတ်ပါသည်။ အလုပ်နှင့် ပတ်သက်၍ ကံကောင်းမှုကြုံမည်။ ငွေအလုံးအရင်းဖြင့်ရရှိမည်။ ပြည်ပခရီးသွားရကိန်းကြုံမည်။ လူမှုရေးကိစ္စများ အချိန်ပေးရခြင်းရှိမည်။ ကျန်းမာရေး အနေဖြင့်ကိုယ်ခန္ဓာကြံ့ခိုင်မှုအားနည်းတတ်သည်။ အစားအသောက်အနေအထိုင်ဆင်ခြင်နိုင်မှ သင့်လျော်ကောင်းမွန်ပါလိမ့်မည်။ အချစ်ရေးကို စိတ်ဝင်စားသော်လည်း ပရဟိတ အရေးများနှင့်သာ အချိန်ကုန်နေတတ်သည်။ **ယတြာ။ နှင်းဆီအနီရဲရဲ လှူပါ။**


**တနင်္လာသားသမီးများအတွက်** မပြီးပြတ်သေးသော အလုပ်တွေပြီးပြတ် အောင်ဆောင်ရွက်ခြင်းမှ ငွေရရှိတတ်ပါသည်။ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ၊ ငွေကြေး လဲလှယ်မှုလုပ်ငန်းများအောင်မြင်လိမ့်မည်။ အချစ်ရေးတွင် နုပျိုနေသော သင့်အားကြီး သူငယ်သူနှစ်မျိုး စလုံးက ချစ်တတ်ကြပါသည်။ ငယ်ရွယ်သူဟုထင်ရသောသူကို ချစ်သူအဖြစ် ရွေးသင့်သည်။ မြန်မြန်ဆန်ဆန် အိမ်ထောင်ကျတတ်သည်။ ကျန်းမာရေး စိုးရိမ်စရာမရှိသော်လည်း သွေးသားနှင့်ပတ်သက်သော ဝေဒနာသဘောလောက်ဖြစ်တတ်သည်။ **ယတြာ။ အဖြူရောင်ပန်းဆောင်ပါ။**


**အင်္ဂါသားသမီးများအတွက်** ဆရာသမားများ၏ ထက်မြက်သော အကြံဉာဏ်များကို လက်ခံရယူ၍ ကြီးပွားတိုးတက်ရန်လုပ်ဆောင်ရတတ်ပါသည်။ စီးပွားရေးလုပ်ငန်းတွင် ရေနှင့်ပတ်သက်သော လုပ်ငန်းများ၊ ဓာတုပစ္စည်းများ အကျိုးပေးတတ်ပါသည်။ ကျန်းမာရေးတွင် အဆုတ်နှင့်ပတ်သက်သောရောဂါ၊ အသက်ရှူ ပြွန်ရောင်ခြင်းဝေဒနာများ ခံစားရတတ်ပါသည်။ အချစ်ရေးတွင် မိမိကချစ်နေသောရှိနေသလို မိမိကိုလည်းချစ်နေသောသူရှိနေတတ်ပါသည်။ ချစ်သူရှိသူဖြစ်လျှင်နှစ်ဖက်မိဘသဘောကျသောအိမ်ထောင်ဖက်ဖြစ်ရန်ဆွေးနွေးညှိနှိုင်းနေရတတ်ပါသည်။ **ယတြာ။ ။ရေမွှေးနှင်းဆီလှူပါ။**


**ဗုဒ္ဓဟူးသားသမီးများအတွက်** ဦးဆောင်မှု အပင်ပန်းခံမှုများကြောင့် လုပ်ငန်းတိုးတက်မှုအားကောင်းလာတတ်ပါသည်။ ကွန်ပျူတာ၊ စာရင်းအင်းလုပ်ငန်းများမှ ဝင်ငွေအားကောင်းလာလိမ့်မည်။ ပညာရေးနှင့်ပတ်သက်ပြီးအောင်မြင်ကျော်စောမှုရှိလာတတ်ပါသည်။ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးတို့တွင် အဆင်ပြေမှုနည်းတတ်သော်လည်း အသိုင်း အဝိုင်း အဖွဲ့အစည်းတို့မှ ညှိနှိုင်းပေးမှုတို့ကြောင့် အဆင်ပြေချောမွေ့ခြင်းကိုရရှိတတ်ပါသည်။ ကျန်းမာရေးတွင် လေထိုး၊ လေအောင့်ရောဂါ သတိပြုသင့်ပါသည်။ အချစ်ရေး ကံကောင်းနေမည်။ **ယတြာ။ ။ ဒါန်းပန်းဆောင်ပါ။**


**ကြာသပတေးသားသမီးများအတွက်** သင့်ဦးနှောက်ထဲတွင် ဆုံးဖြတ်ချက်မခိုင်မာသော အတွေးအခေါ် အသိတရားတို့နှင့်ရှိနေတတ်သည်။ ရွှေနှင့်ရတနာပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ အကျိုးပေး အားကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် အပူကြောင့်ဖြစ်သော ဝေဒနာခံစားရတတ်ပါသည်။ အပြင်းဖျားခြင်း၊ သွေးစုနာအပူနာပေါက်ခြင်း ဝေဒနာ ခံစားရတတ်ပါသည်။ အချစ်ရေးတွင် သင့်တင့်သော ချစ်သူကိုတွေ့ရှိသော်လည်း တာဝန် ယူလက်ခံရန် ဝန်လေးနေတတ်သည်။ **ယတြာ။ မေမြို့ပန်း အနောက်အရပ်ရှိ ဘုရားတွင်လှူပါ။**


**သောကြာသားသမီးများအတွက်** ပြည်ပနှင့်ဆက်သွယ်သောစီးပွားရေးလုပ်ငန်းများကို စိတ်တိုင်းကျမှုအားနည်းနေတတ်သည်။ ခရီးသွားလုပ်ငန်းမှ ဝင်ငွေအားကောင်းလိမ့်မည်။ ယာဉ်အကျိုးပေးမှုရှိတတ်ပါသည်။ ယှဉ်ပြိုင်ရသောလုပ်ငန်းများတွင် မိမိကအောင်မြင်မည်ဖြစ်ပါသည်။ ကျန်းမာရေးအနေဖြင့် သွေးတိုး၊ ဆီးချိုဝေဒနာ ခံစားရမှုအနည်းငယ်ဖြစ်တတ်သော်လည်း ကျန်းမာရေးကောင်း နေမည်ဖြစ်ပါသည်။ အချစ်ရေး အိမ်ထောင်ရေးပျော်ရွှင်မှုများ ရရှိနေတတ်ပါသည်။ **ယတြာ။ သစ္စာပန်းလှူပါ။**


**စနေသားသမီးများအတွက်** တပည့်လက်အောက်ငယ်သားများစွာဖြင့် လုပ်ကိုင်ရသောလုပ်ငန်းများ အောင်မြင်မှုရရှိလိမ့်မည်။ ဓာတ်ငွေ့နှင့်ဆိုင်သော စီးပွားရေးလုပ်ငန်းကောင်းပါသည်။ ဝင်ငွေထွက်ငွေမျှနေလိမ့်မည်။ ခရီးယာယီသွားရခြင်းအတွက် ကျန်းမာရေးဂရုစိုက်သင့်ပါသည်။ စိတ်ပင်ပန်းမှုဝေဒနာ များနေမည်။ အချစ်ရေးတွင် မျှော်လင့်ချက်နှင့်ဝေးနေတတ်သည်။ အိမ်ထောင်ရေး သင့်တင့်နေမည်။

**ယတြာ။ နှင်းပန်းဘုရားလှူပါ။**

# သီတင်းကျွတ်လပြည့်နေ့ စစ်ကိုင်းမြို့ရဲ့ ကောင်းမှုတော်ဘုရားပွဲတော်

စစ်ကိုင်းမြို့ရဲ့ သီတင်းကျွတ်ဘုရားပွဲတော်ဟာ မြန်မာနိုင်ငံမှာထင်ရှားတဲ့ ပွဲတော်တစ်ခု ဖြစ်ပါတယ်။ စစ်ကိုင်း မြို့တွင် ဝါတွင်းအစ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိအပတ်စဉ်ဥပုသ်နေ့တိုင်း မြို့မ ၁၈ ရပ်ကွက် မှ ဘုရားစဉ် အတိုင်း ဘုရားပွဲများကို သွားရောက်၍ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူခဲ့ပါတယ်။ ဒီအစဉ်အလာဟာ ရှေးအစဉ်အဆက်ကတည်းက နှစ်စဉ်၊ ဘုရားစဉ်အတိုင်း ကျင်းပလာခဲ့ရာ ဘုရားစဉ်စာဆိုမှာ “ ပုံ၊ တောင်၊ ဇေ၊ ချမ်း၊ ဦး၊ နန်း၊ နန်၊ လေး၊ ပ၊ ထူ၊ ရှင်၊ ငါး၊ အောင်၊ ကောင်း” ဆိုပြီး သီတင်းကျွတ်လပြည့်နေ့မှာ ပြီးဆုံးပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာတော့ စစ်ကိုင်းမြို့ရဲ့ ရာဇမဏိ စူဠာ ကောင်းမှုတော်စေတီတော်ကြီးရဲ့ ဘုရားပွဲတော် ကျင်းပခြင်းပဲ ဖြစ်ပါတယ်။

ကောင်းမှုတော်စေတီကြီးဟာ စစ်ကိုင်းမြို့ရဲ့အနောက်ဘက် ၆ မိုင်အကွာမှာ တည်ရှိပါတယ်။ မြန်မာသက္ကရာဇ် ၉၉၈ ခုနှစ်၊ ခရစ်နှစ် ၁၃၆၃ခုနှစ်မှာ သာလွန်မင်းတရားကြီး တည်ထားကိုးကွယ်တဲ့ စေတီတော်ကြီး ဖြစ်ပါတယ်။ သီရိလင်္ကာမှ ပင့်ဆောင်လာတဲ့ အောက်လက်ဝဲစွယ်တော်ကို ဌာပနာတော်ထည့်သွင်းထားပြီး စေတီတော်ပုံသဏ္ဍာန် က သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံမှ မဟာစေတီတော်ပုံကို ယူထားခြင်းဖြစ်ကြောင်း သိရပါတယ်။

ကောင်းမှုတော်ဘုရားမှာ ယခင်က အဖြူရောင်ဖြစ်ပြီး ယခုအခါ ဘုရားစေတီတစ်ဆူလုံး ရွှေချထား၍ ရွှေရောင်သန်းနေပါတယ်။ စာဆိုအရ ဝါတွင်းသုံးလတွင်ကျင်းပသော စေတီတော်၏ အမည်များမှာ ဝါဆိုလပြည့်နေ့တွင် စတင်ကျင်းပသော ပုံ = ဆွမ်းဦးပုညရှင်၊ တောင် = တောင်ဖီလာ၊ ဇေ = ဇေတဝန်၊ ချမ်း = ချမ်းသာကြီးချမ်းသာရ၊ ဦး = ဥမင်သုံးဆယ်၊ နန်း = ရှင်ပင်နန်းဦး၊ နန် = ရှင်ပင်နန်ကိုင်း၊ လေး = လေးကျွန်းမာန်အောင်၊ ပ = ပတ္တမြားစေတီ၊ ထူ = ထူပါရုံ၊ ရှင် = ရှင်ဖြူရှင်လှ၊ ငါး = ငါးထပ်ကြီး (ကြားဘုရား)၊ အောင် = အောင်မြေလောက၊ ကောင်း = ကောင်း မှုတော်ဘုရားတို့ ဖြစ်ပါတယ်။

ဘုရားစဉ်နောက်ဆုံးပွဲဖြစ်တဲ့ သီတင်းကျွတ်လပြည့်နေ့ ကောင်းမှုတော်ဘုရားပွဲမှာတော့ လပြည့်နေ့တွင် မြို့မ ၁၈ ရပ်ကွက်မှ ရပ်ကွက်အလိုက် ဆွမ်းတော်ကြီးအသင်း၊ ဓမ္မစကြာဝတ်အသင်းများနှင့် အချို့ရပ်ကွက်များက ဝန်းခင်းပြီး အဆိုအက၊ အတီးအမှုတ် အလှပြယာဉ်များဖြင့် မိမိတို့ရပ်ကွက်အလိုက် ကောင်းမှုတော်ဘုရားဆီကို ဖိနပ်မစီးဘဲ ခြေလျင်တန်းစီလှည့်လည် သွားကြပါတယ်။ လမ်းတစ်လျှောက် လမ်းဘေးရပ်ကွက်များက ဆွမ်းတော်ကြီး အသင်းများကို ကောက်ညှင်းပေါင်း၊ ပဲသုပ်၊ လက်ဖက်သုပ်များဖြင့် ကျွေးမွေးဧည့်ခံကြပါတယ်။ဒ့ါအပြင် လမ်းဘေးမြို့ပြင် ရပ်ကွက်များဖြစ်ကြတဲ့ မန်ကျည်းစင်၊ တင်းတိပ်၊ ရွာထောင်၊ နန်းစု၊ ရွှေသမား၊ အိုးဘို ရပ်ကွက်များရှိ နေအိမ်များမှလည်း မုန့်များဖြင့် ဧည့်ခံကျွေးမွေးမှုများရှိတဲ့အတွက် လာရောက်ဖူးမြော်သူများနဲ့ အလွန်စည်ကားလှပါတယ်။

ဆွမ်းတော်ကြီးဝတ်အသင်းများဟာ ကောင်းမှုတော်ဘုရားကို သီတင်းကျွတ်လပြည့်နေ့မှာသွားပြီး လပြည့်ကျော် (၁)ရက်နေ့မှာ ပြန်လာကြပါတယ်။ ကောင်းမှုတော်ဘုရား ပတ်ဝန်းကျင်မှာ စဉ့်အိုး၊ ထန်းကောက်တောင်း၊ သင်ဖြူးဖျာများနဲ့ အခြားပစ္စည်းများရောင်းချတဲ့ ဈေးဆိုင်များနဲ့ စည်ကားလျက်ရှိပါတယ်။

ဒ့ါကြောင့် အနယ်နယ်အရပ်ရပ်က ဘုရားဖူးရင်း ကုသိုလ်ယူချင်သူများအတွက် စစ်ကိုင်းမြို့ရဲ့အကြောင်း တစေ့တစောင်း ရေးသားဖော်ပြလိုက်ရပါတယ်။

**ချိုချိုဝင်း (စစ်ကိုင်း)**

# ရန်ကုန်မြို့ ဟံသာဝတီအိတ်ချိန်း၊ ကြည့်မြင်တိုင်နှင့် အလုံအိတ်ချိန်းနယ်မြေအတွင်းရှိ အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)သည် ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန် ရန်ကုန်မြို့ ဟံသာဝတီ S-12အိတ်ချိန်း၊ ကြည့်မြင်တိုင် RSUနယ်မြေအတွင်းနှင့် အလုံအိတ်ချိန်း နယ်မြေအတွင်းရှိ အော်တို တယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မရမ်းကုန်း(Softswitch) အိတ်ချိန်း၏ IPစနစ်သုံး NGN (Next Generation Network) အမျိုးအစားကို MSAN (Multi Service Access Node) များနှင့်အစားထိုး ပြောင်းလဲတပ်ဆင်မည်ဖြစ်၍ ဟံသာ ဝတီ S12 အိတ်ချိန်း၏ ကြည့်မြင်တိုင် RSU မှ (50x x x x, 51x x x x, 52x x x x, 53 x xx x) စသောနံပါတ်များအား မရမ်းကုန်း Soft-X3000 (Softswitch) အိတ်ချိန်း၏ (931-7x x x) စသော တယ်လီဖုန်းနံပါတ်များဖြင့် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ကြောင်း သိရသည်။

အလုံ (Softswitch) အိတ်ချိန်း၏ IP စနစ်သုံး NGN (Next Generation Network) အမျိုးအစားကို MSAN (Multi Service Access Node) များနှင့် အစားထိုးပြောင်းလဲတပ်ဆင်မည်ဖြစ်၍ NEXA-61 Container အိတ်ချိန်း၏ (214x x x, 215x x x, 216x x x, 217 x x x) စသောနံပါတ်များအား အလုံZX-SS10 SS1B Softswitch အိတ်ချိန်း၏ (213-4x x x, 213-5x x x, 213-6 x x x, 213-7 x x x) စသော တယ်လီဖုန်းနံပါတ်များဖြင့် နိုဝင်ဘာ ၁၄ ရက်နေ့တွင် အစားထိုး ပြောင်းလဲမည်ဖြစ်သည်။

အသစ်ပြောင်းလဲ အသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ကိုပါလျှောက်ထားသုံးစွဲနိုင်မည်ဖြစ်သည်။

အဆိုပါ အိတ်ချိန်းနယ်မြေများအတွင်းတွင်လက်ရှိADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများအနေနှင့် Static IP Range (172.x.x.x) Network သို့ပြောင်းလဲမည်ဖြစ်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် ၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇)တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးသီးခြောက် တန် ၂၀၀ နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၁၇ ရက်မှ ၂၃ ရက်ထိ ကာလအတွင်း ကန်ဒေါ်လာ ၁၈၀၀၀တန်ဖိုးရှိ ဆီးသီးခြောက် တန် ၂၀၀ နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။စစ်တွေ ကုန်သွယ်ရေးစခန်းကတော့ ယခုသီတင်းပတ်မှာ ဆီးသီးခြောက် တင်ပို့မှုမရှိဘူးလို့ သိရပါတယ်။

ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးသီးခြောက် ၂၇၅ တန် တင်ပို့ခဲ့တာကြောင့် ယခုသီတင်းပတ်မှာတော့ ၇၅ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ ဆိုရပါမယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုသီတင်းပတ်တွင် ဆီးသီးခြောက်အပြင် ကန်ဒေါ်လာ ၁၉၉၀၀၀ တန်ဖိုးရှိ ဆီးဆံ ၅၁၀ ဒသမ ၉၀ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **တင်တင်ထွန်း**

# မြို့ကြီးများ၏ ၂-၁၁-၂၀၁၅ မှ ၆-၁၁-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂-၁၁-၂၀၁၅) | အင်္ဂါ(၃-၁၁-၂၀၁၅) | ဗုဒ္ဓဟူး(၄-၁၁-၂၀၁၅) | ကြာသပတေး(၅-၁၁-၂၀၁၅) | သောကြာ(၆-၁၁-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၃၀°C/၈၆°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| မန္တလေးမြို့ | နေသာ ၂၉°C/၈၅°F | နေသာ ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၇°F | ၄၀% ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| မြစ်ကြီးနား | ၈၀% ၂၅°C/၇၇°F | နေသာ ၂၇°C/၈၀°F | ၇၀% ၂၇°C/၈၀°F | ၆၀% ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F |
| လားရှိုး | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၅°F | ၅၀% ၂၄°C/၇၅°F | နေသာ ၂၅°C/၇၇°F |
| ကျိုင်းတုံ | ၈၀% ၂၄°C/၇၅°F | ၉၀% ၂၅°C/၇၇°F | ၅၀% ၂၇°C/၈၀°F | ၅၀% ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F |
| လွိုင်ကော် | ၅၀% ၂၅°C/၇၇°F | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| တောင်ကြီး | ၈၀% ၁၈°C/၆၄°F | ၈၀% ၂၀°C/၆၈°F | ၈၀% ၂၁°C/၆၉°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၂°C/၇၁°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၄°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၅°C/၉၅°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | ၄၀% ၃၄°C/၉၄°F |
| တောင်ငူ | ၃၀% ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| မုံရွာ | ၄၀% ၂၈°C/၈၂°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | ၄၀% ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F |
| ပုသိမ် | ၄၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F |
| မြိတ် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | ၆၀% ၃၄°C/၉၃°F | ၈၀% ၃၃°C/၉၃°F | ၈၀% ၃၃°C/၉၁°F |
| စစ်တွေ | ၆၀% ၂၉°C/၈၄°F | ၄၀% ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F |
| မကွေး | နေသာ ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| ဖလမ်း | ၈၀% ၁၈°C/၆၄°F | ၆၀% ၁၉°C/၆၇°F | နေသာ ၂၁°C/၆၉°F | နေသာ ၂၁°C/၆၉°F | နေသာ ၁၆°C/၆၁°F |

# ဩစတြေးလျနိုင်ငံတွင် နှင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ကျောင်းများ ပိတ်ထားခဲ့ရ

ဩစတြေးလျနိုင်ငံ ကွင်းစလန်မြို့တွင် အောက်တိုဘာ ၂၈ ရက်က နှင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် ကျောင်းများပိတ်ထားခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော် ပြောကြားခဲ့သည်။

ဂေါက်သီးလုံးခန့်အရွယ်ရှိသည့် နှင်းသီးများ ကျရောက်ကာ နှင်းမုန်တိုင်းများ တိုက်ခတ်ခဲ့မှုကြောင့် အဆောက်အဦများ ပျက်စီးဆုံးရှုံးခဲ့ရပြီး လျှပ်စစ်မီးများလည်း ပြတ်တောက်ခဲ့ရကြောင်း ကမ္ဘာ့မိုးလေဝသဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အထူးသဖြင့် ချင်းချီလီမြို့တွင် အဆိုးရွားဆုံးဖြစ်ခဲ့ပြီး ဆောင်းဦးရာသီကာလမှာပင် နှင်းမုန်တိုင်း တိုက်ခတ်မှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။နှင်းမုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း ပြင်းထန်သည့်မိုးကြိုးပစ်မှုများကို ချင်းချီလီ၊ ကွင်းစလန်တို့တွင် ကြုံတွေ့ခဲ့ရသည်။

အဆိုပါနှင်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုကို အတိအကျ ကောက်ယူရရှိခြင်း မရှိသေးသော်လည်း ဒေါ်လာသန်းပေါင်းများစွာ ပျက်စီးဆုံးရှုံးနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ချင်းချီလီမြို့ရှိ လုပ်ငန်းပေါင်း ၃၃၀၀ မှာ လျှပ်စစ်မီးပြတ်တောက်မှုကြောင့် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ပြင် အဆိုပါမြို့ရှိ ခရစ်ယာန်စာသင်ကျောင်းလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

နှင်းမုန်တိုင်း တိုက်ခတ်မည့်သတင်းကို ဩစတြေးလျနိုင်ငံ မိုးလေဝသဌာန က ထုတ်ပြန်ကြေညာခဲ့ပြီး ချင်းချီလီမြို့မှ မြို့သူ၊ မြို့သားများ အနေဖြင့် မုန်တိုင်းတိုက်ခတ်မှုမှ ကင်းလွတ်ရန် နေအိမ်များအတွင်း၌သာ နေထိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အဆိုပါမြို့သည် တစ်ခဏချင်းမှာပင် နှင်းများဖြင့် ဖုံးလွှမ်းသွားခဲ့ရပြီး အပျက်အစီးများကိုလည်း တစ်မြို့လုံးတွင် မြင်တွေ့ရကြောင်းဖြင့် ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါမြို့သည် ဩစတြေးလျနိုင်ငံ၏ အရှေ့တောင်ဘက်ပိုင်း ကမ်းခြေဒေသတစ်ခုဖြစ်ပြီး လူနေထူထပ်သော မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**



# ငလျင်လှုပ်ခတ်သည့်ဒေသတွင် အအေးလွန်ကဲနေသည့်အတွက် ကလေးငယ်များအား အကာအကွယ်ပေးရန် ခက်ခဲလျက်ရှိဟု ကျေးရွာခေါင်းဆောင်များဆို

ပြီးခဲ့သည့်ရက်အတွင်းက အင်အားအလွန်ပြင်းထန်သည့်ငလျင် လှုပ်ခတ်ခဲ့သည့် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်ဒေသများတွင် အအေးလွန်ကဲနေသည့်အတွက်ကလေးငယ်များအား အကာအကွယ်ပေးရန်အတွက် ခက်ခဲလျက်ရှိနေသည်ဟု ငလျင်ဒဏ်ကိုခံစားခဲ့ရသည့် ဒေသမှ ကျေးရွာအကြီးအကဲများက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်မြောက်ပိုင်း နယ်စပ်တစ်နေရာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် အင်အား ၈ ဒသမ ၁ အဆင့်ရှိသည့်ငလျင်ကြောင့် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ ပြည်သူများ အဆိုပါငလျင်ဒဏ်ကို ခံစားခဲ့ရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ယနေ့အထိ သေဆုံးသူ ၃၉၅ ဦးရှိနေပြီး သေဆုံးသူအရေအတွက်တိုးလာနိုင်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါငလျင်ကြောင့် ထိခိုက်မှု အများဆုံးဖြစ်သည့်ဒေသမှာ ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းဒေသဖြစ်ပြီး ကိုင်ဘာပတ္တူဝါပြည်နယ်တစ်ခုတည်းတွင် လူပေါင်း ၂၆၇ ဦးသေဆုံးခဲ့ရကြောင်းဖြင့် ပါကစ္စတန်အစိုးရက အတည်ပြု ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန် အမျိုးသားသဘာဝ ဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့မှ အာမက်ဘာမတ်က အဆိုပါငလျင်ကြောင့် ၎င်းတို့နိုင်ငံတွင် နေအိမ်ပေါင်း ၇၆၃၀ မှာ လုံးဝပျက်စီးခဲ့ကြောင်း၊ တိရစ္ဆာန်ပေါင်း ၁၀၀၀ ကျော်သေဆုံးခဲ့ရကြောင်း ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် နေအိမ်ပေါင်း ၁၀၅၈၆လုံး ပျက်စီးခဲ့ရပြီး ကျောင်းပေါင်း ၁၄၇ ကျောင်းလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ပါကစ္စတန်နိုင်ငံက သတင်းထုတ်ပြန်ခဲ့သည်။

ငလျင်ဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသည့်ဒေသမှာ ရှန်ဂလာဒေသဖြစ်ကြောင်း၊ ငလျင်ဘေးဒုက္ခသည်များကို ရွက်ဖျင်တဲပေါင်း ၁၅၅၁၉ လုံး၊ စောင် ၂၅၇၀၀ ထည်နှင့် အစားအစာ တန်ပေါင်းများစွာကို ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသား သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံအစိုးရသည် ငလျင်ကြောင့်ပျက်စီးသွားသည့်နေအိမ်များကို ပြန်လည်တည်ဆောက်ရန်အတွက် အိမ်တစ်လုံးလျှင် ရူပီးနှစ်သိန်း(အမေရိကန်ဒေါ်လာ ၂၀၀၀)ပေးရန်စီစဉ်လျက်ရှိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်က ပတ်ရှဝါဒေသသို့ ရောက်ရှိစဉ်ပြောကြားခဲ့သည်။ **မယ်သီတာ**

Domestic Sport News
Vol: 15, No.42 Monday November 2 2015

## နည်းပြချုပ်ဂတ်ဆီဇီရွေးချယ်သည့် မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်လူစာရင်း ထွက်ပေါ်

မြန်မာ့လက်ရွေးစင်အသင်း၏ နည်းပြချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့် ဂျာမန်နည်းပြဂတ်ဆီဇီသည် နိုင်ငံတကာခြေစမ်းပွဲနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲများယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်ကစားသမား ၂၃ ဦးစာရင်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ အပြီးသတ်ကစားသမားစာရင်းတွင် ဆီးဂိမ်းငွေတံဆိပ်ရ ယူ-၂၃ အသင်းမှ ဟိန်းသီဟဇော်၊ ဖြိုးကိုကိုသိန်း၊ ရဲဝင်းအောင်၊ နေလင်းထွန်းတို့ပြန်လည်ပါဝင်လာခဲ့ပြီး သက်နိုင်(ရတနာပုံ)သည်လည်း ရွှေ့တန်းကစားသမားတစ်ဦး အဖြစ် ပါဝင်လာခဲ့ကြောင်း တွေ့ရသည်။ ကျန်နေရာများတွင် အပြောင်းအလဲမရှိဘဲ သန်းပိုင်၊ မောင်မောင်လွင်နှင့် ရှိုင်းသူရတို့မှာ မြန်မာ ယူ-၂၃အသင်း၏ ပဏာမကစားသမားများအဖြစ် ရောက်ရှိသွားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ် ကစားသမားစာရင်းမှာ (ဂိုး) ကျော်ဇင်ဖြိုး၊ မျိုးမင်းလတ်၊ ရန်အောင်လင်း၊ (နောက်တန်း)ကျော်ဇင်လွင်၊ နန္ဒကျော်၊ ဒေးဗစ်ထန်၊ ဇော်မင်းထွန်း၊ ဟိန်းသီဟဇော်၊ ဖြိုးကိုကိုသိန်း၊ အောင်ဇော်၊ ဇော်လင်း၊ ရဲဝင်းအောင်(အလယ်တန်း) ရဲကိုဦး၊ လှိုင်းဘိုဘို၊ ရန်အောင်ကျော်၊ ကြည်လင်း၊ နေလင်းထွန်း၊ ကျော်မင်းဦး၊ သီဟဇော်၊ ဆမ်လန်မန်၊ (ရှေ့တန်း) ကျော်ကိုကို၊ အောင်သူ၊ သက်နိုင်တို့ဖြစ်ကြသည်။

## MNL-2 ရာသီသစ်တွင် ကလပ်အသစ်သုံးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့မှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ (MNL 2) ပြိုင်ပွဲကို လာမည့် ၂၀၁၆ ရာသီသစ်တွင် ကလပ်အသင်းသစ် သုံးသင်းအပါအဝင် စုစုပေါင်း ၁၃ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်-၂ (MNL 2 ) ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် MNL ဌာနသို့ လာရောက်ဆက်သွယ် ဆောင်ရွက်နေသော အသင်းသစ်သုံးသင်းမှာ တက္ကသိုလ်ကစားသမားများကို အခြေခံပြီး ဝင်ရောက်ယှဉ်ပြိုင်မည့် TTU FC (သန်လျင်နည်းပညာတက္ကသိုလ်)၊ နာမည်ကျော် သရုပ်ဆောင်နှင့် ဇာတ်မင်းသားဖိုးချစ် တည်ထောင်ပြီး လက်ရွေးစင်ဟောင်း ဇော်လင်းထွန်းက နည်းပြအဖြစ် တာဝန်ယူမည့် Football Crazy FC (FC FC) အသင်းနှင့်ဆေးတက္ကသိုလ်ကျောင်းသားများ၊ ဆရာဝန်လူငယ်များ၊ လူငယ်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားမည့် Doctors & Friends FC (DNF FC) အသင်းတို့ ဖြစ်ကြသည်။

အဆိုပါ အသင်းသစ်သုံးသင်းသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ စည်းမျဉ်းသတ်မှတ်ချက်များ၊ စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်ပြီး ကလပ်အသင်းတစ်သင်းတွင် ရှိရမည့်စံနှုန်းများအတိုင်း ပြည့်မီအောင်ဖြည့်စွက်၍ ပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရေးဌာနသို့ လျှောက်ထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် MNL 2 ပြိုင်ပွဲကို ယခုနှစ် မြန်မာနေရှင်နယ်လိဂ် Ooredoo MNL 2015 မှ တန်းဆင်းအသင်း နှစ်သင်း၊ မောရဝတီ၊ မြဝတီ၊ တက္ကသိုလ်များ၊ Best United၊ ငွေကြယ်ပွင့်လေးများ၊ ဖုန်ကန်အက်ဖ်စီ၊ GFA၊ ဒဂုံအက်ဖ်စီနှင့် ယခုအသင်းသစ် သုံးသင်း၊ စုစုပေါင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

MNL-2 ၂၀၁၆ ခုနှစ်ပြိုင်ပွဲအား လာမည့် ဇန်နဝါရီလ ဒုတိယပတ်အတွင်း ကျင်းပသွားရန် မြန်မာနေရှင်နယ်လိဂ်ကော်မတီက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## မြန်မာ့လက်ရွေးစင်အသင်းနည်းပြများနှင့်အဖွဲ့ချုပ်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး စည်းကမ်းပိုင်းတွင် ချို့ယွင်းအားနည်းနေသည့် မည်သည့်ကစားသမားကိုမဆို အပြီးသတ်လူစာရင်းမှ ချန်လှပ်ထားရန်ဆုံးဖြတ်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မြန်မာ့လက်ရွေးစင်အသင်းမှ နည်းပြများ၊ အသင်းအုပ်ချုပ်သူများနှင့်တွေ့ဆုံ၍ အနာဂတ်တွင် လက်ရွေးစင်အသင်း အောင်မြင်မှုရရှိစေရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။



အဆိုပါဆွေးနွေးပွဲသို့ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အတူ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဆီဇီ၊ အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ ယူ-၂၃အသင်းနည်းပြချုပ် အဲရစ်ဝီလျံ၊ အုပ်ချုပ်သူ ဦးတင်မြင့်အောင် အစရှိသည့် လက်ရွေးစင်အသင်းမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြ ဂတ်ဆီဇီသည် လက်ရွေးစင်အသင်း၏ အပြီးသတ်ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ပြီး လာမည့်ခြေစမ်းပွဲနှင့် ခြေစစ်ပွဲများ၊ နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်မည့်ကဏ္ဍများအား အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

အလားတူ ယူ-၂၃ နည်းပြချုပ်အဲရစ်ဝီလျံကလည်း ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အစီအစဉ်များနှင့် လေ့ကျင့်ရေးအစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ယူ-၂၃ အသင်းသည် အဆိုပါပြိုင်ပွဲအတွက် အောက်တိုဘာလ ၂၆ ရက်နေ့မှစတင်ကာ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် စည်းကမ်းပိုင်း ချို့ယွင်းအားနည်းနေသည့် မည်သည့်ကစားသမားကိုမဆို အပြီးသတ်လူစာရင်းမှ ချန်လှပ်ထားရန် အဓိကထား၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

## စည်းကမ်းပိုင်းကြောင့် ကောင်းဆက်နိုင်ကို ယူ-၂၃အသင်း လူစာရင်းမှ ထုတ်ပယ်ခဲ့ရခြင်းဖြစ်သည်ဟု အဲရစ်ဝီလျံရှင်းလင်း

ဗီယက်နမ်နိုင်ငံတွင် နိုဝင်ဘာ ၂၀ရက်မှ ၂၉ရက်အထိ ကျင်းပမည့် ယူ-၂၃ နိုင်ငံတကာ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃အသင်း လူစာရင်းမှ တိုက်စစ်မှူး ကောင်းဆက်နိုင်ကို ထုတ်ပယ်ခဲ့ခြင်းမှာ စည်းကမ်းပိုင်း အားနည်းချက်များကြောင့်ဖြစ်သည်ဟု နည်းပြချုပ်အဲရစ်ဝီလျံက ရှင်းလင်းပြောကြားခဲ့သည်။

ကောင်းဆက်နိုင်သည် ၂၀၁၅ ဆီးဂိမ်းတွင် မြန်မာယူ-၂၃အသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ယင်းပြိုင်ပွဲအပြီးတွင် စည်းကမ်းပိုင်းဖောက်ဖျက်မှုကြောင့် အင်္ဂလန်ဖြင့်သွားရောက်ကစားနေသော မကွေးအသင်းမှ စာချုပ်ဖျက်သိမ်းခဲ့ကာ လက်ရှိအချိန်တွင် မိခင်ကလပ် ရန်ကုန်အသင်းသို့ ပြန်လည်ရောက်ရှိနေခြင်းဖြစ်သည်။

"ကောင်းဆက်နိုင်ရဲ့ အနေအထားကို ကျွန်တော်ကောင်းကောင်း သိထားပါတယ်။ သူ့မှာ လူမှုရေးပြဿနာတွေရှိနေသလို ကွင်းအတွင်းအပြင် စည်းကမ်းပိုင်း အားနည်းချက်တွေလည်းရှိပါတယ်။ ယူ-၂၃ အသင်းကို ၂၀၁၇ ဆီးဂိမ်းအတွက် အထောက်အကူဖြစ်စေဖို့ ဖွဲ့စည်းတာပါ။ ဒါကြောင့် အသက်မှန်ကန်ပြီး စည်းကမ်းကောင်းတဲ့ကစားသမားတွေကိုပဲ အဓိကထား ရွေးချယ်ပါမယ်"ဟု အဲရစ်ဝီလျံက ပြောကြားခဲ့သည်။

ကောင်းဆက်နိုင်ကို မြန်မာယူ-၂၃ အသင်း လူစာရင်းမှထုတ်ပယ်ခဲ့ပြီးနောက် ဇွဲကပင်နောက်ခံလူ သိန်းဇော်နှင့် ဧရာဝတီ ဖေယျာရွှေမြေကွင်းလယ်ကစားသမား စစ်မင်းတို့ကို အားဖြည့်ရွေးချယ်ခဲ့သည်။

## ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် အဖွဲ့ချုပ်ကြိုးပမ်းနေဟုဆို



၂၀၁၉ ခုနှစ် ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခွင့်ရရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု မြန်မာယူ-၁၆ (လက်ရှိ ယူ-၂၃ နည်းပြ) နည်းပြချုပ်အဲရစ်ဝီလျံကအတည်ပြုပြောကြားသည်။

အဲရစ်ဝီလျံသည် လက်ရှိတွင် ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၃ အသင်းကို ကိုင်တွယ်လျက်ရှိ သော်လည်း အဆိုပါပြိုင်ပွဲအပြီး၌ ယူ-၁၆ အသင်းနှင့် လူငယ်အသင်း စီမံကိန်းအတွက် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

"လာမယ့် ၂၀၁၉မှာ ယူ-၁၇ ကမ္ဘာ့ဖလားကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရဖို့ကြိုးပမ်းနေတယ်လို့ ဥက္ကဋ္ဌက ပြောထားပါတယ်။ ယူ-၂၃ ပြိုင်ပွဲ အပြီးမှာယူ-၁၆၊ ယူ-၁၅ က ကစားသမားလေးတွေကိုစုပြီး အသင်းတည်ဆောက်မယ်။ ပြီးရင် ၁၈ နှစ်အောက် လိဂ်-၂ လူငယ်ပြိုင်ပွဲမှာ ဝင်ပြိုင်မယ်။ ကစားသမားတွေ အတွေ့အကြုံရအောင် ပြိုင်မှာပါ။ အစီအစဉ်တွေ အားလုံးချထားပြီးသားပါ။ အဖွဲ့ချုပ်နဲ့ အဓိက သဘောတူထားတာက လူငယ်အသင်းအတွက်ရော၊ လူငယ်စီမံကိန်းအတွက်ပါ လုပ်ပေးဖို့ပါ။ ဒါပေမယ့် လောလောဆယ် ဒီ ယူ-၂၃ ပြိုင်ပွဲအတွက် တာဝန်ပေးတဲ့အတွက်လုပ်ရတာပါ။ အဒီ့အတွက်လည်း အရမ်းဝမ်းသာပါတယ်"ဟု အဲရစ်ဝီလျံက ပြောသည်။

ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိပြီး ၂၀၁၅အိမ်ရှင်အဖြစ် ချီလီနိုင်ငံတွင် ကျင်းပလျက်ရှိကာ ၂၀၁၇ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲကိုမူ အိန္ဒိယနိုင်ငံတွင် ကျင်းပရန် စီစဉ်ထားသည်။ ၂၀၁၇ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အိန္ဒိယနိုင်ငံအနေဖြင့် အိမ်ကွင်းလက်ခံ ကျင်းပရန် ကွင်းပေါင်းခြောက်ကွင်း လျာထားပြီးအနိမ့်ဆုံး ပရိသတ် ၁၉၀၀၀ ကျော် ဝင်ဆံ့သည့်ကွင်းမှ အမြင့်ဆုံး ၆၈၀၀၀ အထိ ဝင်ဆံ့သည့်ကွင်းများ ပါဝင်သည်။

မြန်မာနိုင်ငံအနေဖြင့် ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန်အတွက်အဆင့်မီကွင်း နှစ်ကွင်းခန့် ထပ်မံလိုအပ်နေပြီး ကျင်းပခွင့်ရပါက ယူ-၁၇ ကမ္ဘာ့ဖလားကို အာဆီယံနိုင်ငံများအနက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်ကြောင်း သိရသည်။



## သွင်းဂိုးပေါင်း ၂၀၀၀ပြည့် မှတ်တမ်းရေးထိုးနိုင်ရန် အာစင်ဝင်းဂါး မျှော်လင့်

အာဆင်နယ်အသင်း၏နည်းပြဖြစ်သူ အာစင်ဝင်းဂါးသည်၎င်း၏နည်းပြဘဝ သက်တမ်းတစ်လျှောက်တွင် သွင်းဂိုးပေါင်း ၂၀၀၀ ပြည့်ရန်အတွက် မျှော်လင့်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းတွင် တာဝန်ယူခဲ့သည့် သက်တမ်းပေါင်း ၁၉နှစ်ရှိပြီဖြစ်သည့် အာဆင်ဝင်းဂါးသည် လာမည့်ပွဲတွင် ဂိုးသွင်းနိုင်ခဲ့ပါက သွင်းဂိုးပေါင်း ၂၀၀၀ ပြည့်ပြီဖြစ်သည်။

သို့သော် ယခုလာမည့်ပွဲစဉ်တွင် ရင်ဆိုင်ရမည့် ဆွမ်ဆီးအသင်းသည် အာဆင်နယ်အသင်းကို နောက်ဆုံးတွေ့ဆုံခဲ့သည့် သုံးကြိမ်တွင်တစ်ကြိမ်မျှ ရှုံးခဲ့ဖူးခြင်းမရှိသည့် အသင်းတစ်သင်းဖြစ်နေသည့်အတွက် သွင်းဂိုးပေါင်း ၂၀၀၀ ပြည့်မီရန် မျှော်လင့်နေရခြင်းဖြစ်သည်ဟုဆိုသည်။

အာဆင်နယ်အသင်းတွင် အာစင်ဝင်းဂါးလက်ထက် ဂိုးအများဆုံးသွင်းယူပေးခဲ့သည့် ကစားသမားမှာ အွန်နရီဖြစ်ပြီးသွင်းဂိုးပေါင်း ၂၂၈ ဂိုး သွင်းယူပေးခဲ့သည်။

လက်ရှိ အာဆင်နယ်အသင်းတွင် အသင်းအတွက် ဂိုးအများဆုံးသွင်းထားသူမှာ သီအိုဝဲလ်ကော့ဖြစ်ပြီး သွင်းဂိုးပေါင်း ၈၀ အထိရှိနေကာ စတုတ္ထမြောက် သွင်းဂိုး အများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက် ၆၆နှစ်အရွယ်ရှိပြီဖြစ်သည့် အာစင်ဝင်းဂါးလက်ထက်တွင် သွင်းဂိုးပေါင်း ၁၉၉၉ ဂိုးရှိနေပြီဖြစ်သည်။

## ကလပ်အတွင်းသို့ ငွေစက္ကူအထုတ်လိုက်ကိုင်၍ မေဝဲသားဝင်ရောက်လာ လက်ဝှေ့ကြိုးဝိုင်းကို လုံးဝစွန့်ခွာခဲ့ပြီဟု ထပ်မံပြောကြား



ရှုံးပွဲမရှိစံချိန်ရှင် အမေရိကန်လက်ဝှေ့ကျော် မေဝဲသားသည် ပြီးခဲ့သည့်အောက်တိုဘာလ ၂၉ ရက်နေ့ညက မီယာမီရှိ Kings of Diamond ကလပ်သို့ ရောက်ရှိလာခဲ့သည်။

ကလပ်အတွင်းသို့ ဝင်ရောက်လာသည့် မေဝဲသားသည် ၎င်း၏လက်တွင်း၌ ငွေစက္ကူအထုတ်လိုက် ကိုင်ဆောင်လာခဲ့ပြီး အဆိုပါငွေများကိုထိုနေ့တစ်ညတည်းမှာပင် အကုန်သုံးသွားခဲ့သည်ဟုဆိုသည်။

Money Man ဟု အမည်ပြောင်ပေးထားသည့် မေဝဲသားသည် လက်ဝှေ့ကြိုးဝိုင်းအတွင်းမှ ရရှိထားသည့်ငွေများကို ၎င်း၏လူမှုကွန်ရက်ဝက်ဘ်ဆိုက်မှတစ်ဆင့် အများပြည်သူသို့ပြသခဲ့ပြီးနောက် ယခုကဲ့သို့ ငွေများကို သုံးစွဲနေခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါကလပ်တွင် မေဝဲသားသည် တစ်ပုလင်းလျှင် ပေါင် ၆၀၀ (အမေရိကန်ဒေါ်လာ ၃၉၂) ပေးရသည့် ဗော့ဒ်ကာအရက်ပုလင်းများကို ဝယ်ယူပြီး ကလပ်သို့ လာရောက်သူများကို ပေးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

သို့သော် မေဝဲသားအား လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ ပြန်လာ၍ ၎င်းတို့နှင့် ထပ်မံထိုးသတ်ရန် ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီအိုနှင့် ဗြိတိန်နိုင်ငံ သားလက်ဝှေ့ကျော် အေမီခန်းတို့က တောင်းဆိုလျက်ရှိသည်။

"မေဝဲသားအနေနဲ့ အနားယူဖို့ မလိုအပ်သေးပါဘူး။ ကျွန်တော်နဲ့တစ်ပွဲလောက်ထပ်ထိုးဖို့ တောင်းဆိုပါတယ်။ သူ့ရဲ့ရှုံးပွဲမရှိ စံချိန်ဆိုတာကို ချိုးဖျက်ချင်လို့ပါ။ ကျွန်တော်လည်း သူနဲ့ထိုးသတ်ပြီးရင် လက်ဝှေ့လောကကနေ အနားယူတော့မှာပါ"ဟု ပက်ကွီအိုက ပြောကြားခဲ့သည်။

ထို့အတူ အေမီခန်းကလည်း မေဝဲသားအား ၎င်းနှင့်ထိုးသတ်ရန်တောင်းဆိုလျက်ရှိကြောင်း သိရသည်။

သို့သော် လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ မေဝဲသား လုံးဝပြန်မလာတော့ဟု ၎င်း၏မန်နေဂျာဖြစ်သူ လီယိုနတ်အီလ်ဘ့က အတည်ပြုပြောကြားခဲ့သည်။

"ကျွန်တော်တို့အခု မေဝဲသားနဲ့ ပတ်သက်တဲ့ ကောလာဟလတွေကို မယုံကြပါနဲ့။ သူဟာ လက်ဝှေ့လောကထဲကို ဘယ်တော့မှ ပြန်လာမှာမဟုတ်ပါဘူး။ သူတကယ်တမ်းသွားချင်တာက ရပ်ဂ်ဘီ ဒါမှမဟုတ် ဘတ်စ်ကက်ဘောပြိုင်ပွဲတွေဆီကိုပါ။ သူဟာ အမြဲလိုလို အမေရိကန်နိုင်ငံရဲ့ အကျော်ကြားဆုံး သောဘတ်စကက်ဘောပြိုင်ပွဲ တစ်ပွဲဖြစ်တဲ့ NBA ဘတ်စ်ကက်ဘောပြိုင်ပွဲတွေဆီကိုပဲ ခြေဦးလှည့်နေတတ်ပါတယ်။ ဒါကြောင့် ဘယ်သူကပဲ သူနဲ့ထိုးသတ်ဖို့ တောင်းဆိုနေပါစေ သူ ဘယ်တော့မှ ထိုးသတ်မှာမဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

## ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပခွင့်ရခဲ့သည့် ရုရှားနိုင်ငံအား မဲမပေးမီကပင် ကျင်းပခွင့်ရရှိရန် ကြိုတင်စီစဉ်ထားခဲ့ဟုဆို

ဘောလုံးလောကမှ ရက်ပေါင်း ၉၀ ပိတ်ပင်ခံထားရသော ဖီဖာဥက္ကဋ္ဌ ဘလတ္တာက ၂၀၁၈ ကမ္ဘာ့ဖလားပွဲကို ရုရှားတွင် ကျင်းပနိုင်ရန်အတွက် မဲမပေးမီကပင် သဘောတူထားပြီးဖြစ်ကြောင်း ဖွင့်ဟပြောကြားလိုက်သည်



၂၀၁၈ နှင့် ၂၀၂၂ ကမ္ဘာ့ဖလား ကျင်းပခွင့်အတွက် အိမ်ရှင်ရွေးချယ်ပွဲကို ၂၀၁၀ တွင်ပြုလုပ်ခဲ့ပြီး ၂၀၁၈ အတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ကို ရုရှားအား ကျင်းပခွင့်ပေးရန် မဲမပေးမီကပင် သဘောတူထားပြီဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဥရောပအရှေ့ပိုင်းတွင် ကမ္ဘာ့ဖလားပွဲများ ကျင်းပခဲ့ခြင်းမရှိသေး၍ ဖြစ်ကြောင်း၊ ၂၀၂၂ အိမ်ရှင်အတွက်မူ အမေရိကန်အား ရည်စူးခဲ့သော်လည်း ကာတာက ရရှိသွားခြင်းဖြစ်ကြောင်း ဘလတ္တာက ဖွင့်ဟပြောကြားခဲ့သည်။

၂၀၁၈ ကမ္ဘာ့ဖလား ကျင်းပခွင့်ရရှိရေးအတွက်မျှော်လင့်ချက် အပြည့်နှင့် ကြိုးစားခဲ့ဆုံးနိုင်ငံမှာ အင်္ဂလန်နိုင်ငံဖြစ်ပြီး ကျင်းပခွင့်မရသည့်အတွက် တစ်နိုင်ငံလုံးယူကြုံးမရဖြစ်ခဲ့ကြရသည်

ဘလတ္တာ၏ ယခုပြောကြားချက်ကြောင့် FA ဥက္ကဋ္ဌဒါကီက မိမိတို့အနေနှင့် စုံစမ်းသွားမည်ဖြစ်ပြီး တရားဥပဒေနှင့်အညီဖြစ်ရန် ကြိုးပမ်းမည်ဟု ပြောကြားသွားခဲ့သည်။ ယင်း ၂၀၁၈ နှင့် ၂၀၂၂ ကမ္ဘာ့ဖလား ကျင်းပခွင့်ရရေးအတွက် မသမာသောကြိုးပမ်းစည်းရုံးမှုများရှိခဲ့သည်ဟုဆိုကာ အမေရိကန်နှင့် ဆွစ်ဇာလန်တို့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲပင်ဖြစ်သည်။

သို့သော် ဖီဖာဥက္ကဋ္ဌဟောင်း ဘလတ္တာကမူ ၎င်းအား အမေရိကန်ကုမ္ပဏီများက ဝိုင်းဝန်းတိုက်ခိုက်နေကြသည်ဟု စွပ်စွဲပြောဆိုလိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ဘလတ္တာက ၎င်းအနေဖြင့် စပွန်ဆာကုမ္ပဏီများထံမှ လာဘ်ပေးလာဘ်ယူမှုများ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း၊ အမေရိကန်နိုင်ငံ၏ နိုင်ငံရေးအရ လွှမ်းမိုးခြင်းခံထားရသည့် ကုမ္ပဏီများဖြစ်နေကြောင်း၊ သို့သော် အဆိုပါကုမ္ပဏီကြီးများက မိမိအား လာဘ်ပေးလာဘ်ယူမှုများရှိခဲ့သည်ဆိုကာစွပ်စွဲပြောဆိုနေကြကြောင်း၊ ယင်းကဲ့သို့သောပြောကြားချက်များကို ငြင်းပယ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

"ကျွန်တော့်ကို ဝိုင်းပြီးတိုက်ခိုက်နေကြတာ အမေရိကန်က ကုမ္ပဏီကြီးတွေပါပဲ"ဟုဆပ်ဘလတ္တာက ပြောကြားခဲ့သည်။



## လေတန်ဟယူးဝစ်ချ်ကို ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲအတွက် အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်

အမေရိကန်နိုင်ငံတွင် ကျင်းပမည့် ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်ရမည့် ဩစတြေးလျအသင်းအတွက် လေတန်ဟယူးဝစ်ချ်ကို အသင်းခေါင်းဆောင်အဖြစ် ဩစတြေးလျတင်းနစ်အဖွဲ့ချုပ်က ခန့်အပ်လိုက်ကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်သည့် ဟယူးဝစ်ချ်သည် ပြီးခဲ့သည့် ၁၉၉၉ ခုနှစ်နှင့် ၂၀၀၃ခုနှစ်တို့တွင် ကျင်းပခဲ့သည့် ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲတွင်ဩစတြေးလျအသင်းအတွက် အောင်ပွဲများ ရယူပေးခဲ့ရာတွင် ပါဝင်ခဲ့သူတစ်ဦး ဖြစ်သည်။

၎င်းသည် ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ၏ ပထမဦးဆုံးပွဲစဉ်ဖြစ်သည့် အမေရိကန်အသင်းနှင့် ပွဲစဉ်တွင် အသင်းကို စတင်ဦးဆောင်ကစားရမည်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် ၂၀၁၆ခုနှစ် မတ်လ ၄ ရက်နေ့နှင့် ၆ ရက်နေ့တို့တွင် အိမ်ကွင်း အဝေးကွင်းအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

"ကျွန်တော့်ကို အသင်းခေါင်းဆောင်အဖြစ် ဒီပွဲမှာ တာဝန်ယူပေးဖို့ ပြောခဲ့တဲ့အတွက်ကျွန်တော်သဘောတူခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တာဝန်ယူတဲ့အချိန်မှာ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးပါ့မယ်"ဟု ဟယူးဝစ်ချ်က ပြောကြားခဲ့သည်။

# နို့စားနွားတစ်ကောင်၏ နို့ထွက်နှုန်းကိုလွှမ်းမိုးထားသောအချက်များ

## (Factors affecting milk yield)

|မင်းအောင် (မွေး/ဆေး)|



ပုံမှန်အားဖြင့် နွားမတစ်ကောင်သည် နို့ပေးကာလရဲ့ ပထမ ခြောက်ပတ်မှ ရှစ်ပတ်အထိ နို့ထွက်နှုန်း မြင့်မားတတ်ပြီး ထို့နောက် တဖြည်းဖြည်းချင်း လျော့နည်းသွားတတ်ပါသည်။ နို့ထွက်နှုန်းကို အဓိကလွှမ်းမိုးထားသော အချက်များမှာ -

**၁။ မျိုးရိုးဗီဇ** (Breed)

Holstein Friesian (ဖရီရှန်) နွားမများသည် အခြားနို့စားနွားများထက် နို့ထွက်နှုန်းနှင့် နို့တွင်ပါဝင်သော ဓာတ်များ (Fat, Protein & Lactose) ပိုများပါသည်။ သို့သော်လည်း ထိုနွားမျိုးတစ်ခုတည်းမှာပင် တစ်ကောင်နဲ့ တစ်ကောင်ကြားတွင်ရှိသော နို့ထွက်နှုန်းနှင့် နို့တွင်ပါဝင်သော ဓာတ်များလည်း ကွားခြားတတ်ပါသည်။

**၂။ တစ်သားနဲ့ တစ်သားကြားကာလ (Dry period)**

နို့စားနွားမများကို အများအားဖြင့် နောက်တစ်သားမမွေးမီ နှစ်လခန့် အလိုကတည်းက နို့မညှစ်တော့ဘဲ အနားပေးကြားကာလအဖြစ် ထားကြပါသည်။ ထိုအနားပေးကြားကာလသည် နောက်တစ်သားမွေးပြီး နို့ထွက်နှုန်းအမြင့်မားဆုံး ရရှိရေးအတွက် အလွန်ကို အရေးကြီးပါသည်။ အနားပေးကြားကာလသည် ရက်ပေါင်း ၄၀-၆၀ ထက် လျော့နည်းပါက နို့ထွက်နှုန်းကို ၂၅-၄၀ ရာခိုင်နှုန်းလောက်အထိ လျော့ကျစေနိုင်ပါသည်။ သို့သော် ရက်ပေါင်း ၆၀ ထက် ကျော်လွန်သော်လည်း နို့ထွက်နှုန်းအပေါ်မှာ အကျိုးသက်ရောက်မှု မရှိနိုင်ပါ။ အနားပေးကြား ကာလရှည်ကြာခြင်းသည် နွားတစ်ကောင်မှ တစ်နှစ်အတွက် ပျဉ်းမျှနို့ထွက်နှုန်းကို လျော့နည်းစေပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်သားနဲ့တစ်သား ကြားကာလသည် ပုံမှန် (၁၃-၁၄ လ) ထက် ပိုမိုရှည်ကြာပြီး နွားမတစ်ကောင်ရဲ့ တစ်သက်တာ နို့ထွက်နှုန်းကို လျော့နည်းစေနိုင်သောကြောင့် ဖြစ်ပါသည်။

နောက်တစ်ချက်က အနားပေးကြားကာလမှာ နွားမတစ်ကောင်သည် သူ့တွင် ရှိသင့်ရှိထိုက်သော ကိုယ်အနေအထား (Body Condition Score) ရှိရပါမည်။ အနားပေးကြားကာလမှာ ကောင်းမွန်တဲ့ကိုယ်အနေအထား (Good Body Condition) ရှိသော နွားမသည် ညှိုးသောကိုယ်အနေအထား (Thin Body condition) ရှိသော နွားမများထက် နောက်လာမယ့် နို့ပေးကာလမှာ နို့ထွက်နှုန်း သိသိသာသာ မြင့်မားပါသည်။

**၃။ ကလေးမွေးဖွားချိန် အသက်နှင့် ကိုယ်အလေးချိန်** (Age and body weight at calving)

နွားတစ်ကောင်သည် အသက်အရွယ်နှင့် ကိုယ်အလေးချိန် ကြီးလာတာနဲ့ နို့ထွက်နှုန်း မြင့်မားလာပါသည်။ အဘယ်ကြောင့်ဆိုသော် အစာအိမ်လမ်းကြောင်း (Digestive System) နှင့် နို့ဂလင်း (Mammary Gland) များ ပိုမိုကြီးထွားလာပြီး နို့ကိုပိုစစ်ထုတ်နိုင်သောကြောင့် ဖြစ်ပါသည်။ နောက်တစ်ချက်ကတော့ ထပ်တလဲလဲ ကိုယ်ဝန်ဆောင်ခြင်းနဲ့ ကလေးမွေးပြီး နို့ပေးခြင်းတို့ကြောင့်ဖြစ်ပါသည်။ အချို့ သုတေသနပညာရှင်များ၏ အဆိုအရ အစာအာဟာရကို ပုံမှန်ကျွေးပြီး နို့ထွက်နှုန်း မြင့်မားလာခြင်း၏ ၂၀ ရာခိုင်နှုန်းသည် ကိုယ်အလေးချိန် မြင့်မားလာခြင်းကြောင့် ဖြစ်ပြီး ကျန်သော ၈၀ ရာခိုင်နှုန်းသည် ထပ်တလဲလဲ ကိုယ်ဝန်ဆောင်ပြီး ကလေးမွေး နို့ညှစ်နေခြင်းကြောင့် ဖြစ်တယ်လို့ ညွှန်ပြထားကြပါသည်။ ငါးကြိမ်မြောက်အထိ ထပ်တလဲလဲ ကိုယ်ဝန်ဆောင်ပြီး ကလေးမွေး နို့ညှစ်သော နွားမသည် ပထမကလေးမွေးသော နွားမ (မဒါန်းမ)ထက် ၃၀ ရာခိုင်နှုန်း နို့ပိုမိုထွက်ရှိပါသည်။

**၄။ နို့ပေးအကြိမ်ရေ (Lactation Number)**

ကလေး ၄-၅ သားလောက်အထိ မွေးထားသောနွားမသည် တစ်သားမွေးသောနွားမ (မဒါန်းမ)ထက် နို့ထွက်နှုန်း ပိုကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် မဒါန်းမထက် နို့အုံဖွံ့ဖြိုးမှုပိုကောင်းလာသောကြောင့် ဖြစ်ပါတယ်။ နှစ်နှစ်သားအရွယ်မှာ ပထမကလေးမွေးထားသော မဒါန်းမတစ်ကောင်ရဲ့ နောက်သားတွေမှာ ထွက်ရှိမယ့် နို့ထွက်နှုန်းကို ပထမကလေးမွေးတုန်းက ထွက်တဲ့ နို့ထွက်နှုန်းကို ၁ ဒသမ ၃ နဲ့ မြှောက်ခြင်းအားဖြင့် ခန့်မှန်းနိုင်ပါတယ်။

**၅။ ကိုယ်ဝန်ရှိခြင်း** (Pregnancy)

ကိုယ်ဝန်ရှိခြင်းသည် နို့ထွက်နှုန်းကို ဟန့်တားနိုင်သောအစွမ်းရှိပါသည်။ နွားမရဲ့ ကိုယ်ဝန် ငါးလ နောက်ပိုင်းတွင် နို့ထွက်နှုန်း ကျဆင်းလာတတ်ပါသည်။ ကိုယ်ဝန် ရှစ်လရှိသော နွားမသည် ကိုယ်ဝန်မရှိသော နွားမထက် နို့ထွက်နှုန်း ၂၀ ရာခိုင်နှုန်းခန့် လျော့နည်းတတ်ပါသည်။ ကိုယ်ဝန်ဆောင်ကာလ ကြာမြင့်လာတာနဲ့အမျှ အမဟော်မုန်း (Estrogen & Progesterone) ဓာတ်များ မြင့်မားလာပြီး နို့စစ်ထုတ်မှုကို ဟန့်တားပါသည်။

**၆။ ကလေးမွေးဖွားသောရာသီ** (Season of Calving)

နို့ထွက်နှုန်းအပေါ် ကလေးမွေးဖွားသောရာသီ၏အကျိုးသက်ရောက်မှုသည် မျိုးရိုး (Breed) နို့ပေးကာလ (Stage of Lactation) နဲ့ ရာသီဥတုအခြေအနေ (Climatic Condition) ကြောင့်လား ဆိုပြီးတော့ ဝေခွဲရ ခက်နေဆဲဖြစ်ပါသည်။ မိုးတွင်းနောက်ပိုင်းနဲ့ ဆောင်းတွင်း မွေးသော နွားမများသည် နွေရာသီမွေးသော နွားမများထက် ရှစ်ရာခိုင်နှုန်းခန့် နို့ပိုမိုထွက်ရှိနိုင်ပါတယ်။ အဘယ်ကြောင့်ဆိုသော် နေ့ခင်း အလင်းရောင် ရရှိမှုနဲ့ ပတ်ဝန်းကျင်အပူချိန်တို့ကြောင့် ဖြစ်နိုင်ပါသည်။ အစာအာဟာရ ကောင်းကောင်းကျွေးပြီး စီမံခန့်ခွဲမှု ကောင်းမွန်အောင် လုပ်ခြင်းအားဖြင့် ကလေးမွေးဖွားသော ရာသီဥတုကြောင့် နို့ထွက်နှုန်းကွာဟချက်ကို လျှော့ချနိုင်ပါသည်။

**၇။ ပတ်ဝန်းကျင်အပူချိန် (Ambient Temperature)**

နို့ထွက်နှုန်းအပေါ် ပတ်ဝန်းကျင် အပူချိန်ရဲ့ အကျိုးသက်ရောက်မှုသည် မျိုးရိုးဗီဇပေါ်မှာ မူတည်ပါသည်။ Larger Breeds နဲ့ Smaller Breeds တို့ကိုယှဉ်ကြည့်ရင် Holstein Friesian (ဖရီရှန်)ကဲ့သို့သော Larger Breeds များသည် အအေးဒဏ်ကို ခံနိုင်ရည်ရှိပြီး Jersey (ဂျာစီ) ကဲ့သို့သော Smaller Breeds များက အပူဒဏ်ကို ခံနိုင်ရည်ရှိပါသည်။ Holstein Friesian (ဖရီရှန်) နွားမများအတွက် အကောင်းဆုံး အပူချိန်သည် ၁၀ ဒီဂရီစင်ဒီဂရိတ် ဖြစ်ပြီး အပူချိန် ၂၇ ဒီဂရီစင်ဒီဂရိတ်ထက် ကျော်လွန်ပါက နို့ထွက်နှုန်းကျဆင်းလာတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အပူချိန်မြင့်လာတာနဲ့အမျှ အစာစားနှုန်းကျဆင်းလာပြီ နို့ထွက်နှုန်း လျော့နည်းသွားခြင်းကြောင့်ဖြစ်ပါသည်။ အပူချိန်မြင့်မားခြင်းကြောင့် နို့ထွက်နှုန်း လျော့နည်းခြင်းသည် ထုတ်လုပ်မှုလျော့နည်းသော နွားများထက် ထုတ်လုပ်မှု မြင့်မားသော နွားများတွင် ပိုဖြစ်နိုင်ပါသည်။

**၈။ ရောဂါ (Diseases)**

နို့ထွက်နှုန်းကို အဓိကအဟန့်အတားဖြစ်စေသော ရောဂါကတော့ နို့အုံရောင်ရောဂါ (Mastitis) ဖြစ်ပါသည်။ ထိုရောဂါက နို့ကိုစစ်ထုတ်ပေးသော တစ်သျှူး (Secretory Tissue)ကို ဖျက်ဆီးလိုက်သောကြောင့် နို့ထွက်နှုန်း လျော့နည်းသွားရခြင်း ဖြစ်ပါသည်။ နို့ကိုစစ်ထုတ်ပေးသော တစ်သျှူး (Secretory Tissue) များ ပျက်စီးသွားသောကြောင့် ရောဂါပျောက်ကင်းသွားသော်လည်း နို့ထွက်နှုန်းမှာ ဆက်လက်ကျဆင်းနေတတ်ပါသည်။

**၉။ အစာနှင့် ရေထောက်ပံ့မှု (Feed and Water Supply)**

အစာနဲ့ ရေကိုလုံလောက်အောင် မကျွေးဘဲ ကန့်သတ်ကျွေးမည်ဆိုလျှင် နို့ထွက်နှုန်းကျနိုင်ပါသည်။ ထို့ကြောင့် အစာကျွေးသောအခါတွင် လိုအပ်သော အာဟာရပမာဏ (Nutrient Requirement) ကို ပြည့်မီအောင် ကျွေးရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် စွမ်းအင်ဓာတ် (Energy)၊ အသားဓာတ် (Protein)၊ အမျှင်ဓာတ် (Fibre)၊ ဗီတာမင် (Vitamins) နှင့်သတ္တုဓာတ် (Minerals) များကိုလိုအပ်သော ပမာဏပြည့်မီအောင် ကျွေးရပါမည်။ နာရီအနည်းငယ်ကြာအောင် ရေကိုလုံလောက်အောင် မထောက်ပံ့နိုင်လျှင်လည်း နို့ထွက်နှုန်း မြန်မြန်ဆန်ဆန် ကျဆင်းနိုင်ပါတယ်။

**၁၀။ ဟော်မုန်း (Growth Hormone)**

နွားမများ၏ နို့ထွက်နှုန်းနှင့် ၎င်းတို့၏ သွေးထဲတွင်ရှိနေသော ကြီးထွားဟော်မုန်း (Growth Hormones) တို့သည် တစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်စပ်မှုရှိပါသည်။ ထိုကြီးထွား ဟော်မုန်းများသည် နွား၏ကိုယ်ထဲတွင် အာဟာရတွေကို ပြန်လည်ဖြန့်ဝေ (Redistribution of Nutrient) ပါသည်။ ထိုသို့ပြုလုပ်သောကြောင့် အာဟာရ အသုံးချမှု (Nutrient Utilization) ကောင်းလာပြီး နို့ထွက်နှုန်း ကောင်းလာပါသည်။ သို့သော်လည်း ထိုကြီးထွားဟော်မုန်း (Growth Hormones) များသည် နို့ကိုဖြစ်စေသောဖြစ်စဉ် (Milk Secretion Process) တွင်တော့ တိုက်ရိုက် ပါဝင်ပတ်သက်မှု မရှိပါ။

**၁၁။ နို့တစ်ကြိမ်နှင့် တစ်ကြိမ်ညှစ်သောကြားကာလ** (Milking Interval)

အများအားဖြင့် တူညီသော ကြားကာလ (Equal Interval) ဖြင့် တစ်ရက်ကို နှစ်ကြိမ်နှုန်းဖြင့် ညှစ်ကြပါသည်။ နွားမတွေကို မတူညီသော ကြားကာလ (Unequal Intervals) မှာ နို့ညှစ်ခြင်းသည် တူညီသောကြားကာလ (Equal Intervals) မှာ နို့ညှစ်ခြင်းထက် နို့ထွက်နှုန်း လျော့နည်းတာကို တွေ့ရပါသည်။ ရက်ဆက်တိုက် တော်တော်ကြာအောင် နို့ကိုပြောင်အောင် မညှစ်ဘဲထားခြင်းသည်လည်း နို့ပေးကာလတစ်လျှောက်လုံးအတွက် နို့ထွက်နှုန်းကို ကျစေနိုင်ပါသည်။ နို့ညှစ်ချိန်သည် ပုံမှန်အားဖြင့် နွားတစ်ကောင်ကို ၅-၆ မိနစ်ခန့်သာ ကြာမြင့်တတ်ပါသည်။

**၁၂။ တစ်ရက် နို့ညှစ်သောအကြိမ်ရေ** (Milking frequency)

ပုံမှန်အားဖြင့် နို့ကိုတစ်ရက် နှစ်ကြိမ်နှုန်းနဲ့ ညှစ်ကြပါသည်။ တစ်ရက်ကို နှစ်ကြိမ် နို့ညှစ်ခြင်းသည် တစ်ကြိမ်နို့ညှစ်ခြင်းထက် နို့ ၄၀ ရာခိုင်နှုန်းခန့် ပိုထွက်ပါသည်။ တစ်ရက်ကို သုံးကြိမ်နို့ညှစ်မည်ဆိုလျှင် နို့ထွက်နှုန်းသည် ၅-၂၀ ရာခိုင်နှုန်းခန့်အထိ တိုးလာနိုင်ပါသည်။ ထိုသို့ နို့ထွက်နှုန်းတိုးခြင်းသည် ပထမနို့ပေးကာလမှာများပြီး နွားအသက်ကြီးလာတာနဲ့အမျှ ကျသွားတတ်ပါသည်။ နို့ညှစ်သော အကြိမ်ရေတိုးခြင်းကြောင့် နို့ထွက်နှုန်းတိုးခြင်းသည် (၁) နို့မကြာခဏ ညှစ်သောကြောင့် နို့အုံအတွင်းဖိအား (Less Intramammary Pressure) ကိုလျော့ကျစေခြင်း၊ (၂) နို့ထွက်နှုန်းကောင်းစေသော ဟော်မုန်းများ ထွက်ရှိလာအောင် ပိုမိုလှုံ့ဆော်ပေးခြင်း၊ (၃) နို့အုံထဲမှာ နို့တွေစုပုံနေမှုနည်းခြင်းကြောင့် စစ်ထုတ်ဆဲလ် (Secretory Cell) များကို ဆိုးကျိုးဖြစ်စေနိုင်မှု လျော့နည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။ နို့ညှစ်သောအကြိမ်ရေနဲ့ပတ်သက်ပြီး ယခုထိအောင် အယူအဆ အမျိုးမျိုး ရှိနေပါသည်။ သို့သော် တစ်ရက်ကို သုံးကြိမ်နို့ညှစ်မည်ဆိုလျှင် နို့ညှစ်စက်(သို့)လူနှင့် မကြာခဏထိတွေ့နေရသောကြောင့် နို့အုံရောင်ရောဂါဖြစ်နိုင်ခြေပိုများပါသည်။ ထို့ကြောင့် စီမံခန့်ခွဲမှု အားနည်းသော ခြံများတွင် တစ်ရက် သုံးကြိမ်နို့ညှစ်ခြင်းကို အားမပေးပါ။

## မုံရွာခရိုင်၊ ဘုတလင်မြို့နယ်တွင် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ ကွင်းဆင်းဖွဲ့စည်း

အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေမယ့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့နဲ့ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့များ ကြိုတင်ဖွဲ့စည်းရန် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး၊ ဦးအောင်မောင်းရဲ့ လမ်းညွှန်မှုဖြင့် မုံရွာခရိုင်အတွင်း ဆီထွက်သီးနှံ အများဆုံးစိုက်ပျိုးတဲ့ ဘုတလင်မြို့နယ်မှ ကျေးရွာအုပ်စု ၄ စုကို သွားရောက်ကွင်းဆင်းခဲ့ကြတယ်လို့ သိရပါတယ်။

ကွင်းဆင်းရာမှာ စစ်ကိုင်းခရိုင်ဦးစီးမှူးကိုယ်စား မုံရွာမြို့နယ် တာဝန်ခံက ဦးဆောင်၍ ဘုတလင်မြို့နယ် လက်ထောက်တာဝန်ခံ၊ တိုင်းဒေသကြီးဦးစီးမှူးရုံး ထုတ်ကုန်လုံခြုံစိတ်ချဌာနမှူးတို့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်လို့ သိရပါတယ်။ အောက်တိုဘာလ ၂၆ ရက်နေ့ အုတ်ဖိုကျေးရွာရှိတောင်သူများအား အစုအဖွဲ့ဖွဲ့စည်းခြင်း အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မောင်းကိုယ်တိုင်တက်ရောက်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာအရ ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များ၊ ဒေသခံတောင်သူများရဲ့ စိုက်ပျိုးထွက်ကုန်များမှ ဝင်ငွေပိုမိုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရမယ့် အစီအမံများ၊ အစုအဖွဲ့ ဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ ကောင်းကျိုးများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ကို တောင်သူ ၁၇ ဦးဖြင့်လည်းကောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ကို တောင်သူ ၁၉ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းပေးခဲ့တယ်လို့ သိရပါတယ်။

ဆက်လက်ပြီး မုံရွာမြို့နယ် တာဝန်ခံ ဦးဆောင်တဲ့ ကွင်းဆင်းအဖွဲ့သည် ကွမ်းအုံကျေးရွာအုပ်စုသို့ သွားရောက်ပြီး ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအစု အဖွဲ့ကို တောင်သူ ၁၅ ဦးဖြင့်လည်းကောင်း၊ ဆီထွက်သီးနှံအစုအဖွဲ့ကို တောင်သူ ၂၁ ဦးနဲ့လည်းကောင်း ဖွဲ့စည်းပေးခဲ့ကြပါတယ်။ အောက်တိုဘာ ၂၇ ရက်နေ့မှာ ကြို့ကုန်းကျေးရွာအုပ်စုရှိ တောင်သူများအနက် ပဲမျိုးစုံအစုအဖွဲ့ ၂၃ ဦး၊ ဆီထွက်သီးနှံအစုအဖွဲ့ကို တောင်သူ ၃၅ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းပေးခဲ့ကြတယ်လို့ သိရပါတယ်။

ကွင်းဆင်းအဖွဲ့အနေနဲ့ ၃ ရက်အတွင်း ကျေးရွာအုပ်စု ၄ စုတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့ ၄ ဖွဲ့ကို တောင်သူ ၈၅ ဦးဖြင့်လည်းကောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ ၄ ဖွဲ့ကိုတောင်သူ ၁၀၀ ဦးဖြင့်လည်းကောင်း၊ စုစုပေါင်း အစုအဖွဲ့ ၈ စုကို တောင်သူ ၁၈၅ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ကြပြီး ကျန်တဲ့ ကျေးရွာအုပ်စုများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

**ထွန်းလှိုင်- မုံရွာ**

## နိုင်ငံတော်အစိုးရ သီးသန့်ရန်ပုံငွေမှ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)ရှိ မြို့နယ်များသို့ ဆောင်းသီးနှံမျိုးများ ဝယ်ယူထောက်ပံ့

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ပြီးပျက်စီးသွားသော လယ်မြေများတွင် ဆောင်းသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော် သမ္မတခရီးစဉ်တွင် နိုင်ငံတော်အစိုးရ(သီးသန့်ရန်ပုံငွေ)မှ ထောက်ပံ့ပေးရန် ညွှန်ကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်အရ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်း မျိုးမြေပဲဝယ်ယူရန်အတွက် ၆၇,၅၀၀,၀၀၀ ကျပ်၊ (ကျပ်ခြောက်ရာခုနစ်ဆယ့်ငါးသိန်း)နှင့် ဆောင်းသီးနှံမျိုးများ ဝယ်ယူရန်အတွက် ၁၁,၄၆၀,၀၀၀ ကျပ် ၊ (ကျပ် တစ်ရာ တစ်ဆယ့်လေးသိန်း ခြောက်သောင်း)၊ ပေါင်း ၇၈,၉၆၀,၀၀၀ ကျပ် (ကျပ်ခုနစ်ရာရှစ်ဆယ့်ကိုးသိန်း ခြောက်သောင်း) ထောက်ပံ့ပေးခဲ့ပါတယ်။

ထောက်ပံ့ငွေများကို စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက မျိုးဝယ်ယူရေး၊ မျိုးစေ့များ သယ်ယူပို့ဆောင်ရေး၊ ခွဲဝေချထားရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ၎င်းကော်မတီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်းက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်းက အဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရ သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ငွေအပေါ်တွင်လည်း တောင်သူဦးကြီးများအတွက် စိုက်ပျိုးချိန်ရာသီအမီ ဒေသနဲ့ကိုက်ညီတဲ့ မျိုးစေ့များ ဝယ်ယူဖြန့်ဖြူးပေးခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံမျိုးများ ထောက်ပံ့ပေးတဲ့ မြို့နယ်များမှာ ကလေး မြို့နယ်၊ တမူးမြို့နယ်၊ မော်လိုက်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ခန္တီးမြို့နယ်များ ဖြစ်ပါတယ်။ ဆောင်းသီးနှံ စိုက်ပျိုးရန်မျိုးလိုအပ်သည့် ဧကမှာ ၂၆၉၇၅ ဧကဖြစ်ပြီး အောက်တိုဘာလ ၂၈ ရက်နေ့အထိ ဧက ၁၅၀၀ တွင်စိုက်ပျိုးရန် မြေပဲမျိုးနဲ့ အခြားဆောင်းသီးနှံများ အနေဖြင့် ၁၅၃၅၆ ဧကအတွက် ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ နေကြာ ၉၇၂၃ ဧက၊ မတ်ပဲ ၁၄၆ ဧက နှင့် ကုလားပဲ ၂၅၀ ဧက တို့အတွက် မျိုးထောက်ပံ့ရန် ကျန်ရှိနေသေးတယ်လို့ သိရပါတယ်။

**နှင်းနှင်းခိုင် (မုံရွာ)**

## ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် British Council Myanmar / Standard Chartered ဘဏ်တို့ပူးပေါင်း၍ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာသင်တန်းအကြို ဆွေးနွေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI )၊ British Council Myanmar/ Standard Chartered ဘဏ်တို့ ပူးပေါင်း၍ တိုင်းအတွင်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒီဇင်ဘာလတွင် ဖွင့်လှစ်မည့် ဘဏ္ဍာရေးနှင့်စီးပွားရေးဆိုင်ရာသင်တန်း အကြိုဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ နံနက်ပိုင်း ပုသိမ်မြို့၊ ပုသိမ်ဟိုတယ် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးကျော်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံများ၊ British Council Myanmar/ Standard Chartered ဘဏ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ (ARCCI ) အသင်းဥက္ကဋ္ဌနှင့် EC/ CEC များ၊ တိုင်းအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၂၅၀ ဦး ခန့်တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

၎င်းအခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား အတွင်းရေးမှူး ဦးအေးကျော်က အဖွင့်အမှာစကားပြောကြားပြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်က ဌာန၏ လုပ်ငန်းတာဝန်များဖြစ်သော ဈေးကွက်ရှာဖွေခြင်း၊ စက်မှုဇုန်များ ထူထောင်ပေးခြင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ နည်းပညာပေးသင်တန်းများဖွင့်လှစ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ ပြည်ပနိုင်ငံ ကုန်စည်ပြပွဲသို့ ဒေသထွက်ကုန်များ သွားရောက်ပြသ ဈေးကွက်ချဲ့ထွင်ခြင်း ကုန်စည်ပြပွဲများ ပြုလုပ်ပေးခြင်း၊ ပြည်ပပို့ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြုလုပ်ပေးခြင်း၊ ကုန်စည်များအား ပြည်ပသို့ တိုက်ရိုက် တင်ပို့ နိုင်အောင် ဆောင်ရွက်ပေးခြင်းနှင့် ယခုအခါ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များသိသင့်သိထိုက်သည့် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို မိမိတို့ရုံးတွင် British Council နဲ့ ပူးပေါင်းဖွင့်လှစ်မည်ဖြစ်ရာ ၎င်းသင်တန်းကို တက်ရောက်ခြင်း ဖြင့် လုပ်ငန်းရှင်များမှ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ များစွာရရှိမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

ဆက်လက်၍ British Council Society Programme Manager ဒေါ်မိမိမျိုးဝင်းမှ British Council ရဲ့အစီအစဉ်များအကြောင်းရှင်းလင်းပြောကြားပြီး Standard Chartered ဘဏ်မှ တာဝန်ရှိသူ Mr. Doninic Notario မှ E4E Program အကြောင်း မိတ်ဆက်ပြောကြားခဲ့ပါတယ်။ Social Enterprise ခေါ် လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းများ၏ သဘောသဘာဝများအကြောင်းကို PS Business School မှ ဦးမျိုးမင်းကလည်းကောင်း၊ British Council နဲ့ သင်တန်းဆရာတစ်ဦးဖြစ်သူ ဦးမျိုးသန်းထွန်းက သင်ကြားမည့် သင်ခန်းစာများအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော စီးပွားရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များက သိလိုသည်များအား မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး- ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Fax:081-2121093,Ph:081-2121627<br>email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

# ကာဇက်စတန်နိုင်ငံ WTO အဖွဲ့ဝင် ဖြစ်လာတဲ့အတွက် အကောက်ခွန် သမဂ္ဂနိုင်ငံများ၏ ဘတ်ဂျက်ထိခိုက်

ကာဇက်စတန်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရဲ့အဖွဲ့ဝင်နိုင်ငံဖြစ်လာတဲ့အတွက် အကောက်ခွန်သမဂ္ဂ (Customs Union) အဖွဲ့ဝင်နိုင်ငံတွေရဲ့ ဘတ်ဂျက်ကို ထိခိုက်စေနိုင်တယ်လို့ ရုရှားပြည်ထောင်စု အကောက်ခွန်လုပ်ငန်း (Federal Customs Service) က ဝန်ခံကြောင်း Arka ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

ဖြစ်ပေါ်လာတဲ့ အခြေအနေသစ်များအတွက် စိတ်အေးအေးထားကြဖို့ ပြည်ထောင်စု အကောက်ခွန်လုပ်ငန်း အကြီးအကဲ အင်ဒရေဘယ်လျာနီနော့က အဖွဲ့ဝင်နိုင်ငံတွေကို တိုက်တွန်းပါတယ်။

"အကောက်ခွန် သမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေမှာ ဘတ်ဂျက်လိုငွေပြမယ့် ခြိမ်းခြောက်မှုတွေ ရှိနေပါတယ်။ ကျွန်တော်တို့အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ဘလာရုစ်မှာ စိုးရိမ်စရာတွေ ဖြစ်ပေါ်နေပါတယ်။ ဒီအခြေအနေက ကျွန်တော်တို့အတွက် စိုးရိမ်စရာပါ။ ဒါပေမယ့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ရမယ့် အခြေအနေတော့ မဟုတ်ပါဘူး" လို့ Russia 24 TV Channel နဲ့ တွေ့ဆုံမေးမြန်းခန်းမှာ သူက ပြောပါတယ်။

"ကျွန်တော်တို့ အားလုံးအတွက် လက်ခံနိုင်မယ့် အဖြေတစ်ခုကို ကျွန်တော်တို့ ရှာဖွေနိုင်မှာပါ။ တွေ့လည်းတွေ့လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"လို့ ဘယ်လျာနီနော့က ပြောပါတယ်။

စီးပွားရေးသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေရဲ့ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ ကာဇက်စတန်နိုင်ငံက WTO ရဲ့ စည်းမျဉ်းတွေကို လိုက်နာနိုင်အောင် ယူရေးရှမှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက အကောက်ခွန် စာရွက်စာတမ်းတွေကို ပြင်ဆင်ချမှတ်ခဲ့ပါတယ်။

ကာဇက်စတန်ရဲ့ နယ်စပ်ဒေသတွေမှာ အကောက်ခွန်ထိန်းချုပ်မှုတွေ ဆက်မထားဖို့နဲ့ ဘုံဈေးကွက်ကို ဆက်လက်ထိန်းသိမ်းထားဖို့ ပြည်ထောင်စု အကောက်ခွန်လုပ်ငန်းနဲ့ ယူရေးရှ စီးပွားရေးကော်မရှင်တို့က ကတိပြုထားပါတယ်။

# ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စာချုပ်ဝင်နိုင်ငံများရဲ့ ရောင်းကုန်အမျိုးအစား ရာနှုန်း ၆၀ ကျော်အတွက် အကောက်ခွန်ပယ်ဖျက်မည်

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Regional Comprehensive Economic Partnership - RCEP)ဝင် ၁၆ နိုင်ငံက အချင်းချင်း ရောင်းဝယ်လျက်ရှိတဲ့ ကုန်ပစ္စည်းများရဲ့ ၆၅ ရာခိုင်နှုန်းကို အကောက်ခွန် ပယ်ဖျက်ပေးဖို့ နောက်ဆုံးမှာ သဘောတူညီမှု ရရှိခဲ့တဲ့အတွက် အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် ကြီးမားတဲ့ အကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်ပြီး ထိုသို့ သဘောတူညီမှုကြောင့် ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု (Trans - Pacific Partnership - TPP) တွင် ထိုင်းနိုင်ငံမပါဝင်လို့ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိတဲ့ ဆုံးရှုံးမှုများကို ကာမိစေမှာဖြစ်ကြောင်း၊ ယခင်ရက်သတ္တပတ်က ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေရှင်းသတင်းမှာ ဖော်ပြပါတယ်။

မလေးရှားနိုင်ငံမှာ နိုဝင်ဘာလအတွင်းကျင်းပမယ့် အာဆီယံခေါင်းဆောင်များရဲ့ အစည်းအဝေးမှာ RCEP သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး လာမည့်နှစ်မှစ၍ အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ရောင်းဝယ်လျက်ရှိတဲ့ ကုန်ပစ္စည်းတွေရဲ့ ၆၅ ရာခိုင်နှုန်းကို ပယ်ဖျက်လိုက်ခြင်းအားဖြင့် ကုန်စည်အမယ်ပေါင်း ၈၀၀၀ မှ ၉၀၀၀ အထိ ပါဝင်မည်ဖြစ်ရာ စာချုပ်ဝင်နိုင်ငံများရဲ့ ဈေးကွက်ကို အပြည့်အဝ ဖြေလျှော့ရေးအတွက် စတင်ဆောင်ရွက်ရာမှာ ကြီးမားစွာ အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အပီရာဒီတန်ထရာပွန်က ပြောပါတယ်။

"RCEP သဘောတူစာချုပ်ထဲမှာ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ ပါဝင်နေမှုကြောင့် ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်နီးပါး အကျုံးဝင်နေတဲ့အတွက် ခွင့်ပြုထားတဲ့ ဈေးကွက်ဖြေလျှော့မှုတွေက TPP ထဲမှာ ပါဝင်တဲ့ ဖြေလျှော့မှုတွေထက် ပိုပြီး များပြားပါတယ်"လို့ သူမက ပြောပါတယ်။

RCEP ကုန်သွယ်ရေးဖြေလျှော့မှု သဘောတူစာချုပ် ပထမအဆင့်အရ သဘောတူစာချုပ်ကို စတင်အကောင်အထည်ဖော်တဲ့ အချိန်ကစပြီး ရောင်းဝယ်နေတဲ့ ကုန်စည်တွေရဲ့ ၆၅ ရာခိုင်နှုန်းရဲ့ အကောက်ခွန်နှုန်းကို သုည ရာခိုင်နှုန်းအထိ လျှော့ချပေးမှာဖြစ်ပါတယ်။ နောက်တစ်ဆင့်အဖြစ် လာမည့် ၁၀ နှစ်အတွင်း ရောင်းကုန်များရဲ့ ၂၀ ရာခိုင်နှုန်းအတွက် အကောက်ခွန်ကို သုည ရာခိုင်နှုန်းအထိ လျှော့ချပေးမှာဖြစ်ပါတယ်။

# WTO ရဲ့ကြိုးနီစနစ် လျှော့ချရေး သဘောတူစာချုပ်ကြောင့် ကုန်သွယ်မှုမှာ ဒေါ်လာ သုံးထရီလီယံကျော် တိုးတက်

နယ်စပ်ဒေသတွေမှာ ကြိုးနီစနစ် ဖျက်သိမ်းခြင်းနဲ့ အကောက်ခွန် လုပ်ထုံးလုပ်နည်းများကို စံချိန်မီဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ဖို့ ချုပ်ဆိုထားတဲ့ သဘောတူစာချုပ်တွေရဲ့ အကျိုးကျေးဇူးကမူလက ခန့်မှန်းထားတာထက် ပိုမိုကြီးမားနေတာကို တွေ့ရပြီး နှစ်စဉ် ကမ္ဘာ့ပို့ကုန်လုပ်ငန်းမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံအထိ ရောက်ရှိခဲ့တယ်လို့ အောက်တိုဘာလ ၂၆ ရက်က ထုတ်ပြန်တဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

WTO ရဲ့ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် သဘောတူစာချုပ် (Trade Facilitation Agreement - TFA) ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှာ ဘာလီမှာ ကျင်းပခဲ့တဲ့ ဝန်ကြီးအဆင့် ကွန်ဖရင့်မှာ ချမှတ်ခဲ့တာဖြစ်ပြီး အကယ်၍ ပို့ကုန်သွင်းကုန်ခွန်တွေ အားလုံးကို လျှော့ချပေးနိုင်မယ်ဆိုရင် ကုန်ကျစရိတ်ကို ၉ ဒသမ ၆ ရာခိုင်နှုန်းမှ ၂၃ ဒသမ ၁ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ပြီး ကုန်သွယ်မှုကို ပိုမိုမြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်း WTO က တွက်ချက်ထားပါတယ်။




စည်းမျဉ်းသစ်တွေ အသက်ဝင်လာတာနဲ့ တစ်ပြိုင်နက် အကောက်ခွန်ဌာနမှာ စောင့်ဆိုင်းရတဲ့အချိန်ကို လျှော့ချနိုင်ပါတယ်။ အဂတိလိုက်စားမယ့် အလားအလာတွေ လျော့ကျသွားစေနိုင်ပါတယ်။ အားနည်းနေတဲ့ စီးပွားရေးတွေထဲကို နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာနိုင်ပါတယ်။ ၂၀၁၆ ခုနှစ်အကုန်မှာ ဒီလိုအသက်ဝင်လာလိမ့်မယ်လို့ အဇက်ဗယ်ဒိုက ခန့်မှန်းထားပါတယ်။

TFA ကြောင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀ ကနေ အမေရိကန်ဒေါ်လာ ၁ ထရီလီယံအထိ ပိုမိုတိုးတက်လာနိုင်ဖွယ်ရှိကြောင်း စီးပွားရေးလေ့လာချက်အမျိုးမျိုးမှာ ဖော်ပြချက်တွေအရ သိရပါတယ်။

TFA ကို WTO အဖွဲ့ဝင်နိုင်ငံများရဲ့ သုံးပုံနှစ်ပုံက အတည်ပြုမယ်ဆိုရင် သဘောတူစာချုပ်ပါ အချက်တွေက အာဏာသက်ရောက်မှုရှိလာမှာ ဖြစ်ပါတယ်။ လောလောဆယ်မှာ WTO အဖွဲ့ဝင်နိုင်ငံ ၁၆၁ နိုင်ငံအနက် နိုင်ငံ ၅၀ က အတည်ပြုထားပြီး ဖြစ်ပါတယ်။

# FTA စာချုပ်များ စတင် အကောင်အထည်ဖော်ချိန်မှာ ဗီယက်နမ် SME တို့ ဈေးကွက်အခက်အခဲတွေ့

ဗီယက်နမ် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအနေနဲ့ နိုင်ငံရဲ့ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (GDP) ရဲ့ ၄၀ ရာခိုင်နှုန်းကို အထောက်အကူပေးလျက်ရှိနေပေမယ့် အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်များ (Free Trade Agreements - FTAs) စတင်အကောင်အထည်ဖော်ချိန်မှာ ယှဉ်ပြိုင်မှုတွေ ပြင်းထန်လာမှာဖြစ်တဲ့အတွက် GDP မှာ SME တွေရဲ့ ပါဝင်မှုအချိုးအစား ကျဆင်းလာလိမ့်မယ်လို့ ခန့်မှန်းထားကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

ဒီလို အခြေအနေတွေကြောင့် SME တွေရဲ့ ဈေးကွက်ဝေစု သေးငယ်သွားနိုင်သလို ထုတ်လုပ်မှုလည်း ကျဆင်းနိုင်ပါတယ်။ ဒွိပြင်ဒေဝါလီခံမှုတွေ ပိုမိုများပြားလာနိုင်ပါတယ်။ SME တွေက အမျိုးသားစီးပွားရေးလုပ်ငန်း စုစုပေါင်းရဲ့ ၉၅ ရာခိုင်နှုန်း ရှိပါတယ်။ SME စီးပွားရေး လုပ်ငန်းတွေထဲမှာ ပုဂ္ဂလိက အိမ်ထောင်စုစီးပွားရေး လုပ်ငန်း ၃ ဒသမ ၅ သန်း၊ လယ်သမား အိမ်ထောင်စု ၁၀ သန်းနဲ့ သမဝါယမအသင်း ၁၄၀,၀၀၀ စု ပါဝင်ပါတယ်။

SME စီးပွားရေးလုပ်ငန်းတွေထဲမှာ လက်လီ၊ လက်ကား ရောင်းချရေး၊ ကုန်ချောထုတ်လုပ်ရေး၊ ထုတ်လုပ်မှုလုပ်ငန်းများ စတဲ့ စီးပွားရေးလုပ်ငန်းအမျိုးမျိုး ပါဝင်သလို လုပ်ငန်းနယ်ပယ်အားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ သဘာဝဓာတ်ငွေ့၊ ရေဖြန့်ဖြူးရေး၊ ဓာတ်သတ္တုရှာဖွေရေး၊ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေ ပါဝင်ပါတယ်။ အများစုက နိုင်ငံတော်ပိုင်လုပ်ငန်းတွေ ဖြစ်ပါတယ်။

SME လုပ်ငန်းတွေအနက် ၅ ရာခိုင်နှုန်းက အစိုးရ တာဝန်ယူထားတဲ့ ပညာရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေဖြစ်ပါတယ်။

"SME တွေက GDP ရဲ့ ၄၀ ရာခိုင်နှုန်း၊ အလုပ်အကိုင်ရဲ့ ၆၁ ရာခိုင်နှုန်း၊ ပို့ကုန်ဝင်ငွေရဲ့ ၃၁ ရာခိုင်နှုန်း၊ နိုင်ငံတော်ဘတ်ဂျက်ရဲ့ ၃၀ ရာခိုင်နှုန်းနဲ့ လူမှုရင်းနှီးမြှုပ်နှံမှုရဲ့ ၃၈ ရာခိုင်နှုန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်" လို့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ တိုဟိုအိုင်နမ်က Liberated Sai Gon သတင်းစာကို ပြောပါတယ်။

SME တွေရဲ့ စီးပွားရေးလုပ်ငန်း နယ်ပယ် အကန့်အသတ်ရှိတဲ့အတွက် SME စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ အရွယ်အစားက သေးငယ်ကြောင်း ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းကစပြီး SME တွေရဲ့ လုပ်သားအင်အားကို သုံးပုံတစ်ပုံအထိရှိကြောင်း ဝပ်ရှော့အလုပ်ရုံတစ်ခုချင်း အလိုက်ကြည့်ရင် လုပ်သားတစ်ယောက်မှ လေးယောက်အထိရှိကြောင်း လူ့အဖွဲ့အစည်း သိပ္ပံပညာ၊ သိပ္ပံရဲ့ ဆန်းစစ်လေ့လာခန့်မှန်းရေးစင်တာရဲ့ ညွှန်ကြားရေး မှူး ငုယင်သန်းက ပြောပါတယ်။

SME တွေက အရွယ်အစားအားဖြင့် သေးငယ်တဲ့အပြင် တန်ဖိုးမြင့် ထုတ်ကုန်တွေ ထုတ်လုပ်ရာမှာလည်း အားနည်းပါတယ်။ SME အများစုက ကုန်သွယ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကိုသာ ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ ဈေးကွက်နဲ့ ချိတ်ဆက်ပြီး ကုန်ချောထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်တဲ့ SME က နည်းပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# သုံးနာရီအတွင်း စီးပွားရေးလုပ်ငန်းလိုင်စင်ထုတ်ပေးတဲ့ ဝန်ဆောင်မှုကို အင်ဒိုနီးရှားနိုင်ငံမှာစတင်

အင်ဒိုနီးရှားနိုင်ငံမှာ အကြီးစားရင်းနှီးမြှုပ်နှံမှုတွေ လာရောက်ဆောင်ရွက်ပြီး အလုပ်အကိုင်သစ်များကို ဖန်တီးပေးရန်နိုင်ရန် ရည်ရွယ်လျက် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မယ့် ရင်းနှီးမြှုပ်နှံမှုတချို့ကို သုံးနာရီအတွင်း လိုင်စင်ချပေးတဲ့ ဝန်ဆောင်မှုကို ရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့က စတင်ဆောင်ရွက်ပေးခဲ့ကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

ဒီဝန်ဆောင်မှုက အစိုးရရဲ့ ဒုတိယစီးပွားရေး မူဝါဒအစီအစဉ်မှာ ပါရှိပြီး အနိမ့်ဆုံး ရင်းနှီးမြှုပ်နှံမှု ရူပြား ဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၃ သန်း) သို့မဟုတ် လုပ်သား ၁၀၀၀ အထက် ခန့်ထားဆောင်ရွက်မယ့် ရင်းနှီးမြှုပ်နှံသူတွေကို BKPM ရဲ့ One-stop Integrated Service အရ ပဏာမ လုပ်ငန်းလုပ်ပိုင်ခွင့်ကို ချပေးမှာ ဖြစ်ပါတယ်။

"အဆိုပြုထားတဲ့ စီမံကိန်းကိစ္စကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ညွှန်ကြားရေးမှူးနဲ့ ညှိနှိုင်းဆွေးနွေးပြီးနောက် BKPM ရဲ့ ရင်းနှီးမြှုပ်နှံမှု အရာရှိတစ်ဦးက လိုက်ပါဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်"လို့ တောင်ပိုင်း ဂျကာတာဒေသမှာ အောက်တိုဘာ ၂၆ ရက်က ကျင်းပတဲ့ ဖွင့်ပွဲအခမ်းအနားမှာ BKPM မှ ရင်းနှီးမြှုပ်နှံမှုဌာန အရာရှိလက်စတာရီ အင်ဒါကပြောပါတယ်။

လုပ်ငန်းတစ်ခုလုံးကို အတူလိုက်ပါလာတဲ့အရာရှိကဖြေရှင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမယ့်သူက ကော်ဖီသောက်ရင်း အေးအေးဆေးဆေး စောင့်နေဖို့သာလိုကြောင်း သူမက ပြောပါတယ်။ လိုအပ်တဲ့ စာရွက်စာတမ်းတွေ လက်မှတ်ရေးထိုးဖို့ ရင်းနှီးမြှုပ်နှံသူရော စီးပွားရေးပူးတွဲဆောင်ရွက်မယ့်သူတွေပါ လာရောက်ဖို့လိုပါတယ်။ စီးပွားရေးလုပ်ငန်း စီးဆင်းမှုဇယား (Flow Chart) နဲ့ မှတ်ပုံတင်လက်မှတ် အပါအဝင် လိုအပ်တဲ့စာရွက်စာတမ်းတွေကိုယူဆောင်လာရပါမယ်။

ယခုအစီအစဉ်အရ ထုတ်ပေးမယ့် ခွင့်ပြုချက်လက်မှတ်တွေရဲ့ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကုမ္ပဏီစာချုပ်စာတမ်း ဥပဒေနဲ့ လူ့အခွင့်အရေးဝန်ကြီးဌာနကထုတ်ပေးမယ့် တရားဝင် ခွင့်ပြုချက်နဲ့ အခွန်အထောက်အထား နံပါတ်စတာတွေ ပါဝင်ပါတယ်။

ဒီအစီအစဉ်အတွက် မြေယာသုံးစွဲခွင့် ထုတ်ပေးဖို့ အစိုးရက မကြာသေးမီကာလအတွင်းက မြေယာနဲ့ အထူးစီမံကိန်းဝန်ကြီးဌာနက ခွင့်ပြုထားပါတယ်။

# အိမ်ခြံမြေချေးငွေများကို တတိယသုံးလပတ်အဖြစ် ဖိလစ်ပိုင်ဘဏ်များက ဆက်လက်တင်းကျပ်

အိမ်ခြံမြေဈေးကွက်လုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ ဘဏ်များအတွက် ချေးငွေစည်းမျဉ်းများကို ဖိလစ်ပိုင်ဗဟိုဘဏ် (Bangko Sentral ng Philipinas-BSP)က စတင်တင်းကျပ်လိုက်ပြီး နောက်ပိုင်းတစ်နှစ်အကြာ သို့မဟုတ် ယခုနှစ် တတိယသုံးလပတ်အထိ ဘဏ်များက အိမ်ခြံမြေချေးငွေများကို ဆက်လက်တင်းကျပ်ထိန်းချုပ်ထားတာကို တွေ့ရကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။




2015 Senior Bank Loan Officer's Survey ရဲ့ တတိယသုံးလပတ် အစီရင်ခံစာအရ ကူးသန်းရောင်းဝယ်ရေး အိမ်ခြံမြေချေးငွေများအတွက် ချေးငွေစံနှုန်းသတ်မှတ်ချက်များကို တင်းကျပ်စွာ သတ်မှတ်အကောင်အထည်ဖော်ခဲ့တဲ့ကာလ သုံးလပတ် ၁၃ ပတ်အထိ ဆက်တိုက်ရောက်ရှိခဲ့ကြောင်း စီးပွားရေးသုတေသနဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒင်းနစ်လာပစ်က ပြောပါ တယ်။

ကူးသန်းရောင်းဝယ်ရေး အိမ်ခြံမြေချေးငွေ (Commercial Real Estate Loan) များကို တင်းကျပ်စွာ ထိန်းချုပ်ထားခြင်းမှာ ဗဟိုဘဏ်က အိမ်ခြံမြေချေးငွေလုပ်ငန်း ဆောင်ရွက်နေတဲ့ ဘဏ်တွေကို တင်းကျပ်စွာကြီးကြပ်ထိန်းသိမ်းမှုကြောင့် ဖြစ်တယ်လို့ စစ်တမ်းမှာ ပါဝင်တဲ့ဘဏ်တွေက ပြောကြောင်း လာပစ်က ပြောပါတယ်။

လာမယ့်သုံးလပတ်မှာလည်း ကူးသန်းရောင်းဝယ်ရေး အိမ်ခြံမြေချေးငွေများအတွက် ချေးငွေစံနှုန်းများကို ဆက်လက်ထိန်းချုပ်သွားမယ်လို့ စစ်တမ်းမှာ ပါဝင်တဲ့ ဘဏ်အများစုက ပြောပါတယ်။

ဖိလစ်ပိုင်စီးပွားရေး အလားအလာက ကောင်းမွန်လိမ့်မယ်လို့ ဘဏ်ဖောက်သည်တွေက လက်ခံယုံကြည်တဲ့အတွက် ကူးသန်းရောင်းဝယ်ရေး အိမ်ခြံ မြေချေးငွေဝယ်လိုအားက ဆက်လက်မြင့်တက်လာမယ်လို့ ဘဏ်အများအပြားက ခန့်မှန်းကြကြောင်း စစ်တမ်းမှာ ဖော်ပြပါတယ်။ စတုတ္ထသုံးလပတ်မှာ ငွေလွှဲဘဏ်များ (Correspondent Bank) များရဲ့ ချေးငွေဝယ်လိုအားက ယေဘုယျအားဖြင့် မှန်မှန်တိုးတက်မယ်လို့ ခန့်မှန်းကြပေမယ့် ကူးသန်းရောင်းဝယ်ရေး အိမ်ခြံမြေချေးငွေများရဲ့ ဝယ်လိုအားက ဆက်လက်မြင့်တက်လာလိမ့်မယ်လို့ ဘဏ်အမြောက်အမြားက ခန့်မှန်းထားပါတယ်။

# ပြည်တွင်းသဘာဝဓာတ်ငွေ့ အရောင်းအဝယ်ဈေးကွက် ဖွင့်လှစ်ဖို့ စင်ကာပူကနည်းလမ်းရှာ

CNG နဲ့ သဘာဝဓာတ်ငွေ့ရောင်းဝယ်ရေးလုပ်ငန်းများရဲ့ အချက်အချာဒေသအဖြစ် နိုင်ငံရဲ့ အနေအထားကို အခိုင်အမာ ထူထောင်ရေးအတွက် စင်ကာပူနိုင်ငံက ကြိုးပမ်းဆောင်ရွက်နေတယ်လို့ အောက်တိုဘာ ၂၆ ရက်နေ့က ကျင်းပတဲ့စင်ကာပူစွမ်းအင်ရက်သတ္တပတ် အခမ်းအနားမှာ ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးအက်စ်အစ်စ်ဝါရန်က ပြောကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

ပြည်တွင်းမှာ ဝယ်သူတွေနဲ့ ရောင်းသူတွေအတွက် အချိန်တိုကာလ ရောင်းဝယ်မှုအဖြစ် စင်ကာပူနိုင်ငံမှာ ဆင့်ပွားသဘာဝ ဓာတ်ငွေ့ဈေးကွက် (Secondary Gas Trading Market) ကို တည်ထောင်ဖို့အစိုးရက စီစဉ်ဆောင်ရွက်နေကြောင်း သူက ပြောပါတယ်။

" SGTM ကို ထူထောင်လိုက်တဲ့အတွက် အကျိုးစီးပွားဖြစ်ထွန်းမယ့် အလားအလာတွေ အများကြီးရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်မယ်ဆိုရင် စင်ကာပူနိုင်ငံရဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအားအခြေအနေနဲ့ ကိုက်ညီတဲ့ဈေးနှုန်းကို သတ်မှတ်နိုင် မှာဖြစ်ပါတယ် " လို့ သူက ပြောပါတယ်။

ဒီလိုဆောင်ရွက်လာနိုင်ပြီဆိုရင် သဘာဝဓာတ်ငွေ့ကြိုရောင်းကြိုဝယ်ဈေးကွက် (Future Market) ကိုထူထောင်နိုင်ဖို့ လမ်းပွင့်သွားပြီဖြစ်ပါတယ်။

ရေရှည်စွမ်းအင်အလားအလာနဲ့ ပတ်သက်တဲ့အသေးစိတ်အချက်အလက်တွေကို စွမ်းအင်ဈေးကွက်အာဏာပိုင်အဖွဲ့က ထုတ်ပြန်ပေးမှာဖြစ်ကြောင်း ဝန်ကြီးအစ်စ်ဝါရန်က ပြောပါတယ်။

စွမ်းအင်ထုတ်လုပ်ရေး စက်ရုံသစ်အတွက် အဆိုပြုထားတဲ့ မြေနေရာသတ်မှတ်နိုင်ရေးအတွက် သဘောထားများကို ရယူဖို့ ကြီးကြပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ဆောင်ရွက်ချက်က စင်ကာပူနိုင်ငံရဲ့ စွမ်းအင်ရင်းနှီးမြှုပ်နှံမှုအတွက် အထောက်အပံ့ရစေမှာဖြစ်ပြီး နိုင်ငံရဲ့ အနာဂတ်စွမ်းအင်လိုအပ်ချက်ကိုလည်း ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အောက်တိုဘာလအထိ ဗီယက်နမ်ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်

ယခုနှစ် အောက်တိုဘာလကုန်အထိ ဗီယက်နမ်နိုင်ငံရဲ့ ကုန်သွယ်မှုလိုငွေက အမေရိကန်ဒေါ်လာ ၄. ၁ သန်းရှိခဲ့ရာ ယခုနှစ် ပထမကိုးလပိုင်းအထိ ရှိခဲ့တဲ့လိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံနဲ့ နှိုင်းယှဉ်ရင် လိုငွေပိုမိုတိုးတက်ခဲ့ကြောင်း ဗီယက်နမ် အထွေထွေစာရင်းရုံးက ထုတ်ပြန်တဲ့ ကိန်းဂဏန်းများကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

ပထမ ၁၀လအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးက နှစ်အလိုက်နှိုင်းယှဉ်ရင် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ပြီး အမေရိကန် ဒေါ်လာ ၁၃၄ ဒသမ ၆ ဘီလီယံရှိခဲ့ပါတယ်။ စုစုပေါင်း သွင်းကုန်တန်ဖိုးက နှစ်အလိုက် တိုးတက်မှုနှုန်း ၁၄ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ ၇ ဘီလီယံအထိ ရောက်ရှိခဲ့ပါတယ်။

ပြည်တွင်း စီးပွားရေးကဏ္ဍရဲ့ ပို့ကုန်တန်ဖိုးမှာ ၃ ဒသမ ၃ ရာခိုင်နှုန်း လျော့ကျပြီး အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၆ ဘီလီယံရှိခဲ့ပါတယ်။ သွင်းကုန်တန်ဖိုး မှာ ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၆ ဘီလီယံရှိခဲ့တဲ့အတွက် ဒီကဏ္ဍရဲ့ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံထိ မြင့်မားစွာ တိုးတက်ခဲ့ပါတယ်။

ပထမ ၁၀ လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်တဲ့ကဏ္ဍရဲ့ ပို့ကုန်တန်ဖိုးက အမေရိကန်ဒေါ်လာ ၉၅ ဘီလီယံရှိပြီး သွင်းကုန်တန်ဖိုးက အမေရိကန်ဒေါ်လာ ၈၃ ဘီလီယံရှိခဲ့တဲ့အတွက် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံထိ ရှိခဲ့ပါတယ်။

ဗီယက်နမ်နိုင်ငံကို ပို့ကုန်တင်ပို့တဲ့နိုင်ငံတွေအနက် တရုတ်နိုင်ငံက အများဆုံး တင်ပို့တဲ့ နိုင်ငံဖြစ်ပြီး ဗီယက်နမ်ဘက်က လိုငွေပြတဲ့ ပမာဏက အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂ ဘီလီယံထိရှိခဲ့ပါတယ်။ ပို့ကုန်တန်ဖိုးမြင့်တက်ရတဲ့အဓိက အကြောင်းရင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်နေတဲ့ တယ်လီဖုန်းနဲ့ ဆက်စပ်ပစ္စည်းတွေ၊ အီလက်ထရွန်းနစ်နဲ့ ကွန်ပျူတာ၊ အထည်ချုပ်လုပ်ငန်းနဲ့ ဖိနပ်လုပ်ငန်းများမှ ပို့ကုန်တိုးတက်မှုကြောင့်ဖြစ်ပါတယ်။

လုပ်ငန်းအရကြည့်ရင် တယ်လီဖုန်းနဲ့ အစိတ်အပိုင်းတွေရဲ့ တိုးတက်မှုက ၃၂ ဒသမ ၇ ရာခိုင်နှုန်း၊ အီလက်ထရွန်းနစ်နဲ့ ကွန်ပျူတာက ၄၄ ရာခိုင်နှုန်း၊ အထည်ချုပ်က ၁၀ ဒသမ ၄ ရာခိုင်နှုန်းနဲ့ ဖိနပ်တင်ပို့မှုက ၁၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### လန်ဒန်

အမေရိကန်ဗဟိုဘဏ် အတိုးနှုန်းများကို ဒီဇင်ဘာတွင် မြှင့်တင်ပေးတော့မယ့်အလားအလာကို ပြသခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူများအတွက် မရေရာမှုများကို ထပ်မံဖြစ်ပွားစေခဲ့တဲ့အတွက် အောက်တိုဘာ ၂၉ ရက်နေ့မှာ ဥရောပရဲ့ အီကွိတီ ရှယ်ယာဈေးနှုန်းတွေ ကျဆင်းလာခဲ့ကြောင်း AFP သတင်းမှာ ဖော်ပြပါတယ်။

### စင်ကာပူ

အောက်တိုဘာမှ လာမည့်နှစ်မတ်လအတွင်း စီးပွားရေးလုပ်ငန်းတွေတိုးတက်မယ်လို့ ခန့်မှန်းကြောင်း စင်ကာပူနိုင်ငံအတွင်းရှိ ကုန်ချောထုတ်လုပ်ရေး လုပ်ငန်းများအနက် ၁၀ ရာခိုင်နှုန်းကသာ ခန့်မှန်းပြီး ၂၆ ရာခိုင်နှုန်းက စီးပွားရေး နှေးကွေးကျဆင်းမယ်လို့ ခန့်မှန်းကြောင်း အောက်တိုဘာ ၃၀ ရက် က စီးပွားရေးဖွံ့ဖြိုးမှုဘုတ်အဖွဲ့ရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး CNA သတင်းမှာ ဖော်ပြပါတယ်။

### ဒေလီ

အမေရိကဗဟိုဘဏ်က အတိုးနှုန်းကိုမပြောင်းလဲရန် ဆုံးဖြတ်ခြင်းက ထွန်းသစ်စဈေးကွက်များအတွက် ပိုမိုကောင်းမွန်ကြောင်း၊ အိန္ဒိယနိုင်ငံ အနေဖြင့်လည်း နောင်တွင် အတိုးနှုန်းများ တိုးမြှင့်ပေးပါက ရင်ဆိုင်နိုင်ရန် ပြင်ဆင်ချိန် အကောင်းဆုံး ရခဲ့ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၆ ရက်က ပြောကြားချက်ကို ကိုးကားပြီး PTI သတင်းမှာ ဖော်ပြပါတယ်။

### ဟနွိုင်း

ဗီယက်နမ်နိုင်ငံ အတွင်းသို့ ဆမ်ဆောင်း၊ အယ်လ်ဂျီ၊ ကင်နွန်၊ မိုက်ခရိုဆော့ဖ် စတဲ့ အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီကြီးများ ဝင်ရောက်လာပြီဖြစ်တဲ့အတွက် ဗီယက်နမ်ကုမ္ပဏီများကလည်း ကမ္ဘာ့ကုန်ထုတ်လုပ်မှုဈေးကွက်နဲ့ ချိတ်ဆက်ဆောင်ရွက်ကြဖို့လိုကြောင်း ဟနွိုင်းမြို့မှာ ကျင်းပတဲ့ ကွန်ဖရင့်တစ်ခုမှာ ဗီယက်နမ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးပွားရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ငုယင်မိုင်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

## MIDDLE EAST

# ငါးနှစ်အတွင်း ဆော်ဒီအာရေဘီးယားနိုင်ငံ ဒေဝါလီခံရဖွယ်ရှိကြောင်း IMF ခန့်မှန်း

အရှေ့အလယ်ပိုင်းဒေသနဲ့မြောက်အာဖရိကနိုင်ငံများနဲ့ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ပြုလုပ်တဲ့ လေ့လာဆန်းစစ်ချက်အရ ချမ်းသာတဲ့ ရေနံနိုင်ငံများရဲ့ နေရာအတော်များများမှာ အလားအလာတွေ မှေးမှိန်လျက်ရှိတယ်လို့ ခန့်မှန်းထားကြောင်း wwntradio ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

တစ်နှစ်ခန့် အစိုးရဝင်ငွေများ ကျဆင်းနေခြင်း၊ ဘတ်ဂျက်လိုငွေ မြင့်တက်ခြင်းနဲ့ ငွေကြေးတန်ဖိုးများ ကျဆင်းခြင်းတို့ကြောင့် အိုပက်အဖွဲ့ဝင်နိုင်ငံအတော်များများမှာ ပြင်းထန်တဲ့ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ထုတ်လုပ်မှု ကန့်သတ်ရေးသို့မဟုတ် ဈေးနှုန်းထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး အိုပက်အဖွဲ့ဝင်နိုင်ငံတွေနဲ့ အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေ တွေ့ဆုံဆွေးနွေးပွဲကလည်း ဆုံးဖြတ်ချက် ချနိုင်ခြင်းမရှိဘဲ အောက်တိုဘာလ ၂၁ ရက်နေ့က ပြီးဆုံးခဲ့ကြောင်း ရုရှားရေနံဝန်ကြီး အီလျာဂါကင်က ပြောပါတယ်။

နိုင်ငံရဲ့ ဘတ်ဂျက်လိုငွေ လျှော့ချနိုင်ဖို့အတွက် ဆော်ဒီအာရေဘီးယား အာဏာပိုင်တွေက အသုံးစရိတ်လျှော့ချဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ တည်ရှိနေတဲ့ အခြေအနေများအရ ဆော်ဒီအာရေဘီးယားနိုင်ငံရဲ့ ရေနံထုတ်လုပ်စရိတ်က အမေရိကန်ဒေါ်လာ ၉၅ မှ ၁၀၆ ဒေါ်လာအကြားမှာ ရမှသာလျှင် အရင်းကြေလိမ့်မယ်လို့ ဟားဗက်တက္ကသိုလ် ဘဲလ်ဖာစင်တာက ခန့်မှန်းထားပါတယ်။

ဆော်ဒီအာရေဘီးယားနိုင်ငံမှာ အရန်ငွေသားတွေ ရှိနေသေးတဲ့အတွက် လောလောဆယ်မှာ ဆော်ဒီအာရေဘီးယားက စီးပွားရေးမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ပါသေးတယ်။

## USA

# မှန်ကန်တဲ့ မြန်နှုန်းအတိုင်း ဝန်ဆောင်မှုပေးခြင်း ရှိ မရှိ နယူးယောက် အင်တာနက်ဘရော့ဘန်းဝန်ဆောင်မှုလုပ်ငန်းများကို စစ်ဆေး



အင်တာနက် ဘရော့ဘန်းလုပ်ငန်းကြီးသုံးခုက မြန်နှုန်းအတွက် ငွေကြေးကောက်ခံထားပြီး ဖောက်သည်များအား မြန်နှုန်းကို လျှော့ချပေးခြင်းသို့မဟုတ် ကြေညာထားတဲ့ မြန်နှုန်းအတိုင်း ထုတ်လွှတ်မပေးဘဲထားခြင်း ရှိမရှိကို နယူးယောက် ရှေ့နေချုပ်ရုံးက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ရှေ့နေချုပ်ရုံးမှ အကြောင်းကြားစာကို ဗယ်ရီဇွန်ဆက်သွယ်ရေးကုမ္ပဏီ၊ ကေဘယ်လ်ဗီးရှင်း ဆက်သွယ်ရေးစနစ်ကော်ပိုရေးရှင်းနဲ့ တိုင်းမ်ဝါနာ ကေဘယ်လ် ကုမ္ပဏီများထံသို့ ပေးပို့ခဲ့တာဖြစ်ပါတယ်။ အကြောင်းကြားစာ အရ ဖောက်သည်များအတွက် ဝန်ဆောင်မှုပေးထားတဲ့ အထောက်အထား မိတ္တူများနဲ့ ကုမ္ပဏီများက စမ်းသပ်ထုတ်လွှင့်စဉ်က လေ့လာချက်မှတ်တမ်းများကို မိတ္တူပေးပို့ရမှာ ဖြစ်ပါတယ်။

"နယူးယောက်က ဖောက်သည်တွေက သူတို့ပေးဆောင်ထားတဲ့ ဝန်ဆောင်ခနဲ့အညီ မြန်နှုန်းကိုရဖို့ လိုအပ်ပါတယ်။ ဒါပေမယ့်အများစုက ဝန်ဆောင်ခပေးထားသလောက် မရတာကို တွေ့ရပါတယ်"လို့ နယူးယောက် ရှေ့နေချုပ် အီရစ်ရှနေဒါမန်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ကတိပြုထားတဲ့ မြန်နှုန်းနဲ့ ဝန်ဆောင်မှုတွေအတိုင်း ဖောက်သည်များအား ဆောင်ရွက်ပေးထားတယ်လို့ ယုံကြည်ကြောင်းနဲ့ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် ရှေ့နေချုပ်ရုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း တိုင်းမ်ဝါနာကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ ကုမ္ပဏီရဲ့ ဝန်ဆောင်မှုများက ကြေညာထားတဲ့ ဘရော့ဘန်း မြန်နှုန်းထက် ကျော်လွန်ဆောင်ရွက်ပေးထားကြောင်းနဲ့ လိုအပ်တဲ့ လုပ်ငန်းဆောင်ရွက်မှု သတင်းအချက်အလက်တွေကို ရှေ့နေချုပ်ရုံးသို့ ပံ့ပိုးပေးသွားမှာဖြစ်ကြောင်း ကေဘယ်လ်ဗီးရှင်းကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားပါတယ်။

ဗယ်ရီဇွန်ကုမ္ပဏီကမူ အကြောင်းကြားစာ လက်ခံရရှိခြင်း မရှိသေးကြောင်း ပြောကြားပြီး တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မရှိပါဘူး။

## EAST ASIA

# ၂၀၁၄ ခုနှစ်အတွင်းကအရောင်းတိုးတက်မှု နှေးကွေးပေမယ့် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းတွေရဲ့ အကျိုးအမြတ် မြင့်တက်

တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းများရဲ့ အရောင်းဖွံ့ဖြိုးတိုးတက်မှုနှုန်းက စံချိန်တင် နှေးကွေးခဲ့ပေမယ့် ၂၀၁၁ ခုနှစ်နဲ့နှိုင်းယှဉ်ပါက တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းတွေရဲ့ အကျိုးအမြတ်က အနည်းငယ် တိုးတက်လာကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်ရဲ့ ကိန်းဂဏန်းအချက်အလက်များကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ အောက်တိုဘာလ ၂၇ ရက်က ဖော်ပြပါတယ်။

၂၀၁၄ ခုနှစ်က ပြည်တွင်းစီးပွားရေးလုပ်ငန်းများရဲ့ ရောင်းအားမှာ နှစ်အလိုက် တိုးတက်နှုန်း ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ယခင်နှစ်က ရရှိခဲ့တဲ့ တိုးတက်နှုန်း ၂ ဒသမ ၁ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင် တိုးတက်နှုန်း ကျဆင်းခဲ့ကြောင်း ဗဟိုဘဏ်က ပြောပါတယ်။

၂၀၁၄ ခုနှစ်ကရရှိခဲ့တဲ့ တိုးတက်မှုနှုန်းက ဗဟိုဘဏ်က စစ်တမ်းစတင်ကောက်ခံခဲ့တဲ့ ၂၀၀၂ ခုနှစ်နောက်ပိုင်း တိုးတက်မှုအနိမ့်ဆုံးဖြစ်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ အဆိုပါ နှစ်ပတ်လည် အစီရင်ခံစာကို ပြုစုရာမှာ စီးပွားရေးလုပ်ငန်းပေါင်း ၅၃၀၆၄၁ ခုကို စစ်တမ်းကောက်ယူဆောင်ရွက်ခဲ့တာ ဖြစ်ပြီး ဒီလုပ်ငန်း တွေထဲမှာ အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေနဲ့ ဘဏ္ဍာရေးလုပ်ငန်းတွေ မပါဝင်ပါဘူး။

စီးပွားရေးလုပ်ငန်းများရဲ့ ရောင်းအားတိုးတက်မှုနှုန်း ကျဆင်းခြင်းနဲ့အတူ ကုမ္ပဏီများရဲ့ လုပ်ငန်းစွမ်းဆောင်ရည်နဲ့ ရောင်းချမှု ပျမ်းမျှအချိုးက ၄ ရာခိုင်နှုန်းသာ ရှိခဲ့တဲ့အတွက် ယခင်နှစ်ကနဲ့နှိုင်းယှဉ်ရင် သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပါတယ်။ ဒါပေမယ့်အသားတင် အမြတ်တိုးတက်မှု အခြေအနေကိုကြည့်ရင် အခွန်မဆောင်မီ အကျိုးအမြတ်ရဲ့ ရောင်းရငွေမှာ ပါဝင်မှုအချိုးက ၂၀၁၄ ခုနှစ်မှာ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိတဲ့အတွက် ယခင်နှစ်နဲ့နှိုင်းယှဉ်ရင် သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ အရောင်းကျဆင်းပေမယ့် ပြည်တွင်းစီးပွားရေး တည်ငြိမ်မှုက ၂၀၁၄ ခုနှစ်မှာ မြင့်တက်ခဲ့ကြောင်း ဗဟိုဘဏ်ရဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

## EU

# ယူရိုဇုန် ငွေကြေး ဖောင်းပွမှုနှုန်း လပေါင်းများစွာ ဆက်လက် ကျဆင်းနေဦးမည်

ယူရိုဇုန်ငွေကြေး ဖောင်းပွနှုန်းက ဆက်လက်ကျဆင်းနေဦးမှာ ဖြစ်တဲ့အတွက် ငွေကြေးဖောင်းပွမှုကို မြှင့်တင်ပေးနိုင်ဖို့ ဥရောပစီးပွားရေး လုပ်ငန်းတွေမှာ ငွေကြေးလှုံ့ဆော် တွန်းအားပေးမှုတွေ ထပ်မံလိုအပ်ဦးမှာဖြစ်တယ်လို့ အီတလီ ဗဟိုဘဏ်ရဲ့ ဒုတိယအကြီးအကဲက အောက်တိုဘာလ ၂၅ ရက်နေ့မှာပြုလုပ်တဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ပြောကြားကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

စီးပွားရေး ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးဖို့နဲ့ ငွေကြေးဖောင်းပွမှုကို ကျားကန်ပေးဖို့အတွက် ငွေကြေးလှုံ့ဆော် တွန်းအားပေးမှု အစီအမံတွေ ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို လေ့လာလျက်ရှိကြောင်း ဥရောပဗဟိုဘဏ် ဒုတိယအကြီးအကဲ ဖာဘီယိုပနက်တာက ပြောပါတယ်။

"ငွေကြေးဖောင်းပွမှုနှုန်းက ယူရိုဇုန်အတွက် ကျွန်တော်တို့ ခန့်မှန်းထားတဲ့ ရည်မှန်းချက်အောက် ကျဆင်းနေပြီး နောက်သုံးလပတ် အတော်များများ ကျဆင်းနေဦးမယ်လို့ ခန့်မှန်းထားပါတယ်"လို့ ပနက်တာက Corriere Della Sere သတင်းစာကို ပြောပါတယ်။

"ကမ္ဘာ့စီးပွားရေးရဲ့ အခြေအနေတွေ ဆိုးရွားနေတာက ကုန်ကြမ်းဈေးနှုန်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို ကျဆင်းစေခဲ့ပါတယ်။ ဒီအခြေအနေကြောင့် ငွေကြေးလှုံ့ဆော်တွန်းအားပေးတဲ့ အစီအစဉ်ကို ထပ်မံဆောင်ရွက်ဖို့ လိုအပ်ပါတယ်"လို့ ပနက်တာက ပြောပါတယ်။

အီတလီနိုင်ငံရဲ့ စီးပွားရေးက ယခုနှစ် ပထမသုံးလပတ်နဲ့ ဒုတိယသုံးလပတ်မှာ သုည ဒသမ ၄ ရာခိုင်နှုန်းနဲ့ သုည ဒသမ ၃ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့တဲ့အတွက် စီးပွားရေးဆုတ်ကပ်မှ ရုန်းထွက်နိုင်ခဲ့ပါတယ်။

ဒါကြောင့် ယခုနှစ် ပထမနှစ်ဝက်ရဲ့ တိုးတက်မှုနှုန်းကို ဆက်လက်ထိန်းသိမ်း ဖို့လိုကြောင်း သူက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အောက်တိုဘာလ ၃၀ ရက်နေ့က အာရှဒေသရှိ ငွေကြေးအများစုရဲ့ တန်ဖိုးမြင့်တက်ခဲ့ပြီး လအလိုက် တိုးတက်မယ့် အလားအလာတွေကို တွေ့မြင်နေရပါတယ်။ ဒါပေမယ့် အမေရိကန်ဗဟိုဘဏ်က ဒီဇင်ဘာလမှာ အတိုးနှုန်းမြှင့်တင်ဖို့ အခိုင်အမာဆုံးဖြတ်ပြီးနောက်ပိုင်းမှာ အာရှဒေသငွေကြေးတွေရဲ့ တန်ဖိုးက လာမယ့်လတွေမှာ ကျဆင်းမယ့် အလားအလာတွေကို ပြန်လည် တွေ့ရှိလာခဲ့ရပါတယ်။

လာမယ့် ငါးနှစ်စီမံကိန်းမှာ စီးပွားရေးဖွံ့ဖြိုးမှုကို အလယ်အလတ်နှုန်းမှ မြင့်မားတဲ့နှုန်းအထိ မြှင့်တင်ဖို့နဲ့ ပင်လယ်ရပ်ခြား ယွမ်ဈေးကွက်ကိုလည်း အားဖြည့်ပေးဖို့ ချမှတ်ထားတဲ့ စီမံကိန်းတွေကို တရုတ်ကွန်မြူနစ်ပါတီက အတည်ပြုခဲ့ပြီးနောက် ယွမ်ငွေတန်ဖိုး မြင့်တက်ခဲ့ပါတယ်။

ဂျပန်နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှုကြောင့် ဂျပန်ဗဟိုဘဏ်က အောက်တိုဘာလ ၃၀ ရက်နေ့မှာ ဂျပန်နိုင်ငံရဲ့ စီးပွားရေးတိုးတက်နှုန်းကို လျှော့ချခန့်မှန်းခဲ့ပြီး ငွေကြေးဖောင်းပွနှုန်း လျှော့ချမယ့် အချိန်ကိုလည်း နောက်ဆုတ်ပြီး သတ်မှတ်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ထပ် ငွေကြေးလှုံ့ဆော် တွန်းအားပေးမယ့် အစီအစဉ်ကို ရပ်ဆိုင်းထားတဲ့အတွက် ယန်းငွေနဲ့ တိုကျိုစတော့ရှယ်ယာတန်ဖိုးတွေ မြင့်တက်ခဲ့ပါတယ်။

### တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ယွမ်ငွေကြေးကို ရှန်ဟဲလွတ်လပ်စွာ ကုန်သွယ်ရေးဇုန်မှာ စတင်ရောင်းချဖို့ ဆုံးဖြတ်ခဲ့တဲ့ မတ်လနောက်ပိုင်း တရုတ်ငွေကြေးတန်ဖိုးက အောက်တိုဘာလ ၃၀ ရက်နေ့မှာ အမြင့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။

တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးဌာနမှာ အောက်တိုဘာလ ၂၉ ရက် ညနေ ၃ နာရီက ယွမ်ငွေတန်ဖိုး သုညဒသမ ၄၈ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၃၂၆၄ ယွမ်နှုန်းရှိခဲ့ရာ မတ်လ ၁၉ ရက် နောက်ပိုင်း အမြင့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။ ဟောင်ကောင်ဈေးကွက်မှာလည်း ယွမ်ငွေတန်ဖိုးက သုည ဒသမ ၄၈ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၃၂၇၉ ယွမ်နှုန်းရှိခဲ့ပါတယ်။ ပင်လယ်ရပ်ခြားဈေးကွက်မှာ တရုတ်ဘဏ်ကြီးတွေက ယွမ်ငွေကြေးကို ရောင်းချတာက အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်ဖိုးရှိကြောင်း နိုင်ငံခြားငွေ ရောင်းဝယ်သူတစ်ဦးက ပြောပါတယ်။

### အိန္ဒိယရူပီး

သွင်းကုန်လုပ်ငန်းများက လကုန်ငွေစာရင်းရှင်းဖို့ အမေရိကန်ဒေါ်လာကို ဝယ်ယူမှု မြင့်တက်လာတဲ့အတွက် အောက်တိုဘာလ ၂၉ ရက်နေ့မှာ ရူပီးတန်ဖိုးက သုည ဒသမ ၂၇ ရူပီးနှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆၅ ဒသမ ၂၀ ရူပီးနှုန်းရှိခဲ့ပါတယ်။ ဒီဇင်ဘာလမှာ အတိုးနှုန်းတွေ မြှင့်တင်တော့မယ်လို့ အမေရိကန်ဗဟိုဘဏ်က အချက်ပြလိုက်ပြီးနောက်ပိုင်း ပင်လယ်ရပ်ခြားရှိတခြား ငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးမြင့်တက်လာတာကလည်း ရူပီးတန်ဖိုးကို ယုံကြည်မှု ကျဆင်းစေခဲ့ပါတယ်။ ပြည်တွင်း စတော့ဈေးကွက်မှာ ရှယ်ယာတန်ဖိုးတွေကျဆင်းတာကလည်း ရူပီးတန်ဖိုးကျဆင်းဖို့ အားဖြည့်ပေးခဲ့ပါတယ်။

### ဂျပန်ယန်း

ဂျပန်ဗဟိုဘဏ်ရဲ့ ငွေကြေးမူဝါဒကို ဆက်လက်ထိန်းသိမ်းထားဖို့ ဆုံးဖြတ်လိုက်ခြင်းကြောင့် ပြည်တွင်းစီးပွားရေး ခိုင်မာလာကြောင်း ပြသရာရောက်တဲ့အတွက် အမေရိကန်ဒေါ်လာရဲ့တန်ဖိုးက အောက်တိုဘာလ ၃၀ ရက်နေ့က တစ်ဒေါ်လာကို ယန်း ၁၂၀ ဝန်းကျင် ကျဆင်းလာတာကို တွေ့ရပါတယ်။

အမေရိကန်ဒေါ်လာက အောက်တိုဘာလ ၂၉ ရက်နေ့ ညနေ ၅ နာရီက နယူးယောက်မှာ တစ်ဒေါ်လာကို ၁၂၁ ဒသမ ၀၆ ယန်းနဲ့ တိုကျိုမှာ ၁၂၀ ဒသမ ၇၇ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ ညနေ ၅ နာရီ တိုကျိုဈေးကွက်မှာ ၁၂၀ ဒသမ ၇၃ ယန်းအထိ ရောက်ရှိခဲ့ပါတယ်။

ယူရိုငွေကြေးတန်ဖိုးက အောက်တိုဘာလ ၂၉ ရက် ညနေ နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၉၇၅ ဒေါ်လာနဲ့ ၁၃၂ ဒသမ ၉၂ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျိုဈေးကွက်မှာ ၁ ဒသမ ၀၉၂၅ ဒေါ်လာနဲ့ ၁၃၁ ဒသမ ၉၄ ယန်း နှုန်းဖြင့်လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နေ့မှာ ၁ ဒသမ ၀၉၈၆ ဒေါ်လာနှင့် ၁၃၂ ဒသမ ၆၄ ယန်းနှုန်း အထိ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

အာရှငွေကြေးတွေနဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာဈေး မြင့်တက်ခဲ့တဲ့အတွက် ရင်းဂစ်ငွေကြေးအပေါ် စိတ်ဝင်စားမှုကျဆင်းတာကြောင့်အောက်တိုဘာ ၃၀ ရက်နေ့ဈေးဖွင့်ချိန်မှာ ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။

ရင်းဂစ်နဲ့ ဒေါ်လာ ဖလှယ်နှုန်းက အောက်တိုဘာလ ၂၉ ရက်နေ့မှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၉၆၀ ရင်းဂစ်ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၃မိနစ်မှာ ၄ ဒသမ ၂၉၈၀ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ ယန်းငွေကြေးမှအပ အခြားငွေကြေးများနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

အမေရိကန်ငွေကြေးမူဝါဒနဲ့ ကမ္ဘာ့စီးပွားရေး အလားအလာ ပြောင်းလဲဖြစ်ပေါ်လာမယ့် အခြေအနေကို ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်လေ့လာနေတဲ့အတွက် အောက်တိုဘာလ ၃၀ ရက်မှာ တောင်ကိုရီးယားရှယ်ယာနဲ့ ဝမ်ငွေကြေးတန်ဖိုးများက အနည်းငယ် အပြောင်းအလဲဖြစ်ခဲ့ပါတယ်။ ဝမ်ငွေကြေးနဲ့ အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းက အောက်တိုဘာလ ၂၉ ရက် ဈေးပိတ်ချိန်က တစ်ဒေါ်လာကို ၁၁၄၂ ဒသမ ၃ ဝမ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့မှာ တစ်ဒေါ်လာကို ၁၁၄၀ ဒသမ ၁ ဝမ်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ လအလိုက်ကြည့်ရင် ၄ ဒသမ ၀ ရာခိုင်နှုန်း မြင့်တက်တဲ့အတွက် ၂၀၁၁ ခုနှစ် အောက်တိုဘာလနောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

### ထိုင်းဘတ်

အမေရိကန်ဗဟိုဘဏ်က ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်း ဒေါ်လာတန်ဖိုးကျဆင်းခဲ့တဲ့အတွက် ထွန်းသစ်စငွေကြေးများ တန်ဖိုးမြင့်တက်လာခြင်းနဲ့အတူ ထိုင်းဘတ်ငွေတန်ဖိုးကလည်း အောက်တိုဘာလ ၃၀ ရက်နေ့မှာ သုည ဒသမ ၂၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## တရုတ်ယွမ်ငွေကြေးကို အခြေခံစံထား ငွေကြေးအုပ်စုမှာထည့်သွင်းဖို့ IMF က ပြင်ဆင်

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ရဲ့ အခြေခံစံထား ငွေကြေးအုပ်စု (Benchmark Currency Basket) ထဲမှာ တရုတ်ယွမ်ငွေကြေးကို ထည့်သွင်းဖို့ IMF ဝန်ထမ်းများက ပြင်ဆင်လျက်ရှိရာ အဖွဲ့၏ မူဝါဒရေးဆွဲသူတို့က လက်ခံနိုင်ရေးအတွက် အခြေခံများကို ရထားပြီးဖြစ်ကြောင်း လုပ်ငန်းနဲ့သက်ဆိုင်တဲ့ သတင်းရပ်ကွက်မှ ပြောကြားချက်များကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်ဒေါ်လာ၊ ယူရိုနဲ့ ပေါင်စတာလင်တို့နဲ့အတူ ယွမ်ငွေကြေးကို တစ်တန်းတည်းထားပေးဖို့ ကိစ္စကို IMF အမှုဆောင်အဖွဲ့က နိုဝင်ဘာလမှာ စဉ်းစားဆုံးဖြတ်မှာဖြစ်ပါတယ်။ အဓိကကျတာကတော့ IMF ဝန်ထမ်းတွေ အကဲဖြတ်ခဲ့သလို နည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်စစ်ဆေးလွှာ (Checklist of Technical Criteria) ကို အခြေခံပြီး ယွမ်ငွေကြေးရဲ့ စွမ်းဆောင်ရည်ကို စစ်ဆေးမှာဖြစ်ပါတယ်။

RMB လို့လည်း အများကသိထားတဲ့ ယွမ်ငွေကြေးနဲ့ပတ်သက်ပြီး IMF ဝန်ထမ်းတွေပြုစုထားတဲ့ အစီရင်ခံစာမူကြမ်းမှာ ယွမ်ငွေကြေးကို ထောက်ခံသုံးသပ်ထားကြောင်း IMF မူကြမ်းနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြသူတွေက ပြောပါတယ်။

"နည်းပညာပိုင်းအရတော့ အရာရာအဆင်ပြေနေပါပြီ။ နိုင်ငံရေးအရ အတားအဆီးလည်း မရှိပါဘူး။ အစီရင်ခံစာအရတော့ RMB ကို ငွေကြေးအုပ်စုထဲမှာ ထည့်ဖို့ အလေးပေး ဖော်ပြထားပါတယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက်ကိုတော့ ဘုတ်အဖွဲ့ကပဲ ချမှာပါ"လို့ အရာရှိတစ်ဦးက ပြောပါတယ်။

ဒေါ်လာအပေါ် မှီခိုနေရတဲ့ အခြေအနေကို လျှော့ချရေးနဲ့ တရုတ်နိုင်ငံ စီးပွားရေးအင်အားကြီးနိုင်ငံတစ်နိုင်ငံဆိုတာကို ပြသရေး ရေရှည်ရည်မှန်းချက်ရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ယွမ်ငွေကြေးကို IMF ရဲ့ အထူးထုတ်ယူခွင့် ငွေကြေးအုပ်စု (Special Drawing Rights - SDR) ထဲမှာ ပါဝင်နိုင်ရေးအတွက် တရုတ်နိုင်ငံက ကြိုးပမ်းလျက်ရှိပါတယ်။

## အမေရိကန်ဗဟိုဘဏ်ရဲ့ ကြေညာချက်ကြောင့် ဒေါ်လာတန်ဖိုးမြင့်တက်

ဒီဇင်ဘာလမှာ အတိုးနှုန်းတွေ မြှင့်တင်ပေးနိုင်လိမ့်မယ်လို့ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ရဲ့ မူဝါဒကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် အောက်တိုဘာလ ၂၈ ရက်နေ့မှာ ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ကြောင်း AFP သတင်းမှာ ဖော်ပြပါတယ်။

ပြည်ထောင်စုလွတ်လပ်သော ဈေးကွက်ကော်မတီရဲ့ နှစ်ရက်ကြာ အစည်းအဝေးအပြီးမှာ ဗဟိုဘဏ်အတိုးနှုန်းကို မပြောင်းလဲသေးဘဲ သုညရာခိုင်နှုန်း အတိုင်း ဆက်လက်ထားရှိဖို့ ကော်မတီက ဆုံးဖြတ်ခဲ့ပါတယ်။ အဆိုပါဆုံးဖြတ်ချက်က အများက မျှော်လင့်ထားတဲ့အချက်နဲ့ ကိုက်ညီခဲ့ပါတယ်။

ယခုကဲ့သို့ ကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းကြောင့် အမေရိကန်စီးပွားရေးက ယခင်လကထက် ပိုမိုကောင်းမွန်လာတဲ့သဘောကို ပြသလျက်ရှိပြီး စီးပွားရေးရဲ့ အဓိကတွန်းအားဖြစ်တဲ့ စားသုံးသူ သုံးစွဲစရိတ်နဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှု ခိုင်မာစွာ တိုးတက်လာတာကို ပြသနေတာကို တွေ့ရပါတယ်။

ဒေါ်လာတန်ဖိုးက ယူရိုငွေကြေးနဲ့ ဖလှယ်ရာမှာတစ်ဆင့် (One Cent) နှုန်းမြင့်တက်လာခဲ့တာကို တွေ့ရပြီး ယူရိုတန်ဖိုးက ဩဂုတ်လနောက်ပိုင်းမှာ တစ်ယူရိုကို ၁ ဒသမ ၁၀ ဒေါ်လာနှုန်းအောက် ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ပါတယ်။ အောက်တိုဘာလ ၂၇ ရက်နေ့က ယူရိုငွေကြေးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ် ရာမှာ ၁ ဒသမ ၀၉၂၁ ဒေါ်လာနှုန်းအထိ ရောက်ရှိခဲ့ပါတယ်။

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ရေးကိစ္စကို ၂၀၁၆ ခုနှစ် မတ်လအထိ မဖြေရှင်းဘဲထားမယ်လို့ စောစောပိုင်းက ခန့်မှန်းထားခဲ့ပေမယ့် ဒီဇင်ဘာ ၁၅၊ ၁၆ ရက်မှာ ကျင်းပမယ့် အစည်းအဝေးမှာ မြှင့်တင်ဖို့ ပြန်လည်စီစဉ်ထားပါတယ်။



# လေယာဉ်ပျက်ကျချိန်မှာ ဖြစ်ခဲ့တဲ့အကြောင်းကို ဖွင့်ဟပြောကြားခဲ့တဲ့ ဟယ်ရီဆင်ဖို့ဒ်

လွန်ခဲ့တဲ့ ခုနစ်လခန့်က လော့စ်အိန်ဂျလိစ်မြို့ရဲ့ ဂေါက်ကွင်းတစ်ကွင်းပေါ်ကို ပျက်ကျခဲ့တဲ့လေယာဉ်ပျံကို မောင်းနှင်လာခဲ့တဲ့ ဟောလိဝုဒ်ရဲ့ စတန့်မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ်က လေယာဉ်ပျက်ကျတော့မယ့်အချိန်မှာ သူရင်ဆိုင်ခဲ့ရတဲ့အကြောင်းကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

လေယာဉ်ပျံပျက်ကျခဲ့ပြီး အသက်မသေသော်လည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သလို ဦးခေါင်းကို ထိခိုက်မိခဲ့တဲ့အတွက်လည်း ဟယ်ရီဆင်ဖို့ဒ်ဟာ လေယာဉ်ပျက်ကျချိန်ကအကြောင်းတွေကို မမှတ်မိခဲ့ဘူးလို့ ဆိုပါတယ်။

သူ့ကို ကုသပေးခဲ့တဲ့ဆရာဝန်တွေက ပုံမှန်အတိုင်း ပြန်ဖြစ်လာဖို့ အချိန်ပေးရလိမ့်မယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း ဟယ်ရီဆင်ဖို့ဒ်ဟာ ခုနစ်လတာအချိန်ကြာမြင့်ပြီးမှာ တီဗီဖန်သားပြင်ရှေ့မှာ ပြန်လည်ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

ဟယ်ရီဆင်ဖို့ဒ်ဟာ ဟောလိုးဝင်းညမှာ ဟော့ဒေါ့ပုံစံအဝတ်အစားကို ဝတ်ဆင်ပြီး ရုပ်သံကနေတစ်ဆင့် လေယာဉ်ပျံပျက်ကျတုန်းက အကြောင်းတွေကို ပြောကြားခဲ့ပါတယ်။

"အင်ဂျင်က ရပ်သွားပြီ။ ဘာလုပ်ရမလဲဆိုတာ တာဝါကိုလှမ်းမေးတော့ တာဝါက ခင်ဗျားပုံမှန်လမ်းကြောင်းအတိုင်း မောင်းပါလို့ ပြန်ပြောတယ်။ ဒီမှာက ဘယ်လိုမှ လုပ်လို့မရတော့ဘူး။ သူပြောသလိုလုပ်ဖို့လည်း မဖြစ်နိုင်ဘူး။ သတိရတာတစ်ခုက အင်ဂျင်ရပ်သွားပြီ။ ဒါပေမယ့် တချို့နေရာတွေမှာ ကောင်းနေသေးတယ်။ အားလုံးကိုတော့ မမှတ်မိတော့ဘူး။ နောက်ဆုံးလေယာဉ်ပျံကြီးနဲ့အတူတူ ပါသွားပြီလို့ပဲသိလိုက်တော့တယ်။ ငါးရက်လောက်ကြာမှပဲ သတိပြန်ရလာတယ်။ ရုပ်ရှင်ရိုက်တာနဲ့တော့ မတူဘူးပေါ့ဗျာ။ ဒါကြီးက မလွယ်ဘူးဗျ"လို့ ပြောကြားခဲ့ပါတယ်။



# ဂျိုလီဟာ ကျွန်တော့်ရဲ့ဘဝပါလို့ ပြောကြားလိုက်တဲ့ ဘရက်ပစ်

ဟောလိဝုဒ်ရဲ့မင်းသားချော ဘရက်ပစ်က အိန်ဂျလီနာဂျိုလီဟာ သူ့ရဲ့ဘဝပါလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဘရက်ပစ်နဲ့ မေးလ်အွန်လိုင်းသတင်းဌာနတို့ တွေ့ဆုံမေးမြန်းရာမှာ ဘရက်ပစ်က အခုလိုပြောကြားလိုက်တာဖြစ်ပါတယ်။

"သူဟာ တကယ့်ကို သတ္တိကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ။ သူ့ရဲ့ ရင်သားနှစ်ဖက်ကို ဖြတ်တောက်ဖို့ ဆုံးဖြတ်ခဲ့တဲ့အချိန်တုန်းက တကယ့်ကိုစွန့်စားပြီး ဆုံးဖြတ်ခဲ့တာပါ။ နောက်ပြီး သူဒီရောဂါခံစားရမှာကို မလိုချင်ပါဘူး။ သူ့အနားမှာ ကျွန်တော်အမြဲတမ်းရှိနေမှာပါ။ သူဟာ ကျွန်တော့်ရဲ့ဘဝပါပဲ"လို့ ပြောကြားခဲ့ပါတယ်။

ဂျိုလီဟာ ၂၀၁၃ ခုနှစ် အသက်(၃၇)နှစ်အရွယ်မှာ ကင်ဆာရောဂါဖြစ်ပွားမယ့်လက္ခဏာတွေ တွေ့ခဲ့ရတာကြောင့် ရင်သားနှစ်ဖက်စလုံးကို ဖြတ်တောက်ပစ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဂျိုလီရဲ့အဒေါ်နဲ့ မိခင်တို့ဟာလည်း သားအိမ်ကင်ဆာရောဂါနဲ့ ကွယ်လွန်ခဲ့ရတဲ့အတွက် ကင်ဆာရောဂါဖြစ်ဖို့ အစပျိုးနေတဲ့ဂျိုလီအတွက် စိုးရိမ်စရာဖြစ်ခဲ့ရတာပါ။

ဂျိုလီကလည်း ဘရက်ပစ်ဟာ သူ့အနားမှာ တစ်ချိန်လုံးရှိနေပြီး သူ့ကို အားပေးစကားတွေ ပြောပေးတဲ့အတွက်လည်း ဘရက်ပစ်ကို ကျေးဇူးတင်ပါတယ်လို့ ပြောကြားခဲ့ပါတယ်။

"ကျွန်မအပေါ်မှာ တကယ့်ကို ကောင်းတဲ့သူပါ။ ကျွန်မ ဆေးရုံမှာရှိနေစဉ်တစ်ချိန်လုံး၊ ကျွန်မကို စောင့်ရှောက်ပေးခဲ့တဲ့ ဘရက်ကို ကျွန်မချီးကျူးမိပါတယ်"လို့ ပြောကြားခဲ့ပါတယ်။



# ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် သူဌေးလေးတစ်ဦးဖြစ်လာတဲ့ ဆမ်စမစ်

ဗြိတိသျှအဆိုတော် ဆမ်စမစ်ဟာ ၂၀၁၄ခုနှစ်အတွင်းက ကောက်ယူရရှိခဲ့တဲ့စာရင်းအရ ကမ္ဘာ့အချမ်းသာဆုံးစာရင်းထဲမှာ ပါဝင်လာခဲ့ပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေးအစီရင်ခံစာအရ ဗြိတိသျှအဆိုတော် ဆမ်စမစ်ဟာ သူ့ရဲ့တစ်ကိုယ်တော်အယ်လ်ဘမ်ဖြစ်တဲ့ Lonely Hour ဟာ အရောင်းရဆုံးစာရင်းထဲမှာ ဝင်ခဲ့ပါတယ်။

အဲဒီအယ်လ်ဘမ်ကြောင့် သူ့ဟာ ဂရမ်မီဆုအပြင်ဗြိတိသျှနိုင်ငံကပေးအပ်တဲ့ BRIT ဆုကိုပါ ရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ သူ့ရဲ့ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇သန်းအထိ ရှိလာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အောက်တိုဘာလ အတွင်းမှာတော့ ဆမ်စမစ်ဟာ ကမ္ဘာ့စံချိန်တင်လောက်တဲ့ဝင်ငွေတွေ ရရှိခဲ့ပါတယ်။ ဒ့ါအပြင်သူဟာ ဂျိမ်းစ်ဘွန်းစ်ဇာတ်ကားအတွက် ရေးစပ်ပေးခဲ့တဲ့ On The Wall သီချင်းဟာ ကမ္ဘာပေါ်မှာ လူကြိုက်အများဆုံးသီချင်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။

"ဒါဟာ သိပ်ကို အံ့သြဖို့ကောင်းတဲ့ကိစ္စပါ။ ဂင်းနစ်စံချိန်ဝင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှမဟုတ်တာ။ ယုံတောင် မယုံနိုင်ဘူး။ ၁၈ လအတွင်းမှာ ဒီလောက်အထိ စံချိန်တင် ရောင်းရလိမ့်မယ်လို့ကို မထင်ခဲ့မိဘူး"လို့ ဆမ်က ပြောကြားခဲ့ပါတယ်။



# အမေရိကန်ဒေါ်လာ ၂၅သန်းရရှိမယ့် စပွန်ဆာစာချုပ်ကို လက်မှတ်ရေးထိုးဖို့ သဘောတူလိုက်တဲ့ ရီဟားနား

ဘာဘေးဒိုးယန်းပေ့ါပ်ဘုရင်မ ရီဟားနားဟာ အမေရိကန်ဒေါ်လာ ၂၅ သန်းရှိမယ့် စပွန်ဆာစာချုပ်ကို လက်မှတ်ရေးထိုးဖို့ သဘောတူညီလိုက်ပြီဖြစ်ပါတယ်။

ရီဟားနားကို အမေရိကန်ဒေါ်လာ ၂၅သန်းတန်ကြေးရှိတဲ့ စပွန်ဆာစာချုပ်ကို လက်မှတ်ရေးထိုးပေးမယ့်ကုမ္ပဏီက ကိုရီးယားနိုင်ငံရဲ့ကမ္ဘာတစ်ဝန်း ထင်ရှားကျော်ကြားလှတဲ့ မိုဘိုင်းဖုန်းအပါအဝင် လျှပ်စစ်ပစ္စည်းမျိုးစုံကို ထုတ်လုပ်နေတဲ့ ဆမ်ဆောင်းကုမ္ပဏီကြီးပဲဖြစ်ပါတယ်။

ဆမ်ဆောင်းကုမ္ပဏီဟာ ရီဟားနားရဲ့ လာမယ့် ၂၀၁၆ ခုနှစ်အတွင်းပြုလုပ်မယ့် ဖျော်ဖြေရေးခရီးစဉ်တွေ အပါအဝင် ရီဟားနားထွက်ရှိမယ့် သီချင်းသစ်တွေကို iTune အဖြစ်နဲ့ ရောင်းချမယ့် အစီအစဉ်တွေမှာပါ စပွန်ဆာအဖြစ်ပေးခဲ့တာ ဖြစ်ပါတယ်။

Apple ကုမ္ပဏီဟာ ဗြိတိသျှအဆိုတော် အဒဲလ်ကို iTune ကနေ ဖြန့်ချိခွင့်အတွက် အမေရိကန်ဒေါ်လာသန်း ၃၀နဲ့ စပွန်ဆာပေးခဲ့ပြီးနောက်ပိုင်း နည်းပညာကုမ္ပဏီကြီးတွေဟာ ဘက်ဆဲလားစာရင်းဝင် အနုပညာရှင်တွေကို စပွန်ဆာတွေပေးပြီး ဖြန့်ချိခွင့်တွေရယူခဲ့တာဖြစ်ပါတယ်။

ရီဟားနားဟာ သူ့ရဲ့ အယ်လ်ဘမ်သစ်ကို ၂၀၁၅ ခုနှစ်အကုန်ပိုင်းမှာ ထွက်ရှိမယ်လို့ ဆိုပေမယ့် ထွက်ရှိမယ့်နေ့အတိအကျကိုတော့ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပါဘူး။

# The Commerce Journal

## တွင်

## ကြော်ငြာများထည့်သွင်းနိုင်ရန်အတွက်

## ကြော်ငြာနှုန်းထားများ

| စဉ် | စာမျက်နှာ | အရွယ်အစား | အရောင် | ဈေးနှုန်း (ကျပ်) |
|---|---|---|---|---|
| ၁ | ရှေ့မျက်နှာဖုံးအတွင်းစာမျက်နှာ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၂၀၀၀၀၀ |
| ၂ | နောက်ကျောဖုံးအတွင်း စာမျက်နှာ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၅၀၀၀၀ |
| ၃ | နောက်ကျောဖုံးအပြင်စာမျက်နှာ | ၉.၅" × ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၁၀၀၀၀၀ |
| | | ၉.၅" × ၃" (မျက်နှာတစ်စိတ်) | လေးရောင် | ၅၀၀၀၀ |
| ၄ | အတွင်းစာမျက်နှာများ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၂၀၀၀၀ |
| | | ၉.၅" × ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၆၀၀၀၀ |




**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

ဒေါ်မြင့်ဇင်ညွန့် (ကြော်ငြာတာဝန်ခံ) – ၀၉ ၇၃၀၅၃၅၃၁

ဂျာနယ်တိုက် – ၀၁-၂၅၂၀၁၇၊ ၃၇၁၀၂၃

http://www.commercejournal.com.mm

http://www.facebook.com/mocommerce

commercejournal.editor@gmail.com

COMMERCE INTERNATIONAL

# တရုတ်နိုင်ငံထက် အာဆီယံမှာ ပိုမိုရင်းနှီးမြှုပ်နှံဖို့ ဂျပန်ကုမ္ပဏီတွေက စိတ်ဝင်စား

ဂျပန်ကုမ္ပဏီတွေက မြန်မာနိုင်ငံမှ နာမည်ကြီး ဘီယာလုပ်ငန်းတစ်ခု၊ စင်ကာပူမှ ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီတစ်ခုနဲ့ ဒေသတွင်းမှာ အခြေစိုက်တဲ့ ကုန်စည်လုပ်ငန်းတစ်ခု စတာတွေကို ဝယ်ယူခြင်းဖြင့် ယခုနှစ်အတွင်း အရှေ့တောင်အာရှကိုစိတ်ဝင်စားလျက်ရှိတာကို ပြသလျက်ရှိကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အင်ဒိုနီးရှားရှိ အစားအစာနဲ့ အဖျော်ယမကာကဏ္ဍ၊ ထိုင်းနိုင်ငံရဲ့ စားသုံးသူ ချေးငွေကုမ္ပဏီတွေနဲ့ ရှော့ပင်းမောလ်များနဲ့ မလေးရှားအိမ်ခြံမြေဈေးကွက်တွေကို ဂျပန်စီးပွားရေးလုပ်ငန်းတွေက မျက်စိကျနေတယ်လို့ ဂျပန်ဘဏ္ဍာရေးဦးပိုင်ကုမ္ပဏီ နိုမူရာက ပြောပါတယ်။

တရုတ်နိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာ စုပြုံရင်းနှီးမြှုပ်နှံပြီးနောက် တရုတ်နိုင်ငံပြင်ပရှိ နေရာများကို စိတ်ပါဝင်စားလာကြတဲ့ ဂျပန်ကုမ္ပဏီများက ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှု အားနည်းနေတာကို အစားထိုးတဲ့အနေနဲ့ အရှေ့တောင်အာရှဒေသမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်အားထက်သန်လာကြပါတယ်။ အဆိုပါကုမ္ပဏီများက ဒီဒေသမှာ ပုံအောပြီး ရင်းနှီးမြှုပ်နှံခဲ့ကြပါတယ်။

၂၀၁၄ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြတဲ့ နိုင်ငံများအနက် ဂျပန်နိုင်ငံက ဥရောပသမဂ္ဂပြီးရင် ဒုတိယအများဆုံးဖြစ်ကြောင်း အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိန်းဂဏန်းအချက်အလက်များအရ သိရပါတယ်။ ၂၀၁၄ ခုနှစ်မှာ အာဆီယံဒေသမှာ ဂျပန်စီးပွားရေးလုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံငွေက တရုတ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုထက် သုံးဆပိုမိုခဲ့ကြောင်း ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ Japanese External Trade Organization (JETRO) က ပြောပါတယ်။

ယခုနှစ် ပထမနှစ်ဝက်မှာလည်း အရှေ့တောင်အာရှကို ဂျပန်နိုင်ငံရဲ့ စိတ်ဝင်စားမှုက တရုတ်နိုင်ငံကို စိတ်ဝင်စားမှုထက် ပိုမိုခဲ့ပါတယ်။ အာဆီယံဒေသမှာ ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုက ၂၀၁၃ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄ ဘီလီယံရှိရာကနေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိရောက်ရှိခဲ့ပြီး ဂျပန်နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရဲ့ ၁၅ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒီကာလအတွင်း တရုတ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံအထိ ကျဆင်းခဲ့ပါတယ်။ဂျပန်နိုင်ငံက ထိုင်းနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့အတွက် အကြီးမားဆုံး မတည်ရင်းနှီးငွေ အရင်းအမြစ်ဖြစ်ပြီး ဖိလစ်ပိုင်နဲ့ မလေးရှားနိုင်ငံတို့အတွက် ဒုတိယ အကြီးမားဆုံး ဖြစ်ကြောင်း PricewaterhouseCoopers က ပြောပါတယ်။



ဘာသာပြန်-စုစည်းတင်ပြသည်

## အစားအစာ ကုန်အမှတ်တံဆိပ်ဖော်ဆောင်ရေး မဟာဗျူဟာကို ဗီယက်နမ်ချမှတ်မည်

အစားအစာ ထုတ်လုပ်ရေးကဏ္ဍက အလားအလာကြီးမားတဲ့ ကဏ္ဍတစ်ရပ်ဖြစ်လာတဲ့အတွက် အစားအစာကုန် အမှတ်တံဆိပ် ဖော်ဆောင်ရေးအတွက် ဗီယက်နမ်နိုင်ငံက သီးခြားရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သင့်တယ်လို့ စက်မှုနဲ့ ကုန်သွယ်ရေး ဒုတိယဝန်ကြီး ဒိုသန်းဟိုင်ကပြောကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

"တန်ဖိုးမြင့် ထုတ်လုပ်မှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့နဲ့ နောင်တစ်ချိန်မှာ ပို့ကုန်တွေ မြင့်တင်နိုင်ဖို့အတွက် အစားအစာထုတ်လုပ်ရေးကဏ္ဍကို ဦးစားပေးပြီး ဆောင်ရွက်နေပါတယ်"လို့ အောက်တိုဘာလ ၂၇ ရက်က ဟနွိုင်းမြို့မှာကျင်းပတဲ့ "အစားအစာ ကုန်အမှတ်တံဆိပ်ဖော် ဆောင်ရေး ဗီယက်နမ်အမျိုးသား မဟာဗျူဟာ"ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှာ ဟိုင်က ပြောကြားပါတယ်။

အသင်းအဖွဲ့များ၊ ကုန်သွယ်မှု မြှင့်တင်ရေးအေဂျင်စီများနဲ့ စီးပွားရေး လုပ်ငန်းများက ကမ္ဘာ့ဈေးကွက်ထဲမှာ အမျိုးသားဘုံပုံရိပ် (Common Image) တစ်ခုကို ထူထောင်ရာမှာ အထောက်အကူပေးနိုင်ဖို့အတွက် အစားအစာကဏ္ဍရဲ့ အမျိုးအစားကုန် အမှတ်တံဆိပ် တည်ဆောက်ရေးအစီအစဉ်ကို ၂၀၁၄ ခုနှစ်ကစတင်ပြီး ဆောင်ရွက်ခဲ့ကြောင်း သူက ပြောပါတယ်။

ဒီအစီအစဉ်ကို ဆောင်ရွက်ခြင်းအားဖြင့် ဗီယက်နမ် အစားအစာကဏ္ဍရဲ့ အနေအထားကို ပိုမိုတိုးတက်ကောင်းမွန်စေပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်စေမယ့် အရည်အသွေးနဲ့ တန်ဖိုးဆိုင်ရာဂုဏ်သိက္ခာကို မြင့်တက်စေနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် အစားအစာကဏ္ဍအတွက် ကုန်အမှတ်တံဆိပ်ထူထောင်ရေးနဲ့ ဈေးကွက်တင် ရောင်းချရေးတွေကို ဆောင်ရွက်ရာမှာ ချွတ်ယွင်းအားနည်းမှုတွေ ရှိနေသေးကြောင်း ဒုတိယဝန်ကြီးက ပြောပါတယ်။ တန်ဖိုးမြင့် ထုတ်လုပ်နိုင်မှု နိမ့်ကျတဲ့အတွက် ဒီကဏ္ဍကတင်ပို့တဲ့ ပို့ကုန်တွေဟာ အကျိုးအမြတ် များများမရဘဲ ပြည်တွင်းပြည်ပ ဈေးကွက်နှစ်ခုစလုံးမှာ အစားအစာ ထုတ်ကုန်တွေက ခြေကုပ် ခိုင်ခိုင်မာမာမရသေးဘဲ ဖြစ်နေပါတယ်။

အစားအစာအတွက် ကုန်အမှတ်တံဆိပ်ထူထောင်နိုင်မယ်ဆိုရင် လယ်သမားတွေ ဈေးကောင်းကောင်းရမယ်၊ ရေရှည်တည်တံ့တဲ့ထုတ်လုပ်မှုဖြစ်ပြီး စီးပွားရေးအရ လုံခြုံမှုမြင့်မားမယ်လို့ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင် ရေးစင်တာမှ ကျွမ်းကျင်သူ ဂျူလီယန် လောဆင်က ပြောပါတယ်။

"ဗီယက်နမ် အစားအစာက တခြား အစားအစာတွေနဲ့မတူဘဲ တော်တော်ကွဲပြားပါတယ်။ အရသာ တော်တော်ထူးတယ်"လို့ သူကပြောပါတယ်။ ရည်မှန်းချက်၊ စားသုံးမှုအလားအလာနဲ့ ဝယ်လိုအားတွေကို သေသေချာချာ သတ်မှတ်ကာ ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေက သူတို့ကုန်အမှတ်တံဆိပ်ထူထောင်ရေးအတွက် မဟာဗျူဟာကို ချမှတ်ဆောင်ရွက်သင့်တယ်လို့ သူက ပြောပါတယ်။




Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

DATE : 2nd November 2015
* SUBJECT TO CHANGE WITH OR WITHOUT NOTICE

<< October And November Sailing Schedule >>

KOREA/JAPAN / MYANMAR

| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | 9.10.2015 | | | | 10.10.2015 | 11.10.2015 | | | | 19.10.2015 | 23.10.2015 | |
| | S/O CUT | | | | 5.10.2015 | | | | 6.10.2015 | 7.10.2015 | | | | | | |
| MV.HOEGH CHENNAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | 27.10.2015 | 25.10.2015 | | 28.10.2015 | 29.10.2015 | | | | | 10.11.2015 | |
| | S/O CUT | | | | | 23.10.2015 | 21.10.2015 | | 24.10.2015 | 25.10.2015 | | | | | | |
| MV.CITY OF MUMBAI V.25 | 1.55 | 1.90 | 2.20 | 3.50 | | 8.11.2015 | | | 9.11.2015 | 10.11.2015 | | 4.11.2015 | | | 25.11.2015 | |
| | S/O CUT | | | | | 4.11.2015 | | | 5.11.2015 | 6.11.2015 | | | | | | |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | 26.11.2015 | | | | 25.11.2015 | 24.11.2015 | | 29.11.2015 | | 8.12.2015 | 12.12.2015 | |
| | S/O CUT | | | | 22.11.2015 | | | | 23.11.2015 | 20.11.2015 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shioni Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။